www.burmeseclassic.com

# ယင်းကု

## လွှန်လေပြီးသောနှလုံးသား

မဂ္ဂဇင်းဝတ္ထုရှည်များ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ရောလိုင်စာပေတိုက်မှထုတ်ဝေပြီး စာအုပ်များ

နေနော်၊ ဇော်ဇင်၊ မင်းလူ– သံမဏိဝတ်မှုန်

မင်းလူ– လမ်းဖြတ်ကူးသောဝတ္ထုတိုများ

မျက်သွယ်–မေ့မရတဲ့နေ့ညအသ‌ျော်

## ယခု

မင်းလူ–လွန်လေပြီးသောနှလုံးသား မဂ္ဂဇင်းဝတ္ထုရှည်များ

## ဆက်လက်ထွက်ရှိဦးမည့် စာအုပ်များ

မျက်သွယ်–မျက်ဝန်းမှ ကြွေကျလာသည့်ပန်း၏သမိုင်း

မင်းလူ–အမုန်းအလိုမရှိ

BURMESE CLASSIC .com

# မင်းလူ

## လွန်လေပြီးသောနှလုံးသား

မဂ္ဂဇင်းဝတ္ထုရှည်များ

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး .... ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စည်းကမ်းရှိမှ တိုးတက်မည်

စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

"နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

မာတိကာ


၁။ ဆီပ်မက်ပြန်လည်ပေးအပ်ပွဲ ၅
၂။ ရှိုးရှိုးကြီးလေးမေ ၄၁
၃။ ရာဂျာရယ်၊ ရာနီရယ်၊ စူလူယားရယ် ၈၅
၄။ နားမလည်ခြင်းဒိုင်ယာရီ ၁၁၃
၅။ လွန်လေပြီးသောနှလုံးသား ၁၄၇
၆။ ဇီဇာတ်လမ်းမှာကွယ် ၂၀၉
၇။ တိုရှည် ၂၄၃
၈။ အမှောင်ရဲသူများ ၂၇၅
၉။ ရောင်စုံမီးပုံးကလေးတွေ ၃၁၅
၁၀။ ဆရာမကိုနှုတ်ဆက် ၃၄၅


www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်မြန်လည်ပေးစာပိုဒ်

www.burmeseclassic.com

www.burmeseclassic.com

## အိပ်မက်ပြန့်လည်ပေးအပ်ပွဲ

သည့်အိပ်မက်ကို၊ လက်မခံလို
မီးဖို့သို့လွှမ်း၊ ထမင်းကြွမ်းတစ်ဆုပ်
ပြာတစ်ဆုပ်ကို၊ သင်ငုတ်မှာတင်
ဝေးသိုနင်ပြီ၊
အသင်၊ အသင့်အိပ်မက်ပြန်ယူပါ။

(တာနနာ)

.... .... ....

အတိတ်ဆိုသည်မှာ တိမ်တိုက်များလိုပင် လွင့်ပြယ်သွားတတ်လျှင် ကောင်းမည်ထင်သည်။ သို့တည်းမဟုတ် စိတ်ကို အချိန်ကာလအလိုက် ကန့်သတ်သွားလို့ရစေချင်သည်။ မရှုပ်ဝတ္ထုများကဲ့သို့ နယ်ပယ်သီးခြားမရှိသည်မှာ ခက်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့အဖို့ အမှန်တကယ် ပိုင်ဆိုင်သောပစ္စည်းဟူ၍ မိမိ၏စိတ်တစ်ခုသာရှိသည်ဟုဆိုနိုင်သည်။ လွတ်လပ်စွာတွေးချင်ရာတွေးနိုင်သောကြောင့်ဟုယူဆမိခဲ့သည်။ ထိုသို့မဟုတ်ချေ။ တွေးချင်ရာ တွေးခွင့်ရသော်လည်း မတွေးချင်သော အရာကို မတွေးဘဲ နေခွင့်ကိုကား မရ။ သူ့အလိုလျောက် ဝင်လာတတ်သည်ချည်း။ တားဆီး၍မရနိုင်ပေ။ ကိုယ်ပိုင်ဆိုင်သည်ထင်သော စိတ်ကိုပင် ကိုယ့်ဩဇာ သက်ရောက်နိုင်စွမ်းမရှိကြောင်း ဝန်ခံရတော့သည်။

* * *

ခါးပတ်များပတ်ထားရန်၊ ဆေးလိပ်များမီးငြိမ်းသတ်ရန် သတိပေးကြေညာသည်။ လေဆိပ်သို့ဆင်းတော့မည်။ ခါးပတ်ကို ပတ်လိုက်သည်။ မီးငြိမ်းသတ်ရန်ဆေးလိပ်ကား သူ့ဆီမှာမရှိ။ သူ့ဆီမှာရှိသော မီးသည်လည်း လေယာဉ်တက်ကာနီးဖြစ်စေ၊ ဆင်းကာနီးဖြစ်စေ ငြိမ်းသတ်ရန်မလိုအပ်ချေ။ မည်သို့သော အခြေအနေမျိုးမှာမှလည်း ငြိမ်းသတ်ရန် မလွယ်ကူသော....

ရင်ထဲကမီး။
တောင်ကုန်းတွေကြားထဲက လှပ်ပြင်ကိုလှမ်းမြင်ရ၏။
လေယာဉ်သည် သိသိသာသာနိမ့်ဆင်းလာသည်။
သစ်ပင်တွေကို ပီပြင်စွာ မြင်နေရပြီ။



မြေပြင်သည် အပေါ်သို့ ရုတ်တရက် ကြွတက်လာသည်ဟု ဆင်မှုသည်။ လေယာဉ်ဘီးနှင့် မြေပြင် ထိသော အခါ တစ်ချက်ခုန်သွား၏။ ပြေးလမ်းပေါ်တွင် အရှိန်ဖြင့်ဆက်သွားသည်။ ထို့နောက်အရှိန်သတ်သည်။ တဖြည်းဖြည်း ပြန်ကွေ့ပြီးရပ်သည်။

ဟဲဟိုး လေဆိပ်။

* * *

'စိတ်ပြေလက်ပျောက် သဘောပေါ့'ဟု ကိုအောင်ခန့်က ပြောသည်။ မခင်ကြွယ်က ခေါင်းညိတ်ပြသည်။ ထို့နောက် သူ့ကိုတစ်ချက်လှမ်းကြည့်ရင်း 'အတန်ငယ်ပြုံးသည်။ သူဒီကိုရောက်ကာစတုန်းကလည်း ကိုအောင်ခန့်က ခုလို တစ်ခါပြောဖူးသည်။ ခုပြောနေတာက သူ့အတွက်မဟုတ်။ မကြာခင် ဆိုက်ရောက်မည့် လေယာဉ်ဖြင့် လိုက်ပါလာသော မိန်းကလေးတစ်ယောက်အတွက်သာဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ခန့်က ချစ်သူနှင့်ခွဲခွာခဲ့သော မိန်းကလေး တစ်ယောက်ဟု သိထားရသည်။ သူတို့ချင်းလည်း သိပ်ချစ်ကြသည်။ နှစ်ဘက်မိဘများကလည်း ကြည်ဖြူသည်။ ဘွဲ့လည်းရပြီ၊ အလုပ်အကိုင်လည်းအဆင်ပြေနေသည်။ သို့ရာတွင် သူတို့နှစ်ယောက် မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာခဲ့ကြရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သနားစရာကောင်းသော လူတစ်ယောက် ဖြစ်နေပေလိမ့်မည်ဟု တင့်လွင်တွေးမိသည်။

* * *

လေယာဉ်တံခါးကို ဖွင့်လိုက်သည်။ ခရီးသည်အချို့ ဆင်းလာသည်။ သိပ်မများ၊ ဆယ်ယောက်ပင်မပြည့်သတ်။ ထိုအထဲတွင် ငယ်ငယ်ရွယ်ရွယ်မိန်းမပျိုဆို၍ တစ်ယောက်တည်းသာပါသည်။ သူပင်ဖြစ်ရမည်ဟုအတပ်သိ၏။ ဖြူဖြူသွယ်သွယ်၊ စိတ်ဝင်စားမည်ဆိုလျှင် ရနိုင်သော မိန်းကလေးတစ်ယောက်ဟု တင့်လွင်စိတ်ထဲက ဝန်ခံလိုက်သည်။

မခင်ကြွယ်က သူ့ဆီသို့ပြေးသွားသည်။ သူ့တွင် ပစ္စည်းများများ ပါမလာ။ အဝတ်အစား ထည့်သော သားရေအိတ်ငယ်ကိုသာ လွယ်လာသည်။ မခင်ကြွယ်ကိုမြင်သောအခါ ပြုံး၍နှုတ်ဆက်သည်ကို မြင်ရသည်။ ကိုအောင်ခန့်က တင့်လွင်ကို မသိမသာအကဲခတ်ကြည့်လိုက်၏။

'ရပါတယ် မမခင်ရဲ့။ ပေါ့ပေါ့လေးပါ'

'အို...တယ်ဟုတ်မလဲ။ သင်သင် ခရီးပန်းလာတာ၊ ပေးပါ...'

'နေပါစေ၊ ဘာမှပင်ပန်းတာမှ မဟုတ်တာ'

သားရေအိတ်ကို တစ်ယောက်တစ်ပြန်စီ လုကြရင်း ရယ်လိုက်ကြ၏။ မခင်ကြွယ်က အတင်းဆွဲယူသည်။ ကိုအောင်ခန့်နှင့် တင့်လွင် ရှိရာသို့ လျှောက်လာကြသည်။ ကိုအောင်ခန့်



ကို ပြုံး၍နှုတ်ဆက်သည်။ တင့်လွင်ကို တစ်ချက်လှမ်းကြည့်သည်။ မခင်ကြွယ်က ဝင်၍မိတ်ဆက်ပေးသည်။

'ဒါ အစ်မရဲ့ငယ်ချင်းလေး၊ သင်သင်ဝင်းတဲ့၊ သူငယ်ချင်းဆိုပေမယ့် ညီမလိုပါပဲ၊ သင်သင်၊ ဒါက'

'အဲ-ဒါ ကျွန်တော့်သူငယ်ချင်းတင့်လွင်၊ ကျွန်တော့်ညီလေးလိုပြောလဲ ရပါတယ်'

မခင်ကြွယ်၏စကားနှင့် ကိုအောင်ခန့်စကားတို့ အဆက်အစပ် ရှိနေသောကြောင့် အားနာသွားသည်။ သို့ရာတွင် သင်သင်ဝင်းက တင့်လွင်ကို တည်ငြိမ်စွာ ပြုံးပြ နှုတ်ဆက်လိုက်နိုင်သည်။

* * *

ကားကို တင့်လွင်ကမောင်းသည်။ သူ့ဘေးကကိုအောင်ခန့်ကထိုင်သည်။ နောက်ခုံတွင် အမျိုးသမီးနှစ်ယောက် ထိုင်သည်။ ကားမောင်းနေရင်းက မခင်ကြွယ်နှင့် သင်သင်ဝင်းတို့စကားသံများကို တစ်ချက်တစ်ချက် ကြားနေရသည်။အမှန်မှာ သူတို့ချင်း တိုးတိုးကြိတ်ကြိတ်ပြောလိုရင်း ဖြစ်လိမ့်မည်ထင်သည်။ ကားစက်သံက ဆူညံနေသောကြောင့် အသံကိုမြှင့်၍ပြောရ၏။

ထို့ကြောင့် စာနှုန်းတစ်စကြားခြင်းဖြစ်မည်။

'သင်သင် ပိန်သွားလိုက်တာကွယ်၊ ကျန်းမာရေး ဂရုစိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com

'ဖျားတာ နာတာတော့သိပ်မရှိပါဘူး၊ အိပ်ရေးပျက်တာ တစ်ခုပဲ'

'သိပ်မတွေး....'

'............'

'ဒီလိုပေါ့လေ၊ တဖြည်းဖြည်းတော့'

နောက်မှ ကားဟွန်းသံကြားရ၏။ ကားတစ်စီးကပ်လိုက်လာသည်။ ဟွန်းတီး၍လမ်းတောင်းသည်။ ကျော်တက်နိုင်ရန် လမ်းဖယ်ပေးရင်း နောက်ကြည့်မှန်ကို ကြည့်မိသည်။ အထန်ငယ်ညိုးမနေသော သင်းသင်းဝင်းမျက်နှာကို မှန်ထဲ၌မြင်ရသည်။ ကားမောင်းနေသောကြောင့် စိတ်အာရုံ မပျံ့လွင့်အောင်....။

ညောင်ရွှေလမ်းခွဲကို လွန်ပြီးနောက် တောင်ကုန်းတွေကို တက်ရစပြုလာသည်။ အစီအစဉ်အရ ဘောင်ကြီးကို အရင်သွားမည်။ ဟိုမှာတစ်ညအိပ်ပြီးနောက်တစ်နေ့ အင်းလေးကို ဆင်းမည်။ အင်းလေးမှာ ကိုအောင်ခန့်တို့အိမ်ရှိသည်။

ကားလမ်းသည် တောင်တွေကို ကွေ့ပတ်တက်သည်။ တစ်ဘက်မှာတောင်စောင်း၊ တစ်ဘက်မှာ ချောက်ကမ်းပါး တချို့နေရာတွင် ချောက်ကမ်းပါး၏အောက်ခြေကို သစ်ပင်တို့ကြားမှ ပျပျသာမြင်ရသည်။ သင်းသင်းဝင်း၏ စိတ်ထဲတွင် ဒီကိုလာမိတာမှားပြီဟု ထင်မိ၏။ သတိမရဘဲမနေနိုင်၊ ရင်ထဲက တလှပ်လှပ်ဖြစ်လာသည်။ မခင်ကြွယ် ပြောနေသော စကားများကို ကြားတစ်ချက် မကြားတစ်ချက်၊ ရှေ့တွင် ကားလမ်းသည် ချောက်ကမ်းပါးအစွန်းမှာ ပြတ်တောက်



သွားသည် ထင်၏၊ ဆက်ရန်လမ်းမရှိတော့။ မျက်လုံးတွေ ပြာကနဲဖြစ်သွားသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း၊ သန်လျင် ကျိုက်ခေါက် စေတီတော်၊ ဗိုလ်ချုပ်ဈေး၊ သီတင်းကျွတ်မီးထွန်းပွဲတော်။ နှစ်ဘက်မိဘများကို ကန်တော့ခြင်း၊ အပျော်ရွှင်ဆုံးအချိန်။

မေမြို့အဆင်း ကားလမ်း၊ ချောက်ထဲသို့ထိုးကျသွားသော မာစဒါဂျစ်ကား။ သွေးသံရဲရဲ၊ ဆေးရုံပေါ်မှာ...။ သတင်းစာ နာရေးကြော်ငြာ ဖြတ်ပိုင်းတစ်ခု။

ဗိုလ်ခအေးမြင့် (အသက်-၂၇နှစ်)သည် ၁၉၇၉၊ နိုဝင်ဘာ ၂ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့်....။

'သင်းသင်းလာမယ်ဆိုလို့ ကိုအောင်ခန့်ကလဲ ဝမ်းသာနေတာ'

မခင်ကြွယ်၏အသံကို ဖျတ်ကနဲကြားရသည်။ တင့်လွင်သည် ကားကို ငြိမ်ငြိမ်ကျွမ်းကျင်စွာ မောင်းနှင်နေသည်။ ကိုအောင်ခန့်က တင့်လွင်ကို ဘာတွေနောက်ပြောင်နေသည်မသိ၊ တင့်လွင်၏ ရယ်သံတစ်ချက်ကြားရ၏။ လင်းရိုဗာကားကလေးသည် တောင်တွေကို ညင်ညင်သာသာ ကွေ့ပတ်တက်နေ၏။

* * *

ဂျက်ဖရီတို့အိမ်မှာတည်းသည်၊ ဂျက်ဖရီသည် တင့်လွင်၏ သူငယ်ချင်း။ သူ့အကိုဇော်ကြီးကတော့ ရန်ကုန်ဆင်းသွားသည်ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ညဘက်တွင် မီးပုံးပျံလွှတ်တာ လိုက်ကြည့်သည်။ ရန်ကုန်တွင် မီးဘေးအန္တရာယ်ကြောင့် မတွေ့ရတော့ပြီဖြစ်သော အလေ့အထတစ်ခု။ ဒီမှာ ကိုးနှစ်၊ ဆယ်နှစ်အရွယ် ကလေးတွေကအစ မီးပုံးပျံ ကောင်းကောင်းလုပ်တတ်သည်။ လွှတ်တတ်သည်။ ပေသုံးဆယ်လောက်တက်ပြီး ပြန်ကျသွားတတ်သော အငယ်စားကလေးတွေကအစ တောင်ထိုး၏ ထိပ်ဖျားကိုပင် ကျော်တက်သွားနိုင်သော မီးပုံးပျံကြီးတွေ အထိ။ တချို့ဆိုလျှင် အပေါ်ရောက်မှ မီးရှူးမီးပန်းတွေ ဖြာထွက်လာအောင် ပြုလုပ်ထားကြသည်။ တန်ဆောင်တိုင်ဆိုလျှင် ပို၍ စည်ကားသည်ဟု သိရ၏။ မီးပုံးပျံများတွင် မှိတ်ချည်လင်းချည်ဖြစ်တတ်သော ရောင်စုံမီးပွင့်ငယ်များဆင်၍ ဘက်ထရီအိုးပါ ထည့်ပြီးလွှတ်တင်တတ်သည်ဟု ဂျက်ဖင်းကပြောပြသည်။ မီးရှူး (ဒုံးပျံ)လွှတ် ပြိုင်ပွဲတွေလည်းရှိသည်ဟု ကိုအောင်ခန့်က ဖြည့်စွက်ပြောပြ၏။

မီးပုံးပျံငယ်တစ်ခု တရှိန်ထိုးတက်သွားပြီးမှ မီးလောင်ပျက်ကျသွားသည်ကို လှမ်းမြင်လိုက်ရသည်။ 'ပြန်ကြွစေအောင်' ဟု တင်သင်ခင်းက မခင်ကြွယ်ကို ခပ်တိုးတိုးပြော၏။

* * *

တောင်ကြီးမြို့၏နံနက်ခင်းသည် ထင်သလောက်မချမ်းချေ။ နေသားရှိမှုဖြစ်သည်။ နှင်းတွေဝိန်းပိတ်အောင် ကျနေခြင်းမျိုးလည်းမဖြစ်သေး။ ခပ်မှိုင်းမှိုင်းလောက်သာ။



မုံ့အာဝဂ္ဂဘက်သွားဖို့ အစီအစဉ်ကိုဖျက်လိုက်သည်။ အချိန်မရသောကြောင့်ဖြစ်သည်။ ညောင်ရွှေမှ ကိုစိုးလွင်၏ အစီအစဉ်ဖြင့် ကားတစ်စီး အကူအညီရခဲ့သည်။ ခေါ်ယူလာခဲ့သော ကားဖြစ်၏။ ကားပိုင်ရှင်က ဒီနေ့ နေ့လယ်တွင်အလုပ်ကိစ္စရှိနေသည်။ ထို့ကြောင့် ကားကို အချိန်မီပြန်အပ်ရမည့် ဖြစ်သည်။

မျှောင်ခိုဈေးကိုခဏဝင်၍ ပစ္စည်းနည်းနည်းပေါ်ပေါ် ဝယ်မည်ဟု မခင်ကြွယ်ကအစီအစဉ်ဆွဲသည်။ မြို့သယ်ကိုဖြတ်မောင်းလာစဉ်း ကိုအောင်ခန့်က လှမ်းပြ၍ကြည့်မိသည်။ ရှမ်းအမျိုးသား၊ အမျိုးသမီးတွေ၊ တချို့လည်း သူတို့ရိုးရာဝတ်စုံနှင့်တွေနှင့်။ လမ်းဖြတ်ကူးရန် မျဉ်းကျားနားတွင် စောင့်နေကြသည်။ သူတို့ကားကျော်သွားသောအခါ မျဉ်းကျားမှ စနစ်တကျ လမ်းဖြတ်ကူးသွားကြသည်။ ပြီးတော့လည်း လမ်းသွားလျှင် ပလက်ဖောင်းပေါ်မှသာ သွားလေ့ရှိကြသည်။ 'ရန်ကုန်နဲ့တော့ကွာပါ့'ဟု စိတ်ထဲတွေးလိုက်သည်။

ဈေးတန်းထဲရောက်သောအခါ မခင်ကြွယ်က မေးသည်။

'သင်သင်၊ ဘာဝယ်မလဲ'

'မစဉ်းစားရသေးပါဘူး မမခင်ရယ်၊ မုန့်ဝယ်မလားလို့'

'မုန့်ဟုတ်လား'

'အင်းလေ၊ ဟိုဘက်ကလာတဲ့ ဘီစကစ်မုန့်ဗူးလေ'

'သိုးမွေးချည်တွေပေါ်တယ်။ ဝယ်ပါလား၊ သင်သင်လည်း ဆွယ်တာထိုးတတ်သားပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



လှတ်ကန်ပြောမိပြီးမှ သင်သင်ဝင်းကို မခင်ကြွယ် အားနာဟန်ဖြင့် ကြည့်သည်။ သင်သင်ဝင်းသည် အမူအယာ မပြောင်းလဲအောင် ထိန်းသိမ်းထားလိုက်နိုင်သည်။

'ဟေ့ကောင် မင်းလဲဘာမှမဝယ်ဘူးမဟုတ်လား'

ကိုအောင်ခန့်က တင့်လွင်ကိုမေးသည်။ တင့်လွင်ကပြုံးရုံသာပြုံးနေလိုက်သည်။

'အေး၊ ကြည့်နေ ဈေးသည်တွေက ဘာမှမဝယ်တဲ့ အိမ်ရှင်ကချည်း ဒိုင်ခံဝယ်လိမ့်မယ်'

မခင်ကြွယ်က သူ့ယောကျ်ားကို မျက်စောင်းထိုးကြည့်သည်။

မှောင်ခိုဈေးသည် သိပ်စည်စည်ကားကားမရှိချေ။ စောသေးလို့လား၊ ပစ္စည်းအသစ်အဆန်း အဝင်နည်းသေးလို့လား မသိ၊ မခင်ကြွယ်သည် ဖိနပ်ဆိုင်ဝင်လိုက်၊ ပိတ်စတွေ ကိုင်ကြည့်လိုက်၊ အိတ်တွေဈေးမေးလိုက်၊ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ပျာယာခပ်နေသည်၊ ကုန်မျိုးစုံရောင်းသော ဆိုင်တစ်ဆိုင်ရှေ့တွင် သူတို့အုပ်စုရပ်လိုက်သည်။ နိုင်ငံခြားမှလာသော ဘီစကစ် မုန့်ဗူးဈေးမေးသည်။ သင်သင်ဝင်းလိုချင်သော မုန့်ဗူးအဝိုင်းက ခုနစ်ဆယ့်ငါးဟုပြောသည်။ ဈေးဆစ်ကြသည်။ နောက်တော့ ကိုအောင်ခန့်ပြောပုံဆိုပုံကို ဆိုင်ရှင်က အကဲခတ်ပြီး နယ်ခံလူမှန်းသိသွားပုံရသည်။ ခြောက်ဆယ့်ရှစ်နှင့် ပေးလိုက်သည်။ သင်သင်ဝင်းသည်မုန့်ဗူးကို ပလတ်စတစ် လက်ဆွဲအိတ်ထဲထည့်ပြီး တင့်လွင်ကို လှမ်းကြည့်မိသည်။



တင့်လွင်သည် တစ်ဖက်ဆိုင်မှာ ချိတ်ဆွဲထားသော မိန်းမဝတ် ဆွယ်တာအင်္ကျီများကို ငေးကြည့်နေ၏။

* * *

ညောင်ရွှေရောက်သောအခါ ကားကို ပိုင်ရှင်ထံ ပြန်အပ်လိုက်သည်။ မြို့နယ်သတင်းထောက် ကိုစိုးလွင်အိမ်မှာ ခဏနားသည်။ သူ့အိမ်ရှေ့ပိုင်းသည် ဓာတ်ပုံဆိုင်ဖြစ်သည်။ အလှချိတ်ထားသော ဓာတ်ပုံများကို သင်သင်ဝင်း လျှောက်ကြည့်နေသည်၊ ဓာတ်ပုံတစ်ပုံကို မခင်ကြွယ်ကပြပြီး မေးသည်။

'အဲဒါ ဘယ်သူ့ပုံလို့ထင်လဲ'

'တင်တင်အေးပုံမဟုတ်လား'

မခင်ကြွယ်က 'အစ်မရေ၊ ဟောဒီမှာလာပြန်ပြီတစ်ယောက်' ဟု အိမ်အတွင်းခန်းဘက်သို့ လှမ်းအော်ပြီး....

'အဲဒါ ကိုစိုးလွင်ရဲ့ဇနီးပုံ သင်သင်ရဲ့'

'ဟုတ်လား၊ တူလိုက်တာနော်၊ တင်တင်အေးနဲ့'

'မသင်သင်ဝင်းတို့တင် မှားတာမဟုတ်ဘူး၊ ရုပ်ရှင်နယ်က လူတွေလဲမှားတာပဲ၊ ကိုသူမောင်လာတုန်းကလဲ ဒီလိုမှားတာပဲ၊ ကျွန်တော်လဲဗျာ အစကတော့ တင်တင်အေးနဲ့ တူတယ်ဆိုပြီး ယူခဲ့တာပဲ၊ ခုတော့'

ကိုစိုးလွင်၏ စကားမဆုံးခင် 'ဘာလဲ ဘာပြောဦးမလို့လဲ' ဟု ပြောရင်း သူ့ဇနီးထွက်လာ၏။

'ဟဲ...ဟဲ ခုတော့ ငွေဇင်ထိုက်နဲ့ တူနေပြီလို့ ပြောမလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးလွင်က သူ့ဇနီးကို စသည်။ သူ့ဇနီးက 'ကျွန်မလဲ ကလေးကို ရေချိုးပေးနေရလို့ ချက်ချင်းထွက်မလာတာ… ဧည့်သည်တွေပါလာမှန်းလဲ မသိလို့' ဟု အားနာ စကားဆိုသည်။ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းသော မိသားစုဟု သင်သင်ဝင်းစိတ်ထဲက နှစ်သက်သွားသည်။

ကိုစိုးလွင်တို့က ထမင်းကျွေးနေသည်ကို ငြင်းပြီး လေ့ဆိပ်နားက ဆိုင်မှာ စားကြသည်။ ပဲချိတ်မော်တော်တစ်စင်းဖြင့် အင်းထဲကို လိုက်သွားကြ၏။ ရှိယင်းစွဲလှေကြီးများတွင် ခေတ်မီ ပဲချိတ်စက်တပ်ထားသော မော်တော်ဖြစ်သည်။

ညောင်ရွှေမှအထွက်တွင် ချောင်းရိုးကလေးအတိုင်း သွားရသည်။ ဘေးမှာ ကိုင်းတောလိုအပင်တွေ၊ ဗေဒါပင်တွေ၊ မှော်ပင်တွေ၊ အတန်ကြာသွားနောက် ရေပြင်ကျယ်ကြီးကို ဘွားကနဲမြင်ရသည်။ တောင်တန်းတွေကြားထဲက အံ့သြဖွယ် ရေကန်ကြီးတစ်ခု၊ ဘစ်ဘက်ကမ်းနှင့် ကျွန်ဘစ်ဘက်ကမ်း ပျပျသာမြင်နိုင်သည်။

ခြေတစ်ဖက်ကို ခြေထောက်ဖြင့်လှော်ပြီး လက်မှုပညာထွန်းတားသော နေရာ၊ တနည်းအားဖြင့် အလုပ်လုပ်ရာတွင် ခြေထောက်ရောလက်ပါ အနားမပေးသည့် ဒေသ၊ အင်းလေး။

ပဲချိတ်မော်တော်သည် ရေပေါ်တွင် လျှပ်တိုက်ပြေးလွှားနေသည်။ တစ်ခါတစ်ရံ ရေမှုန်တွေလာစင်၏။ တစ်နေရာတွင် လူလေးငါးခြောက်ယောက် ကျွန်းမျောကြီးကို ဆွဲယူနေကြသည်။ လှေကြီးတွေကို ရွှေ့သလိုပင်၊ ထိုးဝါးအကူအညီဖြင့် ရွှေ့နေကြခြင်းဖြစ်သည်။ ရေပေါ်မှာ ပေါလောမျောနေ



သော မြေအကွက်အခဲကြီး၊ ရေပေါ်မှာ အိမ်ဆောက်ထားတယ်ဟု ကြားဖူးသဖြင့် တဲအိမ်သာသာ အိမ်ငယ်ကလေးတွေဟု ထင်ခဲ့မိသည်။

ခုတော့ တချို့ဆိုလျှင် ပေငါးဆယ့်ခြောက်ဆယ် ကျယ်ဝန်းမည်ထင်ရသော အိမ်ကြီးတွေ၊ ရွာရွာပါးပါး သုံးထပ်အိမ်ကိုပင်တွေ့ရသည်။ သင်သင်ဝင်းအဖို့ အင်းထဲမှာ မြင်မြင်ကရာ အထူးအဆန်းတွေချည်း။

စင်ရော်ငှက်တစ်ကောင် ပျံဝဲလာသည်၊ မော်တော်၏ အထက်နားတစ်ဝိုက်မှမခွာ၊ မခင်ကြွယ်သည် ပေါင်မုန့်ကိုဖဲ့၍ ရေထဲသို့ပစ်ချပေးလိုက်သည်။ စင်ရော်ငှက်သည် သေတ္တာငွေ ရှင်းကြည့်သည်။ ထို့နောက် ရေပြင်ဆီသို့ ထိုးစိုက်ချလိုက်သည်၊ ပေါင်မုန့်ကိုသုတ်၏။ တင့်လှ၏ရင်ထဲ၌ကျင်ကနဲဖြစ်သွားသည်။ တစ်ယောက်ယောက်က 'သံလျင်သွားတုန်းကလို ပဲ' ဟု ပြောလိုက်မှာ သူစိုးရိမ်နေ၏။

သင်သင်ဝင်းကား အရှေ့ဘက်ရှိတောင်တန်းများကို ငေးစိုက်ကြည့်နေသောကြောင့် ဘာမျှမသိလိုက်။

* * *

အရှေ့ဘက်မှာ တောင်တန်းတွေကာဆီးနေသောကြောင့် လအထွက်နောက်ကျသည်။ ရေပြင်ပေါ်တွင် မြူခိုးတွေငွေ့နှင့်၏။ အမြင် ရှင်မှိုင်းပြာနေသည်။

ကိုအောင်ခန့်တို့အိမ်သည် သပ်ရပ်သော ပျဉ်ထောင်အိမ်ကလေးဖြစ်သည်။ အိမ်ကလေးဆိုသော်လည်း ရန်ကုန်အိမ်

www.burmeseclassic.com

www.burmeseclassic.com



များထက်စာလျှင် ကျုပ်ကျယ်ဝန်းဝန်းရှိသည်ဟုဆိုနိုင်သည်။ သို့ရာတွင် ဒီနေ့ည တင့်လှင်ဒီမှာ မအိပ်ချေ။ ခါတိုင်းကဒီမှာပင် အိပ်သည်ဟု ပြောသည်။ ဒီညတော့ ဦးလေးမြတို့အိမ်သွားအိပ်မည်ဟု ပြောသွားသည်ဆို၏။ သူ့ကို အားနာသောကြောင့် ဖြစ်မည်ဟု ထင်သည်။

တင့်လှင်အကြောင်းကိုတွေးမိပြန်၏။ တင့်လှင်သည်အသားဖြူဖြူ။ အရပ်မြင့်မြင့်ဖြစ်သည်။ ပြီးတော့ ပိန်သည်။ အရင်ကတော့ ပိန်ချင်မှ ပိန်ပေလိမ့်မည်ဟု သူ့ကိုယ်သူနှင့် နှိုင်းမိသည်။ တင့်လှင်၏မျက်နှာသည် တည်ကြည်လေးနက်မှု ရှိကြောင်း တွေ့ရသည်၊ သို့ရာတွင် သူ့မျက်လုံးများထဲ၌အားငယ်မှု ...ရိပ်အယောင်ကို မကြာခဏ မြင်သာ၏။အတိတ်ကအကြောင်းချင်းရာတို့သည် သူ့မျက်လုံးထဲတွင် ထင်ဟပ်နေတုန်းပင် ဖြစ်လိမ့်မည်။

တင့်လှင်သည် ကိုအောင်ခန့်သူငယ်ချင်း။ စက်မှုဘက္ကသိုလ်မှ ပီသုကာဘွဲ့ ရရှိခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဟု မခင်ကြွယ်က ပြောဖူးသည်။

တင့်လှင်မှာ ချစ်သူရှိခဲ့ဖူးသည်။အင်္ဂလိပ်စာအဓိကကျောင်းသူဖြစ်၏။ ရိုးသားတည်ကြည်ဟန်ရှိသောတင့်လှင်သည်အချစ်ကြီးခဲ့မည်မှာ သေချာသည်။ 'ကောင်မလေးက မဆိုးပါဘူး။ တင့်လှင်နဲ့ လိုက်ပါတယ်။ ငြိမ်ငြိမ် အေးအေး ကလေး'ဟု မခင်ကြွယ် ပြောပြသည်။ သူတို့နှစ်ယောက် သိပ်ချစ်ခဲ့ကြပေလိမ့်မည်ဟု ကိုယ်ချင်းစာမိသည်။ သို့ရာတွင် တင့်လှင်သည် သူနှင့်ဘဝတူ။ လွန်ခဲ့သော ခြောက်လခန့်ကထိုမိန်းကလေးသည်



သူ့မိဘများနှင့်ဂျပန်နိုင်ငံသို့ အပြီးအပိုင်လိုက်ပါသွားခဲ့သည်။ ရန်ကုန်မှာ တစ်ယောက်တည်း စိတ်ခုလမ့်ညိုး၍ ကိုအောင်ခန့်က ဒီမှာ ပျော်သလောက်နေဖို့ခေါ်ထားခြင်းဖြစ်သည်။ တင့်လှင်ဒီမှာရောက်နေသော တစ်လရှိပြီ။

မခင်ကြွယ်က သူ့ကို ဖောင်တော်ဦးဘုရားပွဲအမီ လာရန်စာရေး၍ခေါ်သည်။ ဒီမှာတင့်လှင်ရှိနေတုန်းအချိန်ကိုရွေး၍ သူ့ကို အဘယ်ကြောင့်ခေါ်သနည်း။ ဘဝတူနှစ်ယောက်ကိုဒီမှာဆုံတွေ့စေသည်၊တစ်စုံတစ်ရာသောအကြံအစည်ဖြင့် တမင်ဖန်တီးခဲ့ကြခြင်း ဖြစ်လေသလော။သို့ရာတွင် တင့်လှင်အပေါ်စိတ်ဝင်စားမှု ရှိနိုင်၊ မရှိနိုင်။ သူ့ကိုယ်သူ မဓမ်းဖြစ်ချေ။

* * *

'နောင်ပေ့ ... နောင်ပေ့ ....နောင်ပေ့ ဆိုသောအသံတွေဆူညံနေ၏။ ဖောင်တော်ဦးဘုရားလှည့်လည်ပွဲ။ လှေခေါင်းများစွာ၊ အင်းပေါ်ရှိကျောင်းတော်တွင် သီတင်းသုံးမည့်ကရဝိက်ဖောင်တော် ဆိုက်ကပ်ပြီးနောက်လှေများကကျောင်းတော်တစ်ဝိုက်လှည့်ပတ်ပြီး ပွဲဈေးကြသည်။

သူတို့၏ လှေကလေးတွင် ကိုအောင်ခန့်က ပဲ့မှလှော်ပြီးတင့်လှင်က ဦးဘက်မှလှော်သည်။ ခုလိုအချိန်မျိုးတွင် အများအားဖြင့် လက်ဖြင့်သာလှော်ကြသည်။ ခြေထောက်ဖြင့်မလှော်ကြ။ ဘုရားဖူးသွားခြင်းဖြစ်သောကြောင့် ရိုသေသမှု သဘောပင် ဖြစ်မည်ဟုထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်းသူအင်းသား အားလုံးလိုလို လှေဖြင့်ထွက်ကြသည်။ အချို့ ပဲ့ခတ်မော်တော်နှင့်။ ဝတ်ကောင်းစားလှ ဝတ်ကြသည်၊ အမျိုးသားတွေက တိုက်ပုံအင်္ကျီနှင့် ရှမ်းဘောင်းဘီ။ အချို့ ဂျက်ကက်ဝတ်သည်။ အမျိုးသမီးတွေက အင်္ကျီလက်ရှည်သာ အဝတ်များသည်။ ထဘီမှာ အင်းထဲမှထွက်သော အဆင်ဆန်းများ။ လည်ဆွဲ ရွှေဆံမြဲမြဲတွေဆွဲသည်။ အားလုံးလိုလို ရွှေဆင်နိုင်သူချည်း။

လှေပေါ်တွင် လင်ပန်းဖြင့်ဘင်ထားသော ရွှေချိုလက်ရာ ငွေခွက်တော့ပါသည်။ သန့်စင်လှသော မွှေးကြိုင်နွှီ သစ်သီးမျိုးစုံတို့ကို ငွေလင်ပန်း၊ ငွေခွက်များတွင် ထင်ထားသည်။ ဆွမ်းတော်တင်ရန်ဖြစ်သည်။ ထိုနေ့က အင်းပေါ်ခုံရွာတွင် သာယာနောပျော်ဖွယ်ကောင်းသော ဘုရားရှိခိုးသံများ၊ အိုးစည်သံ၊ လံချပ်သံများ လွှမ်း၍နေသည်။

ညနေပိုင်းတွင် ဖောင်တော်ဦးဘုရားသို့ တစ်ခေါက်ပြန်ရောက်သည်။

* *

'ရွှေမို့လို့လဲခေါ်တယ်၊ ရွှေမျှော်လို့လဲ ခေါ်လို့ရတာပေါ့။ တို့လှေနဲ့သွားတော့ မြောက်ဘက်မှာ တွေ့တယ်မဟုတ်လား။ ကိုင်းပင်လို အပင်မျိုးတွေလေ။ အဲဒီအပင်က ရတာပေါ့'



ကြော်ချက်လို ချက်ထားသောဟင်းဖြစ်သည်။ မျှစ်အသေးစားကလေးများနှင့်တူ၍ အရသာမှာ မှိုနှင့်မျှစ် ပေါင်းစပ်ထားသော အရသာမျိုး။

'ထည့်စားပါ သင်သင်။ ရန်ကုန်မှာ ဒါမျိုးစားရမှာ မဟုတ်ဘူး'

မခင်ကြွယ်က သင်သင်ဝင်းပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေးလိုက်၏။ ကိုအောင်ခန့်ကလည်း တင့်လွင်ပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေးလိုက်သည်။ ပြီးတော့ သူ့ဇနီးကိုမသိမသာ ပြုံးစေ့စေ့ လုပ်ပြသည်။

'တင့်လွင်က ဟင်းခွက်နဲ့ဝေးနေလို့ ကူပေးတယ်အစ်ကိုရာ။ ကျွန်တော်မီပါတယ်'ဟု တင့်လွင်က ပြန်ပြောသည်။

ဘာလဲကွ၊ မင်းကမစားရအောင် ဟင်းခွက်နဲ့ တခင်ခင်းဝေးနေတာလား။ အဲဒါပဲ သင်သင်ရေ၊ တင့်လွင်ရောက်ခါစကလဲ ဓမ္မိကောင်းကြောင်း ပြောမိလို့ ငါ့မိန်းမက ရေမှိုချည်း ချက်ကျွေးနေတော့တာပဲ။ အသားငါး သိပ်မချက်တော့ဘူးဟ'

ကိုအောင်ခန့်က သူ့ဇနီးကို စပြန်သည်။ တင့်လွင်ကဝင်ပြောသည်။

'ဟာ၊ မဟုတ်တာအစ်ကိုရာ၊ အစ်မချက်တဲ့ဟင်းကစားလို့ပါ ဗျာ။ ရေမှိုကလဲ ကျွန်တော်တကယ်ကြိုက်တာပါ။ ပြီးတော့ အစ်မလက်ရာကလဲ တော်တော်ကောင်းပါတယ်။ ရန်ကုန်က ဟိုတယ်တွေထက်တောင်သာတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ရန်ကုန်မှာ ဘယ်ဟိုတယ်မှ မရောက်ဖူးဘူးဆိုတာ သေချာသွားပြီ'

မခင်ကြွယ်က ထမင်းခပ်သည့် ဇွန်းဖြင့် ရွယ်ဟန်ပြုသည်။

သင်သင်ဝင်း၏ ပထမဦးဆုံးသော ရယ်သံကို တင့်လွင် ကြားဖူးသွားသည်။

'ကိုအောင်ခန့်ကလဲ မမခင်ကို ဒီလိုမပြောပါနဲ့။ မမခင် ဟင်းချက်ကောင်းတာ အရင်ကတည်းက ကျွန်မသိပြီးသားပါ'

'ဟာ ခင်ရေ၊ ဧည့်သည်တွေက မင်းကိုချည်း ညီညီညာညာ ထောက်ခံနေကြပြီကွ။ ငါပဲအရှုံးပေးပါတယ်ကွာ'

ကိုအောင်ခန့်၏စကားသည် မျက်နှာအတားရ ခက်သွားစေလောက်အောင် မဖြစ်သော်လည်း အဓိပ္ပါယ်အတန်ငယ် အစွန်းထွက်နေသည်။ စကားလမ်းကြောင်းပြောင်းမှ ဖြစ်မည်ဟု တင့်လွင်တွေးမိ၏။ အင်းသူအင်းသားတို့၏ ဝတ်စားဆင်ယင်ပုံအကြောင်းကို အစဖော်ပေးလိုက်သည်။ ကိုအောင်ခန့်က ရှင်းပြသည်။

'ဒါနဲ့ ကိုအောင်ခန့်က အင်းသားလဲဆိုသေးတယ်။ စကားပြောတော့လဲ အင်းလေးသံမပေါက်ပါလား'

သင်သင်ဝင်းကမေးသည်။

'ကျွန်တော်က ဆယ်တန်းမအောင်ခင်ကတည်းက ရန်ကုန်မှာ ကျောင်းသွားနေတာကိုး ဗျ။ နို့မို့ အင်းသားလေသံပေါက်အောင် ပြန်ကြိုးစားနေရတယ်'



မခင်ကြွယ်က အင်းသူများ အသားအရေ လှပကြောင်း ပြောသည်။ တင့်လွင်က....

'ကျွန်တော်ထင်တယ်၊ ရေမြေကြောင့်၊ အစားအသောက်ကြောင့် ဖြစ်လိမ့်မယ်။ နောက်ပြီး ရေပေါ်မှာ သာနေရတာကြောင့် ရေခိုးရေငွေ့ အမြဲအရိုက်ခံနေရတော့ အသားအရေ စိုပြည်နေတာဖြစ်လိမ့်မယ်'

'အမြဲတန်း အလုပ်ကြိုးစား လုပ်နေကြလို့လဲ ဖြစ်နိုင်မယ် ထင်တယ်'

သင်သင်ဝင်း၏စကားကို တင့်လွင် သဘောကျသွားသည်။ သင်သင်ဝင်းကိုလည်း တလေးတစား ကြည့်လိုက်မိ၏။

'ဟုတ်တယ်၊ မသင်သင်ပြောတာဖြစ်နိုင်တယ်။ ဒီမှာ မိန်းကလေးတွေတင် မဟုတ်ဘူး။ ယောကျ်ားတွေလဲ အသားအရေ စိုပြည်ကြတာများတယ်။ ပြီးတော့ အင်းသူတွေရော အင်းသားတွေပါ အားလုံးလိုလိုချောကြ လှကြတယ်'

'ကိုအောင်ခန့်ကလဲ့ရင်ပေါ့'ဟု မခင်ကြွယ်က စနောက်သည်။

'အေးလေ။ ဒါကြောင့်လဲ မင်းရုပ်ချည်မျိုးနဲ့ ငါ့ကိုရနိုင်တာပေါ့'ဟု ကိုအောင်ခန့်က ပြန်တွယ်သည်။ တင့်လွင်ရော သင်သင်ဝင်းပါ အသံထွက်အောင်ရယ်ကြသည်။ နှစ်ယောက်စလုံး မျက်နှာကြည်ကြည်သာသာ ရှိနေကြသောကြောင့် ကိုအောင်ခန့်ဘို ဇနီးမောင်နှံ ကျေနပ်နှစ်သိမ့်နေမိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင် နှစ်ယောက်သား လှေကလေးလှော်၍ ထွက်လာခဲ့ကြသည်။ ကိုအောင်ခန့်က တင့်လွင်ကို ဦးလေးမြတ်ကိုအိမ် လိုက်ပို့ပေးဦးမည်ဟု အိမ်ကိုပြောခဲ့သည်။ အမှန်မှာ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောချင်သောကြောင့် ဖြစ်သည်။ အိမ်ခြေတွေနှင့်ဝေးလာသောအခါ လှေကိုမလှော်တော့ဘဲ အသာ မျှောထားလိုက်သည်။

'ပြောစမ်းပါဦးကွ ခုနပြောတာ'

ကိုအောင်ခန့်သည် စကားကို ပြန်ကောက်သည်။ စောစောက ဗေဒါပင်တစ်အုပ်ကိုကွေ့ရှောင်နေရသောကြောင့်စကားစ ပြတ်သွားသည်။ တင့်လွင်၏ အချစ်အကြောင်း၊ ဖိုးခေါင်ကောင်မလေး၏ မိဘများ၊ သူသည်ခုလိုပင် ထိုအကြောင်းများကို ကိုအောင်ခန့်အား အခါအားလျော်စွာပြောပြခဲ့ ရှိသည်။

'အစ်ကိုလည်း တွေ့ဖူးသားပဲ။ သူက သိပ်အေးချမ်းသာ အင်းလေ၊ အေးချမ်းလွန်းလို့လဲ သူမိဘတွေကို မလွန်ဆန်ခဲ့တာပေါ့'

'မင်းပြောပုံအရတော့ သူ့အဘိုးကြီး အဘွားကြီးတွေက တော်တော်ကြောင်တာပဲကွ'

'အဘွားကြီးကတော့သိပ်မဆိုးပါဘူး၊ သူ့ကိုခပ်အေးအေး သမားထဲကပါပဲ၊ အဘိုးကြီးကသာ'

တင့်လွင်ကောင်မလေး၏ဖခင် လောဘကြီးပုံကို ကိုအောင်ခန့် သိပြီးသားဖြစ်သည်။ ရန်ကုန်မြို့ ကျောက်ကုန်း အရပ်၌ တိုက်ခံအိမ်ကလေး၊ မာဇဒါဘီခြောက်ရာ ကားကလေးတစ်



စင်းမျှလောက်ဖြင့် မတင်းတိမ်နိုင်ကြောင်း၊ သူ့သား အငယ်နှစ်ယောက်အတွက် အမိမြန်မာပြည်မှ ပညာရေးမျှလောက်ဖြင့် မကျေနပ်နိုင်ကြောင်း၊ ဂျပန်သွားချင်ရသည့် အကြောင်းရင်းများဖြစ်သည်။

'အကိုကို ပြောမပြရသေးတာ တစ်ခုရှိသေးတယ်'

ဘာတွေလဲကွ၊ သူ့ကိုလိုက်မသွားဖို့မင်းပြောတဲ့အကြောင်း လား—'

'ဒါက အစ်ကိုသိပြီးသားပဲ'

'မောင့်ကို သိပ်ချစ်ပါတယ်၊ အသက်လောက် ချစ်ပါတယ်၊ အဲဒီလိုပဲ ဖေဖေတို့ မေမေတို့နဲ့ မောင်လေး နှစ်ယောက်ကိုလဲ ချစ်မှ မြိုင့်အဖို့ တရားရာကျမယ်လို့ ထင်တယ်။ ဟိုဘက်က လေးယောက်နဲ့တောင်ပါ မောင်၊ ဘာပဲ ဖြစ်ဖြစ် မြိုင်မောင့်ကို ဘယ်တော့မှ မမေ့ဘူးဆိုတာ ယုံပါ' ပွင့်လင်း ရှင်းသားစွာ ပြောခဲ့သော မြိုင့်စကားကိုကြားယောင်လာသည်။ ရေပြင်ပေါ်၌ လေရှူပ်တိုက်ပြေးသော အသံကိုပင် မြိုင့်ငိုရှိုက်သံဟု ထင်မိ၏။

'အဲဒါ မဟုတ်ဘူးအစ်ကို၊ သူတို့ဟိုကိုရောက်ရင် ဘာလုပ်စားကြမယ်ဆိုတာ သေသေချာချာ ရှိသေးတာ မဟုတ်ဘူး၊ အဘိုးကြီးနဲ့ ဒီမှာအလုပ်တူတူလုပ်သွားဖို့တဲ့ ဂျပန် အင်ဂျင်နီယာကြီးကို အားကိုးပြီးသွားကြတာ၊ လူမျိုးခြားတစ်ယောက်ကို အားကိုး ယုံစားဖို့ မလွယ်ပါဘူးလို့ မြိုင်တောင် ကန့်ကွက်တော့ အဘိုးကြီးက ဘာပြောတယ်မှတ်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ခန့်က ဘာမှမမေးဘဲ နားထောင်နေသည်။

'သူ့မိတ်ဆွေတစ်ယောက်ဆီက ကြားဖူးတယ်တဲ့၊ မြန်မာပြည်က လူတစ်ယောက် အမေရိကားမှာ တိုဟူးစက်ရုံ သွားတည်တာ သန်းကြွယ်သူဌေးဖြစ်နေပြီလို့၊ အဲဒါသူတို့သဲ ဟိုမှာတခြားအလုပ်အကိုင် အဆင်မပြေသေးယင်အိမ်စပို့ဆဲဒင်တိ ပြပွဲတုန်းက လူကြိုက်များကဲ့တဲ့ အုန်းနို့ခေါက်ဆွဲရောင်းမယ်လို့ ပြန်ပြောသတဲ့'

ကိုအောင်ခန့်က ရယ်သည်။

'ဒါနဲ့ မင်းဆီကို စာလာသေးလား'

'ပြောစရာရှိသမျှစကားတွေ အကုန်ပြောခဲ့ကြပြီးပြီ၊ တစ်ယောက်ယောက်က အိမ်ထောင်ပြုတော့မယ်လို့ ဆုံးဖြတ်ချက်ချတဲ့အခါကျမှ စာရေးအကြောင်းကြားဖို့ သဘောတူထားကြတယ်၊ ဒီဘစ်သက်မှာ စာရေးဖြစ်ကြမယ် မထင်ပါဘူး'

လေငြိမ်နေသောကြောင့် တင့်လွင်၏ သက်ပြင်း ချသံကို သေချာစွာ ကြားနိုင်သည်။ တင့်လွင် စကားထပ်ပြောတော့မည်မဟုတ်ကြောင်း သူသိသည်၊ လှေကို ပြန်လှော်ဖို့ပြင်ဆင်လိုက်၏။ သူဟိုတစ်နေ့က တင့်လွင်ကို သေးတိုး စမ်းသလို မေးကြည့်ဖူးသည်၊ သင်သင်ဝင်းကို စိတ်မဝင်စားဘူးလား။ တင့်လွင်က 'ရယ်စရာတွေ မပြောပါနဲ့ဗျာ' ဆိုသော စကားကို မရယ်ဘဲ ပြန်ပြောခဲ့သည်။

လရောင် ကောင်းစွာ ဖြာကျနေသောကြောင့် ရေကြောင်းကို မြင်သာသည်၊ လှော်တက်နှင့် ရေထိခတ်သံမှ တစ်ပါး ဘာမျှမကြားရ။ အဖော်ကွဲ၍ တစ်ပင်တည်းဖြစ်နေ



သော ဗေဒါပင်ကလေးကို မလှမ်းမကမ်းတွင် မြင်လိုက်သည်။ ဘောင်ခပေါ်တွင် လည်းကောင်း၊ မြေပြန့်တွင် လည်းကောင်း၊ လတာပြင်တွင် လည်းကောင်း ကျဆုနေရာတွင် မှန်းပန်နိုင်သော ဗေဒါမြင်၏ ဘဝမျိုးကို တင့်လွင်တောင်းတမိ၏။

* * *

ရွှေအင်းတိမ်ဘုရား လှေဆိပ်အထိ ပဲ ချိတ်ဖြင့်လိုက်သွားသည်၊ ထိုမှတစ်ဆင့် ဥဒေါင်းဘောင်အထိ ခြေလျင်သွားရမည်ဖြစ်သည်။

တင့်လွင်နှင့် သင်သင်ဝင်းတို့ နှစ်ယောက်ဘည်း အစကကိုအောင်ခန့်တို့ပါ လေးယောက်သွားကြဖို့ စိစဉ်ထားခြင်းဖြစ်သည်။ သွားခါနီးကျမှ ရွာထဲမှ မိတ်ဆွေတစ်ယောက် အသည်းအသန် ဖြစ်နေသောကြောင့် သွားကြည့်ရမည်ဟု အကြောင်းပြပြီး နေရစ်ကြသည်။ သူတို့နှစ်ယောက်ကို လွှတ်လွှတ်လပ်လပ်လွှတ်ပေးလိုက်ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ဘာမျှမပြောတော့ဘဲ ထွက်လာခဲ့ကြသည်၊

ရွှေအင်းတိမ် ဘုရား၏ နတ်လမ်း စောင်းတန်း အတိုင်း လျှောက်လာခဲ့ကြသည်၊ တင့်လွင်က စကား စပြောသည်။

'ကျွန်တော်ရောက်ဖူးသမျှ ဘုရားတွေထဲမှာတော့ ရွှေအင်းတိမ်ဘုရားရဲ့ စောင်းတန်းက အရှည်ဆုံး ဖြစ်လိမ့်မယ်ထင်တယ်။ ပဲခူးကဟသာ်တကုန်းနဲ့ယှဉ်ကြည့်ရင်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသည်ကျွန်းခိုဝေသော စကားကိုအကြားလိုက်တွင်သင်သင်ဝင်း ဆတ်ကနဲလှည့်ကြည့်သည်။ တင့်လွင်စကားကိုမဆက်ဘဲ နေလိုက်၏။

ရွှေအင်းတိမ်ဘုရားကို ဖူးပြီး မြေနီ တမ်းအတိုင်း ဆက်လျှောက်သည်။ ကားလမ်းလည်းဖြစ်၏။ စက်ယန္တရား အကူအညီဖြင့် ဖောက်ထားသောလမ်း ဖြစ်ဟန်မတူ။ အင်းသူအင်းသားတို့၏လက်ဖြင့်ဖောက်ထားသောစေတနာ လုပ်အားလမ်းဖြစ်လိမ့်မည်။ ဥဒေါင်းတောင်ခြေ အရောက်တွင်ကားလမ်းနှင့် လူသွားလမ်းကွဲသွားသည်။ လူသွားလမ်းသည် တောင်ဦးပေါ်သို့ ရှေ့နောက်တပြန့်စီကွေ့တက်ရသည်။

'မသင်သင်ဝင်းမောသလား၊ ခဏနားပါသွား'

'ကိစ္စမရှိပါဘူး'

တင့်လွင်ကို စကား လှည့်ပြောလိုက်ရသောကြောင့် ခြေလှမ်းတို့ ဂရုမစိုက်မိဘဲဖြစ်သွားသည်။ ခဲလုံးတစ်လုံးကိုတက်နင်းမိပြီး ခြေချော်သွားသည်။ တင့်လွင်က သင်သင်ဝင်းလက်မောင်းကို ဖမ်းဆွဲထားလိုက်၏။ သင်သင်ဝင်းဖျတ်ကနဲသတိရမိသည်။ စစ်တိုင်းတောင်ရိုး။ တင့်လွင်၏စိတ်ထဲ၌မူ ကျိုက်ထီးရိုး။

တင့်လွင်လက်ပြန်လွှတ်လိုက်သည်။ သင်သင်ဝင်းက 'ကျေးဇူးပဲ' ဟုတိုးတိုးပြောသည်။

ရွှေအင်းတိမ်ဘုရားမှ တောင်ပေါ်ရောက်သည်အထိ တနာရီကျော်ကျော်ကြာသည်။ တောင်ပေါ်အရောက်တွင် တင့်လွင်က ထမင်းစားဆောင်သို့ ခေါ်သွားသည်။ မည်သူမဆို ဥဒေါင်းတောင်ပေါ်သို့ ရောက်လာသမျှအတွက် ထမင်းဟင်း



အလုံအလောက်ရှိသည်။ အမြဲတမ်း အဆင်သင့်။ ကုန်သွားသည် မရှိ။ မခင်ကြွယ်က စားဖြစ်အောင်စားခဲ့ပါဟုမှာသဖြင့် သင်သင်ဝင်းတစ်ပန်းကန်ယည့်စားသည်။ ဆေးခါးဟင်းကျို မြစ်သုပ်နှင့် ငရုတ်သီးထောင်း။

ဆရာတော်ဘုရားကြီးကို ဖူးခွင့်ရမည်ဆိုသဖြင့် ကျောင်းပေါ်သို့သွားကြသည်။ အမှန်မှာ ညနေခြောက်နာရီမှ ဖူးခွင့်ရမည်ဖြစ်သည်။ ခုညှို့သည်တွေများပြီး အင်းထဲသို့ အချိန်မီ ပြန်ဆင်းရမည့်သူတွေ ရှိနေသောကြောင့် ဦးပဉ္စင်းတစ်ပါးက လျှောက်ထားပေးသဖြင့် ဖူးခွင့်ရခြင်းဖြစ်သည်။

ဆရာတော်ကြီးကို ဖူးပြီးနောက် ဘုရားဘက်ကို ပြန်ဆင်းလာခဲ့သည်။ တောင်ပေါ်မှကြည့်လျှင် အင်းထဲကို အပေါ်စီး မြင်နေရသည်။ ကျယ်ပြန့်သော အင်းပြင်ကြီး ခွဲဖြာထွက်သွားသော ချောင်းရိုးကလေးတွေ။ အရှေ့ဘက်မှာ အောင်တန်းကြီး၊ ဟိုနေရာ တစ်စု၊ ဒီနေရာ တစ်စု၊ တည်ရှိနေသောရွာများ။

'ကိုတင့်လွင် ဒီဘုရားက တနင်္ဂနွေထောင့်ကိုသိလား'

သင်သင်ဝင်းကမေးသည်။ တင့်လွင် ခေါင်းခါပြသည်။

'ကျွန်တော်တော့ မသိဘူး၊ ဦးပဉ္စင်းတစ်ပါးပါးကို မေးကြည့်ပါလား'

ဘုရားနားသို့ လျှောက်လာရင်း တင့်လွင်လွှတ်ကနဲ မေးမိလိုက်သည်။

'မသင်သင်ဝင်းက တနင်္ဂနွေသမီးလား'

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းခါသည်။ လျှော့လျှည်းလျှည်းပြုံးသည်။ စကားအမှားကြောင့် တင့်လွင်အားနာသွားသည်။

'ဩော်...မသင်သင်ဝင်းအမေက ဟနက်နေ့ထင်တယ်'ဟု မဟုတ်နိုင်မှန်းသိလျက် မေးလိုက်ရ၏။

* * *

ဦးလေးမြတို့အိမ်ကိုကြည့်ပြီး သင်သင်ဝင်း အံ့ဩနေသည်။ ရေကဲမှာ ဒီလောက်ကြီးမားသော အိမ်ကြီးတွေကို ဘယ်လို ဆောက်ယူသလဲဟု တွေးနေသည်။ ပေငါးဆယ်ခြောက်ဆယ်လောက် ရှည်လျားမည့် အိမ်ကြီးသုံးလုံး။ နှစ်လုံးက ပြိုင်လျက်။ တစ်လုံးက နောက်ဘက် ကျသည်။ အိမ်သုံးလုံးကို တံတားများဖြင့် ဆက်သွယ်ထားသည်။ အိမ်အတွင်းဘက်တွင် ပြင်ဆင်ထားပုံမှာ ရန်ကုန်က ခေတ်မီပုံစံများအတိုင်း။

မခင်ကြွယ်ပြောပြဖူးသည်။ တစ်ခါက ရန်ကုန်ကဧည့်သည်တွေ ဦးလေးမြတို့အိမ်မှာလာတည်းသည်။ လူနှစ်ဆယ်လောက်ပါလာသောကြောင့် ဧည့်သည်ခေါင်းဆောင်က အားနာကြောင်း ပြောသည်။ ဦးလေးမြက နောက်တစ်ခါလာလျှင် လူတစ်ရာခေါ်ခဲ့ပါဟု ပြန်ပြောသည် ဆို၏။ ထိုစကားမှာ အမှန်ပင်ဖြစ်သည်။ တကယ်ပင် လူတစ်ရာ နေလောက်သည်။ ပြီးတော့ ဦးလေးမြတို့ ဇနီးမောင်နှံ နှင့် မိသားစုကိုမြင်လိုက်ကတည်းက 'လူတစ်ရာခေါ်ခဲ့ပါ'ဆိုသောစကားသည် လောကွတ်မျှသာမဟုတ်။ တကယ့် စေတနာစကားဖြစ်ကြောင်း သိရ



သည် ထို့ကြောင့်ပင် တင့်လွင်သည် ဦးလေးမြတို့အိမ်မှာ စားအိမ်ဲ သောက်အိမ်ဖြစ်နေခြင်းပင်။ ဦးလေးမြတို့က နံနက်စာ ထမင်းကျွေးသည်။ ဟင်းခွက်တွေ များပြား စုံလင်လှသည်။ ထမင်းဝိုင်းတွင် စကား ပြောဖြစ်သည်။ တင့်လွင်ကတော့ ထုံးစံအတိုင်း အင်းထဲကအကြောင်း။

'တကယ်တော့ အင်းခလေးဟာ ရိုးရာနဲ့ ခေတ်သစ်ပေါင်းစပ်ထားတဲ့ နေရာပဲ။ ဆံပင်ရှည်ထားတဲ့လူတွေ၊ ဂျက်ကပ်တိုဘောင်းဘီတို့ ဝတ်တဲ့လူတွေရှိသလို ရိုးရာဝတ်စုံတွေ ဝတ်တဲ့လူတွေလဲရှိတယ်။ ခေတ်အမီဆုံး ပုံချိတ်စက်တွေ သုံးသလို ရိုးရာလှေတွေကို ခြေထောက်နဲ့ လှော်ကြတာတွေလဲ ရှိတယ်။ ကျွန်တော် စိတ်အဝင်စားဆုံးက အိမ်တွေပဲ။ ကျွန်တော်က ဗိသုကာပညာသင်ခဲ့ဖူးတော့ စဉ်းစားကြည့်လို့ရတာပေါ့၊ ဒီက လက်ရာတွေဟာ အံ့ဩစရာပါပဲ။ ကျွန်တော် အိမ်ဆောက်တဲ့ အခါကျရင်သုံးမယ်လို့ စိတ်ကူးထားတဲ့ အိမ်ပုံစံတွေကို ဒီမှာ လာတွေ့နေရတယ်'

ကိုအောင်ခန့်က တင့်လွင်ကို စိုက်ကြည့်နေသည်။

* * *

'သင်သင်ရယ်၊ လေးငါးရက်လောက် နေပါဦးလား'

'မဖြစ်လို့ပါ မမခင်၊ ဒီရောက်နေတာ နှစ်ပတ်တောင် ကျော်သွားပြီ၊ ဟိုမှာကလဲ ဖေဖေနဲ့မေမေ နှစ်ယောက်ထဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုစွလဲ ရှိသေးတယ်၊ လမကုန်ခင် ပြန်ရောက်မှဖြစ်မယ်'

မခင်ကြွယ်စိတ်ထဲ ဘနေ့စွဲကိုစဉ်းစားလိုက်သည်။ ထို့နောက် တာ.မြစ်သည့်စကားကို ဆက်မပြောတော့။ သို့ရာတွင် သင်သင်ဝင်းကို သူပြောချင်နေသောစကားတွေ ရှိသည်။ ပြောသင့် မပြောသင့် သူ စဉ်းစားနေသည်။

သူတို့နှစ်ယောက်သည် အိမ်ရှေ့ကရေကပြင်မှာ ထိုင်နေကြခြင်းဖြစ်သည်။ ကိုယ့်အတွေးနှင့်ကိုယ်ငြိမ်သက်နေရာမှ မခင်ကြွယ်က စကားစသည်။

'သင်သင်'

သင်သင်ဝင်းလှည့်ကြည့်သည်။

'မမခင် တစ်ခုပြောချင်တယ်'

'ပြောပါမမ'

သင်သင်ဝင်းကို ခဏစိုက်ကြည့်ပြီး....

'သင်သင်ဟာ မျိုသိပ်နိုင်လွန်းတယ်'

'ဘာကိုလဲ မမခင်'

'သင်သင် သိမှာပါဘဲ၊ သင်သင်မမခင်ကို ပြောချင်တာတွေ အများကြီး ရှိတယ်မဟုတ်လား'

'မမခင်ကို ပြောပြီးသားပဲ'

သင်သင်ဝင်း လေသံတိုးသည်။

'ဒါပေမယ့် သင်သင်ရယ်၊ ထပ်ခါတလဲလဲ ပြောပြချင်နေမှာပဲမဟုတ်လား။ ပြောချင်ယင် ပြောလိုက်ပါ၊ ခုလိုတစ်ယောက်ထဲ ကျိတ်ပြီး ခံစားနေရတာတော့'



'သင်သင့်ရင်ထဲမှာ အမြဲပြောနေတာပဲ'

မခင်ကြွယ် သက်ပြင်းချ လိုက်သည်။

'သိပ် အစွဲအလန်းကြီးတာတဲ့ မကောင်းဘူးထင်တယ် သင်သင်'

သင်သင်ဝင်း ဘာမျှမပြော၊ ရေပြင်ကို ငေးကြည့်နေသည်။

'ညီမရယ်၊ သေဆုံးသွားတဲ့သူက ပြန်လာနိုင်တော့မှာမဟုတ်ပါဘူး။ ကိုယ့်ဘဝအတွက်သာ စိတ်ချမ်းသာအောင်နေဖို့ မမခင်တိုက်တွန်းချင်တယ်။ ဘာကယ်သို့ သင့်တော်မယ့်သူကို'

ဆတ်ကနဲ လှည့်ကြည့်သည်။

'တော်ပါတော့ မမခင်ရယ်၊ အဲဒါတွေ မပြောပါနဲ့တော့'

သင်သင်ဝင်းသည် မခင်ကြွယ်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

မမခင် တစ်ခါက ပြောတယ်မဟုတ်လား အခင်းသေးကြက်ရင် တစ်ခုခုပြောင်းလဲ သွားသလိုပဲလို့၊ လူသစ်စိတ်သစ် ဖြစ်သွားတယ်လို့ မမခင်ပြောတယ်နော်၊ အဲဒီလို ဘဝအသစ်တစ်ခုပြောင်းလို့ရရင် သိပ်ကောင်းမှာပဲ။ ဒါပေမယ့် မခင် ... စိတ်ဆိုတာ ကိုယ်ခိုင်းချင်တိုင်း ခိုင်းပို့ရတဲ့အရာမှ မဟုတ်တာ၊ မရပါဘူး'

ဦးခေါင်းသည် မခင်ကြွယ်၏ပခုံးပေါ်သို့ မှီကျသွားသည်။ ...က်သီမျှားကို ရင်ထဲ၌ပင် ဖန်တီးနေမိသည်။

ရေပြင်သည် ကြည်လင်လွန်းလှသည်၊ ရေမှော်ပင်များကို မြင်သာသည်။ ငါးကလေးများ လူးလွန့် ကူးခပ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ သူတို့သည် ရေအောက်၌ပင် အဘယ်ကြောင့်နေကြရသ
နည်း။ ရေမျက်နှာပြင်ပေါ်သို့ အဘယ်ကြောင့် တက်ရောက်
ခွင့်မရကြသနည်း။

ငါးတိုးသောကြောင့် ရေမှော်ပင်များ လှုပ်ခါသွားသည်
ပလုံစီကလေးတစ်ခု ရေမျက်နှာပြင်ပေါ်တက်လာသည်။ ရေ
ပြင်ပေါ်တွင် ခဏသာ တည်မြဲသည်။ ပေါက်ကွဲသွား၏။

* * *

ပဲ့ချိတ်မော်တော်၏ ဦးပိုင်းသည် ရေမျက်နှာပြင်ကိုခွဲသွား
နေသည်။ ရေပန်းများ လွင့်စင် ဖြာထွက်နေသည်။ ရေမှု
များသည် ရေပြင်ပေါ်သို့ ပြန်ကျပြီး ပျသွားတည်း ဖြစ်သွား
၏။ ပဲ့ချိတ်မော်တော်၏ နောက်ဘက်သို့ ပြန်ကြည့်မိသည်
ရေပြင်ပေါ်တွင် လာရာလမ်းကြောင်း ထင်ကျန်နေသည်
မကြာမီမှုကာတီအတိုင်း ပြန်ဖြစ်သွားပေလိမ့်မည်။လှိုင်းရိုက်ခတ်
သောကြောင့်ဗေဒါပင်များ နိမ့်ချည်မြင့်ချည် လှုပ်ရှား ကျန်
ရစ်သည်။

ညောင်ရွှေသို့အဝင် ချောင်းရိုးထဲ ရောက်သောအခါ ရေ
တိမ်သွားသည်။ ပဲ့ချိတ်မောင်းသူသည် စက်ကို ထောင်မ
လိုက်သည်။ ပန်ကာသည် ရေပေါ်သို့ ပေါ်လာ၏။ ပန်ကာ
တွင်ရစ်ပတ်နေသော အမှိုက်သရိုက်များကို ရှင်းပစ်လိုက်သည်

* * *



ဟဲဟိုးလေဆိပ်။

မခင်ကြယ်သည် သင်သင်ဝင်း၏ လက်ကို ဆုပ်ကိုင်ထား
၏။ကိုအောင်ခန့်က တင့်လွင်၏ပခုံးကို ဖက်ထား၏။

'သင်သင်၊ နေ့ဘက်ကျရင် တစ်ခေါက် လာဦးနော်'

'လာဖြစ်အောင် ကြိုးစားပါမယ် မမခင်၊ မမခင်တို့လဲ
သင်သင့်ဆီ လာကြပါဦး။ သင်သင့်ကို အင်းလေးမှာ လိုလေ
သေး မရှိအောင် ပြုစုကြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊
ကိုတင့်လွင်ကိုလဲ ဖိတ်ပါတယ်။ ရန်ကုန်ပြန်ရောက်ရင် ကျွန်မ
အိမ်ကိုလဲ လာလည်ပါ။ မိတ်ဆွေရင်းတစ်ယောက်လို သဘော
ထားနိုင်ပါတယ်'

တင့်လွင် ခေါင်းညိတ်ပြသည်။ သူတို့နှစ်ယောက်သည်
တစ်ယောက်နှင့်တစ်ယောက် ခဏမျှစိုက်ကြည့်ဖြစ်သည်။

'မသင်သင်ဝင်းနဲ့ ကျွန်တော့်ကို အစ်ကိုနဲ့ အစ်မတို့က
ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ သိမှာပါ။ ဒါပေမယ်'

'ဒါပေမယ် မဖြစ်နိုင်ပါဘူး ကိုတင့်လွင်'

'ဟုတ်ပါတယ်၊ ကျွန်တော်လဲ အဲဒါကိုပဲ ပြောမလို့ပါ'

'ကျွန်မတို့ဟာ စိတ်သဘောထားချင်း တိုက်ဆိုင်ပါတယ်။
အစွဲအလန်းကြီးတဲ့ နေရာမှာပေါ့'

'ဟုတ်တယ်၊ ကျွန်တော်တို့နှစ်ယောက်ဟာ ကိုယ့်အစွဲ
အလန်းနဲ့ကိုယ် နေကြတာ အကောင်းဆုံးပါ'

အသံအဖြစ် ထွက်ပေါ်လာသော စကားလုံးများအား
မဟုတ်ချေ၊ မပြောဖြစ်ခဲ့သော အသံတိတ်စကားများကို မျက်
လုံးများဖြင့် အပြန်အလှန် အဓိပ္ပာယ် ဖွင့်ပြလိုက်ခြင်းသာ။

www.burmeseclassic.com

www.burmeseclassic.com



'သွားမယ်ကျွန်မ၊ မမခင်သွားမယ်နော်'

သင်သစ်ပင်း လေယာဉ်ရှိရာသို့ ထွက်ခွာသွားသည်။ မခင်ကြွယ်သည် မျက်ရည်စေ့ကနဲသည်လာသည်။ ကိုအောင်ခန့်၏လက်မောင်းကို ဖျစ်ညှစ်လိုက်၏။

* * *

ဖော့ကာဖရှင်းရှစ် လေယာဉ်သည် မြေပြင်ပေါ်တွင် အရှိန်ဖြင့် ပြေးနေရာမှ လေထဲသို့ ကြွတက်သွားသည်။ မကြာခင်တိမ်တိုက်များကြားသို့ တိုးဝင်သည်။

တင့်လွင်၏ မြင်ကွင်းထဲတွင် အပြောင်းအလဲတွေ ဖြစ်သွား၏။ ဟဲ့ဟိုးလေဆိပ်မဟုတ်တော့။ မင်္ဂလာဒုံလေဆိပ်၊ ဖော့ကာဖရှင်းရှစ်လေဆိပ်ငယ် မဟုတ်တော့။ ဘိုးအင်း ၇၂၇ လေယာဉ်ကြီး လေဆိပ်စားသောက်ဆိုင်။ အေးစက် တုန်ယင်နေသော လက်ကလေး ဖြူလျော်နေသော မျက်နှာ၊ တရှုရှုလှုပ်နေသောနှုတ်ခမ်း။ ဆတ်ဆတ်တုန်နေသော နှလုံးသားများ ဗမာပြည်ကို ပြန်မလာနိုင်တော့ပေမယ့် မြို့အချစ်ကိုဇီမှာထားခဲ့မယ်၊ မောင့်ကို မြို့ဘယ်တော့မှ မမေ့ဘူး။

* * *

ခါးပတ်များ ဖြုတ်နိုင်ပြီဖြစ်ကြောင်း၊ ဆေးလိပ်သောက်နိုင်ပြီဖြစ်ကြောင်း သတိပေး ကြေညာသည်၊ ဘေးခုံတွင် ထိုင်နေသော ရှမ်းအမျိုးသားကြီးတစ်ယောက်သည်၊ လေယာဉ်



ဘက်ခါးစက ငြိမ်းသတ်ထားခဲ့သော ငါးသုံးလုံးစီးကရက်ကိုမီးပြန်ညှိသည်။

သင်သင်စင်းသည် ပလပ်စတစ် လက်ဆွဲအိတ်ဖြင့် ထည့်ထားသော ဘစ်စကစ်မုန့်ဘူးကို ကိုင်စမ်းလိုက်မိ၏။ သာမည့်နိုဝင်ဘာ နှစ်ရက်နေ့၊

ကွယ်လွန်သူ ကိုကို့အတွက် ရည်စူး၍ နှစ်လအဆွမ်းသွတ်ရာတွင် အချိုပွဲအဖြစ် အသုံးပြုမည့် မုန့်ဘူး မမခင်ကို မပြောဖြစ်ခဲ့မသော စကားတစ်ခွန်းကို ရင်ထဲက အဆက်မပြတ်ပြောနေမိသည်။ သွားလေသူ ကိုကို့ကို ဘယ်တော့မှ မမေ့လျော့ပါရစေနဲ့လို့ ရွှေအင်းတိမ်ဘုရားမှာ သစ္စာဆုတောင်းခဲ့ပါတယ် မမခင်။

တိမ်တိုက်များသည် သူ့အောက်တွင် ရောက်ရှိနေပြန်သည်။

မင်းလူ

(၁၇.၁၁.၈၀)

ငွေ့စင်

၁၉၈၁၊ မေ

www.burmeseclassic.com

www.burmeseclassic.com

# ရှိုးရှိုးဖြိုး ဖေသားဇေခ

www.burmeseclassic.com

www.burmeseclassic.com

၁။

စကားအသစ်အဆန်း တီထွင်သုံးနှုန်းရာတွင် အလွန်ပြောင်မြောက်သော စာရေးဆရာ ငြိမ်းကျော်ပင်လျှင် ကျွန်တော်လေးမေကို နောက်ဆုံးပြောခဲ့သော စကား တစ်ခွန်းကိုသာ ကြားရလျှင်....

'ငါသည် ဤမျှရှုန်းလှဲ့တောက်ပြောင်သော စကားအသုံးအနှုန်းကို ရှေးမဆွက မစဉ်းစားခဲ့မိလေခြင်း' ဟု ရင်ကွဲပက်လက်ဖြစ်ပြီးလျှင် ကျွန်တော့်ထံ အပြေးအလွှား ရောက်လာပြီး တပည့်အဖြစ် လက်ခံပါမည့်အကြောင်း အနူးအညွတ်တောင်းပန်ရှာပေလိမ့်မည်ဟု ယူဆရပါသည်။

အမှန်စင်စစ် ကျွန်တော်ကိုယ်တိုင်ပင် ထိုစကားကို သေချာစွာ စိတ်စဉ်းစားပြီးမှ ပြောခဲ့ခြင်းမဟုတ်ပါ။ စိတ်ထဲတွင် အလွန် ခံပြင်းသွားရာက လွှတ်ကနဲထွက်သွားသောစကားမျ

www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ လျှပ်ပြက်သကဲ့သို့ ဖျတ်ကနဲတွေ့ရှိရသော အချက်တစ်ချက်သည် အဖိုးမဖြတ်နိုင်ကြောင်း နယူတန်၊ အာခိမိဒီ စသူတို့က သက်သေ ပြခဲ့ပြီ။ ကျွန်တော့် အဖို့ကား သူတို့လို ကမ္ဘာမကျော်သည့်တိုင်ကိုယ့်အကြောင်းနှင့်ကိုယ် အလွန်ထိရောက်စွာ အသုံးချနိုင်ခဲ့သည့် စကားတစ်ခွန်းကို အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့ခြင်းပင် ဖြစ်လေသည်။

သူသည် ထိုစကားကို ကြားကြားချင်းအချိန်က သူ့ထုံးစံအတိုင်း ရေရေရာရာ တိတိကျကျ နားလည်ဟန် မတူခဲ့။ မျက်လုံးကြီး ကလယ်ကလယ်လုပ်၍ ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည်။ ထိုမျက်လုံးများထဲမှ မျက်ရည်တစ်စကိုတော့ ကျွန်တော် အတန်အသင့် သနားခဲ့ပါသည်။ ထားတော့။ ဘာပဲဖြစ်ဖြစ် သူသည် စကား၏ အဓိပ္ပာယ်ကို တစ်စတစ်စ ပီပြင်စွာ နားလည်လာသောအခါ တဆွဲဆွဲ ထိခိုက်နာကျင်စေရမည်။ ကျွန်တော်သည်လည်း ထိုစကားလုံးကို စဉ်းစားမိတိုင်း တစိမ့်စိမ့်ကျေနပ်နေတော့သည်။

ထိုစကားမှာ...

'ဒီမှာလေးမေ၊ ငါတို့နှစ်ယောက် ချစ်ခဲ့ကြတဲ့ သက်တမ်းသုံးနှစ်အတွင်းမှာ မင်းကျူးလွန်ခဲ့သမျှ အပြစ်တွေ အားလုံးအတွက် ငါကပဲ အနူးအညွတ် တောင်းပန်ပါရဲ့ကွာ'

* * *



၂။

စဉ်းစားကြည့်လေလော့၊ အဓိပ္ပာယ် နက်နဲ လေးလေးပင်။ သေသေချာချာ တွေးကြည့်စမ်းပါ။ ကျွန်တော့် အပြစ်တွေအတွက် ကျွန်တော်က တောင်းပန်တယ်။ သို့သော်လည်း မဟုတ်။ သူ့အပြစ်တွေအတွက် ကျွန်တော်က ခွင့်လွှတ်တယ်ဟူ၍ဖြစ်ရမည်။ သာမန်အားဖြင့်ဆိုလျှင်ပေါ့။ ထိုအဆင့်ထက်ကျော်၍ ဆိုလျှင်ပင် ကျွန်တော့်ဘက်က တော်တော်လေးသဘောထားကြီးကြောင်း သိသာနိုင်ပါပြီ။ ခုဟာက ဒီမျှမက

'မင်းကျူးလွန်ခဲ့သမျှ အပြစ်တွေအတွက် ငါကပဲ အနူးအညွတ်တောင်းပန်ခဲ့ပါရဲ့ကွာ'

ဆိုသော စကားလုံးသည် တာသွားလှ၏။ ကျွန်တော့်ဘက်မှ အဆုံးစွန်းသဘောထား ပြသခဲ့ကြောင်း ထင်ရှားစေလေသည်။ မှန်သည်။ တစ်ချိန်ချိန်တွင် ကျွန်တော့်အလွန်ဟု အပြောမခံနိုင်။ ကျွန်တော် မမှားခဲ့။

သူ့အမှားအတွက် သူက မတောင်းပန်သည့်အပြင် ကျွန်တော်ကပင် ပြန်တောင်းပန်ခဲ့သေးသည် မဟုတ်လား။ ကျွန်တော်မှန်သည်။

* * *

၃။

နေ့စဉ် လာနေကျ သတင်းစာသမားပင်လျှင် တိုက်ပိတ်ရက်ဖြစ်၍ သတင်းစာလာမပို့သောအခါ ကော်ဖီထဲက ဟာ

www.burmeseclassic.com



တာတာဖြစ်နေတတ်သည်ကို ကြုံဖူးကြပေလိမ့်မည်။ သူဆိုသည်ကား ကျွန်တော်နှင့် သုံးနှစ်မျှကြာအောင် ချစ်ခဲ့ကြ၊ အတူတကွ သွားလာလည်ပတ်ခဲ့ကြသည် မဟုတ်လား။ တကနဲ့နေအောင် အဆက်အသွယ်ပြတ်ပြီး လုံးဝ မတွေ့ရသော အခါ စိတ်ထဲတွင် နေမထိထိုင်မသာ ဖြစ်ရသည်တော့ အမှန်ပင်။ စိတ်ဆိုးတာ ဆိုးတာကတစ်ပိုင်း၊ သို့ရာတွင် မကြာမီ အချိန်အတွင်းမှာ နေသားကျသွားလိမ့်မည်ထင်သည်။

သူနှင့် ပြဿနာ ဖြစ်ပြီးကာစတွင် စိတ်ကို တော်တော်တင်းထားရသည်။ ပထမ တစ်ရက်နှစ်ရက်မှာ ဘယ်လိုမှ နေလို့မရ။ ကိုယ့်ကိုယ်ကို နေသာအောင် ကြိုးစား ကြည့်သည်။

နေ့စဉ်နေ့တိုင်း ရုပ်ရှင်ကြည့်သည်။ သူငယ်ချင်းတွေဆီ လျှောက်လည်ပြီး လက်ဖက်ရည်ဆိုင်ထိုင်၍ အချိန်ဖြုန်းသည်။ သူငယ်ချင်းဆိုသော်လည်း သူ့အကြောင်းမေးမည့် သူမျိုးကို ကျွန်တော်ရှောင်သည်။ ကျွန်တော်တို့နှစ်ယောက်နှင့် ပတ်သက်၍ သိပ်မသိကြသေးသူတွေဆီကိုသာ သွားသည်။ သူနှင့် သွားလာလည်ပတ်ခဲ့ဖူးသော နေရာများကိုကား ရှောင်ဖို့ မကြိုးစားမိ။ အကြောင်းမှာ ရန်ကုန်မြို့လယ်၏ နေရာတိုင်း လိုလိုမှာ သူနှင့်သွားခဲ့ဖူးသောနေရာချည်းဖြစ်နေသောကြောင့် ပင်၊ ရုပ်ရှင်ရုံတွေ၊ ဗိုလ်ချုပ်ဈေး၊ လဟာပြင်ဈေး၊ စိန်ဂျွန်းဈေး၊ လမ်းမတော်ဈေး၊ ရွှေတိဂုံဘုရား၊ တိရစ္ဆာန်ရုံ၊ ပြည်သူ့ ကုန်တိုက်၊ ဘူတာကြီးစသော အထိကရ နေရာများ၊ စားသောက်ဆိုင်များ။



ထို့ကြောင့် သူ့ကို သတိမရပဲနေဖို့မှု လွယ်ချေ။ အစပိုင်း ...င်းက ညနေလေးနာရီထိုးကာနီးလျှင် သူ့ကိုကြိုရမည်ဟု ...တ်ခဲ့ပြီး လက်ဖက်ရည်ဆိုင်ထိုင်နေရာမှ ယောင်၍ ဆတ်ကနဲ ...မိမလိုဖြစ်ဖြစ်သွားတတ်သေးသည်။

တကယ်တော့ သူ့ကိုမေ့ပစ်ဖို့ ကြိုးစားရန် စဉ်းစားနေ ...င်းကပင် သူ့ကို မမေ့နိုင်သေးကြောင်း သိသာခဲ့လေ ...ည်။

* * *

၄။

တတ်နိုင်သလောက်တော့ကြိုးစားပြီးခြေရာလက်ရာဖျောက် ...ည်။ သူနှင့် ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို မမြင်ရ ...ောင်နေမည်။

ကျွန်တော့် အိပ်ခန်းနံရံတွင် မြေဖြူဖြင့် ရေးထားသော ... မွေးနေ့ရက်စွဲ၊ သူနှင့် ကျွန်တော်ချစ်ခဲ့ကြသောနေ့စွဲတို့ကို ...တ်စုတ်ရေဆွတ်၍ ဖျက်ပစ်လိုက်သည်။ ခေါင်းရင်းမှာချိတ် ...ထားသော သူ့ဓာတ်ပုံကို မှန်ဘောင်ထဲမှ ထုတ်သည်။ သူ ...ထားသော စာများနှင့်အတူ စက္ကူအိတ်တစ်လုံးထဲမှာ ...ည့်ပြီး ကော်ဖြင့် အသေကပ်လိုက်သည်။ တစ်နေ့နေ့ကျလျှင် ...ဆီသို့ လူကြုံနှင့် ပြန်ပေးလိုက်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်တော့်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးထာ
သော လုံချည် ရှပ်အင်္ကျီနှင့် တိုက်ပုံ အင်္ကျီတို့ကိုလည်း အဝ
ဟောင်း၊ အဝတ်စုတ်တွေထားသော သေတ္တာကြီးထဲသို့ လ
တွေးယစ်ထည့်ထားလိုက်သည်။

ဘာကျန်သေးလဲ။
နာရီ။

လေးမေနှင့် တိုက်ရိုက်သက်ဆိုင်သည်ဟု မဆိုနိုင်သေ
လည်း တိုက်ဆိုင်မှုဘာ ခဲ့တော့ ဖြစ်ခဲ့သည်။ သူကချစ်ပါတ
ဟု အဖြေပေးခဲ့သောနေ့က ကျွန်တော်သည် လေထဲမှာလ
လျှောက်၍ အိမ်သို့ ပြန်လာခဲ့သည်။ ထိုနေ့ညမှာပင် ဖေဖေ
သူပတ်နေသော နာရီကို ကျွန်တော့်အား ပေးခဲ့လေသည
အိုမီဂါနာရီကလေး။ ပုံစံကတော့ ခပ်ရိုးရိုးပင်။ နီညွှန်မြေ
ဒိုင်ခွက်နှင့် အဝိုင်းပုံစံ၊ နေ့တွေမှက်တွေလည်းမပါ။ သို့ရာ
အချိန်တော့ အမြဲမှန်သည်။

ပြီးတော့ ဖေဖေပတ်ခဲ့တာက ဆယ်နှစ်။ ကျွန်တော့်လ
ထဲမှာ သုံးနှစ်။ အားလုံးပေါင်း ဆယ့်သုံးနှစ်အတွင်း
ထိုနာရီကို နာရီပြင်ဆိုင်များနှင့် တစ်ခါမျှ မိတ်မဆ
သေးပါ။

နောက် တိုက်ဆိုင်မှုတစ်ခုကို သတိရလာပြန်သည်။ သူ
နောက်ဆုံးအကြိမ်အဖြစ် ချစ်ရေးဆိုပြီး သူက ခါထုတ်လို
သောနေ့တွင် ကျွန်တော် ဆောက်တည်ရာမဲ့ဖြစ်ပြီး မြို့သဲ



လျှောက်သွားနေမိသည်။ ဘယ်နေရာတွေ ရောက်ခဲ့မှန်းမသိ။ အမှတ်ဆယ့်နှစ်ဘတ်စ်ကားကိုတက်စီးသောအခါ ကျွန်တော့် ခန်းဒေါ့ဖ်နာရီ အဖြုတ်ခံရသည်။ ငွေငိုင်ငိုင် တွေးချင်ရာတွေး နေမိသောကြောင့် နာရီဖြုတ်သွားကြောင်း ချက်ချင်းမသိ။ ကားပေါ်ကဆင်းလာပြီးမှ သိသည်။ နောက် သူ့ဆီက အဖြေ ရသောနေ့တွင် ဖေဖေက ကျွန်တော့်ကို အိုမီဂါနာရီ ကလေးပေးခဲ့သည်။

လေးမေက နာရီဆိုတာ အဲဒီလို ဝိုင်းဝိုင်းပြားပြား ကလေးပဲကောင်းတယ်၊ ဘယ်တော့မှ မရိုးဘူးဟုပြောခဲ့သည်။ ကျွန်တော်ကလည်း အဆိုပါအိုမီဂါနာရီကလေးကိုကြိုက်နှစ် သက်ခဲ့ပါသည်။

ခုခါတော့....
သူက ကောင်းတယ်လို့ ပြောခဲ့တဲ့နာရီ၊ သူနဲ့ချစ်ခဲ့ကြတဲ့ အထိမ်းအမှတ်နေ့က နာရီ။ ရောင်းပစ်လိုက်မယ်ဟု ဆုံးဖြတ် လိုက်သည်။

မြို့ထဲသို့ထွက်လာခဲ့သည်။ လမ်းသုံးဆယ်မှတ်တိုင်မှာ ဆင်း ပြီး အနောက်ရထားလမ်းအတိုင်း လျှောက်ခဲ့သည်။ ရွှေဘုံသာ လမ်းကို ဖြတ်ပြီးသောအခါ ဘကြူးတို့နာရီဆိုင်သို့ ရောက် သည်။ ဘကြူးသည် ကျွန်တော်တို့ သူငယ်ချင်း။ နာရီဖယ် ချင် ရောင်းချင်လျှင် သူ့ကိုပင် အကူအညီ တောင်းကြသည်။ သူပေးသည့်အကြံဉာဏ်ကို ယူကြရသည်။ သူကလည်း နောက်

www.burmeseclassic.com



နောက်ပြောင်ပြောင် ဆဲဆဲဆိုဆိုနှင့်ပင် အကူအညီပေးလေ့ရှိသည်။

ဘကြီးသည် ကျွန်တော့်ကိုမြင်လျှင်...

'ဟေ့ ကောင် ဘာလာရှုပ်ပြန်တာလဲ'

'မရှုပ်ပါဘူးကွာ၊ မင်းကို သတိပေးစရာရှိလို့'

'ဘာလဲကွ'

ကျွန်တော်က အတည်ပေါက်နှင့်ပြောပြသည်။

'ငါတို့ သူငယ်ချင်းထဲကပဲလေကွာ၊ သားလမ်းကခင်မောင်လတ် သိတယ်မဟုတ်လား။ အေး ဒီကောင် မင်းဆိုင်ကို လာရင် သတိထားကွ၊ ဒီကောင်က ခြေဆော့လက်ဆော့ရှိတယ်'

'ဟား၊ ဟား၊ လာလုပ်မနေနဲ့ ဟေ့ကောင်၊ တနေ့ကပဲ ငါ့ဆီကို ခင်မောင်လတ် လာသွားသေးတယ်။ သူကလဲ မင်းပြောသလိုပဲ မပြောသွားဘာပဲကွ၊ မင်းလာယင် သတိထားနေတဲ့ မင်း နောက်သလိုပြောင်သလိုနဲ့ အလစ်သုတ်တတ်တယ်တဲ့'

ကျွန်တော်ကလည်း ရယ်မနေ့ပိုက်ရလေသည်။ ဘကြီးက မေးသည်။

'ဒါနဲ့ မင်းက ဘာကိစ္စလဲ မိန်းမပတ်နာရီ လိုချင်လို့လား'

ကျွန်တော် ဖျတ်ကနဲသတိရသွားသည်။ လွန်ခဲ့သော တစ်နှစ်လောက်က လေးမေနာရီဝယ်ချင်သည်ဆို၍ သူ့ဆိုင်လာခဲ့ဖူးသေးသည်။

'မဟုတ်ပါဘူးကွာ။ ငါ့နာရီပါ။ ရောင်းပြီးတော့ တခြား တစ်လုံးဝယ်ချင်တယ်။ ဒါမှမဟုတ်ရင်လဲ နာရီချင်းလဲမလို့'

'ပြစမ်းပါဦးကွ မင်းနာရီ'



ကျွန်တော်က နာရီကို ချွတ်ပေးလိုက်၏။ သူကယူကြည့်ပြီး

'ဟေ့ ကောင်၊ မင်းနာရီမရောင်းနဲ့၊ ရောင်းရင် ဈေးနှိမ်မှာပဲ၊ ဒါမျိုး မင်းပြန်ဝယ်ချင်တဲ့အခါကျရင် မရလွယ်ဘူး'

ကျွန်တော်က ဘာမျှ ပြန်မပြော၊ သူ့နာရီတွေ ထည့်ထားသော မှန်အိမ်ထဲသို့ကြည့်လိုက်သည်။ နာရီတွေမျိုးစုံ၊ ပုံစံအသစ်အဆန်းမျိုးစုံ၊ ထိုအထဲတွင် ဆီတီဇင်နာရီတစ်လုံးကို တွေ့သည်။ နောက်ဆုံးပေါ် လေးထောင့်ပုံစံ၊

'ဘကြီး အဲဒီဆီတီဇင် ခဏပြစမ်းပါ'

သူက ယူပေးသည်။ နာရီက ဆီတီဇင်ကွပ်ဇ်၊ ဒိုင်ခွက်က ခဲသားရောင် ပျော့ပျော့တွင် အကွက်လေးတွေ ဖေါ်နေသည်။ တော်တော်လှသည်။ ဒိုင်ကွက်နှစ်ခုပါသည်။ အပေါ်ဒိုင်ကွက်တွင် ရိုးရိုးသက်တံ့တွေပါသည်။ အောက်က ဒိုင်ကွက်အသေးက နံပါတ်ကလေးတွေ အလိုအလျောက် ပေါ်လာသော အကွက်။ ထိုအကွက်ထဲမှာပင် အချိန်ကြည့်လို့လည်းရသည်။ နေ့စွဲကြည့်လို့လည်းရသည်။ ရက်စွဲ ကြည့်လို့လည်းရသည်။ ညဘက်ကြည့်ဖို့ မီးလည်းပါသည်။ ခလုတ်နှိပ်ပေးရုံဖြင့် တစ်မျိုးပြီးတစ်မျိုး ပေါ်လာသည်။ ဒါ့အပြင် နှိုးစက်လည်းပါသည်။ အချိန်မှတ်လို့လည်းရသည်။ ပြီးတော့ တိုင်ကပ်နာရီကြီးများလို တစ်နာရီ တစ်ခါ အချက်ပေးသံမြည်သေးသည်။ တစ်နာရီထိုးလျှင် 'တီ' ဆိုပြီး တစ်ခါ၊ နှစ်နာရီဆိုလျှင် 'တီ-တီ' ဆိုပြီး နှစ်ခါ၊ သုံးနာရီဆိုလျှင် 'တီ-တီ-တီ' ဆိုပြီး သုံးခါ စသည်ဖြင့် မြည်လာသည်။

'ဘယ်လောက်လဲကွ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က မေးသည်။ ဘကြူးက ‘ထောင့်ခြောက်ရာ’ ဟုပြောသည်။ ကျွန်တော် မှတ်မိနိုင်သော ဈေးပင် ဖြစ်၏။ ဒါကို ဘကြူးကလည်း သိသည်။

‘မင်းတို့ ငါတို့နဲ့ မကိုက်ပါဘူးကွာ။ ဈေးကသဲ ကြီးသေးတယ်။ ဘက်ထရီကလဲ တစ်ခါလဲရင် သုံးဆယ်လောက် ကုန်ဦးမယ်။ မတော်တဆ မှန်တော့ဘာတွေ ကွဲချင်လဲ အော်ရီ ဂျင်နယ်ရဖို့ မလွယ်ဘူး။ အဆိုးဆုံးကတော့ ပျက်ရင်ပြင်ဖို့ တော်တော်ခက်တယ်ကွ’

ကျွန်တော်က ဆီတီဇင်နာရီကို ပြန်ပေးလိုက်သည်။

ဘကြူးက...

‘နေစမ်းပါဦးကွာ မင်းက မင်းနာရီကို ဘာဖြစ်လို့ရောင်းချင်ရတာလဲ၊ မကောင်းလို့လား’

‘မကောင်းလို့တော့ မဟုတ်ပါဘူး’

‘အချိန်ကော မှန်တယ်မဟုတ်လား’

‘မှန်ပါတယ်၊ ဘာရယ်မဟုတ်ပါဘူးကွာ၊ နောက်ပေါ်တဲ့ ပုံစံအသစ်အဆန်းကလေးတွေ ကောင်းမထားလို့’

‘ဟေ့ကောင် လုပ်မနေနဲ့၊ မင်းနာရီပြန်ယူသွား၊ မရောင်းနဲ့၊ ဒါပဲပတ်၊ ဒီမှာတွေ့လား’

ကျွန်တော့်နာရီကို မျက်နှာနား ကပ်ပြ၍

‘တွေ့လား၊ မင်းနာရီဒိုင်ခွက်ကို ဒီလောက်ကြာတောင်မှ နီ နှစ်ရောင်က အသစ်လိုပဲ၊ အေး...ပုံစံကတော့ ရိုးတာပေါ့ကွာ၊ ဒါပေမယ့် မင်းရိုရိုသေသေပတ်ရင် နောက်ထပ် လေးငါးဆယ်နှစ် ဘာမှမဖြစ်နိုင်သေးဘူးကွ၊ ခုအချိန်မှာ ဒါမျိုးပြန်



ဝယ်ချင်ရင်မလွယ်ဘူး၊ စိတ်ကူးမလွဲနဲ့၊ ဒီနာရီမျိုးက ရောင်းရ ဈေးနှိမ်ခံရမယ်၊ ရှုံးမယ်၊ ပတ်ထားရင်ပတ်ထားသလောက်မြတ် နေမှာပဲကွ’

ဤသို့ဖြင့် နာရီကို မရောင်းဖြစ်လိုက်တော့။ ငါ့နာရီပဲ၊ ငါ့အဖေပေးထားတာပဲ၊ သူနဲ့ ဘာဆိုင်လို့လဲဟု သဘောထား လိုက်သည်။

* * *

၅၊

သူ့ကို မေ့ပစ်ဖို့ကြိုးစားလို့ မရတဲ့အထဲမှာ အိပ်မက်က လာမက်သေးသည်။ အိပ်မက်ထဲမှာ သူက ကျွန်တော့်ကို လာ၍ တောင်းပန်သည်။ ကျွန်တော်က တောင်းပန်စရာ မလိုကြောင်း ပြန်ပြောသည်၊ သူ ကျွန်တော့်ကို နမ်းသည်။ ကျွန်တော်က သူ့ကိုတွန်းဖယ်လိုက်သည်၊ သူငိုပြီးပြေးထွက်သွားသည်။ ကျွန်တော် လိုက်ခေါ်ရမလား၊ မခေါ်ရဘူးလား ဝေခွဲမရ ဖြစ်နေစဉ် လန့်နိုးလာသည်။

ပြန်ပို့ဖို့မရတော့။ ထိုအခါ သူ့အကြောင်း စဉ်းစားမိပြန်သည်။ သူနှင့်ဖြစ်ပျက်ရသော အကြောင်းချင်းရာတို့သည် ပြေးကာစ ဖွဲ့ချပ်များကို ကောက်ယူကြည့်လိုက်သလို အစီအစဉ်အတိုင်းမဟုတ်ဘဲ အတွေးထဲသို့ ဝင်ရောက်လာသည်။

ပထမဆုံး စဉ်းစားမိသည်မှာ လေးမေနှင့် ကျွန်တော် နောက်ဆုံးတွေ့ခဲ့ကြသည့်နေ့အကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘူတာကြီး၏ အမှတ်လေးစင်္ကြံရှိ ပတ်လည် ခုံတန်းမှာ ထိုင်နေကြသည်။ ပြဿနာတက်နေကြသောကြောင့် လေးနာရီသုံးဆယ့်ငါး ရထားကို မစီးဖြစ်။ အစတွင် ခုံတန်းမှာထိုင်နေသူတွေရှိနေသောကြောင့် စကားကျယ်ကျယ်မပြောကြ။ တစ်ခွန်း၊ နှစ်ခွန်းပြောပြီး စကားမဆက်ဘဲ ငြိမ်နေကြသည်။

မင်္ဂလာဒုံဘက် ထွက်မည့် ရထားတစ်စင်း ဝင်လာပြီး ဆက်ထွက်သွားသဖြင့် စင်္ကြံမှာ လူရှင်းသွားသည်။ ထိုအခါကျမှ....

'ကိုယ်က မတရားသက်သက် အခွင့်အရေး လိုချင်နေတာ မဟုတ်ပါဘူး၊ ကိုယ့်ကို နည်းနည်းပါးပါး ဂရုစိုက်ဖို့'

'သူ့ကို တို့က ဂရုမစိုက်ဘဲနေလို့ လား'

အဲဒါ ခက်တာပေါ့'

'မခက်ပါဘူး ပြောပါ။ ဘယ်တုန်းက ဂရုမစိုက်ခဲ့ဘူးလို့လဲ'

ကျွန်တော့်သာသာ ကျွန်တော်တော့ သိသည်။ သို့ရာတွင် သူ့ဘက်က ကြည့်လျှင် အသေးအဖွဲကလေးတွေ ပြောရမှာခက်သည်။

'မပြောချင်ဘူး'

'မပြောချင်လဲ မပြောနဲ့ပေါ့'

ကျွန်တော် သူ့ကို စိုက်ကြည့်လိုက်သည်။ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်နေသည်။



'ကောင်းပြီလေ၊ မပြောဘဲနေလို့တော့ မဖြစ်ဘူး၊ ပြောပြရမှာပဲ၊ ဟိုနေ့က ကိုယ့်ကို ချိန်းတယ်၊ ပြီးတော့မလာဘူး'

'မလာနိုင်တဲ့ အကြောင်းကို ရှင်းပြပြီးပြီမဟုတ်လား'

မှန်သည်၊ ဟိုနေ့က အလုပ်သမားမှတ်ပုံတင်ရုံး သွားစရာရှိသည်တု အကြောင်းပြပြီး အိမ်က ထွက်မည် ပြုသည်။ ထိုအခါ သူ့အဖေက သူလည်း ထိုရုံးမှာ ကိစ္စတစ်ခုရှိ၍ သူပါလိုက်မည်ဆိုပြီး လိုက်လာသည်။

ထို့ကြောင့် ကျွန်တော့်ဆီ ခလေးနေ မလာနိုင်တော့ သူ့အဖေနှင့်အတူ အလုပ်သမားရုံးသို့ ဟန်မပျက်လိုက်သွားရသည်။

'ဒါကိုပြောနေတာမဟုတ်ဘူး'

'ဒါဖြင့် ဘာလဲ'

ကျွန်တော့်အနေဖြင့် ဘာဟု ပြောရခက်သည်။ ချိန်းထားပြီး သူမလာသည့်အတွက် စိတ်ဆိုးမိသည့်အမှန်။ နောက်တစ်နေ့ သူရှင်းပြသောအခါ ကျွန်တော် ကျေနပ်သည်။ သို့ရာတွင် ကျွန်တော် မကျေနပ်သောအချက်မှာ ရှင်းပြပုံ ရှင်းပြသည်။ ကျွန်တော်ဖြစ်စေချင်တာက ဒီလိုဒီလိုကြောင့် မလာဖြစ်တာပါ။ စိတ်ပူနေမှာပဲလို့ လဲထင်တယ်။ စောင့်နေရလို့ တော်တော်မောသွားသလားဟင်။

ကိုကိုကျေနပ်အောင် တောင်းပန် မယ်လို့ စဉ်းစားပြီးသားပါ။ ဆောရီးပဲကွယ်နော်။ စသည်ဖြင့်ပြောစေချင်သည်။ ခုတော့ ဒီလိုမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



'တမင်သက်သက် နှိပ်စက်ချင်လို့ မလာဘာမှမဟုတ်ဘဲ အဖော်ပါ လိုက်မယ်ဆိုတော့ ဘယ်လိုလုပ် သူ့ဆီလာမလဲ။ အဆင်မပြေဖြစ်သွားတာတော့ တို့လဲမတတ်နိုင်ဘူး' တဲ့။

လေသံကလည်း တောင်းပန်သည့် သဘောမျိုး မဟုတ်။ ရေဒီယိုမှ သတင်း ကြေညာသလို လေယူ လေသိမ်းမျိုး။ မျက်နှာဟန်ပန်ကလည်း လိုင်စင်ခုတ်ပုံသဲကလို ခပ်တည်တည် ပုံစံမျိုး ခက်တခက ယောကျ်ားတစ်ယောက်အနေဖြင့် ငါ့ကို ချော့စမ်းပါဟု ပြောဖို့လည်း မဖြစ်။

ထို့ကြောင့် သူ့ကို ဘာမျှဆက်မပြောဘဲ နေလိုက်သည်။ ငါးနာရီဆယ့်ငါးတွင် မြန်ထွက်မည့်ရထားပင် ဝင်လာပြီ။ သူ့ကို တစ်ခုခုတော့ ပြောရမည်ဟု အပူတပြင်း စဉ်းစားလိုက်သည်။

'အဲဒါမျိုးက ခဏခဏဖြစ်တယ်'

ဟု ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောလိုက်သည်။ သူက....

'ဟင်....အရင်တုန်းက ဘယ်နှစ်ခါများ ချိန်းပြီး မလာဘဲ နေဘူးလို့လဲ'

'အဲဒါကိုပြောတာမဟုတ်ဘူး၊ ကိုယ့်ကို ဂရုမစိုက်တာကို ပြောတာ'

'အဲဒီဂရုမစိုက်ဘူးဆိုတဲ့ စကားကိုပဲ ထပ်ခါထပ်ခါပြော နေတာပဲ၊ နောက်ထပ် ဘယ်နှစ်ခါပြောဦးမလဲ...ပြော၊ ခုကတည်းက တစ်သက်စာပြောလိုက်တော့'



ဘူတာကြီးစကြံမှ နာရီကြီး၏ မိနစ်သက်တံသည် ထပ်ကနဲရွေ့သွားသည်။ ကျွန်တော်လည်း သူ့ကိုဆတ်ကနဲလှည့်ကြည့်သည်။

'ဘာသဘောနဲ့ ဒီစကားကို ပြောတာလဲ လေးမေ'

'မသိဘူး၊ တို့ဘာမှမပြောတတ်ဘူး၊ တို့ သူ့အပေါ်မှာ ဘယ်တုန်းကမှ မဟုတ်တာမလုပ်ခဲ့ဘူး၊ ဒါပေမယ့် သူကတော့ အမြဲတမ်းအပြစ်တွေမြင်နေမှာပဲ'

'ကောင်းပြီ၊ မင်းမှာ အပြစ်လုံးဝမရှိဘူးလို့ မင်း ထင်နေ တယ်မဟုတ်လား၊ ရှိပါစေတော့၊ အပြစ်မရှိဘူးထင်လို့ မင်း မတောင်းပန်နိုင်ဘူး မဟုတ်လား။ ဒီမှာ လေးမေ၊ မင်းနဲ့ငါနဲ့ ချစ်ခဲ့ကြတဲ့ သက်တန်းသုံးနှစ်အတွင်းမှာ မင်းကျူးလွန်ခဲ့သမျှ အပြစ်တွေအားလုံးအတွက် ငါကပဲ အနူးညွတ်တောင်းပန်ခဲ့ပါရဲ့ကွာ'

သူသည် ကျွန်တော်ပြောသော စကားအဓိပ္ပါယ်ကို ရေရာစွာ နားလည်ဟန်မတူ။ သို့ရာတွင် ကျွန်တော် ထံမှ တစ်ခါမျှမမြင်ဘူးသော တင်းမာမှုကိုတော့ သိသွားလိမ့်မည်။ ကျွန်တော့်ကို ငေးစိုက်ကြည့်နေရာမှ ဝေ့ကနဲ မျက်ရည်ဝဲလာသည်။ ချာကနဲလှည့်ထွက်သွား၏။ သူ့ကျောပြင်ကိုကျွန်တော် စိုက်ကြည့်ရင်း ကျန်ခဲ့သည်။ မျက်လုံးမှ ပြင်းထန်သောအခိုင်ခြည် ထွက်နိုင်လျှင် သူ့ကျောကိုဖောက်ထွက်သွားလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



၆

ကျွန်တော် ထမင်းစားနေတုန်းမှာပင် အမေအပြင်သွားရာမှ ပြန်ရောက်လာသည်။ အမေသည် အိမ်ရှေ့ထဲခါးပေါက်မှ ဝင်လာပြီး ပြီးချင်း….

'အမလေး၊ ငါ့အိမ်ကလေးကိုပြန်ရောက်တော့မှပဲအသက်ဝအောင် ရှူရတော့တယ်'

ဟု ပြောပြီး ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

'အမေဘယ်သွားနေတာလဲ'

'မမအေးကြွင်တို့အိမ်ပေါ့ကွယ်'

မမအေးကြွင်ဆိုသည်မှာ အမေ့အစ်မတော်သည်။ ကျွန်တော်တို့က အမေကြွင်ဟုခေါ်သည်။ အမေကြွင်တို့က တော်တော် ချမ်းသာသည်၊ အမေ့ကိုလည်း တော်တော်ချစ်သည်။ သူတို့မိသားစု၏ အထူးခြားဆုံးအချက်မှာ အစားအသောက်နှင့် ခုံမင်ခြင်းပင်ဖြစ်လေသည်။ ဘယ်လောက်များ ခုံမင်သလဲဆိုလျှင်၊ ဥပမာတစ်ခုကိုသာပြပါမည်။ သူတို့အိမ်မှာအစားအသောက် လုပ်စားစရာ ကိရိယာများ (နံပြားဖိုကအစ) အစုံအလင်ရှိလေသည်။

အမေကြွင်တို့နေသောတိုက်သည် လွန်ခဲ့သောဆယ်နှစ်ခန့်ကပင် ငါးသိန်းလောက်အကုန်ခံ၍ ဆောက်ခဲ့ရ၏။ အဆောင်ဆောင် အခန်းခန်းနှင့် အလွန်ခေတ်မီသောပုံစံ၊ သို့ရာတွင် ထိုတိုက်ကြီးကို ကျွန်တော့်အမေသည် စိတ်ကြိုက်မတွေ့လှ။

'တိုက်ကြီးကတော့ ကောင်းပါလေ့ကွယ်။ ဒါပေမယ့် မျက်နှာကြက်က နိမ့်လွန်းတယ်။ ခြင်လုံသံဇကာတွေက ထပ်ထားတော့ အသက်ရှူရတာ မဝဘူး။ ပြီးတော့လဲ အိပ်ခန်းတွေ ဖွဲ့ထားပုံက ဟိုတယ်ကျနေတာပဲ။ တစ်ခါတလေများ လူတွေအားလုံး ကိုယ့်အခန်းထဲကိုယ်ဝင်ပြီး တံခါးတွေ ပိတ်လိုက်ရင် တစ်အိမ်လုံးမှာ တစ်ယောက်မှမရှိဘူး ထင်ရတယ်။ အမေ့အိမ်ကလေးပဲ ကောင်းတယ်။ ဘယ်နေရာက စကားလှမ်းပြောပြော တစ်အိမ်လုံးက ကြားနိုင်တယ်။ လေဝင်လေထွက်လဲကောင်းတယ်'

ဟုတ်တော့ ဟုတ်သည်။ ကျွန်တော်တို့ အိမ်ကလေးသည် ရိုးရိုးပျဉ်ထောင်အိမ်ဖြစ်သည်။ ပိသုကာတွေ ဘာတွေနှင့် စနစ်တကျ ပုံစံထုတ်ပြီး ဆောက်သောအိမ်မဟုတ်ချေ။ အမေ့ဘာသာ သူ့စိတ်ကူးနှင့်သူ ဟိုနေရာက ပြတင်းပေါက်ထည့်လိုက်၊ ဒီဘက်ကိုအဖီလေးထုတ်လိုက်၊ အဲဒီနားက ကာလိုက် ဆိုပြီး ဘာပုံစံမှန်းမသိ ဆောက်ထားခြင်းဖြစ်သည်။ သို့ရာတွင် အမေပြောသလိုပင် ကျွန်တော်တို့အိမ်ကလေးသည် နေလို့ကောင်းသည်ကတော့အမှန်။ မြန်မာပြည်ရာသီဥတုနှင့် ကိုက်ညီသည်။

ထို့အပြင် မြန်မာတို့၏ မိသားစုသိုက်သိုက်ဝန်းဝန်း နေတတ်သော ဓလေ့နှင့် ညီညွတ်သည်။ အခန်း တစ်ခန်းနှင့်တစ်ခန်း အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည်။ တစ်ခန်းက ဘယ်သူ့ရေလို့လှမ်းခေါ်လျှင် တစ်ဘက်ခန်းကအလွယ်တကူကြားနိုင်ပြီး တစ်ခန်းနှင့်တစ်ခန်း စကားစမြည် လှမ်းပြောနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေသည် အမေကြြင်တို့အိမ်မှ ဒီနေ့ မုန့်ပျားသလပ်လုပ်စားသည့်အကြောင်း ပြောပြ၏။ ပြီးတော့ ရေအိုးစင်ရှိရာသို့ ထသွားပြီး ရေတစ်ခွက်ခပ်သောက်သည်။

'အမလေး.... ကောင်းလိုက်တဲ့ရေ၊ အမေတို့အိမ်က ရေတွင်းကတော့ ပထမတန်းပဲ'

အမေသည် အိမ်ကရေတွင်းကို ချီးကျူးပြန်သည်၊ ဟုတ်လည်းဟုတ်သည်၊ ကျွန်တော်တို့အိမ်က ရေတွင်းရေသည် အခြားအဝီစိတွင်းရေ၊ ဘုံဘိုင်ရေများလို ပေါ့ပျက်ပျက်မဟုတ်၊ လေးလေးပင်ပင်ရှိ၍ အလွန်အေးမြကြည်လင်သည်၊ ပူအိုက်သော နွေအခါတွင် ထိုတွင်းရေကလေးများ ချိုးလိုက်ရလျှင် ကျွန်တော်တို့အဘွားပြောသလို 'အိုးစကရင်စားရသလိုပဲ'။

* * *

၇။

သူ့ကိုကျွန်တော် တကယ်ပြတ်ပြီလားဟု ကိုယ့်ကိုယ်ကို မမေးဖြစ်။ ထိုသို့မေးသည့်အဆင့်မရောက်အောင် နေသည်။ ကျွန်တော့်စိတ်သည် ဟိုဘက်ဒီဘက် တပြန်စီ ကူးလူးနေရကြောင်းကို ဝန်ခံပါသည် သူ့အကြောင်းကိုမတွေးဘဲမနေနိုင်သဖြင့် သံယောဇဉ်ရှိနေတုန်းဟု သံသယဖြစ်စရာရှိသည်။ သို့



ရာတွင် နောက်ဆုံးတွေ့သည့်နေ့က အကြောင်းကို စဉ်းစားလိုက်တိုင်း ခံပြင်းစိတ် မကျေနပ်သောစိတ်ကလွှမ်းလာစမြဲပင်။

ကျွန်တော့်ကို သူဂရုမစိုက်ဘူး အဲဒါက ခဏခဏဖြစ်တယ်ဟု ကျွန်တော်ပြောခဲ့သည်။ သူကဘာတွေလဲဟု မေးရာ ကျွန်တော်မဖြေခဲ့ သူ့ကိုပြောပြလျှင် အသေးအဖွဲကိစ္စကလေးတွေကို ချဲ့ကားသည် အပြစ်ကိုရှာမယ်ဖွဲ့၍ရှာသည်ဟုပြောမည် ကျွန်တော့်ဘက်ကကြည့်လျှင်....

သူ ကျွန်တော့်ကိုဆက်ဆံပုံမှာ အေးစက်စက်နိုင်သည်ဟု ထင်သည်။ ဘာပဲဖြစ်ဖြစ် သမီးရည်းစားပဲ။ အချင်းချင်းတော့ ဂရုစိုက်ကြီးတခဲ့သားနှင့် သိပ်မနေသင့်ဟုထင်သည်။ အရှိမ်းကြီး ပတ်ချွဲနပ်ချွဲလုပ်ရမည်ဟု မဆိုလိုပါ။ နည်းနည်းပါးပါးတော့ ချစ်သူတွေပီပီ နေသင့်သည်ဟုထင်သည်။ သူကတော့ ဒီလို မဟုတ်၊

ကျွန်တော့်ကို 'ကိုကို' လို့ ခေါ်ခိုင်းသည်။ မရ။ ပါးစပ်မရဲလို့တဲ့။ 'ကိုယ့်ကိုချစ်ရဲ့လား' ဆိုတော့ 'သိပြီးသားတွေပဲဟာ၊ ပြောနေလို့ ဘာထူးမှာလဲ' တဲ့။

ကျွန်တော်မကျေနပ်ဆုံးကသူသည် ကျွန်တော်မကြိုက်တာ တစ်ခုခုလုပ်မိ၍ မကြိုက်မှန်းသိလျှင် နောက်တစ်ခါမလုပ်ဘဲ သာ နေချင်နေမည်၊ ဘယ်တော့မှမတောင်းပန်ချေ။ သူသည် 'ဆောရီး' ဆိုသောစကားကို တစ်ခါမျှမပြောဘူးပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com


၈

ကိုတိုးနီသည် ကျွန်တော့်စကားကိုကြားပြီးနောက် ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။

သူသည် လေးမေ၏ အကိုနှစ်ဝမ်းကွဲ၊ ကျွန်တော်နှင့်လည်း တော်တော်ခင်သည်။ သူနှင့်ခင်မင်မိရာမှ လေးမေနှင့် တွေ့ခဲ့ခြင်းဖြစ်သည်၊ သူ၏ထောက်ခံချက်ဖြင့် လေးမေ ကျွန်တော့်ကို လက်ခံခဲ့ခြင်းဖြစ်သည်။

'ဟား ဟား၊ ဘော်ဘော် ပြောင်မြောက်တဲ့ စကားပဲကွ။ သူ့ရဲ့အပြစ်တွေအတွက် မင်းက တို့ကိုကောင်းပန်တယ် ဟုတ်လား၊ ဟား...ဟား၊ မင်းအလုပ်ရှာမနေနဲ့တော့ ကောင်၊ စာရေးဆရာသာလုပ်စား'

'သာပဲဖြစ်ဖြစ်ဗျာ၊ ကျွန်တော့်စကားကိုသာ သေတာဖြည်းဖြည်းနားလည်ပေးတဲ့အခါ တော်တော်အထိနာမှာပဲ'

ကိုတိုးနီသည် ရယ်နေရာမှ မျက်နှာတည်လိုက်သည်။ ပြီး ခေါင်းကိုရမ်းလိုက်၏။

'ငါတော့မထင်ဘူးကွာ၊ ငါ့နှမအကြောင်း ငါသိတယ်။ သူ့ဒီလောက်ထိ မပါးနပ်ဘူးကွ၊ မင်းပြောတဲ့စကားအဓိပ္ပါယ်ကို သူနားသည်မှာမဟုတ်ဘူး။ လက်သီးနဲ့ ပိတ်ကန်လိုက်မယ် ဆိုသလိုမျိုး။ မင်းစကား မှားပြောမိတာလို့ပဲ ထင်မှာ'

ကျွန်တော်တို့နှစ်ယောက်သည် လူရှင်းသော သမဝါယမ အအေးဆိုင်မှာ ငင်ထိုင်ကြခြင်းဖြစ်သည်။

ဖရှတိုတစ်ပုလင်းကို ဖန်ခွက်နှစ်ခွက်မှာထည့်ပြီးသောက်ကြသည်။ ကိုတိုးနီကိုတွေ့လျှင် လေးမေသတင်းကိုကြားရမည်ဟု ကျွန်တော်သိပြီးသား။ ကျွန်တော်နှင့် ပြဿနာတက်ခဲ့သောကြောင့် လေးမေဘယ်လိုနေသလဲဟု ကျွန်တော် သိချင်နေသည်မှာ အမှန်ပင်။ သို့ရာတွင် ကိုတိုးနီမှတစ်ဆင့် လေးမေ၏ အဆက်အသွယ်ပြန်လုပ်ရန် စိတ်ကူးမရှိပါ။

ကိုတိုးနီကိုတွေ့တွေ့ချင်းကျွန်တော်က လေးမေအကြောင်းကိုမမေး၊ တခြားကိစ္စတွေကိုသာ လျှောက်ပြောသည်၊ ကျွန်တော်တို့ သူငယ်ချင်းတွေထဲက ချစ်ဝင်း ဘိုင်ကျနေသောကြောင့် မိန်းမယူဖို့ အစီအစဉ်ကို နှစ်ကုန်လောက်အထိ ဆိုင်းလိုက်ရကြောင်း သိတင်းကျွတ်တွင် မင်္ဂလာဆောင်ရန် မြင့်သောင်းအတွက် မေ့ယာချူပ်ရန် သူ့အမေကခိုင်းထည်းက မို့တွေစုနေကြောင်း ဖိုးထောင်ကို ကောင်မလေးတစ်ယောက်က ကြိုက်သလိုလိုဘာလိုလိုလို့ပြီး ဟိုတာဝယ်ဒါးခိုင်း၊ ဒီဟာဝယ်ခေးခိုင်း လုပ်သည့်အကြောင်းတွေ ပြောပြီး 'ဟား'ပြလိုက်သည်။ ကိုတိုးနီသည် ကျွန်တော်ပြောသမျှသည်းခံနားထောင်ပြီးမှ သူမေးချင်သော လေးမေနှင့်ကိစ္စကို မေးခဲ့ခြင်းဖြစ်သည်။

'ခင်ဗျား စဉ်းစားကြည့်ဗျ—သမီးရည်းစားပဲ၊ နည်းနည်းတော့ ပိုချင် ကဲချင်တာပေါ့။ ခုတော့ မဟုတ်ဘူး... စကားလုံးတွေကို အတိအကျ တွက်ပြီးမှပြောသလိုပဲ၊ မလိုအပ်ရင် မပြောဘူးဆိုရင် တစ်ယောက်နဲ့တစ်ယောက် တစ်နေ့လုံးမှာ စကားလေးငါးခွန်းလောက် ပြောရုံနဲ့ လုံလောက်နေပြီပဲ။

www.burmeseclassic.com



အဲဒီလိုကြေးဆိုရင် တစ်ယောက်နဲ့ တစ်ယောက် တွေ့ကြတဲ့အခါ နေကောင်းရဲ့လားလို့ မေးကြတာ အပိုပဲပေါ့။ ကျွန်တော်က ဆက်စလူးထနေဖို့ ပြောတာမဟုတ်ဘူး။ ချစ်ကြတဲ့အခါ ကြည်ကြည်နူးနူးတော့ နေချင်တာပေါ့ဗျာ'

'သူမပြောတတ်ရှာလို့ပါကွာ၊ ရိုးလွန်းလို့ပါ'

'ရိုးတာကို ကျွန်တော် သဘောကျပါတယ်၊ ဒါပေမယ့် ဒီလောက်ကြီး ထုံအဖြစ်နေတာတော့ မကောင်းဘူးပေါ့… တစ်ခါတလေ • သူနဲ့အတူတူထိုင်ရင်း ပျင်းတောင်ပျင်းလာတယ်၊ စကားအပိုမပြောဘူးဆိုတာ နေရာဘကာတိုင်းကောင်းတာမှ မဟုတ်ဘာ။ ခုဒေါ့ သူက ကျွန်တော်နဲ့ဆက်ဆံတဲ့အခါ ခွဲစိပ်ခန်းထဲကိုရောက်နေတဲ့ ဆရာဝန်ဆရာမတွေကျနေတာပဲ၊ စကားကို လိုအပ်သလောက်သာ တိတိကျကျ ပြောချင်တာ'

ကိုတိုးနီက ရယ်ပြန်သည်၊ ပြီးတော့…

'ဒါနဲ့ ငါမေးဦးမယ်၊ ခု မင်း သူ့ကိုပြတ်ပြီလား'

ကျွန်တော့် ချက်ချင်းမဖြေ၊ ဖရှုတိုတင့်သောက်ပြီးမှ….

'မသိဘူးဗျာ'

'မသိဘူးဟုတ်လား'

'ဟုတ်တယ်၊ မကျေနပ်တာတော့ အမှန်ပဲ၊ စိတ်လဲကုန်တယ်ဗျာ'

'စိတ်မကုန်ပါနဲ့ကွာ၊ တကယ်တော့ မင်းနဲ့ အလိုက်ဖက်ဆုံးက လေးမေပါပဲ'



'မဟုတ်ဘူးဗျာ၊ သူနဲ့ကျွန်တော်နဲ့မကိုက်ပါဘူး၊ သူ ကျွန်တော့်ကိုမှ နားမလည်ပဲဟာ၊ ပြီးတော့ သူကျွန်တော့် အပေါ်မှာ နည်းနည်းလေးမှ လိုက်လိုက်လျောလျောမဆက်ဆံဘူး၊ တစ်ခါတုန်းက ကျွန်တော် သူ့အတွက် မွေးနေ့လက်ဆောင်ဆိုပြီး ဖော့ရှုန်တစ်စုံဝယ်ပေးတယ်၊ အဲဒါ ဘာပြောတယ်မှတ်လဲ။ အသားအ ပါးလွန်းတယ်၊ အရောင်တောက်လွဲ ခြောက်တယ်၊ ဈေးကလဲ ဈေးမှန်မဟုတ်ဘူးတဲ့၊ မွေးနေ့လက်ဆောင်အဖြစ်နဲ့ အမှတ်တရ ဝယ်ပေးတာပဲ၊ သူမကြိုက်ရင်တောင် ခုလိုကြီးတော့ မပြောသင့်ဘူး၊ အမြတ်ဘနီးဝယ်လာရတဲ့လူက ဘယ်လောက်အောင့်သလဲ'

ကိုတိုးနီက ရယ်မည်ပြုပြီးမှ မရယ်ပဲပြုံးရုံသာပြုံးသည်၊ ကျွန်တော်ဆက်ပြောသည်၊

'ပြီးတော့ သူကနို့ သူ့အပြစ်ကိုဘယ်တော့မှဝန်ခံချင်တာ မဟုတ်ဘူး၊ လေးမေဟာ ကျွန်တော့်အပေါ်မှာသိပ်မာနကြီးတယ်'

'အေး၊ ဟုတ်တယ်ကွ၊ သိပ်ရိုးသားတဲ့လူတွေဟာ မာနကြီးတတ်ကြတယ်၊ ငါတို့ မဟုတ်တာမလုပ်ဘူး၊ ဘယ်သူ့အပေါ်မှာမှ မကောင်းမကြံဘူးဆိုပြီးသူတို့ကိုယ်သူတို့ စိတ်ချကြတယ်ကွ'

'ခင်ဗျားက ကိုယ့်နှမဘက်က လိုက်ပြောနေတာပေါ့'

ကျွန်တော့်စကားသည် အနည်းငယ် လွန်သွားသော်လည်း ပြောမနာဆိုမနာတွေ ဖြစ်သောကြောင့် ကိုတိုးနီက စိတ်မဆိုးချေ။

www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့ကွာ၊ ငါ့အနေနဲ့ လေးမေ ဘက်က လိုက် ပြောတယ်ပဲ။ မင်းကိုလဲ စိတ်ရင်းကောင်းမွန်းသိလို့ လေးမေ့ သဘောတူခဲ့တာဆိုလဲ မမေ့ နဲ့လေကွာ။ ပြီးတော့ ငါပြော အုံးမယ်။ ခုကိစ္စမှာ မင်းနဲ့ပြဿနာ တက်အဲ့အတွက် လေးမေ လဲ တော်တော် စိတ်မကောင်းဖြစ်နေပုံရတယ်၊ ငါသွားတာ တောင် စကားသိပ်မပြောဘူး။အိမ်မှာလဲ ဘယ်သူနဲ့မှ စကား သိပ်မပြောဘူးထင်တယ်။ နဂိုကမှ စကားနည်းရတဲ့အထဲခုဘာ သူ့အခန်းထဲမှာ စာဖတ်ချင်ဖတ်၊ ဒါမှမဟုတ် မီးဖိုချောင်ထဲ မှာ အကုပ်ကုပ်လုပ်ချင်နေတာပဲ တွေ့ရတွေ့နေရတယ်။ မျက် နှာလဲ သိပ်မကောင်းဘူး'

ကျွန်တော် တစ်ချက် တွေကနဲဖြစ်သွားသည်။ သို့ရာတွင် စိတ်ကို ပြန်တင်းလိုက်၏၊ ကိုဘိုးနီက ကျွန်တော့်ကို အကဲ ခတ်ကြည့်နေပုံရသည်။ ပြီးမှ....

'ငါတစ်ခု မေ့နေတယ်ကွ၊ လေးမေက အနေ ဘေတီ ဦးကျော်တင့်ဆီမှာ ဘာသာပြန်သင်တန်း တက်နေတယ်ကွ၊ ညနေ လေးနာရီဆယ့်ငါး ရထားနဲ့ ခနေ့တိုင်းပြန်တယ်၊ မင်း သွားတွေ့ချင် သွားတွေ့လိုက်ပါဦး'

'မတွေ့ချင်ဘူးဗျာ'

တကယ်ပင် ကျွန်တော် သူ့ကိုတွေ့ချင်စိတ် မရှိဟု ထင် သည်။

* * *



၉။

ခြောက်လပ်ရှိ ဂန်ထမ်း ရွေးချယ်ရေးအဖွဲ့မှ ကြေညာ ချက်များကို သွားကြည့်သည်။ အလုပ်အဘွက် စာမေးပွဲ ဖြေရန် ငွေသွင်းဖို့ကိစ္စ၊ လျှောက်လွှာတင်ဖို့ကိစ္စတွေ မေးမြန်း ခဲ့သည်။ ထို့နောက် အမှတ်တစ် အမြန်ကားစီးပြီးအိမ် ပြန်လာခဲ့သည်။

နေ့လယ်ခင်းဖြစ်သောကြောင့် လူသိပ်မကျပ်၊ ခုံတန်း မှာ နေရာရသည်။ ကျွန်တော် ထိုင်နေသည့် ခုံမှာမင် သုံးယောက်စာလောက် နေရာ ရွတ် ကျန်ခဲ့သေးသည်။ ပန်း တန်း မှတ်တိုင်ကျမှ ကောင်မလေးသုံးယောက် တက်လာ ကျွန်မတော့် ခုံမှာ ဝင်ထိုင်သည်။ ကား စထွက်သော အခါ သူတို့သည် မှတ်တိုင်မှာကတည်းက ပြောလာကြ ဖြစ် ဟန်တူသော စကားကို ဆက်ပြောကြသည်။

'နှင် ခုနပြောတာ ဘာသဲ၊ ပရက်စတို ဟုတ်လား၊ ဘယ် လိုဟာ၊ နှင့်ဟာကလဲ၊ ပရက်စ ဆို ဟုတ်သေးတယ်'

'မာဇဒါ ပရက်စတို အဖြူကလေးနဲ့ လာဘာလေ၊ ဒါ ကြောင့် ပရက်စတိုလို့ ခေါ်တာ'

'ဆန်းထွတ်အောင်ကို ပြောတာလား၊မင်း အင်းထချက်စ် ဖြစ်နေပြန်ပြီလား၊ ဒါဆို တို့နဲ့ ရန်သူပဲ။ အကြံတူ ရန်သူတဲ့ ဟုတ်လား'

သူတို့ ရယ်ကြသည်၊ သူတို့သည် ကျောင်းက ပြန်လာတာ ဖြစ်ချင်ဖြစ်မည်၊ ဒေသကောလိပ်က ဖြစ်ချင်ဖြစ်မည်။ သော

www.burmeseclassic.com

www.burmeseclassic.com



ချာတာကတော့ သူတို့ တက်လာပြီးကတည်းက တစ်ကား လုံးငြိမ်ကျသွားခြင်းပင်ဖြစ်သည်။ သူတို့အသံကို ကျော်လွှမ်း အောင်မပြောနိုင်သောကြောင့် ငြိမ်လိုက်ရခြင်း ဖြစ်လိမ့်မည်။ သူတို့ကလည်း တခြားလူတွေကို လုံးဝအလှည့်မပေး။ တက် လာကတည်းက ပြောလာလိုက်တာ ကားတစ်စင်းလုံး သူတို့ အသံတွေသာ လွှမ်းနေသည်။

မိုဆိုးတာက ကားဘရိတ်အုပ်လိုက်တိုင်း အုပ်လိုက်တိုင်း ကျွန်တော့်ဘက်သို့ တိုးတိုးလာသည်။ ကား အရှိန်ကြောင့် ရွေ့လာတာဆိုလျှင် သူပြန်ရွေ့ရမည်။ ခုတော့ မရွေ့။ ကျွန် တော်နှင့် ကပ်လျက် ထိုင်နေသော ကောင်မလေး။ သူက စကားလည်း အပြောဆုံး၊ အသံလည်းအကျယ်ဆုံး။ ထိုင်နေ တာက တစ်ယောက်နှင့်တစ်ယောက် ဘေးတိုက်။ သူ့ သူငယ် ချင်းဘက်ကို လှည့်၍ စကား ပြောရသောကြောင့် ကိုယ် အပေါ်ပိုင်းကို ရှေ့သို့ငိုက်၍ ခါးကိုလိမ်ထားသည်။ ထိုအခါ မီးပွိုင့်တို့မှတ်တိုင်တို့မှာ ရပ်လိုက်တိုင်း ကားအရှိန် လျှော့ လိုက်တိုင်း သူ့ကျောသည် ကျွန်တော့်လက်မောင်းနှင့် ကိုယ် တစ်ခြမ်းပေါ်သို့ မှီမှီကျလာသည်။

အမှန်စင်စစ် ထိုကောင်မလေးသည် ကျွန်တော့်ကိုမတော် မတရားစိတ်ဖြင့် လာကပ်ခြင်းမဟုတ်ပါ။ သူ့ သူငယ်ချင်းတွေ နှင့် စကားပြောချင်ဇောကြောင့် ကျွန်တော့်ကို သတိမရဘဲ ရှိနေခြင်းဖြစ်နိုင်သည်။

သို့တည်းမဟုတ် ဒီလောက် ထိမိ ကပ်မိတာ လောက်က တော့ ဘတ်စ်ကားတိုးစီးနေကျ မိန်းကလေး တစ်ယောက်



အဖို့ အရေးအဖွဲ့ဟု သဘော ထားလေသလားမသိ။ ဒါမှ မဟုတ် ကျွန်တော့်ကို တမင်သက်သက် နောက်နေသလည်း ဖြစ်ချင်ဖြစ်မည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ချွေးများပင် ပြန် လာမိသည်။

ကျောက်မြောင်းဈေး မှတ်တိုင်တွင် သူတို့ဆင်းသွားသည်။ ထိုအခါကျမှ တစ်ချိန်လုံး ငြိမ်ကုပ်လိုက်လာသော မျက်နှာ ချင်းဆိုင် ထိုင်ခုံရှိ တရုတ်ကြီးနှင့် ကုလားကြီးတို့သည် စော စောက ပြောလက်စစကားကို ပြန်စကြတော့သည်။ တရုတ် ကြီးက စတင်၍....

'ခင်ဗျား စဉ်းစားကြည့်လေ၊ ခုချိန်မှာ ဒီဂျပန်ကားတွေ က တွက်ခြေကိုက်တယ်ဗျ၊ ဆီစားလဲ သက်သာတယ်၊ စပယ် ယာပတ်စ်လဲပေါတယ်၊ လှလဲလှတယ်မဟုတ်လား'

ကုလားကြီးက....

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ဂျပန်ကား တွေက ပျော့တယ်ဗျ၊ ပျက်ရင်လဲ ပြင်ရခက်တယ်လေ၊ ပြီး တော့ ကျွန်တော့်စိတ်ထဲမှာ ဒီကားတွေစီးရတာဇိမ်မရှိဘူး၊ ခုဒီကားကိုကြည့် ဒတ်ဆန်းဆန်နီ အသစ်နော်၊ ဒါပေမယ့် ဟာ....တွေ့လား၊ ချိုင့်ဆောင့်လိုက်ရင် ဒုတ်အုန်ခုန်ခုန်သွား တယ်ဗျ၊ အင်္ဂလိပ်နဲ့ အမေရိကန်ကားဆိုရင် အိကနဲ အိကနဲ နေတာပဲ၊ အကြမ်းလဲ ခံတယ်၊ မာလဲမာတယ်ဗျ'

တာမွေဇလီမှာ ရှေ့က အမှတ် တစ် အမြန်ကားတစ်စီး ကို မီလာသည်။ နှစ်စင်းစလုံးပင် မှတ်တိုင်မှ ရှေ့ဆင့်နောက် ဆင့် ထွက်ကြပြီး တာမွေဈေးမှတ်တိုင်မှာ ပြိုင်ရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ဇရာင်းတွေက ရှေ့ကားက ချောင်တယ်၊နောက်ကားက ထိုင်လိုက်ရမယ်။ တောင်ဥက္ကလာပ၊ ပဒေသာ၊ ဆယ်ရပ်ကွက်ဈေး ငါးမူးထဲဟု အပြိုင် လှခေါ်ကြ၏။

နှစ်စင်းစလုံးပင် ထိုင်ခုံစေ့နီးပါး လူရပြီး ဦးကနဲခေါင်းထွက်ကြသည်၊ ရှေ့က ကားက အရှိန်ပိုရသွားသောကြောင့် နည်းနည်း လှမ်းသွားသည်။ တာ့မေ့အဝိုင်းကို လွတ်လွတ်ကျွတ်ကျွတ်ဖြတ်သွား၏။

ကျွန်တော်တို့ကားလည်း ရှေ့ကားကို မီလိုဇောဖြင့်အဝိုင်းပေါ်သို့ အတင်းဖြတ်ဝင်လိုက်သည်။ ထိုအခါ အဝိုင်းပေါ်ရောက်နှင့်ပြီးသော ကားတစ်စင်း၏ နောက်မြီးကို 'ဒိုင်း' ကနဲ ဝင်ဆောင့်မိလေတော့သည်၊

ကားချင်းတိုက်မိကြပြီဆိုကတည်းကနည်းသည်ဖြစ်စေများသည်ဖြစ်စေ စကားအချေအတင် ပြောကြရတော့မည်၊ ဘယ်လောက်ကြာအောင် စောင့်ရမည်မသိ၊ကားပေါ်မှ ဆင်းရုံကလွဲ၍ အခြားမရှိတော့။ လူတို့၏သဘာဝအတိုင်းတိုက်မိသည့်နေရာကိုတော့ ကြည့်ဖြစ်အောင် ကြည့်လိုက်သေးသည်၊စောစောက စကားပြောနေကြသော တရုတ်ကြီးနှင့် ကုလားကြီးတို့နှင့်အတူ ကားတိုက်မိသည့်နေရာကို သွားကြည့်လိုက်သည်။

ကျွန်တော်တို့စီးလာသော ဒတ်ဆန်းကားသည် သူကဝင်တိုက်ခြင်းဖြစ်ပါလျက် ဘန်ဘာကြီး ကွေးကောက် တွန့်လိမ်သွားသည်၊ မီးခွက်ကွဲသွားသည်၊ ရှုံကလည်းတောင်တောင်လေးချိုင့်ဝင်သွားသည်၊



အတိုက်ခံရသောကားကို ကြည့်လိုက်သောအခါ ဟိုအရင်တုန်းကသော သဒ္ဓေးတွေဇိမ်ခံစီးတတ်သော ယခုအခါတွင်သုံးဝခေတ်မစားတော့သော 'စတူဒီဗေကာ' ပုံစံ ရိုးရိုးတုံးတိုးကားကြီး။

သို့ရာတွင်....

ထိုကားကြီး၏ အတိုက်ခံရသော နောက်မြီးကိုကြည့်လိုက်ရာ ဘန်ဘာနည်းနည်းလေး ကောက်သွားရုံကလွဲ၍ တခြားဘာမျှမဖြစ်၊ ခန့်ခန့်တည်တည်ကြီးရပ်လျက်။

တင်စုံတစ်ရာ အဆက်အစပ်ရှိသလား မရှိသလားတော့မသိ၊ ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိလေသည်။

* * *

၁၀။

ရန်ကုန်ဘူတာကြီး၏ ပန်းဆိုးတန်းဘက် အပေါက်ဇေ...ကြန်းတံတားအဆင်းတွင် – ကျွန်တော် စောင့်နေသည်... ကျွန်တော် ဘယ်သူ့ကိုစောင့်နေသည်ဟု ပြောပြစရာပ...လိုတော့။ ...လးမေမှတစ်ပါး အခြားသူမဖြစ်နိုင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



လေးနာရီထိုးရန် ဆယ့်ငါးမိနစ်အလိုကတည်းက ကျွန်တော် မရောက်နေနှင့်သည်။ ဒီနေရာတစ်ဝိုက်သည် ကျွန်တော်နှင့်လေးမေ ဖြတ်သွားဖြတ်လာ ပြုနေကျနေရာ။ ကျွန်တော်တို့ ချိန်းတွေ့ကြသည့်အခါတိုင်း အပြန်တွင် ရထားဖြင့်ပြန်လေ့ ရှိသည်။ သူ့အိမ်သည် ဘူတာရုံနှင့်နီးသည်။

လေးမေနှင့် ပြဿနာဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် ဒီနေရာ ဘက်ကိုမရောက်ဖြစ်။ တစ်လနီးပါးလောက် အချိန်အတွင်း ဒီနေရာသည် များစွာပြောင်းလဲမှုမရှိသေး။ ပေါင်ချိန်သည့်နေရာ၊ ရေခဲရေသည်၊ ကြာဆံဟင်းခါးသည်တို့နှင့်အတူ လေးမေနှင့် ကျွန်တော် မကြာခဏဝယ်စားလေ့ရှိသော 'စားပွဲရင် သိမယ်' မုန့်ဟင်းခါးဆိုင်သည်လည်း ရှိနေတုန်း။

ထို့အတူ လေးမေသည် ကျွန်တော့်အပေါ်မှာ ထားရှိသော မေတ္တာသည်လည်း မပြောင်းမလဲတည်ရှိစေချင်သည်။

လေးမေသည် ကျွန်တော့်ကိုမြင်လျှင် ဘယ်လိုဖြစ်သွား မည်နည်း။ ကျွန်တော့်ကို စိတ်နာကျည်းသွား လေပြီလား။

ငါးမိနစ်ခန့်အချိန်ကိုကျော်လွန်ဖို့ အလွန်ကြာရှည်သည် ထင်နေမိသည်။ ကျွန်တော့်စိတ်သည် သူ့ကိုပထမဆုံးအကြိမ် ချစ်ရေးဆိုခဲ့သည့်နေ့ကလို ဖြစ်နေသလားမသိ။ စိုးရိမ်မှု၊ လှုပ် ရှားမှု၊ လိုက်ပိုမှုတွေရောပြွမ်းနေ၏။

မှာဗေဒါ ပရိုစီကားတစ်စင်းဖြတ်သွားသည်။

'ဒုတ်ကနဲ' မြည်သွားသောအသံသည် ထိုကား ချိုင့်ဆော သောအသံမဟုတ်။ ကျွန်တော့်ရင်ခုန်သံဖြစ်သည်။ လေးမေ



သည် ရုပ်ရှင်ရုံခတ္တနားရှိ မျဉ်းကျားမှ စနစ်တကျသမ်းဖြတ် ကူးလာသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

ဒီဘက်ပလက်ဖောင်းကို ရောက်လာသည်။ ဘူတာဘက်ကို လျှောက်လာသည်။ ကျွန်တော့်ကိုမမြင်သေး။ သူသည် လမ်း လျှောက်လျှင် မြေပြင်ကိုသာကြည့်၍ လျှောက်တတ်သည် မ ဟုတ်လား။ နာရီစင်နားသို့ပင်ရောက်လာပြီ။

ထူးဆန်းသည်ဟုဆိုရမလား။ စိတ်ချင်းဆက်နွယ်နေသည် ဟုဆိုရမလား။ လေးမေသည် ဆတ်ကနဲတစ်ချက်မော့ကြည့် သည်။ ကြည့်ကြည့်ချင်းမှာပင် ကျွန်တော်နှင့် မျက်လုံးချင်း တိုက်ရိုက်ဆုံ၏။

ရေခဲရေသည်၏ ခွက်ခေါက်သံ၊ မော်တော်ကားများ၏ စက်သံ၊ ဟွန်းသံ၊ လူတို့၏စကားသံ၊ ခြေသံ အားလုံးသော အသံတို့သည် ကျွန်တော့်ရင်ထဲက မြည်နေသလား။

သူ ကျွန်တော့်နားသို့လျှောက်လာသည်။ ကျွန်တော့်ရှေ့ မှာရပ်သည်။ ကျွန်တော့်ကို အကြာကြီး စေ့စိုက်ကြည့်နေ သည်။ ပြီးတော့ပြုံးသည်၊ သူ့အပြုံးသည် ဟိုယခင်အခါ ကာလိုမျိုး ခပ်ထူထူ ထိုင်းထိုင်းကြီးဖြစ်၏။ သို့ရာတွင်…

စတူဒီယိုကားကဲ့သို့ လေးနက်ခိုင်မာသော၊
အိုမီဂါနာရီကလေးကဲ့သို့ ဖြောင့်မှန် တည်ကြည်သော၊
အိမ်ရှေ့က ရေတွင်းကလေးကဲ့သို့ အေးမြကြည်လင်သော
မလေးမေ။
သို့တည်မဟုတ်၊
ကျွန်တော်တို့ မြန်မာလူမျိုးတို့အလွန်ကြိုက်သစွာ ပြောလေ့

www.burmeseclassic.com

www.burmeseclassic.com

ရှိသော စကားမျိုးဖြင့်ပြောရလျှင် ပထမ မူလလက်ဟောင်း မလေးမေ၏ ကိုယ်ပိုင်အပြုံး။

ကျွန်တော်ထိုနှစ်ယောက်သည် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ခုထိတိုင် ခိုင်ခံ့နေဆဲဖြစ်သောရန်ကုန်ဘူတာကြီး၏ စကြံကုန်းတံတားကြီးပေါ်မှ လျှောက်လာခဲ့ကြ လေသည်။

မင်းလူ

(ဝတ္ထုစဉ်၊ ၁၉ဂ၁၊ဒီဇင်ဘာ)

# ဧချာရယ် ဧနီရယ် စူလယားရယ်

www.burmeseclassic.com

www.burmeseclassic.com

'ငရုတ်သီးဆိုတာ ပူတယ်၊ စပ်တယ်မှန်း လူတိုင်းသိကြတာပဲ၊ ဒါပေမယ့် ငါတို့လူမျိုးတွေဟာ ဘာကြောင့်များ ငရုတ်သီးကို ဒီလောက်ကြိုက်ရတာလဲ မသိဘူး'

လို့ ရာဂျာက ပြောတဲ့အခါမှာ ရာနီက —

'ငရုတ်သီး စပ်တာများ အဆန်းလုပ်လို့ဟာ၊ နင့်ဟာ တစ်ခါခါ သိပ်ကြောင်တောင်တောင်ပြောတတ်တာပဲ'

လို့ ပြန်ပြောတယ်။

ရာဂျာတို့အမေကတော့ ငရုတ်သီးကိုသေသေချာချာ ကြိုစိုက်တယ်။ ဟင်းချက်ဖို့အတွက် ငရုတ်သီးကို ကျောက်ပြားပေါ်မှာ ကျောက်လုံးနဲ့ ကျကျနနကြိတ်တတ်တယ်။ ငရုတ်သီးကို ငရုတ်ဆုံနဲ့ ထောင်းတာမကောင်းဘူး၊ မွှေးတဲ့အနံ့တွေ လွန့်ပြီးထွက်ပြေးကုန်တယ်လို့ ပြောတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မှန်တယ်၊ ရာဂျာတို့အတွက် ရေတ်သီးဟာ သိပ်အရေး ကြီးတယ်၊ မရှိလို့မဖြစ်ဘူး၊ မစားဘဲမနေနိုင်ဘူး။

ရာနီဟာ ရေတ်သီးနဲ့တူတယ်။

* * *

ရာဂျာတို့အမေ့ ဒါန္နန်းနဲ့ ရာနီတို့အမေ ဘာလချိုးတို့က ညီအစ်မတော်တယ်၊ ဒါကြောင့် ရာဂျာနဲ့ရာနီက မောင်နှမ ဝမ်းကွဲတော်တယ်။

ရာဂျာတို့ ကလယ်ထုံးစံအရ အမေညီအစ်မကမွေးတာဆို ယူလို့ရတယ်။ အဖေညီအကိုဆိုမရဘူး။

ရာဂျာဆိုတဲ့ နာမည်ရဲ့အဓိပ္ပါယ်က ရှင်ဘုရင်ဘဲ…၊ ရာနီဆိုတာကတော့ ဘုရင်မလို့ပြောလို့ရတယ်။ ဘယ်လောက်လိုက်တဲ့ နာမည်နှစ်ခုလဲ။

သို့ပေမယ့် ရာဂျာနဲ့ ရာနီအကြောင်းကိုပြောတဲ့အခါ စူလယားဆိုတဲ့ ကောင်အကြောင်းက အလိုလိုပါလာတော့တာပဲ။ ကုလားပဲဝယ်တဲ့အခါ ခဲလုံးပါလာသလိုပေါ့။

ခဲလုံးကမှ ဖယ်ထုတ်ပစ်လို့ရသေးတယ်၊ ဒီကောင့်ကိုတော့ ဖယ်ထုတ်လို့မရဘူး၊ ဘာကြောင့်ဆို စူလယားဟာ ရာဂျာ့ အကို မို့လို့ပဲ။

အကိုအရင်းဆိုပေမယ့် ဒီကောင့်ကို ရာဂျာ မချစ်ဘူး။ အရင်ကတော့ ချစ်ပါတယ်၊ ရာနီ့ကိုရိုသဲ့သဲ့လှုပ်လှာတဲ့အချိန်ကစပြီး ဒီကောင့်ကိုမုန်းလာတယ်။



အမေဟာ ဒီကောင့်ကိုမမွေးဘဲနေခဲ့ရင် ဘယ်လောက် ကောင်းမလဲလို့ ရာဂျာ ခဏခဏတွေးမိတယ်၊ဟုတ်တယ်။ ဒီကောင်ဟာ အလွန်ကားကောင်ပဲ၊ သူများစိတ်ဆင်းရဲအောင် လုပ်ချင်တယ်။ သူရဖို့ပဲသူသိတယ်။ သူများအပေါ်မှာ ညှာတာချင်တဲ့စိတ်မရှိဘူး။

သူနာမည်ကိုကြည့်ဦးလေ စူလယားတဲ့၊ စူလယားဆိုတာ လူလည်လို့ အဓိပ္ပါယ်ယူလို့ရတယ်မဟုတ်လား။

* * *

ရာဂျာက ရာနီထက် အသက်နှစ်နှစ်ငယ်တယ်။ စူလယားက ရာနီထက် တစ်နှစ်ကြီးတယ်၊ အတန်းကျတော့ အားလုံးတူတူပဲ။

ရပ်ကွက်ထဲက ကန်စွန်းခင်းကျောင်းမှာ နေကြတယ်။ ကျောင်းရှေ့ကချောင်းကြီးထဲမှာ ကန်စွန်းခင်းတွေရှိလို့ အဲဒီလိုခေါ်ကြတာ။

စူလယားက ကျောင်းနေချင်တာမဟုတ်ဘူး။ အဖေကအတင်းနေခိုင်းလို့သာနေရတာ၊ ဒီကောင်က ကျောင်းမှန်မှန်မတက်ဘူး၊ ကျောင်းသွားမယ်ဆို အိမ်ကထွက်လာပြီးတော့ တာမွေလေးဘူတာဘက်သွား ရထားကို အသွားအပြန်ခိုးစီးနေတော့တာပဲ။

ဒါကြောင့် ဒီကောင်သူငယ်တန်းမှာ နှစ်နှစ်ဆက်ကျတယ်။ ရာဂျာ ကျောင်းစနေတော့ အဘွန်းတူသွားတာပေါ့၊ ရာနီ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဘာရယ်မဟုတ်၊ ရာဂျာတို့ညီအကို ကျောင်းသွားနေ တော့ အိမ်မှာ သူတစ်ယောက်တည်းပျင်းတယ်ဆိုပြီး ကျောင်း လိုက်တက်တဲ့သဘော။

ရာဂျာတို့အဖေ အာရမ္မန်းက ပန်းရံလုပ်တယ်၊ ပန်းရံဆရာ ရဲ့ တပည့်ပေါ့၊ မြေကြီးတူး၊ ဘိလပ်မြေအိတ်သယ်၊ မှဆလှ ဖျော် စတဲ့ဟာတွေလုပ်ရတယ်။

အဖေက သဘောကောင်းပါတယ်၊ အမေ့ကိုရော သား တွေကိုရော ချစ်တယ် တစ်ခုပဲ အရက်သိပ်သောက်တယ်၊

အဖေအရက်သောက်ပုံက လန့်ဖို့ကောင်းတယ် တစ်နေ့ လုံး အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ပြီးလို့ ညနေစောင်းပြီဆို ရင် ပုလင်းပွားလေးခါးကြားတိုးပြီး ထွက်သွားတာပဲ။

ပြန်လာတော့ အဲဒီပုလင်းပြားနဲ့ အပြည့် ဝယ်လာခဲ့တယ် ဆိုင်မှာလည်းသောက်ခဲ့သေးတယ်၊ အဲဒါကုန်အောင် တစ် စိမ့်သောက်ပြီးမှ ထမင်းစားတယ်၊ တစ်ခါတလေကျတော့ ထမင်းတောင်မစားနိုင်တော့ဘဲ မှုးလဲသွားတတ်တယ်၊ ဆူ ပူတာတော့မလုပ်၊ သူ့ဘာသာ အေးအေးဆေးဆေး သော တာပဲ

တစ်နေ့ကျတော့ အဖေဟာ ပုလင်းတစ်ဝက်တောင် ကုန် အောင် မသောက်နိုင်ဘဲ အိပ်ပျော်သွားတယ်၊ သန်းခေါင် လောက်ကျတော့ သေးတွေအန်တော့တာပဲ။

ဆေးရုံမှာ သုံးရက်သောက်နေပြီးတော့ အဖေသေသွား တယ်။



အဖေသေတော့ အမေက အလုပ်လုပ်ရတယ်၊ မနက်ပိုင်း မှာ ဒိုမဆေးရောင်းတယ်၊ တို့ရှည်လို့ခေါ်တဲ့မုန့်ပေါ့၊ နေ့လယ် ကျတော့ အိမ်တွေကိုလိုက်ပြီး အဝတ်လျှော်တယ်။

ရူလယားလည်း ကျောင်းထွက်သွားတယ်၊ ရာနီကလည်း ပျင်းတယ်ဆိုပြီး ကျောင်းမတက်တော့ဘူး။ ရာဂျာကတော့ စာတတ်ချင်လို့ ကျောင်းဆက်တက်တယ်၊

ရူလယားက ပရဆေးဆိုင်တစ်ဆိုင်မှာ အလုပ်ဝင်လုပ် တယ်၊ ရာနီကလည်း အိမ်ကြီးမှာအလုပ်သွားလုပ်တယ်။

အိမ်ကြီးဆိုတာက ရာဂျာတို့နေတဲ့ တဲစုရဲ့ ဟိုဘက်က နှစ် ထပ်အိမ်ကြီးကိုပြောတာ၊ အိမ်ကြီးမှာနေတဲ့မမလေးက ရာနီ ကို သူ့အတွက်အဖော်ရအောင် ခေါ်ထားတာ၊ သိပ်ပင်ပင် ပန်းပန်း လုပ်စရာမလိုပါဘူး၊ မမလေးခိုင်းတာလေးတွေ လုပ်ပေးရုံလောက်ပဲ။

* * *

အမေက မကြာခဏ နေမကောင်းဖြစ်လာတယ်။ ခေါင်း အရမ်းကိုက်ကိုက်နေတာပဲ၊ အဲဒီလိုခေါင်းအရမ်းကိုက်လာပြီ ဆိုရင် ကုတဲ့နည်းတစ်နည်းရှိတယ်၊ အမေတို့ရဲ့ အဘိုးတွေအ ဘွားတွေတုန်းကတည်းက ဒီလိုပဲလုပ်လာကြတာလို့ ပြော တယ်။

ခေါင်းသိပ်ကိုက်တဲ့အခါ နားထင်က အကြောကြီးတစ်ခု ဟာ ဆောင်ထနေပါရော၊ ချွန်ထက်နေတဲ့ ဓားသွားကွဲတစ်ခုကို

www.burmeseclassic.com

ရှာရတယ်။ အဲဒီပုလင်းကွဲရဲ့ထိပ်ကို ထောင်ထနေတဲ့ နားထင်ကြောကြီးမှာထောက်ပြီး ပုလင်းကွဲကို လက်နဲ့တစ်ချက်ဆတ်ကနဲ တောက်လိုက်ရတယ်။ ဒီအခါမှာ သွေးတွေပန်းထွက်လာပြီး ခေါင်းကိုက်ပျောက်သွားတယ်။ သွေးထွက်တဲ့နေရာကို နနွင်းနဲ့ပြန်သိပ်ထားလိုက်ရတယ်။

သို့ပေမယ့် ဒီနည်းက တစ်ခါတလေမှ လုပ်လို့ကောင်းတာ ခဏခဏဆိုရင် အနာတွေဖြစ်လာမှာပေါ့။ အမေခေါင်းကိုက်တာကတော့ နေ့တိုင်းပဲ။ အမေဟာ အဝတ် လိုက်လျှော်တဲ့အလုပ် မလုပ်နိုင်တော့ဘူး။ မနက်ပိုင်းဒုံးဆေးရောင်းတာတစ်ခုပဲရှိတော့တယ်။

အမေကရာဂျာ့ကို ကျောင်းဆက်မထားနိုင်တော့ဘူး လို့ပြောတယ်။ ရာဂျာက ဆက်နေချင်သေးပေမယ့် အမေကစာအုပ်ဖိုးတွေဘာတွေ မတတ်နိုင်တော့ဘူးတဲ့။

ဒါလဲ့ ဗူလယားရဲ့သက်ချက်ပဲ။ ကျောင်းနေတာဘာမှ အကျိုးမရှိဘူး ပိုက်ဆံကုန်တာပဲရှိတယ်။ ရာဂျာ့ကို ကျောင်းကထုတ်ပြီး အလုပ်တစ်ခုခုခိုင်းရင် ပိုက်ဆံတောင် ရသေးတယ်၊ အဲဒီလို ဒီကောင်က အတို့အထောင် လုပ်လို့လဲပဲ့ဖြစ်မှာပေါ့။

အခုမကလဲ ဗူလယားပြောရင် အဟုတ်ထင်တတ်တာ။ ဒီလိုနဲ့ ရာဂျာဟာ သုံးတန်းနဲ့ ကျောင်းထွက်လိုက်ရတယ်။

အဲဒီကတည်းက ဗူလယားကို ရာဂျာမုန်းမနုပ်ဖြစ်ခဲ့တယ် ဒီကောင်ဟာ ရာဂျာ့ကိုမနာလိုလို့ ခုလိုလုပ်တာပဲမဟုတ်လား။ ရာဂျာက ရုပ်ပြတွေ ကာတွန်းတွေကို ကောင်းကောင်း ဖတ်တတ်နေပြီ၊ စာလည်းနည်းနည်းပါးပါး ရေးတတ်နေပြီ။ ဗူ



လယားကတော့ ရှေ့သွားကိုတောင် စာလုံးပေါင်းပြီး ဖတ်နေရတဲ့ကောင်။

သို့ပေမယ့် ရာနီကတော့ ဗူလယားကိုပဲ့ အထင်ကြီးတယ်။

* * *

ရာဂျာရော ဗူလယားရော နှစ်ယောက်စလုံး အသားမည်းကြတယ်။ ဒါကတော့မဆန်းပါဘူး။ သွားတွေဖြူဖို့သာ အရေးကြီးပါတယ်။

ရာဂျာက ဗူလယားထက်ပိုချောတယ်လို့ သူများတွေကပြောကြတယ်၊ ရာနီကတော့ တစ်ခါမှ မပြောဖူးပါဘူး။

ရာဂျာက ရာနီ့ကို ဇီနတ်အမန်းနဲ့တူတယ်ဆိုတော့ ရာနီက သဘောကျပြီး ဗယာကြော်တစ်ခု ဝယ်ကျွေးတယ်။ ရာဂျာ့ကို ရာနီက အမိတပ်ဘာကျွန်နဲ့တူတယ်လို့ တစ်ခါမှ မပြောဖူးပါဘူး။ သူ့စိတ်ထဲမှာ ဗူလယားကိုသာ ဒါမင်ဒရားနဲ့တူတယ်လို့ ထင်ချင်ထင်နေမှာ။

ရာဂျာကနည်းနည်းပိန်တယ်၊ ဗူလယားကဝိတ်တောင့်တယ်။ ဝိတ်တောင့်တော့ ဘာအသုံးကျသလဲ။ ရေထမ်းဖို့ပဲရှိမယ်။

ရေထမ်းဖို့ကောင်းတဲ့ ဗူလယားက ရာနီ့ကို ရေခပ်ပေးဖို့သား။ ရာဂျာကသာ ရာနီအဝတ်လျှော်နေပြီဆိုရင် ဆော့ဂွင်းနားကို ရောက်လာတာပဲမဟုတ်လား။ ရာနီကသာ—

'တန့်နီဝပ်ဆွန်ဝဲ့'

www.burmeseclassic.com



လို့ပြောလိုက်၊ ရာဂျာဟာ မှခမာနိုင် မပန်းနိုင် ရေခပ်ပေးဖို့ အသင့်ပါပဲ။

အဲဒီလို ရာဂျာက ရာနီကို ရေကူခပ်ပေးနေတဲ့ အခါမျိုးကျရင် စူလယားဟာ ဘယ်ကဘယ်လို ရောက်လာမလဲ မသိ။

'ရာဂျာ၊ အမားကူးပရန်ကဲ'

အမေ ခေါ်နေတယ်လို့ လာပြောတတ်တယ်၊

ရာဂျာက 'ပြီးမှ သွားမယ်ကွာ၊ ဒီမှာ ရေခပ်ပေးနေတယ်'

'ငါ ခပ်ပေးလိုက်မယ်' ဆိုပြီး ရေပုံးကို လာလုတယ်။ အစကတော့ လာမကူဘဲ ရာဂျာခပ်နေတာတွေမှ လာလုခပ်ပေးတာ။ ရာဂျာက ပေကတ်ကတ်လုပ်နေတယ်။

ရာနီက 'ရာဂျာ နင်တို့ အမားခေါ်နေတယ်ဆိုရင် သွားမှပေါ့' လို့ နှင်ထုတ်တယ်။

အမေ ဆီရောက်တော့လဲ ဘာမှမဟုတ်၊ 'ရာဂျာဘယ်သွားလဲလို့ မေးတာပါ' တဲ့။ ရာနီနဲ့နှစ်ယောက်တည်းစကားပြောရအောင် ရာဂျာကို ညာလွှတ်လိုက်တာလေ၊ အဲဒီလောက်ယုတ်မာတဲ့ စူလယား။ သို့ပေမယ့် ရာနီကတော့ ဒီကောင်နဲ့စကားပြောနေရတာကို ပျော်နေမှာပါ။

* * *

'ဒန့်အိုး ဒန်ခွက်တွေ ဝယ်တယ်၊ ကော်ဇလုံကွဲတွေ ကော်ဖိနပ်အပြတ်တွေ ဝယ်တယ်၊ စက္ကူ ပုလင်းဝယ်တယ်၊ သံတိုသံစတွေ ကြေးတွေဝယ်တယ်၊ မီးချောင်းအကျွမ်း မီးလုံးအကျွမ်းတွေဝယ်တယ်၊ မီးခလုတ်အပျက်တွေ ဝါယာကြိုးအဟောင်းတွေ ဝယ်တယ်၊ ဖောင်တိန်ပျက်တွေ မျက်မှန်ကိုင်းကျိုးတွေဝယ်တယ်၊ လက်သည်းဆိုးဆေး ပုလင်းတွေ၊ လိုင်နာပုလင်းတွေ ဝယ်တယ်၊ နို့မှုန့်ဗူးအလွတ်တွေဝယ်တယ်၊ အကုန်ဝယ်တယ်'



အသံကြားရုံနဲ့ ရာဂျာလုပ်တဲ့အလုပ်ကိုသိသာနိုင်ပါတယ်။ ဒီအလုပ်မှာကလဲ လိုင်းအမျိုးမျိုးရှိတယ်။ ဒန်လိုင်း၊ သံကျွတ်လိုင်း၊ သတ္တုလိုင်း၊ ကော်လိုင်း၊ ဖောင်တိန် မျက်မှန်လိုင်း။ အဟောင်းတွေ အပျက်တွေမှန်ရင် အားလုံးလိုလို အလုပ်ဖြစ်တာချည်းပဲ။ တချို့က လိုင်းတစ်မျိုးတည်းကို သန့်သန့်လေးလုပ်တယ်။ ရာဂျာကတော့ အဆင်ပြေသလို ကြုံသလို အစုံလုပ်သွားတာပဲ။ ဒါကြောင့် အကုန်ဝယ်တယ်လို့ ထည့်ထည့်အော်တာပဲ။

ဒီအလုပ်မျိုးက လူလည်ကျတတ်ရင် ကောင်းကောင်းစားရတယ်၊

ဥပမာ အလေးခိုးတာမျိုး။ ရာဂျာတို့ဆီမှာရှိတဲ့ချိန်ခွင်ကညာသားပါပါလုပ်ထားတာ။ ချိန်ခွင်လျှာမှာအထစ်ကလေးပါတယ်၊ အလေးခိုးတော့မယ် ဆိုရင် လက်ကိုင်ကို အသာကလေးစောင်းပေးလိုက် အထစ်ကလေးက သွားညှိနေရော။ ဘယ်လောက်ထိလဲဆိုတော့ ချိန်ခွင် တစ်ဘက်မှာ ငါးဆယ်သားအလေးထည့် ကျန်တဲ့တစ်ဘက်မှာ တစ်ပိဿာလောက်ရှိတဲ့ ပစ္စည်းကိုထည့်ပြီးကိုင်လိုက်ရင် ချိန်ခွင်လျှာက တန်းနေရစေမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်တွေနဲ့ ပြောင်းပြန်ပေါ့၊ ဈေးသည်တွေကစွည်းကို လျှော့ထည့်ပြီး ချိန်တယ်၊ ရာဂျာတို့က ပစ္စည်းကိုပိုထည့်ပြီး ချိန်တယ်။

နောက်ပြီး ရှိသေးတယ်၊ ဖောင်တိန်အပျက်တွေဝယ်ဘာတိုအရင်တုန်းက တချို့ ဖောင်တိန်တွေမှာ မြေပါတယ်၊ ဖောင်တိန်နှစ်ကို ရွှေနဲ့ စုပ်လုပ်ထားတာကိုး။ တချို့လူတွေက ဒါကိုမသိဘူး။ ဖောင်တိန် အဟောင်းတစ်ချောင်းကို ငါးကျပ် တစ်ဆယ်ပေးလိုက်ရင်ပဲ ဝမ်းသာသလို မဆုံးတော့ဘူး။ ဒါကိုပြန်ရောင်းရင် ဘယ်ငါးကျပ် နှစ်ဆယ်ကနေအစိတ် သုံးဆယ်လောက်ထိတောင် ရတတ်တယ်။

တချို့ကောင်တွေကျတော့ လစ်ရင်လစ်သလို လုပ်တတ်တယ်၊ ဖောင်တိန်ကို စစ်ဆေးကြည့်သလိုလို အာလိုလိုလုပ်၊ လူလစ်တဲ့အခါ ဖောင်တိန်နှစ်ကို သွားနဲ့ကိုက်ပြီး ဆွဲဖြုတ်၊ ပါးစပ်ထဲမှာ ငုံထားလိုက်ရော၊ ခိုးတာပေါ့။

ရာဂျာကတော့ ဒါမျိုးတွေ မလုပ်တတ်ပါဘူး၊ အလေးခိုးတယ်ဆိုတာတောင် မတတ်သာမှ၊ တချို့လူတွေက မလွယ်ဘူး၊ တစ်ပိဿာရှစ်ကျပ်လောက်ဘန်တဲ့ ဗလာစာအုပ်ကို တစ်ဆယ့်နှစ်ကျပ် အတင်းပေါင်းတဲ့အခါ ကိုယ့်ဘက်က ကိုက်အောင် လုပ်ယူရတာပေါ့။

ဘာပဲဖြစ်ဖြစ် ရာဂျာတို့အလုပ်က တစ်နေ့တစ်ဆယ်ဆယ့်ငါးကျပ်တော့ အေးအေးဆေးဆေးရတယ်၊ အဲလေ အေး



အေးဆေးဆေးတော့ မရဘူးပေါ့၊ ပူပူလောင်လောင်ရတယ်လို့ ပြောရမယ်၊ နေပူထဲမှာ နေရာအနှံ့လျှောက်သွားပြီးလုပ်ရတာကိုး။

ရာဂျာရဲ့အလုပ်ကို ရာနီက အထင်သေးတယ်၊ လမ်းပေါ်မှာလျှောက်သွားနေရလို့ပေါ့၊ တကယ်ဆိုရင် ရာဂျာ့ အတွက် ဂုဏ်ယူဖို့တောင် ကောင်းတယ်။

ကြည့်လေ ပိုက်ဆံချမ်းသာတဲ့လူတွေကတောင် ရာဂျာ့ဆီမှာ သူတို့ပစ္စည်းတွေကို ပြန်ရောင်းရတယ်မဟုတ်လား။

ရာနီကတော့ ဂူလယားရဲ့အလုပ်ကိုသာ အထင်ကြီးတယ်။ ပရုဆေးဆိုင်မှာ အေးအေး ဆေးဆေး ထိုင်ရောင်း ရတာကိုး....။

ဒီကောင်အလုပ်က ဘယ်လောက်ရလို့လဲ၊ တစ်နေ့မှ ခုနစ်ကျပ်ပဲ ရတာ။ ဂူလယားဆိုတဲ့ကောင်ကလဲ လက်ကြောတင်းအောင် လုပ်ချင်တာမဟုတ်၊ အဝတ်အစား ကောင်းကောင်းလေးဝတ်ပြီး ဆိုင်ထိုင်နေရရင် ကျေနပ်နေတာပဲ။ တစ်သက်လုံး ခုနစ်ကျပ်စားက တက်မယ့်ကောင်စားမဟုတ်ဘူး။ ရာဂျာကသာ တစ်နေ့မှာ ဒန်အိုး၊ ဒန်ခွက်၊ စက္ကူ၊ ပုလင်း ဆိုင်ပိုင်ရှင် ဖြစ်လာနိုင်တာ။

သို့ပေမယ့် ရာနီကတော့ တစ်ခါတစ်ခါစိတ်ဆိုးရင် ရာဂျာ့ကို 'ဒန်အိုး၊ ဒန်ခွက်အကောင်' လို့ ခေါ်တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရာနီ့ကို ရာဂျာ သေသေချာချာ သတိထားမိ လာတာကတော့ သူ့အပျိုဖြစ်တဲ့အချိန်မှာပဲ။

ရာနီ အပျိုဖြစ်တဲ့အတွက်ဆိုပြီး သူတို့အမေက အနီးအနားမှာရှိတဲ့ လူတွေကိုဖိတ်ပြီး ဆိတ်သားဟင်းနဲ့ ထမင်းကျွေးတယ်၊ အပျိုဖြစ်တဲ့အကြောင်း အသိပေးမှုတဲ့ သဘောပေါ့။

ပြီးတော့ သူတို့အိမ်ထဲမှာ ဝါးထရံနဲ့ အခန်း တစ်ခန်းသပ်သပ်ကာတယ်။ အဲဒီအခန်းထဲမှာ ရာနီဟာ ရက်တော်တော်ကြာအောင် နေရတယ်။ အပြင်ကိုတဲ့ လုံးဝ မထွက်ရ။ ဘယ်ယောကျ်ားနဲ့မှလဲ မတွေ့ရဘူး။

အမြဲတမ်း တွေ့နေကျ ရာနီကို မတွေ့ရတော့ ရာဂျာ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်။ တခြားတစ်နေရာကို သွားနေတာဆိုရင် ကိစ္စမရှိ ခုတော့ သူ့အိမ်ထဲမှာပဲ ရှိနေရက်သားနဲ့ မတွေ့ရတာကတော့ ပိုပြီးတွေ့ချင်လာတယ်။

နောက်ပြီး တစ်ခုရှိသေးတယ်။

ရာနီအပျိုဖြစ်ပြီတဲ့။ အဲဒါဆိုရင် ဘာဖြစ်သလဲ။ ရာနီရဲ့ ရုပ်ကရော ဘယ်လိုပြောင်းသွားမလဲ။ ပိန်သွားမလား ဝလာမလား။ သူ့အရပ်ရှည်လာမှာလား၊ ရာဂျာ သိချင်လာတယ်။

တစ်နေ့တော့ ရာဂျာ မနေနိုင်တော့ဘဲ ဝါးထရံကြားကနေ ရာနီ့အခန်းထဲကို ချောင်းကြည့်မိတယ်။ အခန်းထဲမှာ နည်းနည်းမှောင်နေလို့ ကောင်းကောင်းမမြင်ရ၊ ရာနီက ဟိုဘက်လှည့်ပြီး ထိုင်နေတယ်။သူနည်းနည်းဝလာသလိုပဲ၊ ရာဂျာ့စိတ်ထဲတစ်မျိုးကြီးဖြစ်ရပြန်ရော။



ရာနီအိမ်ပြင်ကို ပြန်ထွက်ခွင့်ရတော့မှပဲ သေသေချာချာကြည့်ရတော့တယ်။

အံ့ဩတော်မှ အံ့ဩမိတယ်။ ရာနီဟာ အရင်ကနဲ့ မတူတော့ဘူး။

ပိုပြီးဝလာတာ အမှန်ပဲ အရပ်လဲ ပိုရှည်လာသလိုပဲ။ အသားလဲ ပိုဖြူလာတယ်။ ရာဂျာ အရင်က သတိမထားမိတာတွေကိုပါ သတိထားကြည့်မိတယ်။

သူ့ဆံပင်က နီသလိုလို ကောက်လှဲကောက်တယ်။ နှဖူးပေါ်ကို ဖွာပြီးကျနေတယ်။ မျက်ခုံးတွေက ထူထူမည်းမည်း နှာခေါင်းချွန်တယ်။ နှုတ်ခမ်းကထူတယ်၊ သွားတွေဖြူဖွေးနေတာပဲ။ သူ့မျက်ခုံးကတော့ ညိုသလိုလို မည်းနက် သလိုလို၊ ဘယ်လိုမှန်းမသိဘူး။

ခြေထောက်ဆေးတဲ့ အခါ ထဘီကို ဒူးနားလောက်မှ မပြီး ဆေးတတ်လို့ သူ့ခြေသလုံးကို မြင်ဖူးတယ်။ သလုံးကြီးကြီး။ သူ့ခြေထောက်တွေကတော့ အနာရွတ်နည်းနည်းရှိတာကလွဲလို့ ကြည့်လို့ကောင်းတယ်လို့ ဆိုရမယ်။

သူ့လက်တွေကို ငယ်ငယ်က ကိုင်ဖူးတယ်။ မာမာ ကြမ်းကြမ်းကလေး။ ခုနေအခါမှာတော့ လက်ဖဝါးတွေပျော့သွားမလားမသိ။

ဘာပဲဖြစ်ဖြစ် ရာဂျာသိလိုက်ရတာ တစ်ခုကတော့အပျိုဖြစ်တယ်ဆိုတာ လှကြီးနဲ့ပိုပြီး တူလာတာရယ်။ပြီးတော့ပိုပြီး လှလာတာရယ်ကိုခေါ်တာပါလား။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီလေ။ အဲဒီတော့ ဘာဖြစ်သလဲ၊

ရာဂျာက စူလယားကိုမေးကြည့်တယ်၊ ရာနီက အပျိုဖြစ်ပြီ ဆိုတော့ ဘာဖြစ်သလဲ ….။

စူလယားက…

'ဘာဖြစ်ရမှာလဲကွ၊ အပျိုဖြစ်ပြီဆိုရင် ယောကျ်ားယူလို့ ရပြီပေါ့တဲ့….။

ရာဂျာက နောက်တစ်ခု သိချင်လာပြန်တယ်၊ ရာနီက အပျို ဖြစ်ပြီဆိုတော့ ရာဂျာကကော လူပျိုဖြစ်ပြီလား၊ ဒါဆို စူလ ယားကတော့….။

'မင်းကော လူပျိုဖြစ်ပြီလား'

လို့ ရာဂျာက စူလယားကိုမေးတယ်၊ စူလယားက ရှင် ကာပြီး….

'ငါလူပျိုဖြစ်တာကြာလှပြီ'

'ဒါဖြင့် ငါကောကွာ'

'မင်းလား။ ဖွတ်….မင်းက ကလေးပဲရှိသေးတယ်'

ရာဂျာမကျေနပ်၊ စူလယားဆိုတဲ့ကောင်ဟာ ဒီလိုပဲ၊ ရာဂျာ့ ဆိုရင် သိပ်နှိမ်ချင်တတ်တယ်၊ ဒီကောင်ပြောတာကို မယုံ ပါဘူး။

ဒါနဲ့ ကိုဖိုးတေကို မေးကြည့်ရတယ်။ ကိုဖိုးတေဆိုတာက အိမ်ကြီးက မပလေးရဲ့မောင်ပေါ့။ သူက ကောလိပ်ကျောင်း သားတောင်ဖြစ်နေပြီ၊ ဒါဆို သူက အတော်လုံးသိမှာပေါ့၊



သိလဲသိတယ်လေ၊ သူက ရာဂျာ့ကိုခင်တယ်၊ ရာဂျာက သိ ချင်တာတွေရှိရင် သူ့ကိုသွားသွား မေးတတ်တယ်၊ သူကလဲ သေသေချာချာ ရှင်းပြတတ်တယ်။

ခုလဲ….

ဒီလိုရှိတယ်ကွ….လူပျိုဖြစ်လာပြီဆိုရင် အရပ်ရှည်လာတတ် တယ်၊ အသံလဲပြောင်းလာတယ်၊ သည်ပင်းမှာလည်း စလုတ် ထွက်လာတယ်၊ ဒီလိုမျိုးပေါ့'

လို့ ကိုဖိုးတေက သူ့လည်ပင်းကိုပြတယ်၊ ရာဂျာလည်းလည် ပင်းကို စမ်းကြည့်မိတယ်၊ စလုတ်ဆိုတာဟုတ်မဟုတ်တော့မသိ အဖုလိုလို အလုံးလိုလိုတော့ စမ်းမိတာပဲ။

'ပြီးတော့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးလဲ ပေါက်လာတတ် တယ်

'ရာဂျာက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးမပေါက်သေး။

'ဒါပဲလား အစ်ကိုရဲ'

'နေဦး၊ ခြောင်….ရှိသေးတယ်ကွ' ဆိုပြီး ကိုဖိုးတေကခပ် တိုးတိုးဆက်ပြောတယ်၊ ရာဂျာ စမ်းသာသွားတယ်၊ ရာဂျာ လူပျိုဖြစ်ပြီး

* * *

ရာနီဟာ အပျိုဖြစ်ပြီးကတည်းကတစ်မျိုးပြောင်းသွားတယ် ဆော့သိပ်မပြောတော့ဘူး။ လမ်းလျှောက်တဲ့အခါလဲ ဖြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြည်းပဲလျှောက်တော့တယ်။ သူ့ မျက်လုံးတွေကလဲ အရောင်ပြောင်းလာသလိုပဲ။ ပိုပြီး ပြောင်လာတယ်ထင်တယ်။

အသိသာဆုံးကတော့ ရာနီဟာ စူလယားကို သိပ်စကားမပြောတော့တာပဲ။ စူလယားနဲ့ မတွေ့အောင် ရှောင်နေတတ်တယ်။ စူလယားက စကားပြောရအောင် လုပ်ပေမယ့်လဲ ရာနီက ခဏပဲပြောပြီးထွက်သွားတတ်တယ်။

ဒါကတော့ ရာဂျာ့အတွက် ဝမ်းသာစရာပဲ။ ဒီကောင်နဲ့ ဖြစ်၊ ရာနီနဲ့မတွေ့ရလေ ရာဂျာကကြိုက်လေပဲပေါ့။

ယာ

ရာနီက ရာဂျာနဲ့ကျတော့ အရင်ကလိုပဲ စကားပြောတယ်။ ရာနီအဝတ်လျှော်နေရင် ရာဂျာက ရေခပ်ပေးတယ်။ ဟိုအကြောင်း ဒီအကြောင်း လျှောက်ပြောကြတယ်။

တစ်ခုပဲ ရာနီဟာ ရာဂျာ့ရှေ့မှာ ဒူးလောက်ထိ ထဘီကိုမပြီး ခြေထောက် မဆေးတော့ဘူး။

တစ်နေ့ကျတော့ ရာနီက ရာဂျာ့ကို ရုပ်ရှင်သွားကြည့်ဖို့ အဖော်မရှိလို့ လိုက်ခဲ့ပါလို့ ခေါ်တယ်၊ ခါတိုင်းရုပ်ရှင်သွားကြည့်ကြတဲ့အခါ စူလယားလဲ အမြဲပါတတ်တယ်၊ ဒီတစ်ခါတော့ ဒီကောင်ခံလိုက်ရပြီ။ သူအလုပ်သွားနေတုန်းမှာ ရာနီက လာခေါ်တာကိုး။

ဒီကောင်သာသိရင် ဘယ်လောက် ဒေါကန်လိုက်မလဲ...။ ကောင်းတယ်၊ ဝမ်းသာတယ်၊ ရာဂျာနဲ့ရာနီနှစ်ယောက်တည်းပဲ ရုပ်ရှင်သွားကြည့်ကြတယ်။



တံခွန်ရုံမှာပြန်ပြတဲ့ ကားဟောင်းပါ။ အေ.ပူးလ် ဒိုးမာလီဆိုတဲ့ကားပေါ့။ အဓိပ္ပါယ်က ပန်းတစ်ပွင့်နဲ့မာလီနှစ်ယောက်တဲ့....။

ရုပ်ရှင်ကြည့်နေရင်းက ရာဂျာ့စိတ်တွေဟာ တစ်မျိုးဖြစ်လာတယ်။ ရာနီရဲ့လက်ကို ကိုင်ထားချင်လိုက်တာ အရမ်းပဲ။

ဘာဆန်းသလဲ။ ရာနီရဲ့လက်တွေကို ငယ်ငယ်ကတည်းက ကိုင်ဖူးနေတာပဲ။

သို့ပေမယ့် ဆန်းတယ်။ ငယ်ငယ်က ကိုင်ဖူးတာကတစ်မျိုး။ ခုကျတော့ ကိုင်ချင်ရက်သားနဲ့ မကိုင်ရဲဖြစ်နေတာ၊ အဲဒါဘာလဲ၊ ဘာခေါ်သလဲ။

ရုပ်ရှင်ရုံထဲကထွက်လာတဲ့အခါ ရာဂျာက ရာနီကိုမကြည့်ရဲဘဲ ဖြစ်နေတယ်။ သိပ်ခက်တာပဲ။ ဘာဖြစ်လို့ မကြည့်ရဲရမှာလဲ။

ကြည့်မယ်ကွာဆိုပြီး ကြည့်တော့လဲ ရာနီဟာ လှနေတာကို တွေ့ရတယ်၊ အဲဒီအခါကျရင် မကြည့်ရဲဘဲ ပြန်ဖြစ်သွားပြန်ရော....။

ညကျတော့ ရာဂျာအိပ်မပျော်ဘူး။ ရာနီအပျိုဖြစ်တာရယ်။ ရာဂျာက လူပျိုဖြစ်တာရယ်၊ ရုပ်ရှင်ရုံထဲမှာ ရာနီ့လက်ကိုကိုင်ထားချင်တဲ့စိတ် ဖြစ်လာတာရယ်။ ရာနီ့ကို မကြည့်ရဲတော့တာရယ်။ ဘာကြောင့်လဲလို့ စဉ်းစားနေမိတယ်။

အိပ်ပျော်သွားတော့ အိပ်မက်မက်တယ်။ ရာဂျာနဲ့ရာနီနှစ်ယောက်တည်း ရုပ်ရှင်သွားကြည့်ရပါမလားဆိုပြီး စူလယားက ဒေါကန်ပြီး ရာဂျာကို လက်သီးနဲ့ထိုးတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်က နီးနီးချင်း ရာဂျာသိလိုက်တော့ တင်ခဲ့ရှိတယ်။ ရာနီဟာ အပျိုဖြစ်ပြီဆိုတော့ ယောကျ်ားယူလို့ ရပြီတဲ့။ ရာဂျာကတော့ လူပျိုဖြစ်ပြီဆိုတော့ ရာနီ့ကို ရာဂျာချစ်နေပြီ။

* * *

တစ်နေ့မှာပေါ့၊ ရာနီအဝတ်လျှော်နေတဲ့ ရေတွင်းဆီကို ရာဂျာလာခဲ့တယ်။ ရေခပ်ပေးဖို့ပဲလေ။ ရာနီက ဟိုဘက်လှည့်ပြီး အဝတ်လျှော်နေတယ်။

သူမသိအောင် နောက်တစ်နေ့ တိတ်တိတ်ကလေး သွားပြီး 'ဖော' ဆိုလုပ်လိုက်မယ်လို့ စိတ်ကူးမိတယ်။ ခြေသံမကြားအောင် အသာကလေး လျှောက်သွားတယ်။ အနားရောက်တော့မှ အဲဒီလိုမလုပ်ချင်တော့ဘဲဖြစ်သွားတယ်။ တော်ကြာ ရာနီက ကလေးဆန်တယ်လို့ ပြောနေဦးမယ်။

ရာနီ့ဆီက အသံတစ်ခု ကြားလိုက်ရတယ်ထင်တယ်။ သူ့ကိုယ်ကလေးကလဲ လှုပ်နေသလိုပဲ။

ဟင် ရာနီကငိုနေတာပါလား။

'ဟင်... ရာနီ ဘာဖြစ်လို့ငိုနေတာလဲ'

ရာနီက ခဏကြာအောင် ငိုနေသေးတယ်။ ပြီးတော့မှ...

'ငါ့ လက်စွပ်ပျောက်သွားလို့'

'ဟယ်...ဘယ်လိုဖြစ်တာလဲ'

ရာနီက ငိုလျက်နဲ့ပဲ...



'မနေ့က...မနေ့က အဝတ်လျှော်ရင်းက ချွတ်ချွတ်ပြီး ရေ...းတောင်ပေါ် တင်ထားတာ။ အဲဒ...အဲဒါပြန်တော့ မေ့...ကျန်ခဲ့တယ်၊ သတိရလို့လာကြည့်တော့ မရှိတော့ဘူး။ ...းက ငါ့ကိုအရမ်းဆူတာပဲ။ ပြန်မတွေ့အောင်မရှာနိုင်ရင် ...အောင် ပင့်ရော အောင်ရိုက်မယ်တဲ့'

...ဂျာက အရမ်းဘနားသွားတယ်။ ရေတွင်းတောင်ပေါ်...ခဲ့တာ ဆိုတော့ တွေ့တဲ့သူတစ်ယောက်ယောက်က ယူသွား... ပြန်ရမှာလဲ မဟုတ်တော့ဘူး။ သို့ပေမယ့်...

'စိတ်မပူပါနဲ့ဟာ၊ ငါရအောင်ပြန်ရှာပေးပါ့မယ်' လို့ရာနီ...တက်သွားအောင် ပြောလိုက်တယ်။

* * *

နောက်တစ်နေ့ကျတော့ ဆိုင်ရှင်ဆီမှာ ငွေငါးဆယ် သပ်...ချေးလိုက်တယ်။ ဆိုင်ရှင်ဆိုတာက ရာဂျာတို့ဆီက ပစ္စည်း...တောက်တဲ့သူ။ သူက ရာဂျာတို့ကို ငွေကြိုစိုက်ပေးတယ်။ ...ငွေ့ပစ္စည်းတွေ လိုက်ဝယ်ပြီး သူ့ဆီမှာပဲ ပြန်သွင်းရ... သူက အရင်းကိုနှုတ်ယူထားပြီး အမြတ်ငွေ ပေးတယ်။ ...ဒီဆိုင်ရှင်က ငွေဒင်္ဂါးတွေ၊ ငွေတံဆိပ်တွေ၊ ငွေပြားတွေ... သွားသွားရောင်းနေကျ ငွေပန်းတိမ်ဆိုင်ရှိတယ်။

...ဒီဆိုင်ကို ရာဂျာသွားပြီး ရာနီ့လက်စွပ်နဲ့ တူတဲ့ဟာကို...ယ်၊ လွယ်လွယ်ကလေးပဲ၊ ရာနီ့ လက်စွပ်က အလယ်...းမှာ ကွင်းတပ်ထားတဲ့ ပုံစံဆိုတော့ အဲဒီမျိုးအလွယ်...နေတာတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရာနီ့ လက်နဲ့ တော့်မယ့်ဟာကို မှန်းပြီး ဝယ်လိုက်တ
လေးဆယ့်ခြောက်ကျပ်ကျတယ်။ ရာဂျာတို့ဆိုင်ရှင်ဆီက
ထားတဲ့ငွေကို တဖြည်းဖြည်းချင်းပဲ ပြီးဆပ်ရမှာပဲ။
ကိစ္စမရှိ။ ရာဂျာနေ့လယ်ကို လက်ဖက်ရည် မသော
နေရုံပေါ့။ ရာနီ့ လက်စွပ်က အရေးကြီးတယ်။ ရာနီအရို
ရဖို့က အရေးကြီးတယ်။

ရေတွင်းနားက သဲထဲမှာ နစ်နေတာ ပြန်ရှာလို
ဆိုပြီး ရာနီ့ကိုလက်စွပ်ပေးလိုက်တယ်။ ရာနီက အရမ်း
သွားတယ်။ လက်စွပ်ကို ဝတ်ကြည့်ပြီး....
'သဲတွေနဲ့ ထိလို့လားမသိဘူးနော်' လက်စွပ်က ကျပ်
တယ်ဟ၊ ပြီးတော့ ရေထဲမှာကျနေတော့ ဆေးလိုက်သ
သွားတယ်ထင်တယ်၊ အသစ်လိုပြန်ဖြစ်သွားတယ်'

ရာဂျာ ရယ်ချင်ပေမယ့် မရယ်လိုက်ပါဘူး။ သူ့လ
မဟုတ်ဘဲ ရာဂျာက ဝယ်ပေးတယ်ဆိုတာ သိသွားမှာဆို
ဘာပဲဖြစ်ဖြစ် ရာနီ ပျော်သွားတာ မြင်တော့ ရာ
ပျော်တာပေါ့ပဲ။

ရာနီဆိုတာလေ ပျော်လွန်းလို့ ရာဂျာ့ကို 'ကျေးဇူ
လိုက်တာဟယ်' လို့ အခါတစ်ရာလောက်ပြောနေတယ်။
အခုသာ ဒီလိုပြောတာ နောက်တော့လဲ အဲဒီကျေး
ဇူးကြီးကို မေ့သွားရောမဟုတ်လား။

* * *



တနင်္ဂနွေနေ့ တစ်နေ့မှာပေါ့။ ရာဂျာတို့အလုပ်က နားလို့
၊ တနင်္ဂနွေဆို ကျောင်းသားတွေ၊ ရုံးအလုပ်သမားတွေ
မှာ ရှိတတ်တယ်။ သူတို့အိမ်မှာ မလိုတဲ့ ဗလာစာအုပ်တို့
င်းစာတို့ဘာတို့ကို ထုတ်ရောင်းတတ်လို့ အဲဒီနေ့မျိုးမှာ
က်ဆံပိုရတတ်တာကိုး။

အိမ်တစ်အိမ်ထဲကပဲ ပစ္စည်း တော်တော်များများ ရလိုက်
ထမင်းစားချိန်လောက်မှာ ရာဂျာ့အတွက် ဆယ့်ငါးကျပ်
ာက်ကျန်နေပြီ။

အရင်က နှစ်ကျပ်ခွဲဆိုင်မှာ ထမင်းစားတတ်ပေမယ့် ခုကျ
လက်စွပ်အတွက် ချေးထားတဲ့ ငွေပြန် ဆပ်ရမှာမို့
ကို သိပ်သုံးလို့မဖြစ်ဘူး။ အိမ်မှာပဲ ထမင်း ပြန်စား
မယ်ဆိုပြီး ပြန်လာခဲ့တယ်။ နေ့လယ်ကျမှ တစ်ခေါက်
ွက်မယ်။

အိမ်နားက ကားမှတ်တိုင်အရောက်မှာ သူတို့ကိုတွေ့လိုက်
ယ်။ ရာနီရယ် သူ့သူငယ်ချင်း မာရီမာရယ်။ ပြီးတော့
ယား။

သူတို့အားလုံး အဝတ်အစားအသစ်တွေနဲ့။ ရာနီရဲ့ မျက်
ာ ပေါင်ဒါတွေဖွေးလို့။ ဝူလယားကလဲ ပေါင်ဒါတွေ
ထားသလား မသိဘူး။ မို့တက်နေတဲ့ မကျည်းသီးလို
နှာမျိုးနဲ့။

www.burmeseclassic.com



အဲဒီအချိန်မှာ ရာဂျာကတော့ အလုပ်ကပြန်ရဖို့ ေ... တွေ့ရှဲလို့။ အင်္ကျီတွေ လုံချည်တွေကလဲ စုတ်ပြတ် ပေါ... တယ်။

'ဘယ်သွားကြမလို့လဲ'

ရာဂျာက မေးတယ်။ စူလယားက ဘာမှ ပြန်မပြော... မျိုးထဲကာကျကို လက်ညှိုးနဲ့ထိုးပြတယ်။ ရာနီက....

'ပီလီခတ်ဘုရားပွဲသွားမလို့'

ခုမှရာဂျာ သတိရတယ်။ သန်လျင်ဘက်ကပီလီခတ် ဘုရား... ပွဲရှိနေတာ။

'ငါလဲလိုက်မယ်'

လို့ ရာဂျာက ပြောလိုက်တယ်။ စူလယားရဲ့ မျက်နှာ... ရှုံ့မဲ့သွားပြီး....

'မင်း ငပုံနဲ့လိုက်လို့ဖြစ်မလားကွ၊ နောက်ပြီး အမှာ... လဲ မင်းကိုလွှတ်မှာမဟုတ်ဘူး'

'ဘာဖြစ်လို့ မလွှတ်ရမှာလဲ'

'ရေချိုးမှာနဲ့ ထမင်းစားမှာနဲ့ အချိန်မရှိဘူးကွ သ... မမီရင် မှုလှယ်ဘူး'

သန်လျင်သင်္ဘောတွေက နာရီဝက်တစ်ခေါက် ရှိပါတ... ကွာ'

စူလယားက ထပ်ပြောမည်အလုပ်မှာ ရာနီက ဝင်ပြီး...

'ကဲ....နင်လိုက်ချင်ရင် မြန်မြန် အဝတ်အစား သွားလဲ... ပြန်လာခဲ့'



ရာဂျာ အိမ်ကို အမြန်ပြန်ပြေးတယ်။ ရေလဲမချိုးတော့ ...ဘူး။ ထမင်းလဲ မစားတော့ဘူး အဝတ်အစားလဲ အမြန်လဲပြီး ...ကားမှတ်တိုင်ကို ပြန်ပြေးလာခဲ့တယ်။

ကားမှတ်တိုင်မှာ သူတို့မရှိကြတော့။

ရာဂျာစိတ်လဲဆိုးတယ်။ ဝမ်းလဲနည်းတယ်၊

စူလယားဆိုတဲ့ ကောင်ကတော့ အစကတည်းက မခေါ်... ...တာသိတော့ ထားပါတော့။ ရာနီက ဘာဖြစ်လို့ ထား... ...ခဲ့ရသလဲ။

တကယ်ဆိုရင် ရာဂျာဟာ သူ့လက်ရှိအတွက် အခြေ... ...နေတာကျော့ဖို့ရာအတွက် နေပူကြီးထဲမှာ အလုပ်လုပ်ရာ... ...လာရတာမဟုတ်လား။ အဲဒါကို သူ ဘယ်သိ... ...သလဲ။

အက်စွပ်က သူ့လက်စွပ် အစစ်ပဲလို့ ထင်နေတာပဲလေ။ အဲဒီနေ့က ရာဂျာ အလုပ်လုပ်နေပေမယ့် စိတ်မပါဘူး။ ...ရားပွဲရှိတဲ့အခါဆို သင်္ဘောကသိပ်ကျပ်တယ်၊ လူတွေကျပ်... ...တော့ ရာနီဟာ စူလယားနဲ့ ပူးကပ်ပြီး လိုက်ရမှာပဲ။ ...ကောင်က ရာနီ့လက်ကိုများ ကိုင်ထားမလား။

ညကျတော့ ရာဂျာ အိပ်မပျော်ဘူး။ စူလယားကတော့ ...အတိုင်း စန့်စန့်ကြီးအိပ်ရင်း တခေါခေါနဲ့ ဟောက်... ...နေလိုက်သေး။ သူကတော့ ပျော်နေမှာပေါ့လေ။ ရာဂျာကတော့ မပျော်နိုင်။ ဘုရားပွဲသွားရင်း စူလယား ရာနီ့ကို ကြိုက်နေကြောင်း ပြောများ ပြောလိုက်ပြီလား

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး မဖြစ်ဘူး။ ရာဂျာ တစ်ခုခုတော့ လုပ်ရတော့ မှယ်။

* * *

'နင် ငါ့ကို စိတ်ဆိုးနေတယ်မဟုတ်လား'

လို့ ရာနီကမေးတယ်။

'ဘာကြောင့် စိတ်ဆိုးရမှာလဲ'

'ဟိုနေ့က ဘုရားပွဲသွားတာ နင့်ကိုမခေါ်လို့ မဟုတ်လား။ အဲဒီတုန်းက နင့်ကိုခေါ်ဖို့ ပြောပါသေးတယ်။ ဟို နင်က ကြာနေတာကိုး'

ရာနီက စူလယားက မခေါ်တဲ့ အတင်း ခေါ်သွားတာ ကိုတော့ အပြစ်မပြောဘူး။ ရာဂျာ နောက်ကျတာကိုတော့ အပြစ်ပြောတယ်။

'နင် ခုထိ စိတ်ဆိုးတုန်းပဲလား'

'ငါစိတ်ဆိုးတယ်လို့ နင်က ဘယ်လိုသိတာလဲ'

'သိတာပေါ့၊ အရင်ကဆိုရင်နင့်ငါ့ကို ရေခပ်ပေးနေကျ ခုခပ်မပေးတာ သုံးလေးရက်တောင်ရှိပြီ'

'ဪ... ရာနီရယ်၊ ငါ့ကိုဆိုရင် ခိုင်းဖို့လောက်ပဲ သတိရ တယ်နော်'

'ဒီလိုတော့ မပြောပါနဲ့ဟယ်'

'ဟုတ်ပါတယ် နင်က စူလယာကိုသာ ပိုပြီး....'

ရာဂျာက ဆက်မပြောဘဲ နေတယ်။ ရာနီ့ မျက်နှာပြောင်း သွားတယ်။ ဘာမှတော့ ပြန်မပြော။



ရာနီတို့ အိမ်ကလေးထဲမှာ တိတ်ဆိတ်နေတယ်၊ သူတို့ အမေကလွဲ ဘယ်သွားနေတယ်မသိ၊ အမေက ငရုတ်သီးကြိတ် တဲ့ ကျောက်ပြား ငှားခိုင်းလိုက်လို့ ရာဂျာဒီကိုလာခဲ့ရတာပဲ။

ခုရာဂျာနဲ့ ရာနီနှစ်ယောက်တည်းရှိနေတယ်။ ဒီလို အချိန် မျိုးမှာ ရာဂျာပြောချင်တာကို ပြောလို့ရပြီ။

'ရာနီ'

လို့ခေါ်လိုက်တယ်၊

'ဘာလဲ'

လို့ထူးတယ်၊ ရာဂျာ ဆက်မပြောရဲ၊ တစ်ခု စိတ်ကူးရ တယ်၊ ငရုတ်သီးကြိတ်တဲ့ ကျောက်ပြားကြီးကို ဟိုဘက်လှန် လိုက်တယ်၊ မီးဖိုထဲက မီးသွေးခဲတစ်ခဲကို ယူပြီး ကျောက်ပြား ပေါ်မှာ...

'နင့်ကို ငါချစ်တယ်'

လို့ရေးလိုက်တယ်၊ ပြီးတော့....

'ရာနီ ဒီမှာဖတ်ကြည့်စမ်း'

ရာနီက ကျောက်ပြားပေါ်က စာကိုကြည့်ပြီး ပါးစပ် ကလေး တလှုပ်လှုပ်နဲ့ စာလုံးပေါင်း ဖတ်ကြည့်နေတယ်။ ဖတ်သွားပဲ ရာနီက စာမှကောင်းကောင်းမတတ်တာ။ သူ့အခု ထိ တစ်ခွန်းချင်း...

'နင့်...ကကြီးလုံးတင်ကိ'

'ကိုပါဟ'

www.burmeseclassic.com

www.burmeseclassic.com



'အေးအေး...နင့်ကို...ငါ... ခကြေးယပင်း စေတ်ချိတ်'

ရာဂျာ စိတ်ပျက်သွားတယ်။ စိတ်သဲမရှည်တော့ဘဲ ဖြစ်သွားပြီး...

'နင့်ကို ငါချစ်တယ်လို့ ရေးတာပါ'

'ရာနီကတော့ ..ယ်လိုမှ မနေဘူး။'

'ဒါများ အဆန်းလုပ်လို့ဟာ'

လို့ ခပ်အေးအေး ပြန်ပြောတယ်။ ရာဂျာ ဘာကိုပြောချင်တယ်ဆိုတာ သူနားမလည်လို့ပေါ့။

'နင်ကစကာ'

လို့ ရာဂျာက ထပ်မေးပြန်တယ်၊

'နင့်ကို ငါငယ်ငယ်ကလေးထဲက ချစ်ခဲ့တာပဲ'

ရာနီက ပြန်ပြောတယ်။

'အဲဒီလိုပြောတာမဟုတ်ဘူးရာနီ၊ ငါနင့်ကိုယူမယ်လို့ ပြောတာ'

'ဘာ...ဘာပြောတယ် ရာဂျာ'

ရာနီ အရမ်းအံ့သြသွားတယ်၊ ရာဂျာက 'ဟုတ်တယ်၊ ယူမယ်'လို့ ထပ်ပြောလိုက်တယ်။ ရာနီက...

'ဟယ်...နင်...ဘာတွေ လျှောက်ပြောနေတာလဲ၊ နင်ဟာ ကလေးပဲ ရှိသေးတယ်'

ရာဂျာက ဆတ်ဆတ်နဲ့ ဖြစ်သွားတယ်၊ ခပ်ပိန်ပိန် ပြားပြား ဖြစ်နေတဲ့ ရင်ကို ကော့လိုက်ပြီး —



'ငါကလေးမဟုတ်ဘူး ရာနီ'

'နင်လူကြီး မဖြစ်သေးပါဘူး'

'ဖြစ်ပြီ၊ သမဝါယမဆိုင်က ဆန်ပေးတဲ့အခါ ငါ့အတွက် လူကြီးကိုတာ ပေးတာပဲ မဟုတ်လား'

'ဒါနဲ့မဆိုင်ပါဘူး၊ ကလေးက ကလေးပဲ၊ ကလေးစကား ပြောသိလား'

ရာဂျာဘယ်လိုဖြစ်သွားလဲ မသိဘူး၊ အင်ပြင်တွေ ပေါက်တုန်းကလို တစ်ကိုယ်လုံး ထူပူလာတယ်၊

'ကလေးလား၊ လူကြီးလားဆိုတာ'

ရာဂျာက ရာနီ့ကို တအားဖက်နမ်းလိုက်တယ်။

'ရာဂျား'

ရာနီက အော်ပြီး ရာဂျာ့ရင်ပတ်ကို တွန်းထုတ်လိုက်တယ်။ ရာဂျာနောက်လန်ပြီး ရွှတ်သီးကြိုက်တဲ့ ကျောက်ပြားပေါ် ဖင်ထိုင်ရက်ကျသွားတယ်။

ရာနီ့ မျက်နှာက နီရဲနေတယ်၊ စိတ်ဆိုးသွားတာ သိသာတယ်၊

'ရာဂျာနင်ဘာလုပ်တာလဲ'

'နမ်းတာလေ၊ ငါငယ်ငယ်တုန်းကတည်းက နင့်ကို နမ်းဖူးတာပဲ'

'အခု နင်မငယ်တော့ဘူး'

'ဒါနဲ့ ခုနပြောတော့ ကလေးဆို'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာရာဂျာ၊ ငါဟာနင့်အစ်မတော်တယ်ဆိုတာ နင်မေ့နေပြီလား'

'အစ်မဝမ်းကွဲ တော်ရင် ယူလို့ရတယ်ဆိုတာကော နင်မေ့နေပြီလား'

ရာနီ့ မျက်နှာက ဝမ်းနည်းတဲ့ ပုံစံမျိုး ဖြစ်သွားပြီး....

'မကြာခင်မှာ ငါဟာ နင့်ရဲ့ တကယ့် အစ်မ ဖြစ်တော့မယ် သိလား'

'ဘာ'

'ဟုတ်တယ်၊ ငါ့ကို ဒူလယားနဲ့ လက်ထပ် ပေးတော့မယ်လို့ အမေတို့က ပြောထားပြီးပြီ'

ရာဂျာ တဲအပြင်ကို ထွက်ပြေးလာခဲ့တယ်။ အိမ်ရှေ့ရောက်မှ သတိရတယ်။ ငရုတ်သီးကြိတ်တဲ့ ကျောက်ပြား မယူခဲ့မိဘူး။

တခုတော့ ပါလာခဲ့တယ်၊ ကျောက်ပြားပေါ် ကျသွားတုန်းက မီးသွေးခဲနဲ့ ရေးထားတဲ့ 'နင့်ကို ငါချစ်တယ်' ဆိုတဲ့ စာထဲက တချို့စာလုံးတွေက ရာဂျာ့လုံချည်မှာကပ်ပြီး ပါလာတာပဲ။ သို့ပေမယ့် စာလုံးတွေက လုံချည်ပေါ်မှာ ပြောင်းပြန် ဖြစ်နေတယ်။

* * *

ရာနီ သိပ်ရက်စက်တယ်၊ ရာဂျာက ပင်ပင်ပန်းပန်း မစားရက် မသောက်ရက် ပိုက်ဆံရှာပြီး ဝယ်ပေးလိုက်ရတဲ့ ငွေလက်စွပ်ကလေးဟာ နောက်ဆုံးတော့ ဒူလယားနဲ့စေ့စပ်တဲ့ အခါ လက်စွပ်ချင်းလဲဖို့ ဖြစ်နေပါရောလား။



ဒူလယားနဲ့ ရာနီနဲ့ စေ့စပ်လိုက်ကြတယ်။ အခမက ရာနီ့အတွက် စာရီပိတ်အုပ်တစ်အုပ်နဲ့ ငှက်ပျောသီး အုန်းသီး တွေ ပေးပြီးတောင်းတတ်။

ရာဂျာကတော့ လက်စွပ်အတွက် ချေးထားရတဲ့ ပိုက်ဆံ မကျေသေးလို့ နေ့ပူထဲမှာ လျှောက်သွားပြီး အလုပ်လုပ်နေရတုန်းပဲ၊

တစ်ရက်ကျတော့ အိမ်တွေအများကြီး စုနေတဲ့ ခြံကျယ်ကြီးထဲကို ရောက်သွားတယ်၊ အဲဒီခြံကြီးထဲမှာ အရင်ကလဲ ပစ္စည်းတွေ တော်တော်များများ ဝယ်လို့ရဖူးတယ်။

'ဒန်အိုး ဒန်ခွက်တွေ၊ ကော်ဇလုံကွဲ ကော်ဖိနပ် အပြတ်တွေ ဝယ်တယ်၊ ဇက္ကူ ပုလင်း ဝယ်တယ်၊ သံတို သံစတွေ ကြေးတွေဝယ်တယ်၊ မီးချောင်း အကျွမ်း မီးလုံးအကျွမ်း...'

ရာဂျာအော်လို့ မဆုံးခင်မှာပဲ အိမ်တစ်အိမ်ရဲ့ အောက်ထဲက ခွေးနက်ကြီးတစ်ကောင် ပြေးထွက်လာတယ်၊ ထမ်းသွားတဲ့ ခြင်းတောင်းနဲ့ ဂုန်နီအိတ်ကြီးကြောင့် ရာဂျာ ပြေးလို့မရ၊ ခွေးနက်ကြီးက ရာဂျာ့ခြေသလုံးကို တအားဆွဲပြီး ကိုက်လိုက်တယ်။ ရာဂျာ လဲကျသွားတယ်။

အိမ်တွေထဲက လူတွေထွက်ကြည့်တယ်။ ဘာဖြစ်သွားသေးသလဲလို့ တောင် မမေးကြဘူး။ ဒီအတိုင်းပဲ ကြည့်နေကြတယ်။

ရာဂျာလဲ တော့နဲ့တော့နဲ့ ထွက်လာခဲ့ရတယ်။ ဒဏ်ရာက မနည်းဘူး။ အသားတစ်ကြီးတောင် ကွက်သွားတယ်။ သွေးတွေလဲ အရမ်းထွက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကိုရောက်အောင် မနည်းပြန်ခဲ့ရတယ်။ အမေကအော
ခန်းသွားပြီလားလို့ မေးသေးတယ်။ ရာဂျာက ပိုက်ဆံကု
မှာစိုးလို့ မသွားဘူး။ နွားချေးခြောက်ကို ရေနဲ့ စိမ်သွေးပြီး
ဒဏ်ရာပေါ်မှာလိမ်း၊ ပတ်တီးစီးထား လိုက်တယ်။ သံဗေ
ဆရာတွေ ဖူးရှင်လည်း ဒီလိုပဲ လုပ်နေကျပဲလေ။

နှစ်ရက် သုံးရက်လောက်ကြာတော့ ဒဏ်ရာသက်သာသွား
တယ်။ အလုပ်တော့သွားလို့မရသေးဘူး။ အကြာကြီး လမ်း
လျှောက်လို့မရသေးလို့။

ရာနီကတော့ အံ့သြဖို့ကောင်းတယ်။ ရာဂျာနဲ့သူ
ဘာမှမဖြစ်ခဲ့သလိုပဲ။

'နင် ခြေထောက်ဒဏ်ရာ ဘယ်လိုနေသေးလဲ' လို့တော
အိမ်ကိုလာပြီး မေးသွားသေးတယ်။

'ဒါကအသေးအဖွဲ့ပါဟာ'

လို့ ရာဂျာပြန်ပြောလိုက်တယ်။

သူတို့လက်ထပ်ဖို့ရက်ကလည်း တဖြည်းဖြည်းနီးလာပြီ။

* * *

နက်ဖြန်ဆိုရင် သူတို့လက်ထပ်ကြတော့မယ်။ ဒီလိုညတ
ပြီး ပြင်ဆင်ကြရတယ်။

မဏ္ဍပ်ဆောက်ဖို့ ဝါးလုံးတွေ၊ အုန်းလက်တွေ လို
ရာ၊ ထမင်းဧည့်ကျွေးဖို့ ငှက်ပျောရွက်တွေသွားခုတ်နဲ့
လှုပ်ရှားနေကြတယ်။



ကောင်မလေးတော်ကလည်း ဆန်ပြာတဲ့လူကပြာ၊ ပဲစင်းငုံ
ရွေးတဲ့လူကရွေး ဆိတ်သားလှီးတဲ့လူကလှီး။ လုပ်ရင်းကိုင်
ရင်းနဲ့ စကားတွေပြောကြ၊ အားလုံးပျော်နေကြတာပါလား။

ရာဂျာလည်း မပျော်ပေမယ့် လုပ်စရာရှိတာကို ကူညီပြီး
လုပ်ပေးနေရတယ်၊ စိတ်ထဲကတော့ ဘယ်ပါပါ့မလဲ။ တချို့
အကြောင်းမသိတဲ့လူတွေက...

'ရာဂျာကတော့ သူ့အကို မိန်းမရတော့မယ်ဆိုပြီး ပျော်
နေမှာပဲဟေ့ နင်ကော ဘယ်တော့ယူမှာလဲ'

လို့ စကြတယ်။ ကိုဖိုးတေတစ်ယောက်သာ တစ်ခါတစ်
ခါ ရာဂျာ့ကို စိတ်မကောင်းသလိုကြည့်တတ်တယ်။

နည်းနည်း ညည့်နက်လာတဲ့အခါ ရာဂျာ တစ်ယောက်
တည်း လမ်းမကြီးဘက် ထွက်လာခဲ့တယ်။

ကိုသိန်းစင်းဆိုတဲ့ လူကြီးတစ်ယောက် သူ့ရည်းစားနဲ့တွဲ
တုန်းက အရက်တွေမူးအောင်သောက်ပြီး လမ်းဘေးမှာ လဲ
နေတာ တွေ့ဖူးတယ်။

ရာဂျာကော ခုအချိန်မှာ အရက်သောက်လိုက်ရင် အား
လုံးကိုမေ့သွားမှာလား။ သို့ပေမယ့် မသောက်ရဲဘူး။ အဖေ
တာ အရက်တွေသိပ်သောက်လို့ သေသွားခဲ့တာ မဟုတ်
လား။

ကွမ်းယာဆိုင်တစ်ဆိုင်မှာ ဆေးပေါ့လိပ်တစ်လိပ်ဝယ်
တယ်။ ပြီးတော့ အုတ်ခုံမှာထိုင်ပြီး ဆေးပေါ့လိပ်ကို ဆက်
တိုက် ဖွာလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ရာဂျာက ဆေးလိပ်သောက်တတ်သူမဟုတ် ဒါကြောင့် ခဏအကြာမှာမူးလာတယ်။ ဒါဆို အိပ်ပျော်သွားမှာပဲဆိုပြီး အိမ်ပြန်ဖို့ထရပ်လိုက်တယ်။

ရာဂျာ့ခြေသလုံးက နွေးကိုက်ထားတဲ့ဒဏ်ရာက စူးကနဲ နာသွားတယ်။ ပျောက်ခါနီးကျမှ ဘယ်လိုဖြစ်တာပါလိမ့်။

ခြေလှမ်း တစ်လှမ်းနှစ်လှမ်း လှမ်းကြည့်တယ်။ မရဘူး။ ခြေထောက်တွေက တုန်ပြီးနာလာတယ်။ ခြေထောက်တစ်ဘက်ကို တရွတ်တိုက်ဆွဲပြီး အိမ်ကို မရောက်ခင် ရာက်အောင် ပြန်ခဲ့ရတယ်။

အိမ်ရောက်လို့ ဖျာပေါ်မှာပစ်လှဲလိုက်တာနဲ့ တစ်ကိုယ်လုံး အရမ်းပူလာတယ်။ ရာဂျာဖျားနေပြီ အနာက သိပ်နာပေမယ့် မအော်မိအောင် နှုတ်ခမ်းကိုကိုက်ထားရတယ်။ အမေ သိသွားရင် စိတ်မကောင်းဖြစ်သွားမှာစိုးလို့။

ပြီးတော့လဲ နက်ဖြန်မှာ မင်္ဂလာဆောင် ရှိတယ်မဟုတ်လား။ အမေပျော်နေမယ့်အချိန်မှာ ရာဂျာ့ကြောင့်စိတ်ညစ်စေချင်ဘူး။

* * *

အိပ်ပျော်သွားတာလား အဖျားတွေတက်ပြီး အနာက နာလွန်းလို့ မေ့သွားတာလားမသိ။ အမေကသာနှိုးမှပဲ နိုးတော့တယ်။ အမေက ရာဂျာဘာဖြစ်နေတယ်ဆိုတာ မသိဘူး။



ဟဲ့ ….ထတော့၊ ဟိုမှာ ဧည့်သည်တွေ လာတော့မယ်’ လို့ပြောပြီး ခပ်မြန်မြန်ထွက်သွားတယ်။

ရာဂျာ အဖျားကျသွားပြီ။ သို့သော်လည်း ခြေထောက်ကတော့ နာတုန်းပဲ။ ခြေထောက်က လှုပ်တောင်မလှုပ်နိုင်ဘူး။ နည်းနည်းလှုပ်ရင် နာတယ်။ ဒဏ်ရာအနားက အသားတွေက သို့မည်းနေတယ်။ ခြေထောက်ကြီး တစ်ခုလုံးက ကြောက်စရာကောင်းလောက်အောင် ယောင်ကိုင်းနေတယ်။ အနာက အထိတောင်မခံနိုင်ဘူး။

ရာဂျာ မင်္ဂလာဆောင်ကို သွားနိုင်မှာ မဟုတ်တော့ဘူး။ သို့ပေမယ့် မင်္ဂလာဆောင်တဲ့ဆီကိုပဲ စိတ်က ရောက်နေတော့တယ်။

ခုချိန်ဆိုရင် လက်ထပ်ပွဲတီး ချည်နေကြတော့မယ်။

ဗူလယားနဲ့ ရာနီတို့က အဝတ် အစား အသစ်တွေဝတ်ထားကြမှာပဲ။ ရာနီ ဗ စာရီ ဘာအရောင်ဝတ်ထားမလဲမသိ။

ဧည့်သည်တွေကို ဆိတ်သားဟင်း၊ ဘာဂျီကြော်၊ ပဲဟင်း၊ မလုတ်သန့်ဟင်းချိုတွေ ကျွေးလိမ့်မယ်။ ငှက်ပျောရွက်တွေထဲမှာထည့်ပြီး ပျော်ပျော်ပါးပါး စားကြ သောက်ကြ မှာပေါ့။

ရာဂျာ့ကို ဘယ်သူကမှ သတိရနေကြမှာ မဟုတ်ပါဘူး။ နေမြင့်လာတာနဲ့ အဖျားက ပြန်တက်လာတယ်။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်အောင် ပူနေတယ်။ ရေ သိပ်ဆာနေပေမယ့် ထလို့မရတာနဲ့ မသောက်ရဘူး။ အာခေါင်တွေခြောက်လာတယ်။ နှုတ်ခမ်းတွေက ကွဲထွက်ကုန်သလားမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



နေကလဲ အရှမ်းပူလာတယ်။ ကိုယ်တွေကလဲ အရမ်းပူခါ တယ်။ ရေကလဲ ငတ်တယ်။ အစာစားခဲ့မှုလဲ မစားရသေးဘူး။

ရာဂျာဟာ အိပ်ပျော်သလိုလို မေ့သွားသလိုလို ဖြစ်နေ တယ်။

ရာဂျာက ဒီဘိနဲ့ ရာနီက စာရီနဲ့၊ အဖြူရောင်တွေချည်း ပဲ။ လည်ပင်းမှာ ပန်းကုံးတွေအများကြီးဆွဲထားတယ်။ဘုရား ကျောင်းက ဆရာကြီးက ဘုရားစာတွေ ဆိုတဲ့အခါ ရာဂျာနဲ့ ရာနီက မီးပုံကလေးကို လှည့်ပတ်ပြီး လျှောက်ကြတယ်။ ပြီး တော့ ဧည့်သည်လူကြီးတွေက ရာဂျာနဲ့ ရာနီတို့ရဲ့ နဖူးကို ဖြာ နဲ့တို့ပြီး ဆုတောင်းပေးကြတယ်။ ရာနီက ရာဂျာ့ကို ပြုံးပြီး ကြည့်နေတယ်။ အဲဒီအချိန်မှာပဲ စူလယား ရောက်လာတယ်။ ခွေးနက်ကြီးတစ်ကောင်ကို ကြိုးနဲ့ချည်ပြီး ဆွဲလာတယ်၊ ပြီး တော့ ရာဂျာ့ကို ခွေးနဲ့ရှူးတိုက်တယ်။ ခွေးနက်ကြီးက ပြေး လာပြီး ရာဂျာ့ခြေသလုံးကို တအားကိုက်တယ်။ ရာဂျာ နာ လွန်းလို့ အော်လိုက်တယ်။

'ရာဂျာ....ရာဂျာ၊ သတိရပြီလား'

ရာဂျာ မျက်စိဖွင့်ကြည့်တယ်။ ဘေးမှာ လူတွေ အများ ကြီးပဲ။ ရာဂျာ့ကို ဝိုင်းကြည့်နေကြတယ်။ မျက်နှာပူတွေဖုံး တွေလို့ ဘယ်သူတွေမှန်းမသိရ။

'ရေ...ရေ...ရေပေးပါ'

တစ်ယောက်က ရာဂျာ့ကို ကျောဘက်ကနေ မ,ပြီး ယူ ပေးတယ်။ အမေငဲ့ဖြင့်လိမ့်မယ်။ ရေခွက်ကို ပါးစပ်နားမှာ တပ်ပေးတယ်။ ရေတစ်ငုံငုံတယ်၊ မျိုချတယ်။ မရဘူး နင်နေ



တယ်။ ရေတစ်စက်လောက် မျိုချတာတောင် လည်ချောင်း ထဲက အရှမ်းနာနေတယ်။

ရေက အရမ်းငတ်တယ်။ သို့ပေမယ့် သောက်လို့မရဘူး။ လည်ထဲက မတရားပူတယ်။ ငရုတ်သီးတောင့် တစ်ခုလောက် စားထားရသလိုပဲ။

မျက်ရည်ပူတွေကို သုတ်ပေးလိုက်တော့ နည်းနည်းမြင်ရ သလိုပဲ။ စာရီကလေး ဝတ်ပြီး ထိုင်နေတာ ရာနီထင်တယ်။

'ရာဂျာ...ရာဂျာ'

ရာနီ့အသံကို ကြားရတယ်။ ငိုသံ ပါနေသလား မသိ။ စူလယားနဲ့ လက်ထပ်ရလို့ နင်ပျော်နေတယ် မဟုတ်သား ဘာလို့ ငိုနေရတာလဲ၊ မငိုနဲ့။ ငါမရှိရင် နင်အိုအတွက်ပိုပြီး တောင်တောင် ကောင်းသေးတယ် မဟုတ်လား။

မျက်ရည်ပူတွေ ထွက်လာပြန်တယ်။ ဘာမှ မမြင်ရတော့ ဘူး။ လက်တစ်ဖက်က ရာဂျာ့လက်ကို လှမ်းဆုပ် ကိုင်ထား တယ်။

ရာနီ့ရဲ့လက်လား။ ဟိုအရင်ရှုပ်ရှင်သွားကြည့်တုန်းကလို ရာဂျာ့လက်ကို ဆုပ်ကိုင်ထားခဲ့ရင် ဘယ်လောက် ပျော် ရကောင်းမလဲ။ ခုတော့ အလကားပဲ။ အဲဒီလက်အေးကြီး က ကြောက်ဖို့တောင်ကောင်းတယ်။

တစ်ယောက်ယောက်က လည်ပင်းကို ညှစ်ထားသလို။ အသက်ရှူလို့မရတော့ဘူး။ ရာဂျာ့မခံနိုင်တော့လို့ တအား အော်ငိုလိုက်တယ်။ အသံထွက်ဘူး။အော်လို့မရဘူး ခေါင်း ကို မီးစနဲ့ထိုးလိုက်သလို ဖြစ်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



'ဟာ....တက်သွားပြီ၊ တက်သွားပြီ'

'ခြေထောက်ကို ချိုးချိုး'

'သွားတွေ စေ့မသွားစေနဲ့၊ ပါးစပ်ထဲကို ဇွန်းသည့်ထား

တဲ့....ဇွန်း ဇွန်း....မြန်မြန်'

ရာဂျာရဲ့ ပါးစပ်ထဲကို ဆစ်ယောက်ယောက်က လက်ထို

ထည့်လိုက်တယ်၊ လက်မှာ စွပ်ထားတဲ့ လက်စွပ် ကလေးက

တအားကိုက်ထားမိတယ်ဆိုတာ ရာဂျာ နောက်ဆုံး သိလိုက်

တာပါပဲ။

အဲဒီလက်ဟာ ရူလယားရဲ့လက်လား၊ ရာနီရဲ့လက်လား

တာကိုတော့ ရာဂျာမှသိနိုင်တော့ပါ။

မင်းလူ

(ကလျာ မဂ္ဂဇင်း၊ ဂ၅ ဇွန်)

---

# နွားမလည်ခြင်းဒိုင်ယာရီ

www.burmeseclassic.com

www.burmeseclassic.com

ဦးနှောက်ဆိုသည်မှာ ရက်စွဲ တပ်ထားခြင်း မရှိသော ဒိုင်ယာရီတစ်ခုပင် ဖြစ်သည်ဟု ကျွန်တော်က ထင်သည်။

ဦးနှောက်သည်အသက်တာတွင် ဖြစ်ပျက်ခဲ့သော အတွေ့အကြုံတို့ကို မှတ်တမ်းတင်သည့်ဝမ်းနည်းစရာ၊ဝမ်းသာစရာ၊ပျော်ရွှင်စရာ၊နာကြည်းစရာ၊ဒေါသဖြစ်စရာ၊ကြည်နူးစရာ မျိုးစုံအောင်မြင်၍သို့ မှတ်တမ်းတင်ရာတွင် ဒိုင်ယာရီကဲ့သို့ ရှေ့နောက် အစီအစဉ် အတိုင်းတော့ မကျတော့ချေ။ သောသော မှတ်လတ် မှတ်သား သော အကြောင်းအရာထက် လွန်ခဲ့သော နှစ်ပေါင်းများစွာ က အဖြစ်အပျက်ကို ပို၍ စွဲစွဲလန်းလန်း မှတ်မိချင် မှတ်မိနေ တတ်သည်။

ထူးခြားသော အရေးကြီးသောကိစ္စကို ပို၍မှတ်မိတတ် သည်မှန်သော်လည်း တစ်ခါတလေကျတော့ ဘာမှ အရေး မပါသော အသေးအမွှားကလေးတစ်ခုကို မှတ်မှတ်သားသားဖြစ် နေအောင်ဖြစ်နေတတ်သည်မှာ ဆန်းသည်ဟု ဆိုရမည်ဘာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သည့် စကားကလေးတစ်ခွန်းကို တိတိကျကျ မှတ်မိနေသောမျိုး လည်း ဖြစ်တတ်သည်။ အထူးသဖြင့် ငယ်စဉ်ကာလက အဖြစ် အပျက်အကြောင်းအရာတို့သည် မမေ့မလျော့ပဲ ရှိနေတတ် လေသည်။ ကလေးဘဝတွင် အတွေ့အကြုံ အတော်များများ မှာ အသစ်အဆန်းတွေ ဖြစ်လေ့ရှိသည်၊ နားမလည်တာတွေ လည်း အများကြီးရှိသည်၊ အသက်ကြီးလာတော့မှ ငယ်ငယ် က နားမလည်ခဲ့တာတွေမှာ ရယ်စရာလို ဖြစ်နေသည်၊ တချို့ ကိစ္စတွေကျတော့ ခုအထိ နားမလည်နိုင်အောင် ရှိနေတုန်း ပင်။

* * *

ကလေးဘဝတွင် အခံရအခက်ဆုံးမှာ စကားမပီခြင်းပင် ဖြစ်သည်။ ကိုယ့်ဟာကိုယ် စကားမပီမှန်း မသိသေးသည့် အရွယ်တုန်းကတော့ ကိစ္စမရှိ။ တဖြည်းဖြည်းကျတော့ သိလာ သည်။ ထို့ကြောင့် ပီအောင်ကြိုးစား၍ ပြောကြည့်သည်၊ မရသောအခါ အတော်စိတ်မျက်ဖို့ကောင်းလေသည်။

တစ်ခါတစ်ခါ ကိုပြောသည့်စကားကို လူကြီးတွေက နားမလည် ထိုအခါ တော်တော် ဒုက္ခရောက်သည်။ တစ်ခါ တလေကျတော့ လူကြီးတွေက သိလျက်နှင့် မသိချင်ယောင် ဆောင်ပြီး စကြသောအခါတွင် စိတ်ဆိုးရပြန်သည်။ ရေခဲမုန့် စားချင်တယ်ဟု ပြောချင်တာကို မပီသဖြင့်....

'ရေထဲမုန့်စားမယ်'ဟု ပြောရာ—

'ဟဲ.... ရေထဲမှာ မုန့်စားလို့ ဘယ်ရမလဲ၊ ဘောင်းဘီတွေ အင်္ကျီတွေရေစိုကုန်မှာပေါ့'



'ရေထဲမှဟုတ်ဘူး၊ ရေသဲ...ရေထဲ'

'အေးပါ၊ ရေထဲမှာ ဘယ်လိုလုပ်မုန့်စားမလဲ'

ထိုအခါမျိုးတွင် အလွန်စိတ်ဆိုးပြီး ဇောင်ငိုပစ်တတ်သည်။ ကိုယ့်ဟာသာကိုယ် စကားမပီမှန်းသိသော်လည်း လူကြီးတွေ တမင်ထကာမပီအောင် လိုက်ပြောတာမျိုးကိုတော့ မ ကြိုက်ချေ။

* *

အသက် သုံးနှစ်လောက်ရောက်လာသောအခါ အိမ်ထဲမှာ သည်းပဲ့ သိပတ်ပေးရသည့် မော်တော်ကားလေးတွေ၊ သုံးဘီး ဘီးလေးမပေ့နှင့် ကစားရသည်ကိုငြီးငွေ့လာသည်၊ က လေးကြီးတွေ ကစားတာမျိုးတွေ ကစားချင်လာသည်။ ထို့ ကြောင့်....

'မမေ၊ သားလဲ ကိုကိုတို့လို အပြင်ထွက်ကစားချင်တယ် ပြောရာ....အမေက....

'အပြင် မထွက်ပါနဲ့ သားရယ်၊ သားက ငယ်သေးတယ်၊ အိမ်မှာနဲ့ပဲ ကစားရအောင်၊ မေမေက ဆင်ကြီးလုပ်မယ်လေ သားက....'

'ဟင့်အင်း....အဲဒါ မကစားဘူး၊ တူတူပုန်းတမ်း'

'အေး....အေး၊ ဟုတ်ပြီ၊ သားအရင် ပုန်းမလား၊ မေမေ အရင်ပုန်းရမလား'

'မေမေအရင်ပုန်း၊ သားမျက်စိမှိတ်ထားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်အိုက်လှည့်ပြီး မျက်စိမှိတ်ထားလိုက်သည်။ ခဏအကြာတွင် အမေက 'တူပြီ'ဟု အော်သည်။

အမေ အသံကြားရာသို့ မှန်းပြီး ကျွန်တော်လိုက်ရှာသည်။ အမေက တံခါးကြား မှာပုန်းနေသည်။ အမေ့ ထဘီစက တံခါး ကြားမှထွက်နေသည်ကို မြင်ရသည်။ တံခါးကို ဆွဲဖွင့်ပြီး...

'မိပြီ'

ဟု အော်သည်။ အမေက....

'တာ....သားက သိပ်တော်တာပဲ၊ ကဲ....သား ပုန်းအလှည့် နော်၊ မေမေ မျက်စိမှိတ်ထားမယ်'

ကျွန်တော်သည် အခန်းထောင့်မှာ ထောင်ထားသောဖျာ လိပ်ကြီးထဲ ဝင်ပုန်းနေသည်။ 'တူ'ဟု အော်လိုက်သည်။ အမေက....

'ကျူပြီဆိုလို့ တိုးလာအယ်'

ဆိုပြီး ကျွန်တော့်ကို လိုက်ရှာသည်။ ကျွန်တော် ပုန်းနေ သောဖျာလိပ်နားသို့ အမေရောက်လာသည်။ ကျွန်တော်သည် ငြိမ်ငြိမ်မနေနိုင်သဖြင့် ဖျာလိပ်ကြီးက လှုပ်နေသည်။ အမေ ခေါင်းက ဖျာလိပ်ကြီးပေါ်မှာ ဝဲနေသည်။ သို့ရာတွင် ကျွန် တော့်ကို အမေမတွေ့ချေ။ ကျွန်တော်သည်း အသံမထွက် အောင် ကြိတ်ပြီးရယ်မိသည်။ အမေက....

'တူဆိုတဲ့အသံကတော့ ဒီနားက ကြားတာပဲ၊ ဒီကောင် လေး ဘယ်နားများသွားပုန်း နေပါလိမ့်။ ရှာလို့လဲ မတွေ့ ပါလား'



ဟု တတွတ်တွတ်ပြောနေသည်။ အတော်ကြာမှ ဖျာလိပ် က ဝါးကန်ဲ့အော်ပြီးထွက်လိုက်သည်။

'ဩော်....သားက ဒီဖျာလိပ်ထဲမှာ ပုန်းနေတာကိုး၊ မေမေ ရှာလိုက်ရတာ မောလို့'

ဟု အမေက ပြောလျှင် ကျွန်တော် သိပ်သဘောကျသည်။ အမေက တွေ့လျက်သားနှင့် မတွေ့ချင်ယောင်ဆောင်နေ သည်ကို အစပိုင်းက မသိသော်လည်း ကြာတော့ ရိပ်မိလာ သည်။

သို့ဖြင့် ကျွန်တော် အစ်ကိုတွေ အိမ်နီးနားက အစ်ကိုကြီး အစ်မကြီးတွေနှင့် အတူတူကစားရဖို့ ကြိုးစားကြည့် သည်။ သို့ရာတွင်

'ငါလည်းပါမယ်တာ'

ဟု ကျွန်တော်က ပြောလျှင် သူတို့က....

'မင်းပါလို့မရဘူး၊ မင်းက ကလေးပဲရှိသေးတယ်'

ဆိုပြီး ပါခွင့်မပြုး ထိုအခါ ကျွန်တော်က အသံပြုကြီးနှင့် ငိုပြီး ပြီးတော့ သူတို့ကစားတာကိုနှောင့်ယှက်သည်။ ခွက် တမ်းကစားရာတွင် ကျွန်တော် အစ်ကို တစ်ယောက် ပုန်းနေသည့်နေရာကို လိုက်ချောင်းသည်။ ပြီးတော့ ရှာရသူကို အစ်ကိုပုန်းနေသည့်နေရာ ပြောပြသည်။ ကျွန်တော်နှောင့်ယှက်သည့်ဒဏ် မခံနိုင်သဖြင့် သူတို့က ကျွန်တော့်ကို ပါခွင့်ပြုလိုက်သည်။

'ဒီကောင်ကတော့ ယမင်းထုပ် ဟင်းထုပ်ပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု သူတို့အချင်းချင်းပြောသည်။ ဘာဆိုလိုမှန်းကျွန်တော် မသိသေး။ ပါရသဖြင့် ပျော်နေသည်။ နောက်မှသိလာသည် ထမင်းထုပ်ဟင်းထုပ်ဆိုသည်မှာ ကစားရာမှာ ပါတော့ပါ သည်။ တရားဝင်မဟုတ်။

ခုံကဲခေါက်တမ်းကစားကြရာတွင် ကျွန်တော်လည်းတခြား သူတွေလို ပုန်းတော့ပုန်းရသည်။ သို့ရာတွင် လိုက်သူက ကျွန် တော့်ကို အဖက်လုပ်ပြီး လိုက်ရှာချေ။ တစ်ခါတစ်ရံ လိုက် ရှာသူသည် ကျွန်တော်ပုန်းနေသည့်နေရာနားကို ရောက်လာ တတ်သည်။ ကျွန်တော့်မှာ ရင်တထိတ်ထိတ်။ သူကျွန်တော့် ကို ကောင်းကောင်းမြင်နိုင်သည်။ သို့ရာတွင် ကျွန်တော့်ကို မဖမ်းဘဲ မသိကျိုးကျွံပြု၍ ဆက်လျှောက်သွားသည်။ အခြေ နှင့် ကစားစဉ် အမေကမြင်လျှက်နှင့် မမြင်ချင်ယောင်ဆောင် သည်ကို သဘောကျခဲ့သော်လည်း ခုကျတော့ ကျွန်တော့်ကို မိအောင်ဖမ်းစေချင်သည်။

ခုံကဲခေါက်တမ်းကစားခြင်း၏ ထုံးစံမှာ ပုန်းနေသူအား လုံးကိုမိမှ ပွဲပြီးသည်။ ခုတော့ ဒီလိုမဟုတ်၊ ကျွန်တော်တစ် ယောက်မှလွဲ၍ ကျန်သောသူများကို မိလျှင် ပွဲပြီးသွားတတ် သည်။ နောက်တစ်ပွဲပြန်စသည်။ တခါခါ ကျွန်တော်ပုန်းနေ ရာက မထွက်လိုက်ရဘဲ သူတို့ချည်းလေးငါးပွဲလောက်ကစား ပြီးသွားတတ်ခဲ့လေသည်။

နောက်တစ်ခုက ပုန်းနေသူ တစ်ယောက်ယောက်သည် ခုံကဲကို စည်းဝိုင်းအပြင်ရောက်အောင်ပြေးပြီး ကန်ထုတ်နိုင် လျှင် လိုက်သူက ရှုံးပြီ ပွဲပြန်စရသည်။ ကျွန်တော့် ကျတော့



ခုံကဲကို ပြေးပြေးကန်လိုက်ရတာအမော။ ခြေမတော့ပင် ပဲ့ရှဲ့ ကန်သည်။ သို့ရာတွင် ကျွန်တော်ကန်ထုတ်သည့်ခုံကဲကို စည်း ဝိုင်းထဲ ပြန်ချလိုက်ရုံမျှဖြင့် ဘာမျှအကြောင်းမထူးချေ။

ကျွန်တော်သည် ထမင်းထုပ် ဟင်းထုပ်ဘဝဖြင့်လမ်းပေါ်၌ အတော်ကြာအောင်နေခဲ့ရသည်။ ကျွန်တော် အဖြစ်ချင်ဆုံး ဆန္ဒမှာ ကျွန်တော့်နာမည်ကိုခေါ်ပြီး ခုံကဲခေါက် ခံရဖို့နှင့် ကျွန်တော့်ကို ပထမဆုံး ဖမ်းမိပြီး ကျွန်တော်က လိုက်ရှာ ခွင့်ရဖို့ပင်ဖြစ်သည်။

* * *

ကျောင်းမှာဆိုလျှင်လည်း ကျွန်တော်က အသက်လည်း ငယ်၊ လူကောင်လည်းသေးသဖြင့် ကစားကြရာတွင် သိပ်အရော ဝင်မခံရ။ စစ်တိုက်တမ်းကစားလျှင် ကင်းစောင့်ခြင်း၊ ဘော လုံးကန်လျှင် ဂိုးဖမ်းရခြင်းတို့သောက်သာ သုံးကြသည်။

တစ်ခုက်တော့ ကျွန်တော်တို့အတန်းနှင့် အခြားအတန်းတို့ ဘောလုံးချိန်းကန်ကြသည်။ အကြိတ်အနယ်ကစားရပြီး တစ် ဘက်နှင့်တစ်ဘက် ဂိုးမသွင်းနိုင်ကြ။ တစ်ခါတွင် ဟိုဘက် အသင်းရှေ့တန်းက ကန်ထည့်လိုက်သည့်ဘောလုံးကို ဆိုင်ဗင် ထိုးပြီး ကာကွယ်သည်။ ဘောလုံးသည် ကျွန်တော့် လက် များနှင့် ရှပ်ထိရုံထိပြီး ဂိုးတိုင်အပြင်ဘက် ထွက်သွားသည်။

'ကော်နာကွ၊ ကော်နာ'

www.burmeseclassic.com

www.burmeseclassic.com

ဟု တို့အတန်းက ကောင်တွေက ပြောသည်။ ကျွန်တော်တို့အတန်းက...

'အလဲကွ ဘော်လုံးက သူ့အသား အပြင်ထွက်သွားတာ'

'ဂိုးသမားနဲ့ ထိသွားတာယ်'

'မထိဘူးကွ၊ ဟုတ်တယ် မဟုတ်လား ဖေဟ ကောင်၊ မထိဘူးမဟုတ်လား'

ကျွန်တော်တို့အတန်းကကောင်တွေက ကျွန်တော့်ကို မေးသည်။

ကျွန်တော်က...

'ထိတယ်ကွ၊ ငါ့ခြေနဲ့ ထိသွားတယ်'

ဟု ပြောလိုက်သည်။ ထောင့်ကန်ဘော ပေးလိုက်ရသည်။ ထိုထောင့်ကန်ဘောမှတစ်ဆင့် ကျွန်တော်တို့အတန်းသို့ ဂိုးဝင်ခံလိုက်ရသည်။ ကျွန်တော်တို့ ရှုံးသည်။ ပွဲပြီးသွားသောအခါ ကျွန်တော်တို့အတန်းကကောင်တွေက...

'မင်းတော်တော် တုန်းတဲ့ကောင်၊ ဘာဖြစ်လို့ လက်နဲ့ထိတယ်လို့ ပြောရတာလဲ၊ မင်းကြောင့် ငါတို့ရှုံးတာ'

ဟု ကျွန်တော့်ကို မကျေမနပ်ဝိုင်းပြီး ဆူပူကြသည်။ လက်နဲ့တကယ်ထိလို့ ထိတယ်ပြောတာ ဘာကြောင့် ဒီကောင်တွေက အပြစ်ပြောရတာလဲဆိုတာ နားမလည်နိုင်ချေ။

* * *



အတန်းထဲမှာ ဇာတ်ဝင်သောအခါ ဆရာမက ကျောက်သင်ပုန်းပေါ်မှာ ကမ္ဘာလုံးကြီးပုံဆွဲပြီး လတ္တီကျု လောင်ဂျီကျု မျဉ်းကြောင်းများအကြောင်းပြောသည်။

ကျွန်တော် စိတ်ထဲတွင် ထိုမျဉ်းကြောင်းများသည်တကယ်ရှိသည်ဟု ထင်နေသည်။ မြောက်ယဉ်စွန်းပန်းခေါ် လတ္တီကျု နှစ်ဆယ့်နှစ်ပိုင်း တစ်ပိုင်း ဒီဂရီသည် မြန်မာနိုင်ငံ တီးတိန်မြို့အနီးမှ ဖြတ်သွားသည်ဆို၏။

တီးတိန်မြို့ကို ကျွန်တော် အလွန်သွားချင်သည်။ မြောက်ယဉ်စွန်းတန်းကို ကြည့်ချင်သောကြောင့် ဖြစ်သည်။ မြောက်ယဉ်စွန်းတန်း မျဉ်းကြောင်းကြီးမှာ လယ်ကန်သင်းရိုး အကြီးကြီးတစ်ခုလို တစ်မျှော်တစ်ခေါ်ကြီးဖြစ်နေမှာပဲဟု စိတ်ကူးယဉ်ကြည့်မိ၏။

တစ်ခါတော့ လူကြီးတွေပြောနေကြသော စကားထဲမှာ 'ဖွားသေစာရင်း ကောက်မယ်' ဆိုသော စကားလုံး ပါလာသည်ကို ကြားရ၏။

ဖွားသေ စာရင်းဆိုတာ အဘွားတွေသေတဲ့ စာရင်း ဖြစ်မှာပဲဟု တွေးမိသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့က ကျွန်တော်တို့အဘွားက...

'ညောင်းသလိုလို ကိုက်သလိုလိုနဲ့ကွယ် တေဆေးသောက်ဦးမှပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသည်။ ဖွားသေစာရင်းကောက်မယ်လဲ ပြောတယ် အဘွားကလဲ သေဆေးသောက်မယ်ပြောတယ်။ ဒါဆိုအဘွား တော့ သေတော့မယ်ထင်တယ်ဆိုပြီး ငိုခဲ့ရဖူးသည်။

* * *

အမေက ကျောင်းဆရာမဖြစ်သောကြောင့် မနက် အစော ကြီးသွားရသည်။ ထို့ကြောင့် ကျွန်တော်တို့ ညီအစ်ကိုတတေ ကို မနက်စာကျွေးဖို့၊ ကျောင်းလိုက်ပို့ဖို့၊ မုန့်ဖိုးပေးဖို့ တာ ဝန်ကို ကြီးတော်က ယူထားသည်။

ကျွန်တော်တို့ ကြီးတော် ကြီးသည် ကျွန်တော် တို့ကို ကျောင်းလိုက်ပို့ပြီး ဈေးဝင်ဝယ်သည်။ အိမ်ပြန်ထမင်းဟင်း ချက်သည်။ ကျောင်းစ ခနကာစတုန်းကတော့ နေ့လယ် မုန့် စားဆင်းချိန်မှာ မုန့်လာကျွေးတတ်သေးသည်။

ထိုစဉ်တုန်းက ကြီးတော်ကြီးက တစ်နေ့ မုန့်ဖိုး ငါးပြား ပေးသည်။ သူပေးပုံက မနက်ကျောင်းတက်ခါနီးတွင် ကျွန် တော်တို့ အငယ်နှစ်ယောက်၏ အိတ်ထဲသို့ ပိုက်ဆံ ငါးပြား စီထည့်ပေးသည်။ မုန့်စားဆင်းချိန်မှာ သူကိုယ်တိုင် မုန့်လာ ကျွေးသဖြင့် ကျွန်တော်တို့မှာ တခြားဝယ်စားစရာမလိုတော့ ချေ။ ညနေ ကျောင်းဆင်းလျှင် ကြီးတော်ကြီးကို ပိုက်ဆံ ငါး ပြား ပြန်ပေးရသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ ပိုက်ဆံငါးပြား အိတ်ထဲထည့်ထားခွင့် ရသဖြင့် ပျော်နေတတ် သည်ပင်။



နောက်ပိုင်းကြမှ သူလည်း နေ့လယ်မုန့် လာမကျွေးနိုင် တော့သဖြင့် တစ်နေ့ မုန့်ဖိုးတစ်မတ်ပေးလေသည်။

ကြီးတော်ကြီးသည် ကျွန်တော်တို့ ညီအစ်ကို တတေကို သိပ်ချစ်သည်။ ဂရုလည်းစိုက်သည်။ ပြီးတော့ သူက အစိုးရိမ် လည်းကြီးတတ်သည်။

ကျောင်းသွားခါနီး မိုးသည်းထန်နေလျှင် —

'လေမုန်တိုင်းတွေ ဘာတွေတိုက်ချင် တိုက်နေလိမ့်မယ်၊ ကျောင်းမသွားကြနဲ့'

ဟုပြောတတ်၏။ တကယ်တော့ ကျွန်တော်တို့ ကျောင်း သည် အခိုင်အခံ့ ဆောက်လုပ်ထားသော အုတ်တိုက်ကြီး ဖြစ်သည်။ လေမုန်တိုင်းပဲဖြစ်ဖြစ်၊ လေဆင်နှာမောင်းပဲ ဖြစ် ဖြစ်၊ မှုခလောက်စရာမရှိပါ။ အိမ်မှာနေလျှင်ကာ သူ အလစ် မှာ ကျွန်တော်တို့ မိုးရေထဲ ထွက်ဆော့ချင် ဆော့တတ်လေ သည်။

တစ်ရက်တွင် ကြီးတော်ကြီးက —

'ဒီနေ့ နေကြတ်လိမ့်မယ်၊ ကျောင်းမသွားကြနဲ့'

ဟု ဆိုပြန်ပါသည်။ ကျွန်တော်တို့ ပျော်ကြလေ၏။ နေ ကြတ်တယ်ဆိုတာ စာထဲမှာသာ သင်ဖူးသည်။ တကယ်လက် တွေ့ မမြင်ဖူးသေး။ ဘယ်လိုများနေလိမ့်မလဲဟု ခနကို မော့ မော့ကြည့်ရတာ အမော။ ဒီအတိုင်းမကြည့်နိုင်သဖြင့် အရော င် ပုလင်းကွဲစကို မျက်စိရှေ့မှာခံပြီး ကြည့်သည်။ ထိုအခါ နေ၏ အစွန်းဖျားပိုင်းမှာ အရိပ်ထင်နေသည်ကို တွေ့ရသည်။ ထိုအရိပ်သည် တစ်စစ ကြီးမားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



နေလ ကမ္ဘာကို တတန်းတည်းဖြစ်သွားသောအခါ လ၏ အရိပ်ကမ္ဘာပေါ်ကျသဖြင့် နေရောင်ခြည်ကို မမြင်ရတော့ခြင်းကို နေကြတ်ခြင်းဟု ခေါ်သည်ဟု ကျောင်းမှာ သင်ရသည်။

သို့ဖြစ်လျှင် မကြာခင်မှာပင် နေရောင်ခြည်ကို လုံးဝမမြင်ရတော့ဘဲ မှောင်ကြီးကျသွားလိမ့်မည်ဟု ထင်သည်။

ကျွန်တော်တို့က ကျောင်းမတက် ဖြစ်သော်သည်း ကျွန်တော်တို့ နှမငယ်းကွဲတွေက ကျောင်းသွားနေသည်။ ဒါဆို မှောင်ကြီးကျသွားလျှင် သူတို့တော့ အရမ်းကြောက်နေမှာပဲဟု တွေးမိသည်။

ထို့ကြောင့် ကျွန်တော်နှင့် ကျွန်တော့် အစ်ကိုတို့သည် သူတို့ကျောင်းသို့ ပြေးသွားကြလေတော့သည်။ သူတို့ကျောင်းက ကျွန်တော်တို့ခြံနောက်ဘက်ရှိ ဘုရားဝင်းထဲက မူလတန်းကျောင်းကလေးဖြစ်သည်။

ကျွန်တော်တို့ ရောက်သွားချိန်မှာ မုန့်စားကျောင်း ဆင်းချိန်ဖြစ်သည်။ ကျွန်တော် တို့က သူတို့ကို နေကြတ်သည့် အကြောင်းပြောပြသည်။

အသင့်ပါသွားသော အညိုရောင် ပုသင်းကွဲစဖြင့် နေကို ကြည့်ခိုင်းသည်။ ထိုအချိန်မှာ အရိပ်ကပိုပြီး ကျယ်ပြန့်လာသဖြင့် မိုးအုံ့သလို ညို့ညို့မှိုင်းမှိုင်း ဖြစ်လာသည်။

'အဲဒါ ဘယ်လိုလုပ်ကြမလဲ'

သူတို့က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မေးသည်။



'ဘာလုပ်ရမလဲဟ မှောင်လာရင် နင်တို့ဒုက္ခ ရောက်လိမ့်မယ်၊ ကျောင်းမတက်နဲ့တော့ ပြန်တော့'

'ဆရာမ ဆူမှာပေါ့ဟ'

ထိုစဉ်မှာ ဘေးမှ နားစွန် နားဖျားကြားမိသော တခြား ကျောင်းသား ကျောင်းသူတွေ ဝိုင်းအုံလာပြီး....

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

ဟု ပြောသည်။ ကျွန်တော်တို့ကလည်း ရှင်းပြသည်။ ထိုအခါ ကြောက်လန့်ပြီး ငိုသူကငို လွယ်အိတ်ယူပြီး အိမ်ပြန်ပြေးသူကပြေးနှင့် ဝရုန်းသုန်းကား ဖြစ်ကုန်လေသည်။

ထိုသတင်းမှာ ဆရာ-ဆရာမတွေဆီပါ ပျံ့သွားပြီးနောက်ဆုံး ကျောင်းအုပ် ဆရာမကြီး သိသွားသည်။ ဆရာမကြီးနှင့် ဆရာ-ဆရာမများ ကျောင်းသား ကျောင်းသူတွေကို အတော်လိုက်ပြီး ထိန်းလိုက်ကြရသည်။

အမှန်မှာ ထိုနေ့က နေကြတ်ခြင်းသည် ကစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သည်။ အုံ့မှိုင်းမှိုင်း ဖြစ်သွားရုံသာရှိသည်။ လုံးဝမှောင်သွားခြင်း မဟုတ်ပေ။ ကျွန်တော်တို့ သွားရှုပ်သဖြင့် ဆရာ-ဆရာမများ တော်တော်အလုပ်ရှုပ်သွားရသည်။

* * *

ကျွန်တော်တို့ ကြီးတော်ကြီး နေမကောင်းသဖြင့် ဆေးရုံတက်ရသည်။ အမေက ကြီးတော်ကြီးကို ပြုစုဖို့ ဆေးရုံမှာ သွားရှိစောင့်ရ၏။ ထိုအခါ ကျွန်တော်တို့၏ ကျောင်းမုန့်ဖိုးကို အဖေကိုယ်တိုင် ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အဖေက ညဘက်တွင်အလုပ်မလုပ်သဖြင့် မနက်အိပ်ရာထနောက်ကျသည်၊ ထို့ကြောင့် မုန့်ဖိုးတမတ်ဆီကို ညကတည်းက အဖေ့ စားပွဲပေါ်မှာတင်ထားတည်း။ မနက်ကျောင်းသွားခါနီး စားပွဲပေါ်က ယူပြီးသွားရသည်။

တစ်ရက်ကျတော့ မနက်ကျောင်းသွားခါနီး အဖေ့ စားပွဲမှာသွားကြည့်တော့ မုန့်ဖိုးပိုက်ဆံ မတွေ့ရချေ။ အဖေသည်ကြီးတော်ကြီး ဆေးရုံတင်ရသည့်ကိစ္စနှင့် အလုပ်ရှုပ်ပြီး မေ့သွားခြင်းဖြစ်သည်၊ ကျွန်တော်တို့ကတော့ အဖေ့မှာပိုက်ဆံမရှိတော့လို့ဟုထင်သည်။

မုန့်ဖိုးမပါတဲ့ ကျောင်းသွားရတာလောက် စိတ်ညစ်စရာကောင်းတာ မရှိချေ။ ခါတိုင်း တုန်းက မုန့်စားဆင်းလျှင်ဆင်းချင်း ခေါက်ဆွဲသုပ်ဆိုင် သို့မဟုတ် အာလူးပူရီဆိုင်သို့ပြေးနေကျ ဒီနေ့တော့မုန့်ဖိုးမပါသဖြင့် ဘယ်ဆိုင်နားမှ မသွားနိုင်။ မုန့်ဖိုးမပါသည့်နေ့ကျမှ ဗိုက်က ပိုဆာသည်ဟု ထင်ရသည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် ကျောင်းထောင့်က သစ်ပင်တစ်ပင်အောက်မှာ သွားထိုင်ပြီး ငိုင်နေကြသည်။ စားနေကျအချိန်မှာ မစားရသဖြင့် ပင်ပန်းနွမ်းနယ်သလို ဖြစ်နေသည်။

'ဖေဖေတော့ မေ့သွားပြီထင်တယ်ကွာ၊ ငါတို့ကို မုန့်ဖိုးတောင်မှ မပေးနိုင်တော့ဘူး'

ဟု ကျွန်တော့်အစ်ကိုကပြောသည်။



'အင်း....ဟုတ်တယ်၊ နောက်ဆိုရင် ကျွန်တော်တို့မုန့်ဖိုးရတော့မှာမဟုတ်ဘူး'

ပြောရင်းက နှစ်ယောက်သား ဝမ်းနည်းနေကြလေသည်။ ထိုစဉ်တွင်....

'ဟာ၊ ရှာလိုက်ရတာသားတို့ရာ'

ဆိုပြီးအဖေရောက်လာသည်။ 'ဟင် ဖေဖေ' ဟု ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရေရွတ်လိုက်ကြသည်။

အဖေက....

'မနက်က စားပွဲပေါ်မှာ မုန့်ဖိုးတင်မထား မိလိုက်လို့ သားတို့တော့မုန့်ငတ်နေတော့မှာပဲဆိုပြီး ဖေဖေလိုက်လာတာကွ၊ ကဲ...ရော့'

အဖေက တစ်ယောက် တစ်ကျပ်စီပေးသည်။ ခါတိုင်းတစ်မတ်ပေးနေကျ ခု တစ်ကျပ်ကြီးများတောင် ဆိုတော့ ထခုန်လောက်အောင် ဝမ်းသာသွားသည်။

'ကဲ...မြန်မြန်သွားစားကြ၊ ကျောင်းပြန်တက်လို့ မစားလိုက်ရဘဲနေမယ်'

အဖေ့စကားမဆုံးခင် ကျွန်တော်တို့ မုန့်ဈေးတန်းသို့ပြေးလေပြီး ခေါက်ဆွဲသုပ်စားသည်။ ပူရီလည်းစားသည်။ ရေခဲချောင်းလည်းစားသည် ရှာလပတ်ရည်သည်း သောက်သည်။ ပြီးတော့ နဂါးနီ မရမ်းပြားတစ်ထုပ်စီ ဝယ်ကြသေးသည်။ ဒါတောင် ပြားခြောက်ဆယ်ပိုသေးသည်။

ကျွန်တော့်အကိုက မရမ်းပြားအကာပ်အသယ်တွေ့ပေနေဆီစိမ်စက္ကူကို တမြုံ့မြုံ့ ဝါးရင်း....

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်၊ ဖေဖေပြန်ချမ်းသာလာပြီကွ'

ဟု ဝမ်းသာအားရပြောသည်။

'ဟုတ်တယ်၊ ကျွန်တော်တို့ မုန့်ဖိုးမငတ်တော့ဘူး'

ကျွန်တော့်စိတ်ထဲကတော့ မနက်ကဘဲ အဖေမွဲသွားပြီး နေ့လယ်မှာ ချက်ချင်းပြန်ချမ်းသာလာတာကို အံ့သြနေမိ၏။

* * *

ကလေးဘယ်လို မွေးလာသလဲ ဆိုသောကိစ္စနှင့် ပတ်သက်၍လည်း ကျောင်းသားကြီးတွေနှင့် ကျွန်တော် ငြင်းရသေးသည်။ ကလေးဘယ်က မွေးလဲဆိုတာ သူတို့ပြောပုံက နည်းနည်း ညစ်ပတ်သည်။ ကျွန်တော်က—

'မင်းတို့ပြောတာ မဖြစ်နိုင်ပါဘူးကွာ'

ဟု ပြောသည်။

'မဖြစ်နိုင်ဘူးဟုတ်လား၊ ဒါဆို မင်းပဲ ပြောစမ်းပါဦး'

'ကလေးမွေးတယ်ဆိုတာ အဖေနဲ့အမေ မင်္ဂလာဆောင်လိုက်ရင် သူ့အလိုလိုမွေးလာတာပေါ့ကွ'

သူတို့က ကျွန်တော့်ကို ဝိုင်းဟားကြသည်။ ပြီးတော့....

'မင်္ဂလာဆောင်နဲ့ ကလေးမွေးတယ်ဆိုရင် ဘိုင်စကုပ်တွေထဲမှာ မင်းသားနဲ့ မင်းသမီး မင်္ဂလာဆောင်တဲ့အခန်း ပါတာပဲ ဒါဆို မင်းသမီးတွေ ကလေးမွေးကုန်မှာပေါ့'

'ဒါကတော့ တကယ်မှမဟုတ်ဘဲကွ ဘိုင်စကုပ်ထဲမှာပဲဟာ'



'ဒါဆိုလဲ ဟိုအစ်မကြီးကျတော့ကော ယောကျ်ားမရှိဘဲ ကလေးမွေးတာလေ'

ကျွန်တော် ဦးနှောက်ခြောက်သွားသည်။ သို့ဖြင့် ထိုကိစ္စ အမေ့ကိုမေးကြည့်သည်။

'သားကို ဘယ်လိုလုပ်မွေးတာလဲမေမေ'

'ဗိုက်ကြီးထဲက မွေးတာပေါ့သားရဲ့'

'မဟုတ်ဘူးနော်၊ သားကို ဘာဖြစ်လို့ မွေးလာတာလဲလို့'

အမေကရယ်သည်။ ပြီးတော့....

'မေမေက သားကိုလိုချင်လို့ ဘုရားမှာ ဆုတောင်းလိုက်တာနဲ့ မွေးလာတာပေါ့'

ဟုပြောသည်။ လာပြန်ပြီတစ်မျိုး။ ဘာပဲဖြစ်ဖြစ် အမေပြောတာဖြစ်နိုင်သည်ဟုထင်သည်။ ကျွန်တော်သိချင်တာ တစ်ခု ကျန်သေးသဖြင့်....

'သားက မေမေ့ဗိုက်ထဲကနေ ဘယ်လိုလုပ်ထွက်လာတာလဲ'

'မေမေ့ဗိုက်ကို ဓားကြီးနဲ့ခွဲပြီး ထုတ်ယူတာပေါ့'

အမေ့ဗိုက် ကျွန်တော်လှန်ကြည့်သည်။

'ဟင်း...ဗိုက်ကို ဓားနဲ့ခွဲတယ်လို့ဆိုသေးတယ်၊ အမာရွတ်လဲ မရှိပါလားမေမေရ'

'ကြာတော့လဲ ပျောက်သွားတာပေါ့သားရဲ့'

ဗိုက်ကြီးတစ်ခုလုံးကို ခွဲတာကြတော့ အမာရွတ်ကမထင်

www.burmeseclassic.com

www.burmeseclassic.com



တဲ ပျောက်သွားသည်။ ကျွန်တော့် လက်မှာ မဲရှသားတာလေးကျန်တော့ ခုလက်ထဲ အမှာရွှတ်က မပျောက်သေးသည့်မှာ ထူးဆန်းလှလေ၏။

*　*　*

ကျွန်တော်ငယ်ငယ်က ကျောင်းတက်ရမှာ အ႔တော်ပျင်းသူဖြစ်သည်။ ကျောင်းတစ်ခါသွားဖို့အရေး အချပ်ကူပါ လူဝိုင်းပါ လုပ်ရတတ်သည်။

အိမ်ရာက မထပဲ ငွတ်ပေကပ်ပြီး အိပ်နေသဖြင့် အတင်းဆွဲထူရသည်။ အတင်းမျက်နှာသစ်ပေးရသည်၊ ကော်ဖီနှင့်မုန့်စားဖို့တော့ အတင်း တိုက်တွန်းရသလို၊ နောက်တော့ ချော့ချော့မော့မော့နှင့် အဝတ်အစား လဲပေးရသည်။ ကားပေါ်တက်ခါနီးပြီး ဆိုသည်နှင့် အတင်းရုန်းကန် အော်ဟစ်တော့သည်။ ကားပေါ်အတင်း ပွေ့တင် ကားကိုအမြန်ထွက်ရသည်၊ ဒါတောင် တစ်ခါတစ်ခါ ကားမထွက်ခင် ရအောင် ခုန်ချတတ်သေးသည်။

ကားထွက်သွားလျှင်တော့ ခပ်ငြိမ်ငြိမ်ပင် လိုက်လာသည်။ ကျောင်းရှေ့မှာ ကားရပ်ပြီ ဆိုသည်နှင့် ကျွန်တော်ဘာစခန်း ထပြန်သည်။ ကားပေါ်က မဆင်းဘဲ ပေကပ်နေသည်။ ထိုအခါ အဖေ့တပည့်တစ်ယောက်က ကျွန်တော့်ကို အတင်း ဖမ်းချုပ်၊ ပခုံးပေါ်မှာထမ်းပြီး ကျောင်းထဲ ခေါ်သွားသည်။ ကျွန်တော်က တစ်လမ်းလုံး အော်ဟစ်ရင်း သူကျောကို လက်သီးဖြင့် ထုသွား၏။ ကျွန်တော်မို့ လာပြီဆိုလျှင် တစ်ကျောင်းလုံးက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြရသည်။



ကျွန်တော်တို့ဆရာမကလည်း ကျွန်တော် လာပြီဆိုလျှင် အဆင်သင့် ပြင်ဆင်ပြီး စောင့်နေရ၏။ ကျွန်တော့်ကို ထမ်းလာသူက အသင့်စောင့်နေသော ဆရာမလက်ထဲကို ကျွန်တော့်အားထည့်ပြီး အမြန် ပြန်ပြေးရသည်။ ဆရာမက ကျွန်တော့်ကို အတင်းဖက်ထားရသည်။ ဒါတောင် တစ်ခါတစ်ခါ ဆရာမလက်ထဲက ရုန်းထွက်ပြီး ပြေးတတ်သည်။ ထိုအခါ တခြားဆရာမတွေပါ ကူပြီး လိုက်ဖမ်း ပေးရလေသည်။ ထို့ကြောင့် ကျောင်းက ဆရာ ဆရာမအားလုံးက ကျွန်တော့်ကို သိနေကြသည်။

ကျွန်တော် ကျောင်းမတက်ရအောင် အကြံမ်းနည်းဖြင့်လုပ်လို့မရမှန်းသိသောအခါ ပရိယာယ် မာယာတွေ သုံးပြန်သည်။

မနက်အိပ်ရာက မထပဲ အိမ်ချင်ယောင် ဆောင်နေခြင်း၊ ရေချိုးမှာသစ် သွားတိုက်ရာတွင် အချိန်ဆွဲခြင်း၊ ကော်ဖီနှင့်မုန့်ကို ဖြည်းဖြည်း စားသောက်ခြင်း၊ အဝတ်အစား လဲရာတွင် နှောင့်နှေးအောင် ပြုလုပ်ခြင်းတို့ ဖြစ်သည်။ တစ်ခါတလေ ကျောင်းသွားခါနီးကျမှ ကပ်ပြီးဗိုက်နာတယ်ဆိုပြီး အိမ်သာထဲမှာ အကြာကြီး ဝင်ထိုင်နေတတ်၏၊ ကျောင်းနောက်ကျအောင် ပြုလုပ်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ကျောင်းက စည်းကမ်းကြီးသည်။ ကျောင်းတက် ခေါင်းလောင်းထိုးပြီး အယ်မိနစ်ကြာလျှင် ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတံခါးပိတ်သည်။ လုံးဝ ဝင်ခွင့်မပြုတော့။ ထို့ကြောင့် ကျောင်းနောက်ကျလျှင် ကျောင်းမတက်ရသဖြင့် ထိုသို့ အကြံ အဖန်လုပ်ခြင်းဖြစ်သည်။

နောက်ပိုင်းမှာ ကျောင်းမတက်ရအောင် မကြိုးစားတော့ သော်လည်း ကျောင်းပျင်းသည့် စိတ်ကတော့ ပျောက်မသွားချေ။

ကျွန်တော့်ကို ကျောင်းမှာ ပျော်လာအောင် လုပ်ပေးသူက လေးတန်းတုန်းက ဆရာဖြစ်သည်။ ဆရာသည် စာအသင် အပြအလှန်ကောင်းသည်၊ ကျောင်းသားတွေကိုလည်း အတန်းထဲမှာ မပျင်းအောင်ထားသည်။

မုန့်စားဆင်းပြီး ပြန်တက်ချိန်ဆိုလျှင် ဗိုက်လေးပြီး အိပ်ငိုက်တတ်ကြသည်။ စာသင်နေရင်းက ကျောင်းသားတွေ အိလာပြီဆိုလျှင် ဆရာက....

'ကဲ... အားလုံး မတ်တတ်ထ'ဆိုပြီး အတန်းအပြင်ကို ခေါ် ထုတ်သွားသည်၊ အားကစားရုံထဲ ခေါ်သွားပြီး ဆယ်မိနစ် ဆယ်ငါးမိနစ်လောက် ကစားစေသည်။ ပြီးတော့မှ အတန်း ထဲပြန်ခေါ်ပြီး စာသင်သည်။

တစ်ခါတလေကျတော့ မုန့်စားဆင်းပြီး ကျောင်းပြန်တက် ချိန်တွင် ကျောင်းသားအားလုံး ခုံပေါ်တက် မတ်တတ်ရပ် ခိုင်းပြီး မော်နီတာကို စားပွဲတွေလွယ်အိတ်တွေထဲ လိုက်ရှာ ခိုင်းသည်။ ထိုအခါ အတန်းထဲမှ ဆရာအလစ်ခိုးစားဖို့ ဝယ်



ပြီးဝှက်ထားသော နေကြာစေ့၊ ဇီးငံစေ့၊ မရမ်းပြားစသည် တို့နှင့် ကာတွန်းစာအုပ်များကို သိမ်းဆည်းမိလေတော့ သည်။

ဆရာကထိုအရာများကိုစားပွဲပေါ်မှာပုံထားပြီးသချာ့ပုစ္ဆာ ငါးပုဒ်တွက်ခိုင်းသည်။ အရင်ဆုံးပြီး၍ မှန်လည်းမှန်သူများ ကို ဆုအဖြစ် ခုနသိမ်းထားသော နေကြာစေ့၊ ဇီးငံစေ့ သည်တို့ ပေးသည်။ ပြီးတော့ သူများတွေ သချာ်တွက်နေ တုန်းမှာ ကာတွန်းစာအုပ်တစ်အုပ်စီ ဖတ်နေခွင့်ရလေသည်။

ဆရာသည် ကျွန်တော်တို့ကိုပျော်အောင်ထားသော်လည်း သူစာသင်နေတုန်း စကားပြောနေတာတို့ ငေးနေတာတို့ကို တော့ လုံးဝမကြိုက်ချေ။

တစ်နေ့ကျတော့ ကျွန်တော်တို့ဆရာ ကျောင်းမလာချေ။ ကျွန်တော်တို့မှာ နဂိုကပျော်ရတဲ့အထဲ ဆရာကျောင်းမလာ သဖြင့် ပိုပြီး အစွမ်းကုန် ပျော်ကြလေတော့သည်။

ဟိုဘက်အတန်းကဆရာက ကူထိန်းပေးသည့်တိုင်အောင် အချိန်ပြည့် ကြည့်မနေနိုင်။ ထို့ကြောင့် ကျွန်တော်တို့ လွတ်လပ်ချင်တိုင်း လွတ်လပ်နေသည်။ ဘယ်လောက်ထိလဲဆိုလျှင် ဆရာ့စားပွဲကို အခန်းထောင့်မှာကပ်၍ ဂိုးတိုင်လုပ်ပြီး ဘော လုံးကန်ကြသည်အထိပင်။

အစပိုင်းတုန်းကတော့ ကျွန်တော်မပါ။ နောက်တော့ လူ စုံယောက်လိုနေတယ်ဆိုပြီး အတင်းခေါ်သဖြင့် ဝင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။သေသလုံးပွဲသည် ဝ ဖြည်းဖြည်း အကြိတ်အနယ်ဖြစ်လာ သည်။ အတန်းထဲမှာဆိုတာကို မေ့ပြီး အပျော်ကြီး ပျော် ကြ၏။ အားပေးသူတွေကလည်း လက်ခုပ်တီးသူတီး၊အော်သူ အော် ဖြစ်ချင်တိုင်းဖြစ်ကြတုန်း....

'ဟေ့ ကောင်တွေ' ဆိုသော အသံက ဟိန်းထွက်လာ၏။ တတန်းလုံးငြိမ်ကျသွားသည်၊ အတန်းပေါက်ဝမှာတော့ ဟို ဘက်အတန်းမှဆရာက ကြိမ်လုံးကိုင်ပြီး ရပ်လျက်၊

'ကဲ...ဖွတ်ဘော ပလေရာတွေ အကုန်တန်းစီစမ်း'

ကျွန်တော်တို့ ကြောက်ကြောက်လန့်လန့်နှင့် တန်းစီရ သည်။ ဆရာက တစ်ယောက်နှစ်ချက်စီရိုက်သည်။တစ်ယောက် ပြီး တစ်ယောက်ရိုက်သွားရာ၊ ကျွန်တော့်အလှည့်ရောက်လာ သည်။ရှေ့ကကောင်တွေ ကော့ကော့သွားတာကြည့်ပြီး ကျွန် တော် ကြောက်နေ၏။

ဆရာက ကျွန်တော့်ကိုရိုက်ရန် ကြိမ်လုံးမြှောက်လိုက်သည့် အချိန်တွင် တခြားအတန်းက ဆရာတစ်ယောက် ရောက်လာ သဖြင့် မရိုက်ဖြစ်သေးဘဲ ထိုဆရာနှင့် စကားသွားပြောနေ သည်။

ကျွန်တော်တို့ ရပ်နေကြသည်မှာ နှစ်အုပ်စုဖြစ်နေသည်။ အရိုက်ခံရပြီးသူတွေက ရှေ့နား တစ်အုပ်စု၊ ကျွန်တော်တို့ အရိုက်မခံရသေးသူတွေက နောက်မှာ တစ်အုပ်စုဖြစ်သည်၊ ကျွန်တော့်နောက်မှာ နှစ်ယောက်ကျန်သည်၊ ကျွန်တော့်



နောက်ကကောင်က ကျွန်တော့်ကို ခပ်တိုးတိုးလာပြော သည်၊

'ဟေ့ကောင်...ဒါတို့တွေအရိုက်ခံပြီးသလိုလို ဟာလိုလိုနဲ့ ရှေ့ကကောင်တွေနဲ့အတူတူ သွားရပ်နေရအောင်'

'ဟာ...မလုပ်နဲ့ကွ၊ ဆရာသိသွားရင်ပိုဆိုးနေမယ်'

'ဆရာမမြင်ပါဘူးကွ...ဟိုဘက်လှည့်နေတာမဲ့ဟာ'

'ဟေ့ အေးကွာ၊ ဒါတော့ မလုပ်ရဲဘူး၊ ငါတို့ကို မရိုက်ရ သေးဘူးဆိုတာ ဆရာသိနေတာပဲဥစ္စာ'

ကျွန်တော့်ကို စည်းရုံးလို့မရသဖြင့် နောက်ဆုံးကကောင် ကို ပြောပြန်သည်၊ နောက်တော့ သူတို့နှစ်ယောက်အသာ ကလေးလစ်ပြီး ရှေ့ကရိုက်ပြီးသားအုပ်စုနှင့်သွားရောနေလိုက် သည်။ ကျွန်တော် တစ်ယောက်တည်းရပ်လျက်ကျန်ရစ်ခဲ့၏။

ခဏအကြာ ဆရာက စကားပြောပြီး ဒီဘက်ပြန်အလှည့် တွင် ကျွန်တော့်ကိုမြင်သည်။ ခုနကစ္စကို ရုတ်တရက် မေ့ သွားဟန်တူသည်။

'မင်းက ဘာလုပ်' ဟု ပြောရင်းက ရှေ့ကရိုက်ပြီးသား အုပ်စုကို လှမ်းကြည့်သည်။ခုနကျွန်တော့်ကို ကျော်တက်သွား သော ကောင်နှစ်ကောင်က အရိုက်ခံရပြီးချင်ယောင်ဆောင် သည့်အနေဖြင့် တင်ပါးကိုပွတ်နေလည်း။ ထိုအခါကျမှ ဆရာ သတိရသွားပြီး....

'ဪ...အေး၊ ဟိုဘက်သွားစို့'

www.burmeseclassic.com



ကျွန်တော့်ကို နှုတ်ချက်ရိုက်သည်၊ ဆရာသည် စိတ်ဆိုးေ[illegible] နေပြီဖြစ်သဖြင့် သဘောလောက်သွားရိုက်ခြင်းဖြစ်သည်။ သို့[illegible] တွင် ဆရာ့ကြိမ်လုံးက သေးသေးရှည်ရှည်ဖြစ်သောကြော[illegible] နည်းနည်းတော့ စပ်ဖျဉ်းဖျဉ်းဖြစ်သွားလေသည်။

ကျွန်တော်သည် အတန်းထဲမှာ စာတော်သူဖြစ်၍ ဆရ[illegible] ဆရာမတွေရိုက်တာခံရလေ့မရှိပါ။ ခုရိုက်ခံရသဖြင့် နာတာ[illegible] ထက် ရှက်တာကပိုသည်။ ထို့အပြင် အရိုက်ခံရပြီးချင်ယော[illegible] ဆောင်၍ ရှေ့မှာသွားရပ်နေသော ကောင်တွေက....

'ကောင်းတယ်၊ မင်းတုံးလို့အရိုက်ခံရတာ' ဟုကျွန်တော့်ကို ကဲ့ရဲ့ကြလေ၏။

* * *

ကျွန်တော်ငယ်ငယ်က အမေးအမြန်းထူသည်။ ပြီးတော့ လျှောက်တွေးကြည့်တတ်သည်။

'အရေးယူတယ်ဆိုတာ ဘာလဲဖေဖေ' ဟုအဖေ့ကိုမေးရာ—

'အရေးယူတယ်ဆိုတာ မဟုတ်တာလုပ်လို့ ဖမ်းတာကို[illegible] ပြောတာပေါ့သားရဲ့'

ကျွန်တော်ခေါင်းရှုပ်သွားပြီ။ မအေးမိ၏ သီချင်းတစ်ပုဒ် ထဲက....



'မေတ္တာဂရုဏာထားနော်၊ အားကိုးတဲ့ယူရဲ့အပေါ်၊ အလို လိုက်ကာ ကြင်နာသော်၊ မောင့်အချစ်တော်လေး အေးမိမျိုး ကိုကိုအရေးယူနော်' ဆိုသောအပိုဒ်။ မအေးမိက ဘာတွေ မဟုတ်တာလုပ်လို့ အရေးယူရမှာလဲ၊ ဘာလို့အဖမ်းခံရမှာ လဲဟု တွေးသည်။ အဖေ့ကိုမေးတော့ အဖေကရယ်လျက်—

'ဒီနေရာမှာကျတော့ အရေးယူတယ်ဆိုတာ အရေးတယူရှိ တာ ဂရုစိုက်တာကိုပြောတာကွ၊ အေးမိကို ဂရုစိုက်ပါလို့ ဆိုလိုတာပေါ့ကွာ'

ကျွန်တော်သည် သတင်းစာ ဖတ်စပြုလာပြီ ဖြစ်သဖြင့် သတင်းစာထဲက တချို့စကားလုံးတွေကို သိချင်လာသည်

အခွန်ကောက်တယ်ဆိုတာ ငှက်ပျောခွံတို့ဘာတို့ လိုက် ကောက်တာဖြစ်မှာပဲဆိုပြီး....

'ဘာဖြစ်လို့ အခွံတွေလိုက်ကောက်ရတာလဲ၊ အမှိုက်ရှုပ် မှာ စိုးလို့လား' ဟု မေးဖူးသည်။

သတင်းစာထဲမှာပါတတ်သည့် ခေါင်းပုံဖြတ်တို့ အမြတ် ကြီးစားတို့လို စကားလုံးမျိုးတွေ အကြောင်းလည်း အဖေ့ ကိုမေးကြည့်တတ်သည်။

တစ်ခါက ထမင်းစားနေတုန်း ကျွန်တော်တို့ ကြီးတော် ကြီးဆီမှာ ဟင်းထပ်တောင်းရာ—

'ခုနပဲ အမျှားကြီးထည့်ပေးပြီးပြီ၊ ညစာဖို့မကျန်ဘဲ နေ မယ်၊ ထပ်မရတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုသဖြင့်—

'ကြီးကြီးက ခေါင်းပုံဖြတ်တယ်' ဟု ပြန်ပြောရာ ကြီးဒေါ်ကြီးက နားမလည်သဖြင့်....

'ဘာတွေလာပြောနေတာလဲ၊ ဒီကောင်လေး၊ စကားကြီးစကားကျယ်ကိုပြောတယ်'

ဟု ဆိုလေသည်။

* *

ကျွန်တော်တို့ရပ်ကွက်ထဲမှာ ယိုစုံလုပ်သည့် လုပ်ငန်းတစ်ခုရှိသည်။ လုပ်ငန်းပိုင်ရှင်တွေက ကျွန်တော်တို့နှင့် ဆွေရိပ် မျိုးရိပ်မကောင်းဖြစ်သည်။ ကျွန်တော်တို့က ထိုအိမ်မှာသွားသွားကစားရင်း ခါးထုပ်တွေ ဘာတွေကူထုပ်ပေး၊ စားလည်းစားရသည်။

ထိုအိမ်တွင် အဘောလာနေရင်း အလုပ်လုပ်နေသူ အစ်မကြီး တစ်ယောက်ရှိသည်။ အသက် ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်လောက်ရှိမည်။ လှသည်းလှသည်။ ထိုစဉ်က ကျွန်တော်က ဆယ့်နှစ်နှစ်- ဆယ့်သုံးနှစ်လောက်ရှိမည်။

ထိုအစ်မကြီးက စကားပြောလည်းကောင်းသည်။ အလုပ်လုပ်နေရင်းက သူတို့ရွာ သာယာပုံအကြောင်း၊ ဘောရွာ



လေးတွေအကြောင်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ပြောပြသည်။ တစ်ခါတလေ သီချင်းဆိုပြသည်။ သူ့အသံက အေးအေးလေးနှင့် နားထောင့်လို့ကောင်းသည်။

ကျွန်တော်သည် ထိုအစ်မကြီးကို တော်တော် ခင်မင်တွယ်တာမိလေသည်။ သို့ရာတွင်....

တစ်နေ့ကျတော့ သူရည်းစားထားတာ မိသွားလို့ ဆိုပြီး သူကို ရွာပြန်ပို့လိုက်သည်။ သူက သွားခါနီးမှာ ကျွန်တော့်ကိုဖက်ပြီးငိုသည်။ ကျွန်တော်လဲ ဝမ်းနည်းပြီး မျက်ရည်ဝဲမိလေသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်တော် မကျေနပ်၊ သူ့ကိုတော ပြန်ပို့ပစ်ခြင်းသည် မတရားဘူး ဟုထင်သည်။ ယိုစုံ လုပ်ငန်းပိုင်ရှင်ဒီးလေးကိုလည်း စိတ်ဆိုးသည်။ ထို့ကြောင့် ကျွန်တော်သည် သူတို့အိမ်အေး ထရံမှာ မြေဖြူခဲဖြင့်....

'ခေါင်းပုံဖြတ် အမြတ်ကြီးစားတွေ ကျဆုံးပါစေ' ဟု သွားရေးလိုက်လေတော့သည်။

ဒါ ကျွန်တော့် လက်ချက်ပဲ ဆိုတာ သူတို့ သိသည်။ ဦးလေးက....

'ဟေ၊ မင်းကမျှား ငါတို့ကို အမြတ်ကြီးစားတဲ့ဟုတ်လား....ဟား....ဟား။ တော်တော်လာတဲ့ကောင်ပါလား'

ဆိုပြီး အားရပါး၍ ရယ်လေ၏။ သူ့မိန်းမကလည်း ကျွန်တော့်ခေါင်းကို ပုတ်ပြီးရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားလည်ထားသည်မှာ ခေါင်းပုံဖြတ်အမြတ်ကြီးစားဆိုတာ မကောင်းတဲ့လူတွေ၊ ဒါမျိုးနှင့် အနှိုင်းခံ လျှင် သူတို့ ဆွေ့ဆွေ့ခုန်နေမည်ဟုထင်သည်။

စုဘော့ စိတ်မဆိုးသည့်အပြင် ဟားတိုက် ရယ်နေသေးသည်။ ကျွန်တော်သာလျှင် အောင့်အီးအောင့်သက် ဖြစ်သွားရလေ၏။

* * *

ဦးနှောက်၏ ထူးခြားချက်တစ်ခုမှာ တိုက်ဆိုင်မှု တစ်ခုကို ကြုံရသောအခါ အလွှားတူအဖြစ်အပျက်ကို ဖျတ်ကနဲ သတိရလိုက်မိခြင်းပင်ဖြစ်သည်။

ကျွန်တော်သည် လူပျိုပေါက် အရွယ် ရောက်လာသောအခါ ရည်းစား ထားချင်လာသည်။ ကောင်မလေး တစ်ယောက်ကို ကျွန်တော် ကြိုက်မိ၏။ ထိုသို့ သူ့ကိုစိတ်ဝင်စားနေကြောင်း အရိပ်အယောင်တွေပြသော်လည်း သူက မသိချင်ယောင်ဆောင်နေသည်။



ထိုအခါ ငယ်ငယ်က တူတူပုန်းတမ်းကစားရာတွင် အမေ မြင်လျက်သားနှင့် မမြင်ချင်ယောင် ဆောင်နေသည်ကို သတိရပြီး ပြုံးမိသည်။

သူနှင့် ကျွန်တော် ချစ်သူတွေဖြစ်ကြပြီးနောက် သူ ထိ ...နဲ့စိတ်ကောက်လျှင် ကျွန်တော် ချက်ချင်း ချော့ရသည်။ ကျွန်တော် အလိုမကျတာကို သူကလုပ်လို့ ကျွန်တော်စိတ်ဆိုး ...င် သူ မသိကျိုးကျွံပြုနေသည်။ ထိုအခါ ကိုယ်က ပုန်းနေ ...လျက် သူက လိုက်မရှာသလို ခံစားရလေသည်။

* * *

ကျွန်တော် စာပေနယ်ထဲဝင်ဖို့ ကြိုးစားရာ ဝတ္ထုတိုလေး ...တွေ ကဗျာလေးတွေ တစ်ပုဒ်ပြီးတစ်ပုဒ်ရေးပြီး မဂ္ဂဇင်းတိုက် ...တွေကိုပို့သည်။ အယ်ဒီတာတွေက ပယ်ပစ်သောအခါ ငယ် ...ယ်က ကစားဝိုင်းထဲ ဝင်ခွင့်မရသလိုပင်။

နောက် ဝတ္ထုတိုကလေး တစ်ပုဒ်စ နှစ်ပုဒ်စ အရွေးခံရ ...သောအခါ အားတက်လာပြီး ကြိုးစားရေးသည်။ ဒီတစ်ပုဒ် ...တော့ဖြင့် စာပေပညာရှင်တွေ လက်ဖျားခါသွားစေရမည် ...ထင်သည်။ သိပ်ဂရုတစိုက်ပြုခြင်း မခံရသောအခါ ...င်း ...ဟင်းထုပ်' ဘဝနှင့် နှိုင်းယှဉ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စာပေနယ်တွင် ထမင်းထုပ် ဟင်းထုပ်ဘဝဖြင့်နှစ်အတော ကြာ နေခဲ့ရပြီးမှ ဆရာကြီးတစ်ယောက်က....

'ဒီကောင်လေး စာတော့ မဆိုးပါဘူး'

ဟု ပြောကြောင်း တစ်ဆင့် ပြန်ကြားရသောအခါ ရှ ခေါက်တမ်းကာစားရာတွင်တရားဝင်ပါခွင့်ရခဲ့ပြီး ပထမအကြ စည်းဝိုင်းထဲက နို့ဆီခွက်ကို ကန်ထုတ်လိုက်နိုင်သကဲ့သို့...။

* * *

အိမ်ပြန်ရန် သော်ကာယ်ရထား လက်မှတ် တန်းစီသည် တချို့ လူတွေက တန်းမစီချင်။ ရှေ့က ဖြတ်ဝင်သည်။ တခ ကျတော့ လက်မှတ်ပေါက်နားရောက်နေသူကိုပိုက်ဆံပေးပြီး

'ကျွန်တော့် အတွက်ပါ သက်နိုင်းကျွန်း တစ်စောင်လော ဝယ်ပေးစမ်းပါ'

ဟုဆိုတတ်သည်။

လူ့ပတ်ဝန်းကျင်ထဲမှာလည်း ဒီလိုလူမျိုးတွေ တွေ့ရတ သည်။ ဖြတ်လမ်းလိုက်ချင်သူ။ ဝိနည်းကို လွှတ်ချ ကျော်ပ ရှောင်ပြီး လူလည်ကျသူ။

ထိုအခါမျိုးမှာ ငယ်ငယ်က အတန်းထဲမှာ တန်းစီအရိုက် ခံရသည်ကို သတိရသည်။ ဆရာရိုက်တာ ခံဖို့အတွက် စောင့်နေသဖြင့် တုံးဟု အပြောခံခဲ့ရသည်။



တချို့ လူတွေကျတော့ ဝိသမလောဘဖြင့် မတရား စီးပွား ရှာတတ်သည်။ ဘယ်သူ့မျက်နှာမှမထောက်။ ဘယ်သူ့မှမညှာ။ ထိုသူမျိုးကိုတွေ့လျှင် ငယ်ငယ်ကလို သူတို့ အိမ်နံရံမှာ သွားရေးလို့ မရတော့သဖြင့် စာထဲမှာထည့်ပြီး သရော် ညီး ရှုတ်ချပြစ်တင်သည်။ သူတို့ကတော့ ရယ်ကောင်းရယ် နေလား မသိချေ။

မင်းလူ

(ချယ်ရီမဂ္ဂဇင်း၊ ၁၉၈၆၊ ဩဂုတ်)

www.burmeseclassic.com

www.burmeseclassic.com

# လွန်လေပြီးသောနှလုံးသား

က်

သခါ....

ချ

www.burmeseclassic.com

www.burmeseclassic.com

(၁)

'လေးလေး'ဟု ခေါ်လိုက်သော အသံကို ကြားမိသည် ထင်သော်လည်း ယုံကြည့်မကြည့်ဖြစ်ချေ။ သူ့ကိုသည်လိုရင်းရင်း နှီးနှီးခေါ်လိုက်သည့်လူ ဒီအနားတဝိုက်မှာမရှိနိုင်ဟုယူဆထား သောကြောင့်ပင်။ ပြီးတော့ အသံက မိန်းကလေးတစ်ယောက် ၏ အသံမျိုး။

လပြည့်လကွယ်နေ့တိုင်း ဘုရားတက်လေ့ရှိသော ထုံးစံ အတိုင်း လာခဲ့ခြင်းဖြစ်သည်၊ မရောက်တာ ကြာပြီဖြစ်သော ဝိုလ်တထောင်ဘုရားဘက်သို့ ထွက်လာခဲ့သည်။ အမှတ်တစ် ဆယ် ဘတ်စ်ကားပေါ်မှဆင်းပြီး ဘုရားဘက်သို့ချိုးအကွေ့ ကား ဂိတ်တွင် သူ့ကိုခေါ်သံလိုလို ကြားမိခြင်းဖြစ်၏။ သူ ဆက် လျှောက်လာခဲ့ပြီး အအေးဆိုင်ကလေးကို လွန်သောအခါ....

'လေးလေး၊ လေးလေးဗျ'

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများ တန့်သွားသည်။ နာမည်ကိုတစ်ခေါ်ခေါ်သော ကြောင့် သေချာသွားသည်။ လှည့်ကြည့်သည်။ သူအံ့ဩသွား၏။ လန့်လည်းလန့်သွားသည်။ သူ့ကို ခေါ်လိုက်သူမှာ မိန်းကလေးငယ်တစ်ယောက်။ အလွန်ဆုံးရှိလှမှ အသက်ဆယ့်ရှစ်နှစ်၊ ဂျင်းလွယ်အိတ်ကလေးနှင့် ကျွန်ုပ်တွေ့ထဲကလို စိတ္တဇ ဝေဒနာရှင်ကလေးပေလား၊ သို့တည်းမဟုတ်

'လေးလေးဇေယျ'

'ခင်ဗျာ'

သူဖြေလိုက်မိသည်။ အလိုလေး မိန်းကလေးက ပြုံးပြနေမြဲပင်ကော၊ သူလည်း ပြန်ပြုံးပြရမလို မဲ့ပြရမလို ပြုံးမဲ့မဲ့ ဖြစ်သွား၏။

'လေးလေးက မမှတ်မိဘူးထင်တယ်၊ ဟို တင်းတင်း'

ရယ်နေပြန်ပါပြီ၊ ဦးဇေယျ ကြောင်စီစီ ကြည့်နေမိ၏။ နောက်တော့မှ မိန်းကလေးတစ်ယောက်ကို ကြာကြာ စိုက် မကြည့်ကောင်းဘူးဟု သတိရ၍ မျက်နှာလွှဲတော့မည်အပြု....

'ချက်စူမ အဲ ဟီဟိ'

'ဟယ်'

လွှဲတော့မည်ပြင်လိုက်သောမျက်နှာကိုမလွှဲဖြစ်တော့၊ အံ့ဩ ဝမ်းသာသွားရသည်။ ချက်စူမ်နာမည်ကို ခုချိန်ခေါ် ရန်မသင့် တော်ချေ။ မိချက်ခေါ် တာကောင်းမည်။ သူ့တခြားနာမည် အမယ်လိုမှည့်ထားကြောင်း သတိမရတော့၊



'ဟယ်ချက်စူ မိချက်ပါလား၊ ကြည့်စမ်း၊ လေးလေးတောင် မမှတ်မိတော့ဘူး'

'ဟုတ်တာပေါ့ လေးလေးရဲ့ မတွေ့ကြတာ ငါးနှစ်ခြောက် နှစ်လောက် ရှိနေပြီပဲဟာ'

'ဒါနဲ့ ထွန်းအောင်ကြီးကော နေကောင်းရဲ့လား၊ ခုနေ တော့ကော'

'လေးလေးကလဲ မေးခွန်းတွေကအများကြီးပဲ၊ ကျောင်း ဆရာ စာမေးတာကျနေတာပဲ၊ မှတ်မိသလောက် ပြန်ဖြေ မယ်နော် ဖေဖေက မန္တလေးမှာနေ စစ်တွေကိုပြောင်းရတာ လေးလေးသိပြီးသားမဟုတ်လား၊ စစ်တွေမှာ သုံးနှစ်နေပြီး တော့ ရန်ကုန်ပြောင်းရတာပဲ၊ ဒီကိုရောက်လာတာ နှစ်နှစ် ကျော်ပြီ လေးလေးကော ရန်ကုန်ရောက်တာကြာပြီလား'

'မကြာသေးဘူးကွယ်၊ လေးငါးလပဲရှိသေးတယ်'

'မကွေးကပြောင်းလာတာပေါ့'

'အေး'

မိန်းကလေးသည် လွယ်အိတ်ကို ဟိုယမ်း ဒီယမ်းလုပ်နေ ရင်းမှ....

'ဖေဖေ မေးနေတယ်၊ ခုန လေးလေးမေးတာမေ့သွားလို့ တစ် ခု ကျန်သေးတယ်လေ၊ ခု ကျွန်မတို့ ဘားလမ်းမှာ နေတယ်၊ အိမ်နံပါတ်က....ပဲ၊ လေးလေးကော ဘယ်မှာနေလဲ'

'တောင်ဥက္ကလာ ၁၀၉ လမ်းအိမ်နံပါတ်....

www.burmeseclassic.com

www.burmeseclassic.com



'ယေးလေး အိမ်ကိုလာလည်နော်၊ ဖေဖေတော့သိပ်ဝမ်းသာမှာပဲ'

ခေါင်းညိတ်ပြပြီး 'မေမေကောနေကောင်းရဲ့လား'

'မေမေလား နေကောင်းပါတယ်၊ စကားများတဲ့ရောဂါရှိတယ်'

ဦးဇေယျ မျက်ခုံးတွန့်သွားသည်၊ ငယ်ငယ်ကလို ဆုံးမစကားပြောဖို့ နှုတ်ဆေးနေမိသည်။ အရင်က သူကိုယ်သူ 'သမီးကလေး' ဟု ဖော်တင်သောမိချက်သည် ခုတော့ ကျွန်မတွေ အာတွေဖြစ်နေပြီ။

'အဲ့ ခု မိချက်က ဒီမှာဘယ်သွားမလို့လဲ'

'ကျောင်းသွားမလို့လေ ခု ကျွန်မအာစီဝမ်းမှာ'

မိန်းကလေးက ဒေသကောလိပ်ဘက်သို့ လက်ညှိုးထိုးပြရင်း ပြောသည်။

'ဟုတ်လား လေးလေးလဲ ဘုရားကိုလာတာ ကိုင်းကိုင်းသွားလိုက်ဦး ကျောင်းနောက်ကျနေမယ်'

'နောက်ကျတယ်ဆိုတာ မရှိပါဘူးလေးလေးရဲ့၊ ဖေဖေတို့ကို ဘာမှာဦးမလဲ'

'ပြော် အေး၊ တနင်္ဂနွေနေ့လောက် လေးလေး လာခဲ့မယ်လို့'

'ဟုတ်ကဲ့ သွားမယ်နော် လေးလေး'

မိန်းကလေး နှုတ်ဆက်ခွာသွားသည်။ ဦးဇေယျလည်း



ဘုရားဘက်သို့ ဆက်လျှောက်သွားရင်း 'ငါ့သူငယ်ချင်းရဲ့ သမီးတော် ကောလိပ်ကျောင်းသူ ဖြစ်နေပါပကော' ဟု တွေးနေမိသည်။

* * *

(၂)

ဇေယျနှင့်ထွန်းအောင် ငယ်သူငယ်ချင်းနှစ်ယောက် ရှိသည်။ ဇေယျက ထွန်းအောင်ထက် အသက်တစ်နှစ်ကြီးသည်။ ထွန်းအောင်သည် လူပျော်၊ လူနောက်၊ စာတော်သည် သို့ရာတွင် မကြိုးစား၊ ဇေယျက လူရိုး လူအေး၊ သိပ်ထက်မြက်မှုမရှိ၊ သို့ရာတွင် ကြိုးစားသည်။ ထို့ကြောင့် ပညာရေးဘက်တွင် သူတို့နှစ်ယောက် သူမသာ ကိုယ်မသာရှိကြ၏။ မိဘများ၏ စီးပွားရေး အခြေအနေသည်လည်း တန်းတူလောက်ပင်။ သူ လတ်တန်းစားများဖြစ်သည်။

တင့်တင့်၏မိဘများကချမ်းသာသည်။ ပြီးတော့ ညီအစ်ကို မောင်နှမများထဲတွင် တင့်တင့်က အငယ်ဆုံး၊ အစ်ကိုအစ်မတွေ အားလုံးဘွဲ့ရကုန်ပြီ၊ တင့်တင့်အသက်က အကိုနှင့် တင့်တင့်သည် ခြောက်နှစ်လောက်ကွာသည်။ ထို့ကြောင့် တင့်တင့် ဆိုးသည်။ ကလေးဆန်သည်။ ပိုက်ဆံချမ်းသာပြီး အလိုလိုက် ခံရသော သားသမီးအငယ်ဆုံးတို့၏ ထုံးစံအတိုင်း သိပ် လေးလေးနက်နက် မစဉ်းစားတတ်။ သူလိုချင်တာနှင့် သူလုပ် ချင်တာကိုသာသိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုစဉ်က ဇေယျအသက်နှစ်ဆယ်၊ ထွန်းအောင်က ဆယ့်ကိုးနှစ်၊ တင့်တင့်က ဆယ့်ခုနစ်နှစ်၊ ဇေယျနှင့်ထွန်းအောင်တို့က တက္ကသိုလ်မှာ ဥပစာ(က)တန်း၊ တင့်တင့်က ဆယ်တန်းတို့ပေါ့ ဇာတ်လမ်းနည်းနည်း ရှုပ်လာတော့မည်။

* * *

တင့်တင့်၏ မိဘများသည် တင့်တင့် အရွယ်ရောက်လျှင် ဇေယျနှင့် နေရာချပေးမည်ဟု ရည်ရွယ်ချက် ရှိမရှိကို မသိရချေ။ ဇေယျ အပေါ် ယုံကြည်စိတ်ချသည်ကတော့ သေချာသည်၊ ဇေယျကို သူတို့အိမ်သို့ ခေါ်၍ တင့်တင့်ကို စာပြခိုင်းထား၏။ တနင်္ဂနွေလို နေ့မျိုး။

တင့်တင့်ကလည်း တင့်တင့်ပင်။ ဇေယျကလွဲ၍ ဘယ်သူ စာပြတာကိုမှ လက်မခံ၊ အစ်ကိုနှစ်ယောက်နှင့် အစ်မကြီးတို့ကား တင့်တင့်အဖို့ မုန့်ဖိုးညာတောင်းရန်ကလွဲပြီး အသုံးကျသည်ဟုမထင်။

တစ်ခါက အသက် ခပ်ကြီးကြီး ဆရာမ တစ်ယောက်ကို ခေါ်၍ စာပြခိုင်းသည်၊ တင့်တင့် မကျေနပ်၊ ဆရာဆိုတော့လည်း ဆရာပြီပြီ စာပြဖို့လောက်သာ သိသလို နဂိုကမှ စာသင်ရမှာ ပျင်းသော တင့်တင့်သည် ထိုဆရာကို အလိုမရှိ၊ ထို့ကြောင့် ဆရာက သူ့ကိုရိုသဲ့သဲ့ ပြောပါသည်ဟု မဟုတ်မဟတ် လုပ်ကြံ၍ တိုင်သည်။



ဆရာခမျာ မျက်နှာကောင်းမရသည့်အပြင် တံတောင်းလိုသော တင့်တင့်အစ်ကိုများ၏ ခေါင်းရိုက်ခံခြင်းကိုမခံရခြင်းဖြစ်၏။

ဆရာမတစ်ယောက်ကို ပြောင်းသင်ခိုင်းပြန်သည်၊ ဘယ်ရမလဲ၊ တင့်တင့်ပဲဟာ၊ ဆရာမက သူ့ကို ပေါင်တွင်းကြောဆွဲလိမ်တတ်သည်၊ ဗိုက်ခေါက်ကို ဆွဲဆိတ်သည်ဟု တိုင်ပြန်သည်၊ ပြုတ်သွားပြန်၏။

ဘာကြောင့်မှန်းမသိ၊ ဇေယျနှင့် ကျတော့ တင့်တင့်က ကြည်ကြည်သာသာ ဘင်ယူလေသည်။ ဇေယျသည် စာအသင်အပြ သိပ်ကောင်းလှသည်တော့ မဟုတ်၊ သို့ရာတွင် စိတ်ရှည်သည်။

တင့်တင့်ဆိုးသမျှလည်း သည်းခံသည်။ စာသင်နေရင်းက ပန်းချီဆွဲပြပါ ဆိုလျှင်လည်း မငြင်း၊ သချင်္ချိုင်း တွက်နေရင်းက သူဖတ်ဖူးသော ဝတ္ထုများအကြောင်း ပြောပြသော အခါတွင်လည်း မညည်းမညူ နားထောင်သည်။

တင့်တင့်ကလည်း ဒီလိုဆရာမျိုးမှ ကြိုက်တာ၊ ဇေယျအဖို့ တင့်တင့်ကို စာသင်ပေးရသည်မှာ ညနေခလေးထိန်း အလုပ်သာသာလောက်သာ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ တင့်တင့် ဆိုးသမျှကို ဘာမဆိုင်ညာမဆိုင် သည်းညည်းခံရမည်မှာ သူ့တာဝန်ဖြစ်သည်ဟု ဇေယျက လိုလိုလက်ခံပြီးသား ဖြစ်နေသည်။ ဘာကြောင့်ဟူ၍ကား သူမသိ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဘာကြောင့်ပါလိမ့် ဆိုပြီးတော့လည်း သူ တစ်ခါမှ မစဉ်းစားခဲ့ဘူးချေ။

* * *

ဇေယျာတို့အိမ်နှင့် တင့်တင့်တို့အိမ်က တစ်လမ်းတည်း ဖြစ်သည်။ ထွန်းအောင်တို့အိမ်က နှစ်လမ်းကျော်မှာ။ ဘာပဲဖြစ်ဖြစ် ဇေယျာနှင့်အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သော ထွန်းအောင်သည် တင့်တင့်နှင့် သိကျွမ်းခွင့်ရခဲ့လေတော့သည်။

အစပိုင်းမှာတော့ ပြဿနာမရှိ။ ဤသို့ ဆိုသောကြောင့် နောက်ပိုင်းတွင် ပြဿနာရှိသောကြောင်း သေချာသွားပြီ။ ထွန်းအောင်က တင့်တင့်ကို စိတ်ဝင်စားလာခဲ့ခြင်းပင်တည်း။

တစ်ခါက တင့်တင့် အတွက် ယတြာ ချေရန် ဗိုလ်ဘထောင်ဘုရားသို့ သွားကြသည်။ တင့်တင့်၏ မိဘများက ဇေယျာကိုလိုက်ပို့ခိုင်းသည်။

မူလအစီအစဉ်ထဲတွင် ထွန်းအောင် မပါသော်သည်း သူ အတင်း ကပ်လိုက်လာသည်။ ဇေယျာက သိပ်မလိုက်စေချင်။ တင့်တင့်မိဘများက သူ့ကို ယုံကြည်၍ လွှတ်လိုက်ခြင်း ဖြစ်သည်။

ထွန်းအောင်ကိုပါ ခေါ်သွားကြောင်းသိလျှင် သူ့အတွက်လည်း မကောင်း၊ လူကြီးတွေ သူ့ကို တစ်မျိုး ထင်သွားကြမည်။ သူငယ်ချင်းဖြစ်နေတော့လည်း ငြင်းဆန်မတားမြစ်သာ။

ထွန်းအောင်ကတော့ သိတဲ့အတိုင်းပဲ လူသွက်တစ်ယောက် မဟုတ်လား။ တင့်တင့်နှင့် စတင်သိကျွမ်းရသည်မှ မကြာလှ

...း၊ အလွန်ရင်းနှီးပြီးသော သူများပမာ သူ့အတင့်ရဲလွန်း...ည်။

...စကားတွေ အများကြီးပြောသည်၊ အစပိုင်းတွင် တင့်တင့် ...ရှစ်ကန့်ကန့်လုပ်နေသေးသည်။ နောက်တော့မှ ယတြာ ...န် ပဓာန ပစ္စည်းဖြစ်သော ထန်းရွက်ကို သူဘယ်လိုလိုက် ...ခဲ့ကြောင်း ထွန်းအောင်က ရွှန်းရွှန်းဝေအောင် ပြောပြ ...ဖြင့် တင့်တင့်ကျေနပ်သွားသည်။

...ဟုတ်တော့လည်း ဟုတ်သည်။ ယတြာချေဖို့ ထန်းရွက်လို ...ဟု ဆိုသောအခါ ဇေယျာအခက်တွေ့ရ၏။ ဘယ်မှာသွား ...ရှာရမည်န်း မသိ။ ထွန်းအောင်က သူရှာပေးမည် ဟု ပြော...ည်။

ထွန်းအောင်အတွက်တော့ သိပ်မခက်လှ။ သကျင်းကျွန်း...ာနှင့် ငမိုးရိပ်ဘုတာအကြားတွင် ခြံခင်းကျယ်ကြီးတွေရှိ...ည်၊

ထိုနေရာများတစ်ဝိုက်တွင် ထွန်းအောင် ထန်းရည်သွား...ာက်နေကျ။ ထို့ကြောင့် ထန်းရွက် တစ်စကို ထွန်းအောင် ...ဘင်ရွက်နိုင်ခြင်းဖြစ်သည်။ တင့်တင့်ကို ပြန်ပြောပြသော...ါမှာတော့ ထန်းရွက်တစ်စမပါချေ။

ထိုနေ့က တစ်ချိန်လုံး ထွန်းအောင်ကချည်း စကားပြော...သည်၊ တင့်တင့်ကလည်း ပြန်ပြောသည်၊ သူတို့ပြော...ာ စကားမှာ သည်ဆောင်းဟောခါန် ဇာတ်ကြောင်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဆွေအကြောင်း၊ ထွန်းဝေ၊ မောင်သာ၊ မြင့်မြင့်ဝေ...
အကြောင်း၊ ဖောဝါရားဆိုသော အိန္ဒိယတိုင်းစကုပ်အကြော...
တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုများအကြောင်း၊

ထိုအကြောင်းအရာများတွင် ဇေယျာမကျွမ်းကျင်ချေ...
ရှက်ပေါ်မှာ နံ့သာဖြူ သုတ်လိမ်းပြီး ဘုရားမှာ ခ...
ကန်တော့ပြီးတော့ မြန်ယူ၍ မြစ်ထဲမှာမျော စသော ယ...
ကိစ္စများကို ဦးဆောင်ဦးရွက်ပြုခြင်းကလွဲ၍ ကျန်အချိန်...
တွင် စကားဝိုင်းအလယ်မှာ ငုတ်တုတ်။

* *

'တင့်တင့် စာထဲမှာ စိတ်မဝင်စားဘူးလား'

ဇေယျာ၏အသံသည် ခါတိုင်းနှင့်မတူ၊ ဒီနေ့နည်းနည်း...
ဆတ်ဆတ် ဖြစ်နေသည်ဟု တင့်တင့်ထင်သည်။ သို့ရာတွင်ဇေ...
ကို သူမကြောက်၊ ထို့ကြောင့် ခေါင်းခါပြလိုက်သည်။

'မဝင်စားလို့ မရဘူး၊ စာမေးပွဲလာ နီးနေပြီမဟုတ်လ...
'သုံးလတောင် လိုသေးတယ်'
'သုံးလဆိုတာ သိပ်မကြာတာမဟုတ်ဘူး'
'စာကျက်ရတာ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ'
'အော—ဒါတော့ စိတ်ညစ်တယ်၊ ဝတ္ထုတွေဖတ်၊ ဆို...
ကုပ်တွေကြည့်တာတော့စိတ်မညစ်ဘူးလား'
တင့်တင့်က ပုခုံးကလေးတွန့်၍ ပြုံးပြီး ခေါင်းခါပြသ...



...ဘင်း—စာဆိုရင် သုံးလေးခေါက် ရှင်းပြတာတောင် မ...
...ဘူး ဟိုဟာပေ့ကျတော့ မင်းသား မင်းသမီးပြောတဲ့
...စကားအစ နှင့်မှတ်မိတယ်'
...သူ့ဘာသာသူ မှတ်မိနေတာတော့ တင့်တင့်လဲ ဘယ်ဘက်
...လဲ ပြောရင်းဆိုရင်းတောင် သတိရလာပြီးလှည်းကျိုး
...သီးဇာတ်ကားလေးမှာလေ၊ ဟို ဇေယျာကြီးက ဟိတိ'
...ဇာတ်—တော်စမ်း၊ စာဖတ်ချိန်မှာ အဲဒါတွေ မပြော

...စာမကျက်ချင်တာ'
...ကျက်လို့ မရဘူး၊ ဒီပထမ ကမ္ဘာစစ်ဖြစ်ရတဲ့အကြောင်း
...ရရင် နှင့်ဒီညမအိပ်ရဘူး'
...ဖြစ်သလဲမအိပ်ဘူးပေါ့တင့်တင့်မအိပ်ရရင်အစ်ကိုကြီးလဲ
...နိုင်ဘူး ဘယ်မှာ နက်ဖြန်ဆန်နေးအေးပဲတာတစ်နေ့လုံးအိပ်လို့
...၊ ဒီညမအိပ်ရလဲအရေးမကြီးပါဘူး၊အစ်ကိုကြီးနဲ့ တစ်
... စကားတွေထိုင်ပြောနေရရင် ပျော်စရာ'
...စိတ်စမ်း'
...ယျာအသံစ်ပြတ်ပြတ်ဖြင့် ဟောက်လိုက်သည်၊ ဒီတော့
... တင့်တင့်မျက်နှာကလေး ငယ်သွားပြန်၏၊ ဇေယျာကို
...းကလေး ကလည်ကလည်ကြည့်ရင်း မျက်ရည်ဝဲလာ

...အစ်ကိုကြီး အရင်ကတင့်တင့်ကို ဒီလို တစ်မှခါမငေါက်ဖူး
...' ဟု ငိုသံပါဖြင့် ပြောသည်၊ ဇေယျာမျက်နှာ တင်း...
...တော့၊

www.burmeseclassic.com

www.burmeseclassic.com

'ကဲပါကွယ်....အဲဒီ တစ်ပုဒ်သာ ရအောင်ကျက်လိုက်
ဝဲလာသော မျက်ရည်များ ချက်ချင်း တိတ်သွား
စာအုပ်ကိုကြည့်၍ဖတ်လိုက်၊ မျက်နှာလွှဲပြီး အလွတ်
လိုက်တပ်နေသည်။ စာကျက်နေရင်းကလည်း 'ဒီ ဖာဒီ
သားကလဲ ရှုပ်ကိုရှုပ်တယ်'ဟု ပြောလိုက်ပြန်သည်။
ဇေယျသက်ပြင်းချမိ၏။

* * *

ဇေယျစိတ်ထင့်ခဲ့သည့်အတိုင်းဖြစ်လာသည်၊
ထွန်းအောင်က တင့်တင့်ကို စာလိုက်ပေးခြင်းပင်ဖြ
သည်၊ ထွန်းအောင်က အတင်းအပူကပ်သဖြင့် တင့်
မိတ်ဆက်ပေးခဲ့ရသည်။ ဖြူဖြူသွယ်သွယ်၊ နှာတံပေါ
နှုတ်ခမ်းပါးပါးကလေးဖြင့် ချစ်စရာကောင်းသော တ
ကို ထွန်းအောင်ချစ်မိမည်မှာ သေချာသည်။ ထွန်းအေ
အကြောင်းကိုလည်း ဇေယျသိပြီးသား၊ သူ့အနေဖြင့်
အောင်နှင့်တင့်တင့်ကို မဆုံစေလို၊ သို့ရာတွင် သူနှင့်ထွန်းအေ
ခွဲနေ၍ မရသလို သူနှင့် တင့်တင့်သည်လည်း ခွဲနေ၍
ထိုအခါ သူ့ဘိုနှစ်ယောက်ကို မလွှဲမရှောင်သာပဲ ဆုံစည်
လေတော့သည်။

ဇေယျစိုးရိမ်မိသည်။ထွန်းအောင်သည် ကောလိပ်ကျေ
မှာ မိန်းကလေး ချောချောလှလှမြင်တိုင်း ပိုးပန်းချ
သည်။ ထိုအချက်ကို ဇေယျကြိုက်၊ တင့်တင့်အသက်



သေးသည်၊ ပညာသင်နေဆဲကာလတွင် ဟိုစိတ်မျိုးတွေမ
ချင်၊ ထွန်းအောင်ကရုပ်လည်းအတန်အသင့်ရှိသည်၊ အ
သည်းကောင်းသည်၊ အရေးအကြီးဆုံးမှာ တင့်တင့်မိဘ
က သူ့ကိုယုံလို့အပ်ထားတာ၊ မဟုတ်တာတွေ မဖြစ်
တာတွေ မဖြစ်ရအောင် ထိန်းသိမ်းဖို့ သူ့မှာ တာဝန်ရှိ
ဟု ဇေယျထင်သည်။
င့်တင့်အပေါ် မရိုးသားသောစိတ်မျိုးမထားဖို့ ထွန်း
င်ကို ကြိုတင် တားမြစ်ရမည်ဟု စိတ်ကူးမိသေးသည်။
က ပြောမသွက်ခဲ့ခဲ့တော့၊
အစ်ကိုကြီး သူငယ်ချင်းကတင့်တင့်ကိုစာပေးတာကောင်း
း'
တုန်ခါနေသော အသံစူးစူးကလေးဖြင့် လာပြောသည်။
တုန်လှုပ်သွားသည်၊ ခုလို ဖြစ်ကောင်းဖြစ်လာနိုင်သည်
းရိမ်ခဲ့ပြီးဖြစ်သော်လည်း ခုသောက်မြန်ဆန်လိမ့်မည်ဟု
လင့်မိခဲ့၊ ပြီးတော့လည်း ထွန်းအောင်သည် ခုလိုကိစ္စ
င် သူ့ကိုကြိုတင်အသိပေးလိမ့်မည်ဟု ထင်ခဲ့သည်။ ထိုသို့
ပေးလာလျှင် သူတားဖြစ်အောင် တားမည်ဟု ဆုံးဖြတ်
ခဲ့သည်၊ ခုတော့ လွန်ကုန်ပြီ။
'တင်လို့ပြောပါဦး'
ဇေယျဘာပြန်ပြောရမှန်းမသိ၊ ထွန်းအောင်ကို ဒေါသဖြစ်
၊ သူ့ကိုယ်သူလည်း ဒေါသဖြစ်သည်။ 'ဒီကော—
ာင်ဟူ၍သာ ရေရွတ်နေမိသည်။
'အစ်ကိုကြီးက မတားဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်၏လက်ကလေးသည် ဇေယျလက်မောင်းကို ကိုင်လှုပ်နှိုးနှိုးဖြစ်သွားသည်။ ထိုအခါကျမှ ဇေယျသတိရ သွားပြီး 'မဟုတ်ဘူး၊ မဟုတ်ဘူး' ဟု အာမှန်းမသိ ပြော သည်။ သူတို့နှစ်ယောက်တို့ကြည့်ရသည်မှာ တကယ်စ ရသောတင့်တင့်ထက် ဇေယျဇပို၍ စိတ်လှုပ်ရှား တုန်လှု ပုံရလေသည်။

'အစ်ကိုကြီးကိုအသိပေးပြီးမှ လုပ်တာဖြစ်မှာပေါ့၊ အ ကြီးက ခွင့်ပြုလို့သာ အစ်ကိုထွန်းအောင်က...'

'မဟုတ်ဘူး၊ ဒီကောင်'

ဇေယျသည် ခလောလောဆယ် 'မဟုတ်ဘူးနှင့်' 'ဒီကော ဆိုသော စကားနှစ်ခွန်းကိုသာ ပြောတတ်သွားကဲ့သို့ ဖြ သည်။

အကြီးအကျယ် တုန်လှုပ်ချောက်ချားနေဟန်ရှိသော ကိုကြည့်၍ တင့်တင့် သနားလာမိတော့သည်။ သူကိုယ် ကြုံတွေ့နေရသော ပြဿနာသည် ဒီလောက် ကြီးကြီးက ကျယ် မဟုတ်ဟုသူထင်သည်။ ဒါကိုဇေယျက အရေးတ သဘောထားလေဟန်တူသည်။ ဒေါ်သအလျှောက်ထွန်းအော ကို ထိုကြိုတ်တာတွေဘာတွေ ဖြစ်ကုန်မလားဟု သူ စိုး သည်။ ထွန်းအောင်အပေါ် ဂရုဏာသက်နေမိခြင်းတော ဟုတ်ချေ။

'မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ ဆိပ်တော့ အရေးမ ပါဘူး၊ တင့်တင့်က ပြန်မကြိုက်ရင်ပြီးတာပဲ'



တင့်တင့် လေသံကိုလျှော့၍ ပြောသည်။ ဇေယျကား စုမှ သစကားတွေပြောဖို့ အရှိန်ရလာတော့သည်။

'ဘယ်ဟုတ်မလဲ ဒီကောင် ဒီလိုလုပ်ဖို့မကောင်းဘူး ကိုယ့် ေသးလို ခစားရှောက်ရမယ့်ဟာ'

'ဆိပ်လဲ စိတ်ဆိုးမနေပါနဲ့အစ်ကိုကြီးရယ်၊ သူကို တင့်တင့် ခင်စားပါဘူး၊ သူပေးဘဲ့၊ စာကိုလဲ မယူခဲ့ဘူးသိလား'

ထိုအခါကျမှ ဇေယျသည် တင့်တင့်က သူ့ကိုပြန်ချော့နေ သည့်အဖြစ်ကို သတိသည်လာတော့သည်။ 'တောက်ဟင်း' ပြီး မျက်နှာထားကို လျှော့ချလိုက်ရ၏။ တင့်တင့်သည် ဇေယျကို တစ်ချက်အကဲခတ်ပြီး....

'တင့်တင့်သိချင်တာကဒီလိုပါ၊ ခုကိစ္စမှာ သူက အစ်ကိုကြီး ကိုတင် အသိပေး တိုင်ပင်ပြီးမှ'

'မဟုတ်ဘူး မဟုတ်ဘူး'

ဇေယျ ပျာပျာသလဲ ငြင်းလိုက်ပြီး....

'မဟုတ်ဘူး ဒီကောင် အစ်ကိုကြီးကို လုံးမပြောဘူး၊ ပြော ဲ...'

ဉှတ်တားရမှာပဲ ဆိုသော စကားကို သူမပြောဖြစ်လိုက် ပြောသင့်ဟု ထင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် တင့်တင့် စကားတစ်ခွန်းကို ထပ်ပြောပြန်သည်။

'ဒါဆိုရင် တင့်တင့်တစ်ခုမေးမယ် အစ်ကိုကြီးက တင့်တင့် သူနဲ့သဘောတူသလားတူဘူးလား'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com





ဇေယျ အံ့သြသွား၏။ ထိုမေးခွန်းကို ဘာကြောင့် … သနည်း ဖြေဖို့ခက်လှသည်။ သဘောမတူဘူးလို့ ဆိုလျှင်လ… ဘာကြောင့် ဆိုသော အချက်ကို ထည့်ပြောရမည်။ ထွန်းအေ… နှင့်ပတ်သက်၍အကြောင်းအဆိုးကို သူမပြောချင်။ ထွန်းအေ… သည် သူ့သူငယ်ချင်း 'သဘောတူတယ်' ဟူ၍ကား လုံးဝ… လို့ မဖြစ်နိုင်ချေ။

'ပြောလေ အစ်ကိုကြီး'

ဇေယျသည် အင်းအဲလုပ်နေပြီးမှ ခုနေခါ၌ အကော… ဆုံးဖြစ်သော စကားမျိုးပြောဖို့ သတိရလာသည်။ … စသား။

'ဘာပဲဖြစ်ဖြစ် အခုချိန်ဟာ စာသင်ရမယ့်အချိန်၊ စာထဲ… ပဲ စိတ်ဝင်စားရမယ်၊ တခြားဘာကိုမှ စိတ်မဝင်စားသင့်… ထွန်းအောင်ကိုလဲ နောက်ကို ဒါမျိုးမလုပ်ဖို့ အကိုကြီး … ရမယ်'

တင့်တင့်သည် ဇေယျကို ကြည့်နေရမှ ပြုံးလိုက်သ… သူ့အပြုံးကို အဓိပ္ပါယ် ဖော်ရန် ခက်ခဲလှသည်။ သူပြော…

'အင်းလေ၊ အစ်ကိုကြီး ဆိုလိုတာကို တင့်တင့်သိပါတ…

'ဟင်.... ဘာသိတာလဲ'

ဇေယျ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးမေးလေသ… တင့်တင့် ပြုံးနေရာမှ 'ခစ်ခနဲ' ရယ်လိုက်ပြီး....

'သိတယ်ဆိုရင် ပြီးတာပဲ'

ဟု ပြောပြီး ပြေးထွက်သွား၏။ ဗယ်ညာ ယမ်းခါသွ… သော တင့်တင့်၏ ကျစ်ဆံမြီးကလေးကဲ့သို့ပင် ဇေယျ၏ …

… လုပ်ခဲ့၍ ကျန်ရစ်သည်။ ဇေယျသည် သူလုပ်နေကျ … တစ်ခုကို လုပ်လိုက်၏။ သက်ပြင်းချလိုက်ခြင်းပင်ဖြစ် … သည်။

* * *

…ွန်းအောင် မင်းလုပ်ပုံ ကောင်းသေးရဲ့လားကွ'

…င်းထိန်းချုပ်ချုပ် ပြောမည်ဟု စိတ်ကူးထားတဲ့ ကြား… ဒေါသသံ လွှတ်ကနဲ ပါသွားသည်။

…ဘာဖြစ်လဲကွ ငါကြိုက်လို့ စာပေးတာပဲ'

…န်းအောင်ကတော့ ဇေယျကို သူငယ်ချင်းမို့ မကြောက် …ကြောင့်လား၊ ဇေယျအကြောင်းကို သိနေသောကြောင့် …သိ ခပ်အေးအေး အမူအရာပင် ရှိနေသည်။

…ဘာဖြစ်ရမလဲကွ မင်းပဲစဉ်းစား၊ ကြည့်စမ်းပါဦး'

…န်းအောင်သည် ပြောင်ချော့ချော့ မျက်နှာဖြင့် မေးစေ… …ရင်း စဉ်းစားသလို လုပ်နေသည် ပြီးမှ...

…င်း တော်တော်တော့ ပျော်စရာ ကောင်းမှာပဲ'

…ဘာပြောတာလဲ မင်းက'

…သြော်....သူနဲ့ငါကြိုက်သွားရင် တော်တော် ပျော်စရာ …းမှာပဲလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ ကောင် မင်းကို အဲဒါ စဉ်းစားခိုင်းတာမဟုတ်ဘူး ကွဲ မင်းစဉ်းစားကြည့် အဲ့မင်း'

ထွန်းအောင်သည် ရယ်ချင်သော်လည်း ဇေယျာ ပို၍ ဒေါသ ဖြစ်သွားမည် စိုး၍ အောင့်ထားလိုက်ရသည်။

'ဒီမှာ ထွန်းအောင် တင့်တင့်ရဲ့ မိဘတွေက ငါ့ကိုယုံ အပ်ထားတာ ငါ့သူငယ်ချင်းဖြစ်တဲ့မင်းကလည်းလိုလုပ်တော့ ... အနေနဲ့ တောင်းပါဦးမလား'

'ဇေယျာရာ မင်းတော်တော် အစိုးရိမ်ကြီးတဲ့ကောင်'

'စိုးရိမ်တာပေါ့ကွ မင်းက ကျောင်းမှာလဲ မိန်းကလေး မှန်ရင် အကုန်ကြိုက်တာပဲ မင်းမကြိုက်တာဆိုလို့ ဆရာမ တွေနဲ့ ဘယာကြော်သည် ကုလားမကြီးပဲ ရှိတယ်'

ထွန်းအောင် ဇေယျာကိုနောက်ချင်စိတ် ပေါက်လာသည်။

'ဒါတော့ ငါ့ဝါသနာပဲ ဟာကွာ'

'အဲ့ဒီဝါသနာ ကြောက်တာပေါ့ကွ'

'အလကားပါကွာ ကျောင်းမှာ အပျင်းပြေ လိုက်နေ တာပါ ငါကယ် ကြိုက်တာမဟုတ်ပါဘူး၊ တင့်တင့် တော့ ငါနှစ်နှစ်ကာကာ ချစ်တာပါ'

'ဘာပဲဖြစ်ဖြစ်ကွာ မင်းရုပ်တန်းက ရုပ်လိုက်ပါ တင့်တင့် ဟာ ကလေးသာသာအရွယ်ပဲ ရှိသေးတယ်၊ အခုကိုမှ စဉ်းစား ဆင်ခြင်နိုင်သေးတာ မဟုတ်ဘူး'

ထွန်းအောင်သည် ဇေယျာ၏မျက်နှာကို စေ့စေ့ကြည့် သည်။

'ဇေယျာ မင်းဆို ငါတစ်ခုမေးမယ်'



ဇေယျာ မရဲဘရဲ ခေါင်းညိတ်မိသည်။

'ဒီမှာ သူငယ်ချင်း မင်းကော တင့်တင့်ကိုကြိုက်နေသလား ... ပါဆိုရင်'

'ဟာ ဟေ့ကောင်'

ဇေယျာ၏ မျက်နှာသည်ရဲကနဲ ဖြစ်သွားသည်။ ထွန်းအောင် ပြုံးလိုက်ပြီး....

'မင်း ကြိုက်နေတယ်ဆိုရင်လဲ ငါနောက်ဆုတ်ပေး'

'ဟေ့ — ဟေ့ — တော်တော့ကွာ မင်းစကား'

ဇေယျာသည် ထွန်းအောင်၏ ပါးစပ် ကို လှမ်းပိတ်တော့ မလိုပင် ဖြစ်သွားသည်။ တုန်ခါမှု ရောယှက်သော အသံဖြင့် ပြောသည်။

'ငါ တင့်တင့်ကို နှမလေးတစ်ယောက်လိုပဲ သဘောထား တယ်၊ မဖြစ်သင့်တာမဖြစ်ရအောင် ထိန်းသိမ်းစောင့်ရှောက် ဖို့ ငါ့မှာ တာဝန်ရှိတယ်ကွ၊ ကိုယ်စောင့်ရှောက်ရမယ့်ပစ္စည်း ကို ကိုယ့်သာသာပြန်ခိုးတဲ့အလုပ်မျိုး ငါဘယ်တော့မှ မလုပ် ဘူး၊ သိက္ခာကျလဲမခံနိုင်ဘူး'

'အေးပေါ့ကွာ ငါကတော့ သိက္ခာမရှိတဲ့ ကောင်ကိုးကွ'

ဇေယျာက ထွန်းအောင်မျက်နှာကို ဖျတ်ကနဲ ကြည့်လိုက် သည်။ သူစိတ်မကောင်းဖြစ်သွား၏။ သူအမှတ်တမဲ့ ပြော လိုက်သော စကားသည် ထွန်းအောင်ကိုစော်ကားသလို ဖြစ် သွားသည်။

'ဟာကွာ၊ ခေါ့ရီးပဲ ငါဒီလိုသဘောမျိုးပြောတာမဟုတ် ပါဘူး သူငယ်ချင်းရာ၊ ငါ့အနေနဲ့ ဟိုဟာဖြစ်သွားရင်'

www.burmeseclassic.com

www.burmeseclassic.com



ဇေယျာသည် ဘာဆက်ပြောရမှန်းမသိ။ အမှန်အားဖြင့် ထွန်းအောင်သည် သူ့ကိုသက်သက်မဲ့ နောက်ပြောင်နေခြင်း ဖြစ်ကြောင်း ဇေယျာရိပ်စားမိချေ၊ ထွန်းအောင် အသံတွက် အောင်ပင် ရယ်မိသည်။

'ကဲပါ ဇေယျာရယ် သိပ်လဲ မစိုးရိမ်ပါနဲ့ မင်းပြောတဲ့ အတိုင်း တင့်တင့်ကိုငါ ထပ်ပြီး မနှောင့်ယှက်တော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွ၊ မင်းပြောပုံအရဆိုရင် နုချိန်မှာ တင့် တင့်ဟာ အရွယ်ငယ်သေးတယ် ပညာတစ်ပိုင်းတစ်စ ဟုတ် လား။ ဒီတော့ တင့်တင့်နဲ့ ထွန်းအောင်ပြီးလို့ ကောလိပ် ရောက်ရင်ကော အဲဒီအခါကျရင်တော့ မင်းငါ့ကိုမတားနဲ့ နော် ဘယ်လိုလဲ'

ထွန်းအောင်က ဇေယျာကို အကဲခတ် ကြည့်လိုက်သည်။ ဇေယျာအဖို့ ဒီနေ့တစ်နေ့လုံး အဖြေရခက်သော မေးခွန်းများ နှင့်သာ ကြုံရ၏။

နေ့လယ်ကလည်း တင့်တင့်က 'ထွန်းအောင်နှင့် သဘော တူမတူ' ဆိုသော မေးခွန်းကို မေးခဲ့၏၊ ခုလည်းထွန်းအောင် က မေးလာပြန်ပြီ၊ ဇေယျာ၏စိတ်၌ လွန်ဆွဲသလို ဖြစ်နေပြီး 'အေးကွာ၊ အဲဒီအခါကျတော့ တစ်မျိုးပေါ့'
ဟု မရေမရာပြောမိ၏။

* * *



ထွန်းအောင်သည် ကတိပေးထားသည့် အတိုင်း တင့်တင့် ကို ထပ်မံမနှောင့်ယှက်တော့ချေ၊ စာမေးပွဲမိသောအခါတွင် တင့်တင့်က တစ်နေ့တစ်ခြား လှလာကြောင်း၊ တက္ကသိုလ် ရောက်လျှင် ပို၍ပင်လှလာမည့်အကြောင်း၊ ဇေယျာကိုပြော တတ်တာလောက်သာ ရှိတော့သည်။ သို့ရာတွင် တစ်ကြိမ်တဲ့ အနှောင့်အယှက်ပေးခဲ့ခြင်းသည် အတော်ပင် ထိရောက်သော သည်။

ထွန်းအောင်က စာပေးခဲ့ခြင်းသည် တင့်တင့်၏လှုပ်ရှားစ ပြုနေသော စိတ်ကိုဆွပေးလိုက်သလိုဖြစ်သွား၏၊ အပျိုပေါက် အရွယ်တစ်ယောက်အနေဖြင့် ရုပ်ချင်နှင့်ဝတ္ထုအပြင် စိတ်ဝင် စားစရာတစ်ခု ရှိပါသေးလားဟု သတိရသွားစေသည်။

တင့်တင့်၏ ဟန်အမူအရာတို့သည် ပြောင်းလဲ လာသည်။ ကြာခဏဆိုသလို တစ်နေရာရာသို့ ဟော့ဟော့ဝေးဝေးစိုက်စိုက် ကြည့်နေတတ်သည်။ သူတို့အိမ်သို့ ဇေယျာသွားလျှင် အရင်လို အပြေးအလွှား ထွက်ကြိုခြင်းမျိုး မရှိတော့။ ရှက်ရွံ့ခြင်းတို့ သူ့မျက်နှာပေါ်တွင် မြင်ရလေ ရှိလာသည်။

* * *

'နေ့လယ်က အစ်ကိုထွန်းအောင်နဲ့ တွေ့တယ်သိလား'
'ဟင် ဟုတ်လား၊ ဒီကောင် ဘာလုပ်ပြန်ပြီလဲ'
ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမလုပ်ပါဘူး၊ တင့်တင့်ကျောင်းက အပြန် တွေ့ သူက ဟိုကိစ္စအတွက် တောင်းပန်ပါတယ်လို့ ပြောတယ်'

'ဟင်....တော်သေးတာပေါ့'

'ဘာတော်တာလဲ အစ်ကိုကြီးရဲ့'

'ဟိုဒင်း... ဘာမှမဟုတ်ပါဘူး၊ အဲဒီတော့ တင့်တင့်က ပြန်ပြောလိုက်သလဲ'

'နောက်ကို အဲဒီလိုမလုပ်ပါနဲ့လို့ အစ်ကိုကြီးက မကြိုက် ဘူးလို့'

'သူက ဘာပြောသေးလဲ'

'သူလဲ သိပါတယ်တဲ့၊ ပြီးတော့ တင့်တင့်ကို စာကြီး တဲ့၊ ဒါမှ ကောလိပ်ကို မြန်မြန် တက်ရမှာလို့ ပြော တယ်'

'ဟင်... ဒီကောင်'

'ဘာလဲ အစ်ကိုကြီးရဲ့'

'ဘာမှမဟုတ်ပါဘူးကွယ် ကဲကဲ....အဲဒါတွေပြောမ စာကြည့်ဘော့'

'တင့်တင့်ဘာသာကြည့်လို့ ဘယ်ရမလဲ နက်ဖြန် ဖြေရမှာလေ၊ အစ်ကိုကြီး တွက်ပြပေါ့'

ဇေယျက ဂျီသြမေတြီ ပုစ္ဆာတစ်ပုဒ်တွက်ပြသည်၊ တော့ တင့်တင့်ကို ပြန်တွက်ခိုင်းသည်၊ မရ ထပ်ရှင် က ် တွက်ခိုင်းပြန်သည်။ မရ။



'တင့်တင့် ဘာဖြစ်နေသလဲ'

'မသိဘူး အစ်ကိုကြီး၊ တင့်တင့် အဲ့ဒါတွေ မသိ တော့ဘူး'

'ဟဲ့... မတွက်ချင်လို့ ရမလား၊ နက်ဖြန်ပဲ ဖြေရတော့ ယ် တော်ကြာ စာမေးပွဲကျသွားမှာပေါ့'

'ကျလဲကျပစေတော့ ဒီနေ့ဘာဖြစ်မှန်းမသိဘူး၊ တင့်တင့် င်ထဲမှာတစ်မျိုးကြီးပဲ'

'ဟင် ဘာဖြစ်လို့လဲ နေမကောင်းဘူးလား၊ ထမင်း စားများလို့ ရင်ပြည့်နေတာထင်တယ်'

'အို အဲဒါကို ပြောတာမဟုတ်ပါဘူး'

ဆိုပြီး စာအုပ်ပေါ်တွင် ခဲတံဖြင့် လျှောက်ခြစ်နေ၏။ ဇေယျလည်း ဘာမှမပြောဘဲ တင့်တင့်လျှောက်ခြစ်နေသော အုပ်ကို ငေးကြည့်နေမိ၏။ တင့်တင့်သည် ဇေယျကို ဖျတ် ခနဲမော့ကြည့်လိုက်၏။

'အစ်ကိုကြီး'

ဇေယျ တင့်တင့်ကို ငုံ့ကြည့်သည်၊ တင့်တင့်၏ မျက်လုံး ားသည် အရင်ကနှင့်မတူ၊ ဘယ်လိုမတူတာလဲ ဟူ၍ကား မခွဲခြားတတ်၊ ကြာကြာမကြည့်ရဲသဖြင့် မျက်နှာ လွှဲလိုက် သည်။

'အစ်ကိုကြီး'

ထပ်ခေါ်ပြန်သည်။

'ဘာ... ဘာလဲ'

'တင့်တင့်လေ၊ မနက်ဖြန်စာမေးပွဲ မဖြေချင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com 

စာမေးပွဲကျမှ ဇေယျ ဆက်ကန့်တုန့်ပြီး သတိဝင်လာ

ဖြေလို့ ဘယ်ရမလဲ၊ မဖြေရင် ကျမှာပေါ့'

ဖြေရင်လဲ ကျမှာပဲ၊ တင့်တင့် ပုစ္ဆာတွေမတွက်တတ်ဘူး

ဒါကြောင့် ခု တွက်တတ်အောင် သင်ပေးနေတာပေါ့

အရင်ကတည်းက အစ်ကိုကြီးပြောသားပဲ၊ တင့်တင့်က သင်္ချာ

ညံ့တယ် မဟုတ်လား၊ ပုစ္ဆာတွေ များများ တွက်ပေးပါ

ကဲကဲ ခုတွက်ရအောင် မေးခွန်း ခနပုစ္ဆာ'

ဇေယျသည် ဗလာစာအုပ်ကို ဆွဲယူလိုက်သည်၊ စာရွက်

ပေါ်ရှိ ရှုပ်ထွေးမတြွ ပုစ္ဆာ ပေါ်တွင် ခဲတံ ခြစ်ရာများ

ပြည့်နှက်နေလေသည်။ ဇေယျ သက်ပြင်းချလိုက်သည်။

'ဟင် ... အသစ်ပြန်တွက်ရအောင်'

'မတွက်ချင်ဘူး'

'ဟဲ ....ဘယ်ဖြစ်မလဲ'

တင့်တင့် ခေါင်းခါသည်။

'ခက်ပါသား ဒီကောင်မလေး၊ ဘာဖြစ်နေသလဲ'

'မသိဘူး စာမေးပွဲ ဖြေရမှာ တင့်တင့်ကြောက်တယ်'

'ဟာ...ဘာကြောက်စရာ ရှိလို့ လဲ လွယ်လွယ် ကလေး

ဒီမှာကြည့် ဒြပ်ဂံအေဘီစီမှာ အေစီ ဆက်ဆွဲမျဉ်းကြောင်း

တင့်တင့်သည် ဇေယျဆွဲပြနေသော ပုံကိုမကြည့်၊ ဇေ

မျက်နှာကို လိုက်ကြည့်နေသည်။ ဇေယျသည် ခဲတံကိုချလို

ပြီး 'တင့်တင့်' ဟုပြောသည်။

'အစ်ကိုကြီး'

ကဲပြော ဘာပြောမလဲ၊ မြန်မြန်တွက်ရအောင်'

ဘာမှမပြောသေးပဲ ဇေယျကိုသာ စိုက်ကြည့်နေပြန်သည်။

ပြီးတော့မှ ...

'အစ်ကိုကြီး တင့်တင့်လေ စာမေးပွဲ ဖြေရမှာ သိပ်

ကြောက်တာပဲ၊ နက်ဖြန် တကယ် ဖြေရတဲ့အခါ မပြောနဲ့

ခုတောင် ကြောက်နေတယ် သိလား၊ ဘာဖြစ်တာလဲမသိဘူး

တင့်တင့်လက်တွေ အေးစက်နေတာပဲ၊ ဒီမှာ ကိုင်ကြည့်ပါ

လား'

တင့်တင့်သည် သူ့လက်ကလေးကို ဇေယျ လက်ထဲသို့

ထည့်ပေးလိုက်သည်။ ဇေယျသည် ယောင်ရမ်း၍ ဆုပ်ကိုင်

ကြည့်ပြီးမှ ချက်ချင်း ပြန်လွှတ်လိုက်သည်။ 'ချမ်းလို့ ထင်

တယ်' ဟု အတုန့်အယင်ကြီး ပြောမိလေ၏။

တကယ့်တကယ်တော့ ထိုအချိန်၌ မချမ်းချေ။

မှက်လာနေခေါင်ခေါင်ကြီး။

* * *

တင့်တင့်တို့ စာမေးပွဲ နောက်ဆုံးနေ့ ဖြစ်သည်။

ဇေယျသည် ကျောင်းရှေ့ ကုက္ကိုပင်မှာ ထိုင်စောင့်နေ

သည်။ တင့်တင့်ကို သူစိတ်မချချေ။ တင့်တင့် စာမေးပွဲဖြေနိုင်

မှာမဟုတ်ဟု သူထင်နေသည်။

ညကသည်း အရေးကြီးသော သင်္ချာပုစ္ဆာများ၊ သီအိုရမ်

များကို ဖြောင့်ဖြောင့်တန်းတန်း မတွက်လိုက်ရ၊ စာမေးပွဲ

www.burmeseclassic.com



စတင်ရန် အချက်ပေးခေါင်းလောင်း ထိုးသောအခါ ဇေယျာသည် သူကိုယ်တိုင် စာမေးပွဲဖြေရမည်ကဲ့သို့ ထိတ်ကနဲ လန့်သွားမိသေးသည်။

တင့်တင့်ကတော့ အေးစက်စက်အမူအရာဖြင့် စာမေးပွဲအခန်းထဲသို့ ဝင်သွားသည်။ မထူးတော့ပြီဟူသော သဘောထားလိုက်သောကြောင့်လား။

စာမေးပွဲကို တကယ်ပင် မကြောက်တော့သောကြောင့်လား၊ အကြောက် လွန်သွား၍လား မသိ၊ အမှန်အားဖြင့် သူ့ရင်ထဲတွင် စာမေးပွဲဆိုသော အသိမရှိတော့သလိုဖြစ်နေသည်။

ကြောက်နေ သလား၊ မကြောက် ဘူးလား ဟူ၍လည်း မခွဲတတ်။ ဇေယျာကား စာမေးပွဲ ဖြေနေသော အချိန်အတွင်း အပြင်မှ ရင်တထိတ်ထိတ် စောင့်မျှော် နေရလေသည်။

စာမေးပွဲဖြေချိန် စေ့ရန် နာရီဝက်လောက် အလိုတွင် ကျောင်းပေါက်ဝမှ ထွက်လာသော တင့်တင့်ကို တွေ့လိုက်ရသည်။ တင့်တင့်၏ မျက်နှာထားကို မြင်သည်နှင့် ဇေယျာ ထိတ်လန့်သွားရသည်။

တင့်တင့်၏ အမူအရာသည် စာမေးပွဲ မဖြေနိုင်သောကြောင့် စိတ်ပျက်လက်ပျက် ဖြစ်နေပုံမျိုးမဟုတ်၊ ခု ထိုအမူအရာထက် ပိုဆိုးသည်။ စာမေးပွဲ အကြောင်းကို လုံးဝ စိတ်မဝင်စားသလိုပုံစံမျိုး။ တကယ်တော့ စာမေးပွဲ မေးခွန်းကို တစ်ပုဒ်တလေမျှပင် ဖြေခဲ့ပါရဲ့လားမသိ။



'ဖြေနိုင်ရဲ့လား'

ဇေယျာသည် တင့်တင့်ခပ်လှမ်းလှမ်းအရောက်မှာပင် မနေနိုင်မထိုင်နိုင် လှမ်းမေးလိုက်သည်။ မမေးမဖြစ်လို့သာ မေးသည်၊ အဖြေကို သိပြီးသား။ တင့်တင့် ခေါင်းခါလိမ့်မည်ဟုပင်သော်လည်း မခါ။ ဇေယျာနားမှာ လာရပ်ပြီး....

'မသိဘူး'

'ဟင် ဘယ်လို ကိုယ်ဖြေတာ ကိုယ်မသိဘူး ဟုတ်လား'

'ဘယ်သိမလဲ၊ ဖြေမှမဖြေခဲ့တာ'

'ဘာ'

'ဟုတ်တယ်လေ၊ မေးခွန်းကို ဖတ်ကြည့်တော့ တင့်တင့်တော့ တစ်ခုမှမပါဘူး၊ ဒါကြောင့်'

မိုက်လိုက်ပါဘိကွယ်၊ ဒါကြောင့် ညက အရေးကြီးတဲ့ဟာတွေ တွက်ခိုင်းတာပေါ့'

တင့်တင့်ကတော့ ဘာမှအရေးမစိုက်သလို ခပ်အေးအေးပင်ရှိနေသည်။ ထိုပုံစံမျိုးကို ဇေယျာမကြိုက်၊ စိုးရိမ်ဖွယ်ရာကောင်းသည်ဟုပင်ထင်သည်။

'ကဲကဲလာ အိမ်ပြန်ရအောင်'

'ဟင့်အင်း မပြန်ချင်ဘူး'

'ဘယ်လို ဘယ်လို'

'အိမ်မပြန်ချင်ဘူးလို့ ပြောတာ၊ အစ်ကိုကြီး ဘယ်သွားမလဲ....'

'ဘယ်မှ မသွားပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



တင့်တင့်သည် ကျောင်းဘက်ဆီသို့ ငေးကြည့်နေပြန်သည်။ အတန်ကြာမှ ဇေယျာဘက်သို့ ပြန်လှည့်၍....

'အစ်ကိုကြီး သွားချင်တဲ့ဆီ သွားလေ၊ တင့်တင့်လဲ သွားမယ်'

'အစ်ကိုကြီးက အစ်ကိုကြီးအိမ်ကို ပြန်မှာပေါ့'

တင့်တင့်က ဇေယျာကို မျက်ကန်းဒမ်ာကြည့်သည်။ ဇေယျာသည် တင့်တင့်အကြည့်ကို ရင်မဆိုင်ဘဲ လွှဲဖယ်လိုက်၏။

'အစ်ကိုကြီး'

'ပြောလေ တင့်တင့်'

'တစ်နေရာရာကို သွားကြရအောင်နော်'

'အေး သွားပေါ့'

တင့်တင့်၏မျက်လုံးများသည် အရောင်လက်ကာနဲဖြစ်သွား၏။

'ဘယ်သွားကြမလဲဟင်၊ အစ်ကိုကြီး'

'ဘုရားဖြစ်ဖြစ်၊ တီရုံသွားဖြစ်ဖြစ်ပေါ့၊ ဘိုင်စကုပ်ကြည့်ချင်လဲ အစ်ကိုကြီး'

တင့်တင့်သည် ဇေယျာကို တအံ့တသြကြည့်လိုက်သည်။ ဇေယျာသည်း မျက်နှာလွှဲလိုက်ပြန်၏၊

'အစ်ကိုကြီး တင့်တင့် ဘာပြောတယ်ဆိုတာ နားမလည်ဘူးလား'



'သိပါတယ်ဟာ၊ စာမေးပွဲပြီးလို့ စိတ်အပန်းပြေသွားအောင် လျှောက်လည်ချင်တယ် မဟုတ်လား၊ ဒါဆို အိမ်ပြန်မချိ၊ ထမင်းစားလိုက်၊ နေ့လယ်လောက်ကျမှ အစ်ကိုကြီး'

တင့်တင့်၏ အသံသည် ရှုံးရှုံးရှုံးတုန်တုန်ခါခါ ထွက်ပေါ်သည်၊ ဇေယျာကို ငင်းလက်သောမျက်လုံးများဖြင့် စိုက်ကြည့်သည်။ သူနှုတ်ခမ်းကိုကိုက်လိုက်၏၊ တင်းမာသော မျက်နှာသို့ ရုတ်ခြည်းပြောင်းလဲသွားသည်။

'နေပါစေတော့ အစ်ကိုကြီး၊ ဘယ်မှ မသွားချင်တော့ပါဘူး၊ တင့်တင့် အိမ်ပဲပြန်တော့မယ်'

ဇေယျာရင်ထဲက လှိုက်ကနဲဖြစ်သွားသည်၊ ဘာကြောင့်မှန်း မသိ၊ သက်ပြင်းချမိသော သူသိသည်။

* * *

စာမေးပွဲပြီးကတည်းက တင့်တင့်နှင့်မတွေ့ဖြစ်၊ တင့်တင့်သည်း အိမ်ထဲမှာပင် ကုပ်နေသည်ထင်သည်၊ တစ်လနီးပါးကြာသွားသည်။ ထိုရက်များအတွင်း တင့်တင့်ဆီသို့ အသွားအလာ မသွားမိမှန်းကိုလည်း ဇေယျာသူ ဖာသာမသိ၊ တင့်တင့် ပြောသော ရင်ထဲက တစ်မျိုးကြီးပဲဆိုသည်မှာ သူ့ထံသို့ ကူးလာသည်ဟု ထင်နေ၏။ တင့်တင့်ကို ရှောင်နေခဲ့ခြင်း မဟုတ်။ မလိုလားအပ်သော အဖြစ်အပျက်များနှင့် ကြုံတွေ့ရ

www.burmeseclassic.com



လိမ့်မည်ဟု သူမစဉ်းစားမိခဲ့။ နောင်တသည် သူ့ထံသို့လာ
ပြီဖြစ်ကြောင်းကိုလည်း သူမရိပ်စားမိခဲ့ချေ။

တစ်နေ့သောနံနက်ခင်း၌ တင့်တင့်၏ မိဘများက ဇေ
ကို အရေးတကြီး အခေါ်လွှတ်လိုက်သည်။ ဇေယျရော
သွားသည်နှင့် မျက်ရည်လည်ရွဲဖြစ်နေသော တင့်တင့်မိခင်
ဒေါသမျက်လုံးများဖြင့် ကြည့်နေသော တင့်တင့်၏ ဖခ
တွေ့ရသည်။ ဇေယျစာအစ်စောင်ကို ဖတ်လိုက်ရသည်၊

ဖေဖေနှင့် မေမေရှင့်....

သမီးချစ်သူ အစ်ကို ထွန်းအောင်နှင့် လိုက်သွားပါပြီ၊

ဖေဖေ မေမေနှင့်တကွ အစ်ကိုကြီးဇေယျကိုပါ သမီး
တောင်းပန်ခဲ့ပါသည်။

သမီးမိ

တင့်

* * *

(၃)

ဦးဇေယျသည် ငယ်မူပြန်သက်ပြင်းတစ်ချက်ကိုမှုတ်
လိုက်သည်၊ အမှတ်ဆယ့်တစ်ကားကို ဘယ်လိုစီးခဲ့၍ မှ
မှာ ဘယ်လိုဆင်းခဲ့ပြီး၊ လမ်းကြားထဲကိုဘယ်လိုဝင်၊ မီး
သံလမ်းကို ဘယ်လိုဖြတ်၊ အိမ်သို့ ဘယ်လိုပြန်ရောက်လာ



မသိ။ သွားလာနေကျမို့သာ ခြေထောက်က အလိုလိုလျှောက်
လာခဲ့ခြင်းဖြစ်မည်။ သူ့အတွေးထဲ၌ကား လွန်ခဲ့သော နှစ်
ပေါင်းနှစ်ဆယ်ပတ်ဝန်းကျင်က အဖြစ်အပျက်များသည် တစ်
ရှုန်းတစ်စကျန်ရှိနေတုန်း။

အိမ်ပေါ်သို့လှမ်းတက်လိုက်သည်၊ တံခါးနားတွင် သမင်း
ချိုင့် ရောက်နှင့်နေပြီဖြစ်သည်။ တံခါးဖွင့်၊ ထမင်းချိုင့်ယူ၍
ထဘက်ခန်းသို့ တစ်ချက်လှမ်းကြည့်သည်။ လူအရိပ်အယောင်
မမြင်ရ၊ အိမ်ထဲသို့ဝင်သည်၊ ထမင်းချိုင့်ကို နောက်ဖေးသို့
မသယ်သေးဘဲ အိမ်ရှေ့ခန်းမှာပင်ချထားလိုက်သည်၊ တိုက်ပုံ
အင်္ကျီကိုချွတ်၍ ချိတ်မှာချိတ်သည်ပက်လက်ကုလားထိုင်ပေါ်
ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ထွန်းအောင်နှင့် တင့်တင့်တို့မင်္ဂလာဆောင်ခံပွဲမပြုလုပ်မီ ညက
သူနှင့် ထွန်းအောင်စကားပြောဖြစ်သည်။ စားမေးပွဲအပြီးတွင်
တင့်တင့်က သူ့အချစ်ကိုလက်ခံကြောင်း စာပြန်သည်ဟု ထွန်း
အောင်က ပြောသည်။ သူတို့ဘထိ အကြိမ်မြောက် ချိန်းတွေ့
သောနေ့တွင် တင့်တင့်က အိမ်မပြန်လိုတော့ကြောင်း ပြော
သဖြင့် ခိုးပြေးရသည်ဟုဆို၏။ ဇေယျက သူ့ကို မတိုင်ပင်ရ
ကောင်းလားဟုပြောသည်။ တင့်တင့်က ဇေယျကို ဘာမှမ
ပြောရန် စာပြန်ကတည်းက ထည့်ရေးထားသည်ဟု ထွန်း
အောင်ပြန်ပြောပြသည်။

အိုင်အေ အောင်ပြီးနောက် ဇေယျရုံးတရုံးမှာ ဝင်လုပ်
သည်၊ ထွန်းအောင်က ဘီအေအောင်ပြီးမှ အလုပ်ဝင်သည့်
အဆုရှိပေါက်စကလေးဖြစ်သွားပြီး မန္တလေးသို့ ပြောင်းရ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သုံးလေးနှစ်အကြာတွင် ဇေယျလည်း ရုံးအုပ်ကြီးအဖြစ် မန္တလေးသို့ ပြောင်းရပြန်သည်။ မန္တလေးမှာ ပြန်ဆုံကြပြန်သည်။ ချက်စုမခေါ် မိချက်နှင့် အငယ်ကောင်ထိပ်ပြောင်ကို ဇေယျက ထိန်းကျောင်းရပြန်၏။ နောက် ထွန်းအောင်တို့ စစ်တွေပြောင်းရသည်။ ဇေယျ ကျေးပြောင်းရသည်။ ခုမှ ရန်ကုန်မှာပြန်တွေ့ကြခြင်းဖြစ်လေသည်။

'အန်ကယ်လ်'

သူ့အတေးကို ထာရောက်နှောင့်ယှက်သော ခေါ်သံကို ကြား၍ လှည့်ကြည့်သည်။ တိုက်ခန်းက အိမ်ရှင်၏ တူကလေး။ သူ့ကို ဦးဇေယျ သိပ်အရောတဝင်နေလေ့မရှိ၊ သိပ်ကြည့်မရသောကြောင့်ဖြစ်သည်။ အမှန်အားဖြင့် ကောင်လေးမှာ အပြစ်ဟူ၍ ကြီးကြီးမားမားမရှိ၊ နောက်ဆုံးပေါ် လူငယ်ကလေးတို့ ဝတ်စားနေထိုင်လေ့ရှိသော ပုံစံအတိုင်းသာ ဖြစ်သည်။ ဒါကိုပင် ဦးဇေယျမှာ အမြင်ကပ်စရာဖြစ်နေသည်။ သူကလည်း ဒေသကောလိပ်ကျောင်းသား။

'အန်ကယ်လ်၊ ထမင်းစားလို့ကောင်းရဲ့လား'

ကောင်လေးသည် ပြုံးဖြီးဖြီးလုပ်ရင်း ကြမ်းပြင်ပေါ် ဝင်ထိုင်လိုက်သည်။ ဦးဇေယျသည် ခပ်တည်တည်မျက်နှာထားဖြင့်....

'ဒီမှာ မောင်ဘယ်သူ'

'အေးအောင်ဦးပါ အန်ကယ်လ်'

နာမည်ကိုက အူကြောင်ကြောင်နဲ့ဟု စိတ်ထဲက ရေရွတ်ယင်း....



'အေး ထားပါတော့ကွာ၊ ငါ့ကို အန်ကယ်လ်လို့မခေါ်ပါနဲ့ကွာ၊ မြန်မာလို ဦးလေးလို့ပဲခေါ်ပါ ဒါမှမဟုတ်ရင်လဲ လေးလေးလို့ခေါ်'

'ဪ ဟုတ်ကဲ့ဦးလေး၊ ဟို ထမင်းစားလို့ကောင်းရဲ့လားလို့ အန်တီကမေးခိုင်းလိုက်တယ်'

အမှန်မှာ သူ့အဒေါ်က ဘာမှမမေးခိုင်းချေ။ သူ့ဘာသာ အကွက်ထွင်၍မေးခြင်းဖြစ်သည်။ သူသည် သူ့အဒေါ်ကိုလည်း 'အန်ကယ်ဇေယျက အန်တီဟင်းချက်တဲ့လက်ရာတွေ သိပ်ကောင်းတာပဲလို့ ပြောတယ်'ဟု ဦးဇေယျက ဘာမှပြန်မပြောဘဲ ပြောသလိုလိုလုပ်တတ်သည်။ အေးအောင်ဦးသည် ဦးဇေယျနှင့် သူ့အဒေါ် ဒေါ်ထွေးကြည်ကို ကြိတ်၍သဘောတူနေသူဖြစ်၏။

BURMESE CLASSIC .com

'အေး ကောင်းပါတယ်ကွာ၊ ဒါပေမယ့် မနက်က ငါးပြာရည်ချက်က နည်းနည်းငံတယ်'

'ခင်ဗျာ ငါးပြာရည်ချက်က ငံတယ်'

အေးအောင်ဦး အူကြောင်ကြောင်ဖြစ်သွားသည်။ 'ဘယ်လိုလဲ ဒီအဘိုးကြီး ငါ့ကို ဖိုက်နေပြီလား' ဟူ၍ အကဲခတ်ကြည့်နေသည်။

'အေးလေကွာ၊ ငါးပြာရည်ဆိုတာ ငံတော့ ငံတာပေါ့၊ ဒါပေမယ့် ခံအောင်ချက်ရင် မငံဘူးကွ'

'ဟုတ်ကဲ့လေးလေး'

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ့အဒေါ်ရွှေရောက်လျှင် 'ငြေပြာရည်ချက်ကလေးက ဆိပ်အစပ်တည့်တာပဲလို့ ပြောဘယ်'ဟု ပြန်ပြောချင်ပြောပေလိမ့်မည်။ ဦးဇေယျက ပြောစရာစကား ကုန်ပြီဆိုသောသဘောဖြင့် သတင်းစာကို ကောက်ယူလိုက်သည်။ မအေးအောင်ဦးကား ထွက်မသွားသေးဘဲ။

'လေးလေး'

ဦးဇေယျ လှည့်ကြည့်သည်။ အေးအောင်ဦးက မဝံ့မရဲ ပြုံးရင်း....

'လေးလေးကို မေးစရာတစ်ခုရှိလို့'

'စာမေးမလို့လားကွ အင်္ဂလိပ်စာနဲ့ မြန်မာစာကလွဲရင် ကျန်တာတွေ ကောင်းကောင်းမမှတ်မိတော့ဘူး'

'အဲဒါမဟုတ်ပါဘူးလေးလေးရဲ့၊ ဟို ထွန်းထွန်းအကြောင်း မေးမလို့ပါ'

'ဟေ ဘယ်ကထွန်းထွန်းလဲ'

'နေ့လယ်က လေးလေးနဲ့တွေ့တာလေ'

'ငါ့အသိထဲမှာ ထွန်းထွန်းဆိုတဲ့ကောင် တစ်ယောက်မှ မရှိဘူး'

'ဩော် ဒီလိုပါ၊ ထွန်းထွန်းဆိုတာ ကောင်လေးမဟုတ်ဘူးလေ ကောင်မလေးပါ၊ သူ့နာမည်က ထွန်းတင့်တင့်ထွန်း



တဲ့၊ လေးလေးနဲ့ နေ့လည်က ဗိုလ်တထောင်ဘုရားနားမှာ ရပ်စကားပြောနေတာလေ'

ထိုအခါကျမှ မိခုက်ကိုပြောခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

'သူ့နာမည်က ထွန်းတင့်တင့်ထွန်းတဲ့လား၊ အေးအေး ဟုတ်ပြီ နာမည်ကရှည်တော့ မေ့နေတာကွ ငါကတော့ ငယ်နာမည်ပဲမှတ်မိတော့တာ၊ ဒါနဲ့နေပါဦး မင်းက ဘာဖြစ်လို့ မေးတာလဲ'

'သူနဲ့ လေးလေးနဲ့သိလား'

'သိလို့ စကားပြောတာပေါ့ကွ၊ သူ့အမေနဲ့ငါနဲ့က ငယ်သူငယ်ချင်း'

ဦးဇေယျသည် အေးအောင်ဦးကို အရောမဝင်စဘူး၊ ဝင်နေလေသည်။ ဘာကြောင့်တော့ မိချက်ကိုပြန်တွေ့လိုက်ရခြင်းဖြင့် ထွန်းအောင်တို့ တင့်တင့်တို့နှင့် ပြန်ဆုံရတော့မည်ကို ဝမ်းသာပြီး စကားများများပြောနေမိခြင်းဖြစ်သည်။ ပြီးတော့ ထိုသားစုအကြောင်းကိုလည်းသိချင်နေသည်။

'ထွန်းထွန်းက ကျောင်းမှာဆို ကျွင်းပဲလေးလေးရ၊ တစ်ကျောင်းလုံးမှာ သူ့ကိုဘယ်သူမှမမှီဘူး အရပ်မြင့်တာကိုပြောတာ မဟုတ်ဘူး၊ မိတာကိုပြောတာ သူ့ကိုချက်တဲ့လူတွေ များကြီးပဲ ဒါပေမယ့် သူက တကယ်လန်တယ်'

'ဘာ လန်တယ်၊ ဘာလန်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'လန့်တယ်ဆိုတာ ဖျားတာ အဲ မဟုတ်ဘူး၊ ဖြူဖို့ကောင်းတာကိုပြောတာပေါ့၊ လေးလေးသိပြီလား'

ဦးဇေယျခေါင်းညိတ်ပြသည်။ စကားလုံးတွေ အတိအကျတော့ နားမလည်။ ဆိုလိုရင်းလောက်သာသိသည်။

'အဲ ဒီလိုလေ ဘယ်လိုလဲဆိုတော့ ထွန်းထွန်းက ခုရေလည်လည်ပြောတယ်၊ သူ့ကိုလာဖန်တဲ့လူတွေကို အပြတ်ကောလွှတ်တာချည်းပဲ ဟဲတဲ ပြီးတော့ သူ့ အမေက အသက်သုံးဆယ့်ငါး ခြောက်လောက်ရှိမယ် ထင်တယ်၊ အတွားကြီးကလဲ လှတာပဲ'

'ဟင် မင်း ဘယ်လိုလုပ်သိလဲ' ဟု လွတ်ကနဲမေးမိ၏။ ပြီးမှ 'အာ ဘာလှတာလဲ' ဟု အလျှင်အမြန်မေးလိုက်၏။

'ဟို လှဘာကိုပြောတာပါလေးလေးရ၊ ထွန်းထွန်းကို ကျောင်းလာကြိုတာနဲ့ တွေ့ဖူးတာ'

'မင်းတို့က ဘာစကားလဲကွ ချက်တာတို့ လန့်တာတို့ မိုက်တာတို့'

အေးအောင်ဦးက ဘာမျှပြန်မပြော၊ ပင့်လက်သီးနှင့်တူသော အပြုံးတစ်မျိုးကိုသာ ပြုံးနေလိုက်သည်။

(၇)

ရှေးဟောင်းနှောင်းဖြစ်တွေပြောကြသည်။ စစ်တွေက အကြောင်း၊ မကွေးကအကြောင်း၊ ရန်ကုန်ကအကြောင်းတွေ



ပြောကြသည်။ ဦးဇေယျက ရန်ကုန်ရောက်ခါစ အိမ်ခန်းရှာရခက်ပုံကိုပြောပြသည်။ သူ့အခြေအနေနှင့် ကိုက်ညီမည့် အိပ်ခန်းရှာရသည်မှာ မလွယ် တချို့အိမ်ခန်းတွေက စိတ်ကြိုက်တွေ့သော်လည်း စပေါ်တွေ လခတွေကြီးလွန်းသည်။ သူမနေနိုင် ငွေကိုမှ အဆင်ပြေပြန်တော့ အခန်းကကောင်းပြန်၊ ပြီးတော့ သူ့အတွက် ထမင်းထဲ ပေးစားဖို့ပါ အဆင်ပြေရန်လိုသေးသည်။ နောက်ဆုံး ဘောင်ညွှန့်ထဲက ခုနေသော အိမ်ကိုတွေ့ခြင်းဖြစ်သည်။ အားလုံး အဆင်ပြေသည်။ တစ်ခုပဲ၊ ဟိုဘက်ခန်းမှာနေသော အိမ်ရှင်က အမျိုးကြီးဖြစ်နေခြင်းမင်း။

'ဟ ကောင်းတာပေါ့ကွ၊ ငါ့သူငယ်ချင်းတော့ ဒီတစ်ခါ စွဲလိမ့်မယ်ထင်တယ်'

ဦးထွန်းအောင်က နောက်နေပြန်သည်။ ဦးဇေယျ ခည်း ချက်သွားပြီး....

'ဟာကွာ....မင်းကလဲ'

ဒေါ်တင့်တင့်က 'အစ်ကိုကြီးဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားပုံရတယ်' ဟု ပြောရင်း ဦးဇေယျကို တစ်ချက် လှမ်းကြည့်သည်။ ဦးဇေယျ အခန့်ရခက်လာသည်။ စကားလွှဲဖို့ ကြိုးစားလိုက်ရ၏။

'ဒါနဲ့ ထိပ်ပြောင်တစ်ယောက်ကော မမြင်ပါလား၊ ဒီကောင့် နာမည်ကဘာတဲ့'

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ထွန်းမင်းမင်းထွန်းခလေ၊ မင်းမင်းလို့ပဲခေါ်ကြတယ်၊ အခေ ထိပ်ပြောင်က ငယ်ငယ်ကလို ဆံပင်ကျဲကျဲခလေးမဟုတ်တော့ ဘူးကွ၊ အသက်သာဆယ့်လေးနှစ်ရှိသေးတယ်၊ ဆံပင်ကဂုတ် ထောက်နေပြီ၊ တင့်တင့်ရေ...ဘာလဲကွ၊ ဘတ်တာဖလိုင်းဆို လား အင်တာနေရှင်နယ်ဆိုလား၊ အလယ်ခေါင်က ခွဲထားတဲ့ ဆံပင်နဲ့၊ ငါ့မျက်စိထဲမှာတော့ စာပေဗိမာန်တံဆိပ်နဲ့ တူတယ် ထင်တာပဲကွ...ဟား...ဟား'

'ဘက်မလိုက်ဆံပင်လို့လဲ ခေါ်တယ်တဲ့ မောင်ရဲ့'
ဒေါ်တင့်တင့်ကဝင်ပြောသည်။ ဦးဇေယျကား—
'မင်းတို့က နည်းနည်းပါးပါး မဆုံးမကြဘူးလား'
'ဟေ... ဘာဆုံးမရမှာလဲ'
'ဆံပင်ရှည်တာတို့ဘာတို့ပေါ့ကွာ'

'ဟာကွာ၊ သူ့ခေတ်နဲ့သူပဲဟာ၊ ဒါဆုံးမစရာမှမဟုတ်တာ ငါတို့လဲ ငယ်ငယ်တုန်းက ဗဟင်တီနို ဆံပင်ပုံမျိုးထားလိုက် ကြသေးတာပဲ'
'ငါတော့ ကြည့်လို့မရဘူးကွာ'
'ဒါကြောင့်လဲ မင်းလူပျိုကြီးဖြစ်နေတာပဲ'

'အမယ်၊ မောင်ကလဲ မကြာခင်စွ ဘော့မယ်ဆို၊ ဟိုဘက် ခန်း ဒီဘက်ခန်းကြားထဲက ကာထားတဲ့ထရံကြီး ဖျက်ပစ်ရ တော့မယ်ထင်တယ်'
ဒေါ်တင့်တင့်ကဝင်ပြောသည်။



'ဟာ...တင့်တင့်ကလဲ အစ်ကိုကြီး ဒါတွေစိတ်မကူးတော့ ပါဘူး' ဟု ပြောလိုက်မိသည်။

* * *

တစ်ဘက်ခန်းမှာ ဂစ်တာသံသဲ့သဲ့ ကြားရသည်။ အေး အောင်ဦးဂစ်တာတီးနေခြင်းဖြစ်လေသည်။ ခိုညည်းသလိုသီချင်း သံကိုလည်း မသဲမကွဲ ကြားရသည်။ တစ်ခါက ဦးဇေယျ ဟောက်ထားသောကြောင့်သာ စပ်တိုးတိုးတီးခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် မနက်စောစောစီးစီးမှာပင် အသံကျွန်ဟစ်နေ တတ်သည်။

ဦးဇေယျသည် ရေချိုးမည်ဟု ရေစည်ပိုင်းရှိရာ အိမ်ရှေ့ သို့ ထွက်လာခဲ့သည်။ ထိုစဉ်တွင် ခြင်းတောင်းကလေးကို ကိုင်၍ ဝင်လာသော ဒေါ်ထွေးကြည်ဟု တွေ့လိုက်ရလေသည်။ မျက် နှာချင်းဆိုင် တိုးနေမိသောကြောင့် မလွှဲမရှောင်သာ နှုတ်ဆက် လိုက်ရ၏။
'ဈေးကပြန်လာတာလား'
'ဟုတ်....ဟုတ်ကဲ့'
'ဪ....အင်း'
ဒေါ်ထွေးကြည်သည် လောကွတ်ပျူငှာ စကားတစ်ခွန်း ပြောရန် အပူတပြင်း စဉ်းစားလိုက်သည်။ အိမ်ရှင်နှင့်အိမ်ငှား ဖြစ်သော်လည်း သူတို့နှစ်ယောက်သည် တစ်ခါမျှစကားလက် ဆုံမကျဘူးချေ။

www.burmeseclassic.com

www.burmeseclassic.com



'ဟို....ထမင်းမျှားစားရတာ အဆင်မပြေပါရဲ့လား'

ဒေါ်ထွေးကြည် ခေါင်းခပ်ငုံ့ငုံ့ နေရင်းမေးသည်။ ဦးဇေယျလည်း ရေချိုးကာနီးဖြစ်သောကြောင့် အပေါ်က စွပ်ကျယ်အင်္ကျီ ဝတ်မထားသည့်အတွက် ရှက်သလိုလို ဖြစ်နေသည်။

'ဪ....ဟုတ်ကဲ့၊ ပြည့်စုံပါတယ်၊ အဲ မနေ့ ညနေ့က ဟင်းတွေက နည်းနည်းငန်တယ်'

'ရှင်....ဪ....ဟုတ်ကဲ့၊ ကျွန်မအဆင်ပြေအောင်စီမံပါ့မယ်'

ဒေါ်ထွေးကြည် အိမ်ခန်းထဲသို့ အမြန်ဝင်လာခဲ့သည်။ ဂစ်တာတီးနေသော အေးအောင်ဦးနားတွင် ဆောင့်ကြောင့်ထိုင်သိုက်၏။

'မောင်အေး၊ နင် ဘယ်လိုလုပ်တာလဲဟင်'

'ဘာသဲ အန်တီရဲ့၊ ဘာဖြစ်လို့လဲ'

အေးအောင်ဦးက ဂစ်တာခေါက်နေရင်းကပင် ပြန်မေးသည်။ ဒေါ်ထွေးကြည်က ဂစ်တာကြိုးများကို ဆုပ်ကိုင်ထားလိုက်မှ အတီးရပ်သွားသည်။

'နင် နင် မနေ့က မနက်ကပြောတာလေ'

'ကျွန်တော်ပြောတာတွေ အများကြီးပဲဟာ၊ ဘယ်မှတ်မိတော့မလဲ'

'ခုမှ မသိချင်ယောင်ဆောင်မနေနဲ့ ဟိုဘက်ခန်းက ဦးဇေယျက ဟင်းတွေချက်တာ သိပ်ပေါ့သလဲလို့ ပြောတယ်ဆို'



အေးအောင်ဦး ဘာမျှပြန်မပြောဘဲ ပြုံးစပ်စပ်လုပ်နေသည်။

'နင်ပဲပြောတယ်၊ ငံပြာရည်ချက်တောင် ပေါ့တယ်လို့ပြောတယ်ဆိုလို့ လေးလေးချက်လိုက်တာ၊ စုငါ့ကို ဟင်းတွေငန်တယ်လို့ ပြောလိုက်တယ်သိလား'

'ကျွန်တော်က နောက်တာပါ အန်တီရဲ့၊ အန်တီကလဲ လေးလေးဦးဇေယျ ထမင်းစားမကောင်းမှာ စိုးရိမ်နေလို့ပါ'

'ဟယ်....ဒီကောင်လေး၊ တိုးတိုးပြော၊ ဟိုက ကြားသွား တစ်မျိုးထင်နေဦးမယ်၊ ကိုယ့်အိမ်မှာငှါးနေတဲ့လူ အဆင်ပြေအောင်တော့ ဆောင်ရွက်ပေးရမှာပေါ့'

'ကျွန်တော်ကလဲ ဒါပဲပြောတာပါ'

ဒေါ်ထွေးကြည်သည် သူတူ၏ခေါင်းကို ခပ်ဖွဖွ မနာအောင်ခေါက်သည်။ ပြီးတော့ တစ်ဘက်သို့လှည့်၍ သူ့တူ ကြည့်အောင်ပြုံးသည်။

ထိုအချိန်တွင် တစ်ဘက်ခန်းမှာဦးဇေယျ သည်ခေါင်းလိမ်းဆီ လိမ်းနေလေသည်။

၅။

အေးအောင်ဦးထံမှသီချင်းတစ်ခုကို ကြားရသဖြင့် ဦးဇေယျ ပြုံးသွားမိသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မိချက်သည် ကောင်လေးတစ်ယောက်နှင့် တွဲနေသည်တဲ့။ ထိုကောင်လေးသည် သူတို့ကျောင်းကမဟုတ်။ ဆေးတက္ကသိုလ်ကလို့ပြောသည်။

ဖယ်မလီယာ ကားကလေးဖြင့် လာတတ်သည် ဆိုး... ဦးဇေယျ စိုးရိမ်မိသည်။ ဆေးကျောင်းသားပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ ဒီအရွယ်ကလေးတွေ တွဲကြပူကြသည်ကို သူမနှ... မိုသည်အပုန်။ပြီးတော့ မိချက်၏ အရွယ်သည် ဟိုအရင်အခါ... တုန်းကလို....

တင့်တင့်တို့အရွယ်။

ဦးဇေယျသည် အရေးပေါ် မျက်နှာထားဖြင့် ဦးထွန်း... အောင်တို့အိမ်သို့ ရောက်သွားသည်။ ဒေါ်တင့်တင့်ပါ ရှိနေ... သဖြင့် သူပြောချင်သော စကားများကို ကြိတ်မှိတ် အောင့်... အည်းနေရ၏။

တော်တော်ကြာမှ ဒေါ်တင့်တင့် ကားကို ကိုယ်တိုင်... မောင်း၍ အပြင်ထွက်သွားသည်။ ဦးဇေယျသည် သူကြား... ရသောသတင်းကို မျက်စိပျက်မျက်နှာပျက်ဖြစ်လျက်ပြော... လေသည်၊

'အဲဒါ ဘာဖြစ်လဲကွ'

ဦးထွန်းအောင်က သိပ်အရေးမကြီးသလို ပြန်ပြောသည်... ဦးဇေယျ အံ့အားသင့်သွား၏။

'ဟာ... ထွန်းအောင် မင်း ဘယ်လိုပြောလိုက်တာလဲ'

'ဘာဖြစ်လဲကွ၊ ကောလိပ်ခေတ် ရောက်နေပြီပဲ'

ဦးထွန်းအောင်က ခပ်ပြုံးပြုံးပြန်ပြောသည်။



'ဟေ့ ငါတော့ မင်းကို အံ့သြနေပြီကွ၊ ဘယ်လိုလဲ၊ ...သမီး ဟိုဒင်း ဖြစ်နေတာတောင်'

'ဇေယျ ခင်းဗျာလေ၊ တော်တော် ခေတ်နောက်ကျတဲ့... ...ောင်၊ အဲဒီကိစ္စကို ငါလဲသိပါတယ်ကွ၊ အဲဒီ ကောင်လေး ... သမီးကိုတစ်ခါ ကားနဲ့ လိုက်ပို့ဖူးတယ်၊ ငါနဲ့တောင် ...တဖြုတ် စကားပြောဖြစ်လိုက်သေးတယ်၊ မဆိုးပါဘူး ...ည်ရည်မွန်မွန်ပါပဲ'

...ဦးဇေယျသည် ဘာမျှပြန်မပြောနိုင်ပေ။ ပါးစပ်အဟောင်း ...ဖြစ်နေမိ၏။ ရုပ်ရှင်ထဲမှာဆိုလျှင် သူ့လက်ကို သူ ဆွဲ ...ကြည့်ခြင်း၊ မျက်လုံးကို ပွတ်ခြင်းများ ပြုလုပ်ပေလိမ့်...

...ပ်မက်များ မက်နေသလားလို့၊ ခုဟာက တကယ်ဖြစ် ...င်းကိုလည်း ကောင်းကောင်းကြီး သိနေသည်။ပြီးတော့ ...းအောင် ဆက်ပြောသော စကားကြောင့် သူသည် ...ခြင်း အထွတ်အထိပ်သို့ ရောက်သွားသည်။

...းတော့ သမီးကပြောတယ်ကွ၊ ခုဟာက ရိုးရိုးတွဲနေ ...တဲ့၊ သူငယ်ချင်းလိုပေါ့ကွာ၊ အဖြေမပေးရသေးပါဘူး ...တယ်'

...က်ကန္ဒ' ဖြစ်သွားသည်။ အတန်ကြာ မှင်သက်မိနေ ...ားကုံးရာတစ်ခုကို သတိရမိ၏။

...င့်တင့်ကရော ဘာမှမပြောဘူးလား'

...တဲ့....တင့်တင့်လား၊ သူဒါတွေ စိတ်မဝင်စားပါဘူး ...သူစိတ်ဝင်စားတာက ပုတီးစိပ်ဖို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်ကနဲ' ဖြစ်သွားပြန်သည်။

'ပုတီး ဟုတ်လား'

'အေးလေ ဒါပေမယ့်၊ ဆင်စွယ်တို့၊ ကျောင်းသားတို့ သားတို့နဲ့ လုပ်တဲ့ပုတီးမှဟုတ်ဘူးကွ၊ စက္ကူချပ်ကလေးတွေ နဲ့ပလတ်စတစ်တွေနဲ့၊ ကုလားရုပ်တွေလဲ ပါတယ်လေ၊ ဂျိုက ကဘော့ နှစ်ကောင်လောက်ပဲပါတာပေါ့'

ဦးဇေယျသည် ဥရောပ နိုင်ငံတစ်ခုသို့ ပညာတော် ရောက်နေရသလားဟု ထင်မိ၏။

* * *

BURMESE CLASSIC .com

ဒေသကောလိပ်(၁) အပေါ်ထပ် ကြောင်လိမ်လှေ နားတွင် သူတို့နှစ်ယောက် ဆုံကြသည်။ အေးအော ထွန်းတင့်တင့်ထွန်း။ အေးအောင်ဦးသည် ထွန်းတင့်တ ဘေးမှ ဖြတ်လျှောက်သွားရင်း 'ချက်ဆိုဗိုက်မှာကပ်နေ ဟု မကြား တကြား ပြောသွားသည်။ ထွန်းတင့်တ တံ့ကနဲ ရပ်လိုက်၏။

'ဒီမှာ အေးကြောင်ဦး'

ထွန်းတင့်တင့်ထွန်းက လှမ်းခေါ်လိုက်သည်။ အေး ဦး လှည့်သွားမှ ပြန်လှည့်လိုက်သည်။



'ဘာလဲ မိချက်'

သူ့ကို မိချက်ဟုခေါ်သဖြင့် အောင့်သက်သက် ဖြစ်သွား သည်။ သို့ရာတွင် ထိုအကြောင်းကို မပြောဖြစ်။ သူကလည်း ကြောင်ဦးဟု ခေါ်မိတာကိုး။ ထွန်းတင့်တင့်ထွန်းသည် နာထား ခပ်တင်းတင်း ပြောလိုက်သည်။

'နင်နဲ့ ငါနဲ့ စာရင်း ရှင်းစရာရှိတယ်'

အေးအောင်ဦးသည် ပခုံး နှစ်ဘက်ကို တွန့်လိုက်ပြီး.....

'စာရင်းရှင်းစရာရှိဘယ် ဟုတ်သား၊ နင့်ဆီက ငါဘယ် က ပိုက်ဆံချေးဘူးလို့လဲ၊ စာရင်းရှင်းတယ်ဆိုတာ လုပ် ငန်းဆေးရေးအဖွဲ့ရဲ့ တာဝန်ပါဟ'

'ဒီမှာ အေးအောင်ဦး အူတူတူ လာလုပ်မနေနဲ့ နင် ေးဇေယျကို ငါ့အကြောင်းတွေ ဘာတွေ လျှောက် သွားသလဲ'

အေးအောင်ဦးက မခန့်လေးစား ုံးလိုက်ပြီး....

'ဟုတ်တာ မမှန်တာကို ငါဘယ်တော့မှ မပြောဘူး'

ထွန်းတင့်တင့်ထွန်း ကြောင်သွားသည်။ ဘာ ပြန်ပြောရ သိ၊ သူဒေါသဖြစ်လာသည်။

'ငါ သွားနိုင်ပြီလား'

အေးအောင်ဦးက မထီလေးစားမျက်နှာဖြင့် မေးလိုက်

ဦး၊ နင့်ကိုပြောစရာရှိသေးတယ်၊ နင်က ဘာကောင် နဲ့သာဆိုင်လို့ ဝင်ရှုပ်ရတာလဲ ဟိုစကားဒီပို့ ဒီစကား လုပ်တာ ငါမကြိုက်ဘူး၊ ဟင်း....နင့်စကားကို ငါဆွဲဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်လို့ ငါ့ကို ကလဲ့စား ပြန်ချေတာပေါ့ ဟုတ်လား
ဟင်း...ဟင်း မရဘူး၊ အေးအောင်ဦး ရှိဂျင်နယ်မှာ ဒီ[illegible] လူမျိုးတွေအတွက် သိပ်မချောင်ဘူးနော်'

'ငါက စေတနာနဲ့သတိပေးတာဟ၊ ဟိုလူက တို့ကျောင်း[illegible] ဆလဲမဟုတ်ဘူး၊ သူ့အကြောင်းလဲ သေသေချာချာ သိသေး[illegible] တာမဟုတ်'

'တော်စမ်းပါ၊ သူ့အကြောင်း သိချင်ရင် နှင့်ဘာသာ[illegible] စုံစမ်းကြည့်ပါလား၊ ဒါမှ ဆားပုလင်း အေးကြောင်ဦးချေ[illegible] နာမည်ကြီးချင်ကြီးလာမှာ'

ထွန်းတင့်တင့်ထွန်း လှည့်ထွက်သွားသည်။ မအေးအောင်[illegible] မျက်နှာငယ်လေးဖြင့် ကျန်ခဲ့သည်။

ထိုနေ့ ညနေစောင်းတွင် ဦးဇေယျ ဗိုလ်တထောင်အဆော[illegible] သို့အလာတွင် ကမ်းနားလမ်းပေါ်၌ အရှိန်ပြင်းစွာ မော[illegible] နှင်နေသော ဖယ်မလီယာ ကားကလေးကို တွေ့ရသ[illegible] ကားမောင်းသော ကောင်လေး၏ ဘေးမှာ ထိုင်နေသ[illegible] ထွန်းတင့်တင့်ထွန်းခေါ် ထွန်းထွန်းခေါ် မိချက်ခေါ်-

ချက်စူမ။

* * *



(၆)

ညှိခန်းထဲတွင် အတော်ကြာ စကားမပြောဖြစ်ဘဲ တိတ်[illegible]တိတ်စွာ ထိုင်နေမိသည်။ ဦးထွန်းအောင်အိမ်မှာ မရှိ။ ခေါ်[illegible]တင့် အပြင်ထွက်ခါနီးနေသေးတွင် သူရောက်သွားခြင်း ဖြစ်[illegible]သည်။

[illegible]ဦးဇေယျသည် မိချက်အကြောင်းကို ပြောပြချင်သည်။ [illegible]ကယ်တော့ ခေါ်တင့်တင့်လည်း သိပြီးသား။ သို့ရာတွင် [illegible]မြင်ယူဆပုံချင်း မတူကြ။

[illegible]ဦးထွန်းအောင်နှင့် ခေါ်တင့်တင့်က ထိုကိစ္စကို ခပ်ပေါ့ [illegible]သဘောထားသည်။ သူတို့ အသိုင်း အဝိုင်းသည် ဒီလိုပဲ [illegible]မသိ၊ သမီးက အဖြေမရေရာသေးပါဘူး [illegible] ပြောသည်ကို [illegible]ယုံကြည်ကြသည်။

[illegible]အဖြေပေးတာ မပေးတာ အရေးမကြီး။ ခုလို သူစိမ်းတရံ [illegible]ယောကျ်ားကလေးတစ်ယောက်နှင့် တွဲတွဲသွားသွားရှိနေ[illegible]ကို သတိပေးသင့်သည်ဟု ယင်သည်။

[illegible]သူတို့ လင်မယားနှစ်ယောက်သည် တကယ်ပဲ ခေတ်ဆန်[illegible]တာလား၊ သို့တည်းမဟုတ် သားသမီးအရေးအခင်းကို [illegible]မဝင်စားဘဲ ရှိနေကြတာလား။ ထင်မည် ဘူး။ ဆိုလည်း [illegible]

[illegible]ထွန်းအောင်က ညနေတိုင်းကျပြီဆိုလျှင် ဟိုအဖွဲ့တစ်[illegible]ဘယ်ယောက်ဖို့ စိတ်ဝင်စားသလို ခေါ်တင့်တင့်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ပို့ကာဝိုင်းသွားဖို့ စိတ်ဝင်စားသည်။ ခုပင် သူပို့ဝိုင်းဆီ စိတ်ရောက်နေပြီလားမသိ။

ကာယကံရှင် မိဘနှစ်ပါးကပင် အနေသာကြီး ရှိနေလျှင် သူဘာလုပ်ဖို့လိုသေးသနည်း။ သို့ရာတွင် သူတို့နေနိုင်ပေမယ့် ဦးဇေယျမနေနိုင်။ မီချက်နှင့် ထိပ်ပြောင်တို့သည် ငယ်ကတည်းက သူထိန်းကျောင်း ချီပိုးလာခဲ့သူ ကလေးတွေ တင့်တင့်တုန်းကလို ငယ်ငယ် ရွယ်ရွယ်နှင့် မဟုတ်တော့ မဖြစ်ခေလို့။

'အစ်ကိုကြီးကိစ္စ ဘူးတူးထွေထွေများ ရှိသေးသလား'

ဟာကယ် တန်ကျတော့ ပြောမည်ဟု စိတ်ကူးထားသော စကားများကို မပြောဖြစ်။ ဒေါ်ကင့်တင့်ကို ပြောလိုက်လျှင်လည်း ဦးထွန်းအောင်ကို ပြောတုန်းကလို ဖြစ်ဖို့က များသည်။

ဟုတ်တော့လည်း ဟုတ်သား ဒေါ်တင့်တင့်သည် အသက်တစ်ဆယ့်ရှစ်နှစ်တွင် ခိုးရာလိုက်ပြေးခဲ့သည်၊ သို့ရာတွင် ရေကျတော့လည်း ဘာမျှမထူးခြားတော့။

ဒေါ်တင့်တင့်အဖို့ သူစောစီးစွာ အိမ်ထောင် ကျခဲ့သည် မှားသည်ဟု မြင်စရာမလို။ ဘာဒုက္ခမှလည်း မရောက်။ ထွန်းအောင်နှင့် လိုက်ပြေး၊ ပိုက်ဆံကုန်တော့ အိမ်ပြန်၊ အိမ်ကလက်ထပ်ပေး၊ မိဘအထောက်အပံ့ဖြင့် ကျောင်းနေ။ မိဘသေတော့ အမွေရ။



ဦးဇေယျသည် သက်ပြင်းကို ခပ်ကျယ်ကျယ်ချလိုက်ပြီး...
'မရှိပါဘူး၊ ကလေးတွေ မတွေ့ရတာကြာလို့'

* * *

ဒေါ်ထွေးကြည်သည် သူတို့ အခန်းဘက်သို့ မလာစဖူး ထူးချွန်လာသော ဦးဇေယျကို တွေ့လိုက်ရသောကြောင့် အံ့သြသွားသည်၊ ပျူးပျူးသလဲ ထ၍ ဖျာခင်းပေးလိုက်သည်။
'ဪ...ဦးဇေယျပါလား၊ ဘာများ အလိုရှိလို့ပါလဲရှင်'
'ဟိုခင်း...အေးအောင် ဦးများ မရှိဘူးလား'
'မောင်အေး ကျောင်းစီရုံးမှာ ရုပ်မြင်သံကြား သွားကြည့်နေပါတယ်၊ ဘာပြောစရာများရှိလို့ပါလဲ'
'ဟင့်အင်း မရှိပါဘူး ခင်ဗျာ'
'ဟုတ်ကဲ့....ထိုင်ပါဦး၊ ရေနွေးကြမ်းသောက်ပါရှင်'
အေးအောင်ဦး မရှိသောကြောင့် ပြန်လှည့်တော့မည်ဟု စိတ်ကူးပြီးမှ အားနာသဖြင့် ဝင်ထိုင်လိုက်ရသည်။ တော်တော်ကြာသည်အထိ ဘာစကားပြောရမှန်း နှစ်ယောက်စလုံးစဉ်းစားလို့မရ။ နောက်မှ ဒေါ်ထွေးကြည်က စသည်။
'ကျွန်မတို့လေးကိုလဲ မတော်တာတွေ့ရင် ဆုံးမပါ၊ ဦးဇေယျက် အပ်ပါတယ်ရှင်'
'ဟုတ်ကဲ့'
စကား ပြတ်သွားပြန်သည်။ ဦးဇေယျသည် ပြောစရာ မရှိတိုင်း ရေနွေးကြမ်းကိုချည်း ဖိသောက်သည်။ ဒေါ်ထွေး

www.burmeseclassic.com

www.burmeseclassic.com



ကြည်လည်း မျက်လွှာကလေးချ၍ ကျုံ့ကျုံ့ ထိုင်နေ၏။ ဦးဇေယျသည် တံတွေးကို ကြိတ်၍မျိုချလိုက်ပြီး...

'ဒေါ်ထွေးကြည်'

'ရှင်'

မကြည့်ဘဲ ထူးသည်။

'အေးဗျာ၊ ကျွန်တော်လဲ ပြောမယ် ပြောမယ်နဲ့ မပြော ဖြစ်ခဲ့ဘူး'

ဒေါ်ထွေးကြည်ရင်ထဲက ဖိုကနဲဖြစ်သွားသည်။ 'ဟုတ်ကဲ့ ရှင် ပြောပါ' ဟု တိုးတိုးပြန်ပြောသည်။ ဦးဇေယျက 'ဒီလို ဗျာ' ဟု စကားစမည်ကြံကာရှိသေး၊

'လေးလေး....လေးလေး'

ခေါ်သံကြားသဖြင့် အထိတ်တလန့် လှည့်ကြည့်မိသည်။ သူ့အိမ်ခန်း၏ လှေကားအတက်တွင် ရယ်ရင်း ခပ်ပြုံးပြုံး ကြည့်နေသူက မိချက်။

'ဟော မိချက်'

ဦးဇေယျသည် ရှက်ကိုးရှက်ကန်း ထရပ်လိုက်ပြီး 'သွားဦး မယ်၊ ကျွန်တော် သူငယ်ချင်းရဲ့ သမီးလေး' ဟု နှုတ်ဆက်ရင်း ပြောသည်။ ဒေါ်ထွေးကြည်သည် ကတုန်ကယင်ကြီးဖြစ်ရင်း ကျန်ခဲ့၏။

* * *



'မိချက် နင်ဘယ်တုံ့လှာတာလဲဟင်'

'ဒီလမ်းထဲက သူငယ်ချင်းတစ်ယောက် အိမ်လာတာပါ'

'အေးအောင်ဦးလား'

'ဘယ်ကလာ၊ ဒီကောင်မဟုတ်ပါဘူး၊ ဟိုတစ်ပတ်ကမှ ဒီလမ် ထဲပြောင်းလာတာ၊ ခု သူတို့အိမ်မှာ တယ်လီဗီးရှင်း ရှိတယ်ဆိုလို့ လာကြည့်တာ'

'တစ်ယောက်တည်း လာရသလား'

'မောင်လေးလဲ ပါပါတယ် လေးလေးရဲ၊ ခု သူကဟိုမှာ အာလို့ကောင်းတုန်း ပြီးမှ လိုက်လာလိမ့်မယ်'

မိချက်သည် ဦးဇေယျကို ပြုံးစစကြည့်နေသည်။

'လေးလေးကပြောတော့ဖြင့် ဘာလေးညာလေးနဲ့ ခုတော့ ဟိုဘက်ခန်းက အမျိုးကြီးကို ဘာတွေ သွားပြောနေတာလဲ'

'ပြောတောင် မပြောရသေးဘူး' ဟု ယောင်ယောင်ကန်း ကန်းပြောမိ၏။

'ဟင် ခုမှပြောမလို့လား၊ ကျွန်မ လာခတော့ အနှောင့် အယှက်ဖြစ်သွားတာပေါ့'

'ဟယ် ဒီကောင်မလေးဟာ၊ မလေးလေးပြောမှာက အဲ့ဒါ မဟုတ်ပါဘူး၊ နောက်လကုန်ရင် လေးလေး သုဝဏ္ဏမှာတိုက် ခန်းတစ်ခန်းရမယ်၊ အဲ့ဒါဒီအိမ်က ပြောင်းဖို့ ပြောမလို့ပါ'

'ဩြော် မသိပါဘူး၊ ဒါနဲ့လေးလေးက ဟိုကောင် အေး အောင်ဦးကို ကျွန်မအကြောင်း ဘာတွေ ပြောထားသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ…'

ဦးဇေယျ ထိတ်ကနဲဖြစ်သွားသည်။ မိချက်နှင့်အေးအောင်ဦးတို့ ဘာတွေပြဿနာဖြစ်ခဲ့ကြပြီလဲ မသိ။

'ဟိုဟာလေ လေးလေးရဲ့ကျွန်မ ငယ်နာမည်ကိုလေးလေး သူ့ကို ပြောပြထားလား၊ သူက ကျောင်းမှာ ကျွန်မကိုမိချက် မိချက်နဲ့ လိုက်ခေါ်လို့'

'ဟင်… တော်ပါသေးရဲ့၊ ဦးဇေယျသည် မိချက်ကို ဟိုကိစ္စအတွက် ဆုံးမရလျှင် ကောင်းမလားဟု စဉ်းစားမိသည်။

'မိချက်'

'ရှင် လေးလေး'

ဦးဇေယျသည် ပြောမည့်စကားတွေ ရှိနေပြန်သည်။ ခေါင်းကိုမသိမသာ ယမ်းခါလိုက်၏။

'စာကြိုးစားနေ'

'ဟုတ်ကဲ့ပါ လေးလေး'

'ကျောင်းစာထဲမှာ အပြည့်အဝစိတ်ဝင်စား သိလား'

မိချက် လေးလေးစားစား ခေါင်းညိတ်ပြသည်၊ ထိုအချိန်တွင် ထွန်းမင်းမင်းထွန်း အိမ်ပေါ်သို့ ပြေးတက်လာ၏။

'ဟာ ထိပ်ပြောင်လာကွ'

ထွန်းမင်းမင်းထွန်းသည် ဦးဇေယျနားတွင် ပက်လက်လှန်အိပ်ချလိုက်ပြီး…

'ဒီနေ့ တယ်လီဗေးရှင်းက ဗိုလ်အောင်ဒင်ပြတယ် လေးလေးရဲ့၊ သားက အစပိုင်းတော့ ဒေတ်ပေါင်းကားကြီးလို့ ခပ်အောက်အောက်ထင်တာ၊ ကြည့်ရင်းကြည့်ရင်းနဲ့မှ ဒီလို



ခိုက်သွားတယ်ဗျာ၊ ခင်မောင်ရင်က ကျော်ဟိန်းထက်တောင် ချောသေးတယ်'

ဦးဇေယျသည် ကလေးနှစ်ယောက်ကို ပြုံး၍ ကြည့်နေသည်။

(၇)

အေးအောင်ဦးပြောသောစကားများကို တုန်လှုပ်ချောက်ချားခြင်းကြီးစွာ နားထောင်နေရသည်၊ စိုးရိမ်စိတ်များသည် ဇရိုမ့်ရိုပ်တက်လာ၏။

'ထွန်းထွန်းနဲ့ တွဲနေတဲ့အကောင်က ဆေးတက္ကသိုလ်ကဆိုတာ မဟုတ်ဘူးတဲ့၊ အခုဆောင့်ဟုတ်တယ်၊ ဒါပေမယ့် အဆောင်မှာ ဖဲရိုက်တာ ခဏခဏမိလို့ နောက်ဆုံးသတိပေးထားတာလည်း မရတဲ့ ထပ်ရိုက်တာမိလို့ ကျောင်းကထုတ်ပစ်ထားတာ၊ ခု သူ့ဦးလေးရဲ့ကားကို ပရိုက်ဗိတ်တက်စီအနေနဲ့ ငှားမောင်းနေရတာ၊ ကားပွဲစားလဲ တစ်ခါတလေလုပ်တယ်'

ဦးဇေယျ တုန်းကနဲ အရပ်လိုက်သည်၊ အေးအောင်ဦး လန့်သွား၏။ လှမ်းထွက်သွားသည်၊ တခါးဝရောက်မှ ပြန်လှည့်လာသည်၊ အကျီမဝတ်ရသေးကြောင်း သတိရသောကြောင့်ဖြစ်သည်၊ ရှပ်အကျီကိုယူဝတ်သည်။

'မင်းပြောတာတွေ အမှန်ပဲလား'

'အမှန်ပါပဲ လေးလေး၊ ကျွန်တော့်သူငယ်ချင်းရဲ့ အကိုတောင် သူ့ကားကိုငှားစီးဖူးတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးဇေယျ အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ 'အကူအညီလိုရင် ကျွန်တော့်ကိုပြောပါလေးလေး' ဟု အေးအောင်ဦးက နောက်မှလှမ်းပြောလိုက်၏။

* * *

အိမ်တွင် ဦးထွန်းအောင်ရော ဒေါ်ထင့်တင့်ပါမရှိ။ တစ်နာရီလောက်ကြာအောင် ထိုင်စောင့်သည်။ ပြန်မလာကြ။ သူတို့ကိုပါ ရော၍ ဒေါသဖြစ်လာမိသည်။ သူတို့ ဘယ်သွားနေကြသည်ကို ဦးဇေယျသိသည်။ နေရာအတိအကျသာမသိခြင်းဖြစ်၏။ လင်ဖြစ်သူက ဟိုတယ်တစ်ခုခုမှာ ဘီယာကို ဇိမ်ခံသောက်နေမည်။ မယားလုပ်သူက ပိုကာဝိုင်းတစ်ခုခုမှာ။

'မင်းတို့သမီး ဘာတွေဖြစ်နေတယ်ဆိုတာ သိကြရဲ့လား' ဟု အော်ဟစ်လိုက်ချင်သည်။

ဦးဇေယျ လက်လျှော့လိုက်သည်။ ဆက်စောင့်လဲ အကြောင်းထူးမှာမဟုတ်။ စနေနေ့ဆိုလျှင် မိုးချုပ်မှအိမ်ပြန်ရောက်တတ်သည်ကို ခုမှ သတိရသည်။ ပြီးတော့လည်း ခုကိစ္စသည် ဒီနေ့ပြောမှဖြစ်လောက်အောင် အရေးကြီးလွန်းနေသော ကိစ္စမဟုတ်သေး။ ထို့ကြောင့် သူတို့ကိုမစောင့်တော့ဘဲ ပြန်လာသည်။



နံပါတ်တစ် ကားမှတ်တိုင်ရောက်ပြီးမှ စိတ်ကူးတစ်မျိုးပေါက်လာသည်။ နောက်ကျိနေသောစိတ်ကို အပန်းဖြေရန် ဘုရားသွားမည်။ ကမ်းနားဘက်သို့လျှောက်လာခဲ့၏။

* * *

အတွေးတွေ ရှုပ်ထွေးလွန်းသောကြောင့် ခေါင်းကိုက်နေသည်။ လေညှင်းခံလိုက်လျှင် ကောင်းမည်ဟုတွေးမိပြီး ဘုရားကို တိုက်ရိုက်မဝင်သေးဘဲ သင်္ဘောဆိပ်သို့ ဆင်းလာခဲ့သည်။

ညနေစောင်းပြီဖြစ်သောကြောင့် နေမှုတော့ဖျော့တော့သော နေရောင်ခြည်သည် မြစ်အတွင်းသို့ ဖြာကျနေသည်။ သာယာသောရှုခင်းကိုကြည့်၍ ဦးဇေယျ အတန်ငယ် စိတ်သက်သာရာရလာသည်။ တကယ့်တကယ် တွေးကြည့်တော့သည်။ သေရေးရှင်ရေးတမျှသော ကိစ္စမဟုတ် ခေါင်းအေးအေးထားပြီး ထွန်းအောင်တို့နှင့်တိုင်ပင်၍ စီမံရမည်။ ထွန်းအောင်တို့တင့်တင့်တို့ သည်လည်းသားသမီးအပေါ် စိတ်ဝင်စားမှုနည်းပါးခဲ့သည့်အတွက် ပေါ့ပေါ့တန်တန်သဘောထားခဲ့သည့်အတွက် နောင်တရကောင်းပါရဲ့ သူ့အတွေးထဲသို့ အေးအောင်ဦးတို့ တူဝရီး ဝင်ရောက်လာပြန်သည်။ အေးအောင်ဦးကြောင့် ဒီကိစ္စကို သိခဲ့ရခြင်းဖြစ်သည်။ သူ့ကို ကျေးဇူးတင်ရမည် ဟိုအရင်က ကောင်ခလေးကို ကြည့်လို့မရဖြစ်ခဲ့ခြင်းသည် မှားသည်ဟု မြင်လာပြန်သည်။ ဘာပဲဖြစ်ဖြစ် နောက်လကုန်လျှင် သူတို့တူဝရီးတို့၏ အိမ်မှပြောင်းရတော့မည်။ စိတ်မကောင်းဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း တောရင်းက ဟိုဒီဝေ့ကြည့်မိသည်။ တစ်နေရာတွင် သူ့မျက်လုံးများ ရပ်တန့်သွားသည်။ ရင်တဒိတ်ဒိတ်ခုန်လာ၏။ အသက်ရှူရပ်တန့်သွားသည့်ဟု ထင်မိသည်။

ခပ်လှမ်းလှမ်းက ဗောဓိပင်ပေါ်မှာရပ်ရင်း မြစ်ပြင်ထဲသို့ ငေးမောကြည့်ရှုနေသူမှာ....

'မိချက်'

မိန်းကလေးသည် ဆတ်ကနဲတုန့်သွားပြီး သူ့ကိုလှည့်ကြည့်သည်။ သူ့ကိုမြင်သောအခါ အံ့သြထိတ်လန့်သွားပုံရသည်။

'ဘာလုပ်နေတာလဲ မိချက်တင် ဒီမှာ'

ထိုမျှသာ ပြောနိုင်သည်။ ခုလိုညနေခင်းအချိန်မျိုးတွင် မိန်းကလေး တစ်ယောက်တည်း ဒီနေရာမျိုးမှာ ရပ်နေခြင်းသည်....

'လေးလေး'

မိချက်၏အသံကလေးသည် တုန်ခါနေ၏။ ဦးဖေ... ရှိဝေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ ဦးဖေ... လည်း မိချက်ကို တစ်ခါမျှ မမြင်ဖူးသကဲ့သို့ တအံ့တသြ ကြည့်နေလေသည်။ လွယ်အိတ်ကို ဆုပ်ကိုင်ထားသော မိချ... ၏လက်ကလေးသည် ဆတ်ဆတ်ခါလျက်....

* * *



(၈)

ဒေါ်တင့်တင့်သည် အိမ်ခန်းထဲမှ အောင်ဟစ်ပြေးလာ၍ ထွက်လာသည်။ ဦးထွန်းအောင်သည် အိမ်ပြန်ရောက်ခါစဖြစ်သောကြောင့် အိယာအရှိန်မပြေသေး။ ထို့ကြောင့် အလန့်တကြားဖြစ်သွားသည်။

'ဘာလဲကွ၊ ဘာဖြစ်တာလဲ'

ဒေါ်တင့်တင့်သည် ဘာမျှမပြောနိုင်ဘဲ ဦးထွန်းအောင်ထိုင်သော ပက်လက်ကုလားထိုင်ဘေးက ကြမ်းပြင်ပေါ်တွင် လှဲချလိုက်ပြီး ရှိုက်ကြီးတငင်ငိုသည်။

သူ့လက်ထဲတွင် စာတစ်စောင်၊ ဦးထွန်းအောင်သည် ခုမှပဲ၍ ထိတ်ကနဲဖြစ်သွားပြီး ဒေါ်တင့်တင့် လက်ထဲက စာကို ဆွဲယူ၍ ဖွင့်ဖတ်လိုက်သည်။

'ဖေဖေနှင့် မေမေရှင့်...

သမီး ချစ်သူနောက်ကို လိုက်သွားပါပြီ။ သမီးကန်တော့ခဲ့ပါသည်။ သမီးကို ခွင့်လွှတ်ပါ။

ထွန်းထွန်း

ဦးထွန်းအောင်သည် ငုံ့ကနဲ ထရပ်လိုက်သည်။ ပြီးမှ ဘာလုပ်ရမှန်းမသိသဖြင့် မြန်ထိုင်သည်။ ထိုအချိန်တွင် ခေါင်းလောင်းသံမြည်လာသည်။

အိမ်စေမလေးက တံခါးသွားဖွင့်ပေးသည်။ တံခါးဝတွင် ကောင်လေးတစ်ယောက် ရပ်နေသည်။ ဦးထွန်းအောင်ကောင်လေးဆီသို့ ပြေးသွားသည်။ ဒေါ်တင်တင် ငိုကြွေးနေရာမှ ခေါင်းထောင်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ ဘာလဲ....ဘာကိစ္စလဲ'

ကောင်လေးသည် တည်ငြိမ်စွာပြုံးလိုက်ပြီး....

'ကျွန်တော် နာမည် အေးအောင်ဦးပါ'

'ဘာလဲ ဘာကိစ္စလဲ'

ဒေါ်တင့်တင့်ကလည်း အနားလာပြီး အလွှာသုံးဆယ် မေး၏၊ ကောင်လေးက အိတ်ထဲက စာတစ်စောင်ကို ထုတ်ပြီး....

'စာတစ်စောင် ပေးစရာရှိလို့ပါ' ဟုပြောသည်၊

လွှမ်းအပေးကိုပင် မစောင့်တော့ဘဲ လင်မယားနှစ်ယောက် စာကို ပြိုင်တူဆွဲယူမိသည်၊ စာသည် ဒေါ်တင့်တင့်လက်ထဲသို့ ပါသွားသည်၊ အေးအောင်ဦးက ဇနီးကြီးအဘွားကြီးနှစ် ယောက်ကို ကြည့်၍ ခေါင်းတစ်ချက် ဆတ်လိုက်ပြီး လှည့် ထွက်သွား၏၊ ဒေါ်တင့်တင့်က စာကိုဖွင့်လိုက်သည်၊ဦးထွန်း အောင်က အပေါ်မှမိုး၍ ဖတ်ကြည့်သည်၊

သူငယ်ချင်းထွန်းအောင်နှင့် နှမကလေးတင့်တင့်

အခြေအနေ အကြောင်းကြောင်းကြောင့် မိချက်ကို ငါ ခေါ်သွားပါသည်၊ ငါ့ကိုခွင့်လွှတ်ကြပါ။

သူငယ်ချင်းမိုက်

ဇေယျ

ဦးထွန်းအောင်နှင့် ဒေါ်တင့်တင့်တို့သည် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ရင်း အတော်ကြာအောင် ငိုင်နေမိ



သည်၊ နောက်မှ ဦးထွန်းအောင်၏ အသံကို ကြားရ သည်။

'အကြောင်းသင့်အချင်းချင်းမို့ လို တော်တာပေါ့ကွာ'

* * *

(၉)

ပြည်မြို့ရှိ တည်းခိုခန်းကလေး တစ်ခုထဲတွင် ဦးဇေယျ မိချက်တို့ ရှိနေကြသည်၊ ဦးဇေယျက ခုတင် ခေါင်းရင်း တွင် ထိုင်နေပြီး မိချက်က ခြေရင်းဘက်တွင်ထိုင်သည်။

'လေးလေး'

ချက်သည် လှိုက်ခါနေသော အသံဖြင့်ခေါ်သည်၊

'ဘာလဲ မိချက်'

ဦးဇေယျက တည်ငြိမ်အေးဆေးစွာ ပြန်ထူးသည်။

'ကျွန်မ သူ့ကိုရှာဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမယ့် ဘူး၊ သူရှောင်နေတယ်၊ အစကတော့ ကျွန်မလေ၊ သူ့ တကယ့် လူကောင်း တစ်ယောက်လို့ပဲ ထင်ခဲ့မိတယ်၊ ကောင်းသားတစ်ယောက် မဟုတ်ဘူး ဆိုတာလဲ မသိခဲ့ဘူး။ အောင်ဦးက အဲဒီအကြောင်းကို ပြောပြချင်လို့ ထင် ကျွန်မကို စကားပြောဖို့ ကြိုးစားသေးတယ်၊ကျွန်မက ဘာမခံဘဲ နေခဲ့ဟာ၊ ဒါပေမယ့် လေးလေးရယ် အဲဒီ ကြောင်းကို သိရရင်လဲ အချိန်တွေ လွန်ကုန်ပါပြီ၊ သူဒီ ဘက် ယုတ်မာရက်စက်လိမ့်မယ်လို့ မထင်ခဲ့ဘူး ခုမှ မပေါ့မပါးဖြစ်လာတော့မှ

www.burmeseclassic.com

www.burmeseclassic.com



မိချက်၏ နှုတ်ခမ်းကလေးများ တရှုရှုလှုပ်လာသည်။ မျ
လုံးအိမ်အတွင်းမှာ မျက်ရည်အပြည့်။ ဦးဇေယျ၏ ရင်ခွင်
မျက်နှာအပ်လိုက်ပြီး တရှိုက်ရှိုက် ငိုကြွေးသည်။ ငိုရင်
လည်း တတွတ်တွတ်ဆက်ပြောပြန်သည်။

'အဲဒီနေ့က လေးလေးနဲ့သာ မတွေ့ရင် ကျွန်မသေ နေ
သွန်ချ'

'အို…အဲဒါတွေ မပြောပါနဲ့တော့ ကလေးရယ်၊ လေး
အားလုံးတာဝန်ယူပါတယ်'

မိချက်သည် မျက်ရည် လည်နေသော မျက်လုံးများ
ဦးဇေယျကို သနားစဖွယ် မော့ကြည့်သည်။ 'လေးလေး
သိပ်ကျေးဇူးတင်ပါတယ်' ဟု ပြောပြီး ငိုပြန်သည်။ ဦး
သည် မိချက်၏ ဆံပင်ကလေးများကို ပွတ်သပ်နေ၏။

သူ့စိတ်ထဲတွင်ကား 'အစ်ကိုကြီးကို ခွင့်လွှတ်ပါ
တောင်းတင့်ရယ်' ဟု အထပ်ထပ် ရေရွတ်မြည်တမ်းနေလေ

မင်းလူ

(စစ်ပြန်မဂ္ဂဇင်း၊ ၈၀ နိုဝင်

ဒွိဇာတ်သမီးမှူးကွယ်

www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခေါက် ခရီးထွက်လာရတာ စိတ်ထဲမှာ သိပ်ပေါ့
ပါးပါး လွတ်လွတ် လပ်လပ်မရှိ၊ တစ်စုံတစ်ခု အဘွက်
ကျက်ဆံဘင်းသလို ဖြစ်နေ၏။

မှန်သည်၊ ဒီတစ်ခေါက်ဒီလူပျို ဘဝအနေဖြင့် နောက်ဆုံး
ရတော ခရီးပင်ဖြစ်သည်။ ခရီးမထွက်ခင်သုံးရက်လောက်
နှင့် နှင်းမြနန္ဒာတို့၏ စေ့စပ်ပွဲကို အငိုးလျှားကန် ဖိုဘယ်
ကြီး အကျယ်ပြုလုပ်ခဲ့သေးသည်။ စေ့စပ်ပွဲသာဆိုရသည်။
ဆောင် အသေးစားလေး လောက်ကို စည်ကားသည်။
မိတ်ဆွေ မိဘများသည် ချမ်းသာကြွယ်ဝ၍ ဂုဏ်သရေရှိသူများ
သောကြောင့် ကြွရောက်လာကြသော ဧည့်သည်တော်များ
သည်း လူကြီးလူကောင်းများ ဖြစ်ကြသည်။

လာဆောင်ကိုတော့ သူခရီးထွက်ရာမှ ပြန်ရောက်တော့
မည် ဖြစ်သည်။ ထိုအခါတွင် စေ့စပ်ကြောင်းလမ်းပွဲ
ကြီးကျယ် ခန်းနား ပေလိမ့်ဦးမည့် ဧည့်ခံပွဲကို

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ငါးခုမှာ တစ်နေ့တည်း အချိန်ခွဲ၍ ကျင်းပမည်၊ သူ
နှစ်ယောက်က သူ့အချိန်နှင့်သူ ဟိုတယ်များသို့ တစ်လှည့်
ဝင်၍ ဧည့်ခံကြမည်ဖြစ်သည်။ မြန်မာနိုင်ငံမှာ တစ်ခါမှ မ
လုပ်ဘူးသေးသော အစီအစဉ်။

ခုလို စေ့စပ်ကြောင်းလမ်းပြီးခါစ အချိန်မှာမှ ခရီးထွ
ခဲ့ခြင်းကို နှင်းမြနန္ဒာက သိပ်သဘောမပြုချင်။

'ကိုကိုပဲ စဉ်းစားကြည့်ပါဦး။ စေ့စပ်တာမှ နှစ်ရက်သ
ရက်ရှိသေးတယ်။ ခရီးထွက်မယ်ဆိုတော့ လက်ထပ်ဖို့က နှ
လလောက်လိုတော့တာ၊ ကိစ္စတွေက အများကြီး ဖိတ်
စာရိုက်ဖို့တို့၊ ခန်းဝင်ပစ္စည်းတွေ ဝယ်ဖို့တို့ မင်္ဂလာဆောင်
ဝတ်ဖို့အဝတ်အစားတွေကို ရွေးရမယ် ပြီးတော့ ဓာတ်ပုံဆ

'မြနန္ဒာရယ်၊ ဒါတွေက ကိုကိုတို့ လုပ်စရာမလိုပါဘူး
လူကြီးတွေ လုပ်ကြမှာပေါ့'

'ဒါတွေက အဓိက မဟုတ်ပါဘူး၊ ကိုကိုနဲ့ မခွဲနိုင်တာ
အဓိက'

'သိပ်မကြာပါဘူးကွယ် အလွန်ဆုံး ဆယ်ရက်ပေါ့'

'ဆယ်ရက်ဆိုတာခဏလေးလားဟင်၊ မြနန္ဒာတော့ ကို
တစ်ရက်တောင် မခွဲနိုင်ဘူး'

'ကိုကိုလဲ ဘယ်ခွဲချင်ပါ့မလဲ၊ အလုပ်ကိစ္စဆိုတော့'

'ဒီအလုပ်က လုပ်မှဖြစ်မှာလားဟင်၊ တကယ်တော့ ဒီခ
ကို မသွားလဲ ရပါတယ်'

'ဝါသနာကိုတော့ မတားပါနဲ့ မိန်းကလေးရယ်၊



ကိုကိုသွားမယ့်ခရီးဟာ ကိုယ်ကျိုးအတွက်မှ မဟုတ်တဲ့
အများအတွက် အကျိုးရှိမယ့်အလုပ်ပဲကွယ်'

'မြနန္ဒာကတော့ ဖြစ်နိုင်ရင် မသွားစေချင်ဘူး မြနန္ဒာ
စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ စိတ်တွေ လေးနေသလိုပဲ'

'ပူတတ်လိုက်တာမြနန္ဒာရယ်၊ ကိုကို့ကို စိတ်ချစမ်းပါ။
ဘယ်လိုအန္တရာယ်ပဲဖြစ်ဖြစ်ကိုကိုလွတ်အောင်ရှောင်နိုင်ပါတယ်'

သူခရီးမထွက်ခင် ညနေစောင်းက မြနန္ဒာကို ရင်ခွင်ထဲ
ပွေ့ထားရင်း ပြောခဲ့သော စကားများ။ မြနန္ဒာက သူ
ရင်ခွင်မှာ မျက်နှာအပ်၍ ငိုသည်။ သူက မြနန္ဒာ၏ မျက်နှာ
လေးကို မော့စေသည် ရှုံ့ရှုံ့ လှုပ်နေသော နှုတ်ခမ်းကလေး
ကို....

ချိုမြိန်မွှေးမြသောအရသာ ခုထိ စွဲနေသည်ဟုထင်၏။

* * *

တကယ်တော့သူသည် နှင်းမြနန္ဒာပြောသလို ဒီခရီးကို
သွားခဲ့နေလို့ရသည်။

သူ့မိဘတွေကချမ်းသာသည် ဘယ်လောက် ချမ်းသာသ
လဲဆိုလျှင် လူတစ်ယောက်သည် မိဘ၏အမွေအနှစ်ကို ခံစား
ရာမှ သေလွန်ပြီး နောက်တစ်ဖန် ပြန်ဖြစ်သည့်ဘဝအထိ
ဆက်လက်ခံစားခွင့်ရှိသည်ဆိုပါလျှင် သူသည် နောက် ဆယ်
ဘဝလောက်အထိ ချမ်းသာနေလိမ့်ဦးမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့ ဘာအလုပ်မှမလုပ်ဘဲနေလျှင်လည်းရသည်။ စားဝတ်နေရေးဘာမျှမပူရ။ မပူရုံမက အရသာရှိဆုံးဆိုသော အစားအစာ၊ တန်ဖိုးအကြီးဆုံးဆိုသော အဝတ်အစား၊ အဖိုးအတန်ဆုံး ခေတ်အမီဆုံးအသုံးအဆောင်၊ အကောင်းဆုံး မော်တော်ကား၊ အခန့်ညားဆုံးတိုက်အိမ်ကြီး။ ဘာမျှလိုလေသေးမရှိ။

ဒီကြားထဲမှာ အလှဆုံး၊ အချောဆုံး၊ အချမ်းသာဆုံးဆိုသော မိန်းကလေး၏ အချစ်ကိုလည်းရရှိခဲ့လေသေးသည်။ ထို့အပြင် လူသားတစ်ယောက်အဖို့ အသိအပ်ဆုံးသော အရာကိုလည်းရှိထားသေးသည်။ ကျန်းမာကြံ့ခိုင်ခြင်း။

သူ့ကိုယ်ခန္ဓာက အချိုးအစားပြေပြစ်သည်။ နေ့စဉ်လေ့ကျင့်ခန်းပြုလုပ်သဖြင့် ကျစ်လစ်သန်မာသည်။ သူ့အရပ် ငါးပေ ဆယ်လက်မ၊ အသားအရေက အနာရောဂါကင်းစင်သဖြင့် ကြည်လင်စိုပြည်နေသည်။

သူ့အတွက် ဘာမှလိုလေသေးမရှိအောင် ပြည့်စုံနေပြီ ဆိုရာတွင် သူကတော့ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော ဘဝကိုရောင့်ရဲ၍ အသာကလေး စီးမလိုက်လို။ စွန့်စားခြင်းကိုဝါသနာပါသည်။

သူက ဘူမိဗေဒအဓိကဖြင့် မဟာသိပ္ပံဘွဲ့ကိုလည်းကောင်း၊ အသုံးချဘူမိဗေဒ ဒီပလိုမာဘွဲ့ကိုလည်းကောင်း၊ ရရှိထားသူဖြစ်သည်။ သူ့ပညာတွေကို အလဟဿ အဖြစ်မခံနိုင်။

ထို့ကြောင့် သူသည် တောထဲတောင်ထဲသို့ စွန့်စွန့်စားစားသွားပြီး သတ္တုသိုက်များကိုရှာသည်။ တွေ့လျှင်အများအတွက် အကျိုးရှိမည်ဖြစ်သည်။

သူ့မှာ နိုင်ငံခြားမှ မှာယူထားသော မြေတိုင်းကိရိယာ၊ မြေပုံဖတ်ကိရိယာ၊ ကွန်ပတ်စ်၊ ကျောက်ခွဲကိရိယာ၊ ဆသိုက်ကြည့်မှန်ဘီလူး စသည်ဖြင့် အစုံအလင်ရှိသည်။

ခု ခရီးထွက်လာခြင်းမှာလည်း ကွင်းဆင်းလေ့လာရန်ဖြစ်သည်။

* * *

ပင်လယ် ရေမျက်နှာပြင်ထက် ပေလေးထောင်ကျော်သော ဒေသဖြစ်၍ အအေးဓာတ်က သိသိသာသာလွန်ကဲလာသည်။ ညနေစောင်းလည်းဖြစ်သဖြင့် ပိုအေးသည်။ သူ့မှာ မန်ဒါဝက်စံမွေးဖြင့်ချုပ်ထားသော ဂျာကင်အင်္ကျီ ပါသော်လည်း ကားမောင်းနေတုန်းဖြစ်သဖြင့် မဝတ်အားသေး။

ထို့ကြောင့် ကားမှန်ကိုပိတ်ပြီး အနွေးဓာတ်ပေးသည့်စက်ကို ဖွင့်လိုက်သည်။ ခဏအတွင်းမှာ ကားထဲမှနွေးထွေးသွားသည်။ ဒါကြောင့်ပင် သူခရီးထွက်သည့်အခါတိုင်း ဒီကားကိုယူခြင်းဖြစ်သည်။ ဆူဇူကီးဂျစ်၊ ဘီးလေးဘီးစလုံး စက်အားဖြင့် လည်နိုင်သဖြင့် တောင်ပေါ်ခရီး သွားလို့ကောင်းသည်။

လမ်းကြီးမှ ခွဲထွက်လာပြီးကတည်းက လမ်းမကောင်းတော့။ ကတ္တရာလမ်းမဟုတ်။ ချောင်ချောင်းတွေကိုဖြတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထွင်ထားသော လမ်းကြမ်း။ ကျဉ်းလည်းကျဉ်းသည်။ မတော်တဆများ လမ်းချော်ပြီး တစ်ဖက်ချောက်ထဲကျသွားလျှင် မသက်သာ။ သူကတော့ ထိုလမ်းကြမ်း ကွေ့ကွေ့ကောက်မှာ ကျွမ်းကျင်စွာမောင်းနိုင်သည်။

အတော်မြင့်သော တောင်ထိပ်တစ်ခုကို ကွေ့မတ်ဘက်ပြီးနောက် ကားရပ်လိုက်သည်။ ပန်ဒါဝင်ဝင်ရောက်ဆက်ကိုဝတ်သည်။ တံခါးဖွင့်ပြီး အပြင်ထွက်လိုက်သည်။

ကားထဲမှာ အနွေးဓာတ်ပေးသည့်စက်ကြောင့် နွေးနွေးသော်လည်း အပြင်ထွက်လိုက်သည်နှင့် တော်တော် ချမ်းနေကြောင်း သိရသည်။ သူသည် မှန်ပြောင်းကိုယူပြီး ရှုခင်းတွေကိုကြည့်သည် ရှုခင်းတွေက အံ့မခန်း လှလှန်းလှသည် တောင်တန်းပြာတွေ အထပ်ထပ်၊ အနောက်ဘက်က တောင်တန်းကြီးပေါ်မှာ နေက မေးတင်စပြုပြီ လွမ်းစရာ။ သူသည် နှင်းမြနန္ဒာကို သတိရလိုက်မိသည်

ခုချိန်ဆို နှင်းမြနန္ဒာ သူ့ကိုလွမ်းနေတော့မည်။ သူ့အပေါ် တော်တော်တွယ်တာလှန်းသည့်မိန်းကလေး နှင်းမြနန္ဒာ၏ အချစ်သည် သူ့ကို ကြည်နူးချမ်းမြေ့စေသည်

သူတို့နှစ်ယောက် စတင်တွေ့ဆုံကြပုံက အလွန်ထူးခြားသည် လွန်ခဲ့သောနှစ်နှစ်ခန့်က....၊ ရန်ကုန်မြို့တစ်နေရာတွင်သူမောင်းလာသောကားနှင့် နှင်းမြနန္ဒာမောင်းလာသော ကားတို့ တိုက်ကြမိသည်။ နှစ်စီးစလုံး သိပ်တော့မနာ၊ ပ်နှံရုံချိုင့်



ချိုင့်လောက်၊ သို့ရာတွင် သူ မှား ကိုယ့်မှားငြင်းကြသည်။ တယ်သူကမှ အလျှော့မပေး၊ ဒီလိုနှင့်စတင်သိကျွမ်းခဲ့သည်။နောက်ညှိနှိုင်းပွဲတွေမှာ ဆုံကြသောအခါ တစ်ယောက်နှင့်တစ်ယောက် ထေ့လိုက်ငေါ့လိုက်။ ထိုမှတစ်ဆင့် အပြန်အလှန် စိတ်ဝင်စားလာခဲ့မိကြသည်၊ ချစ်ကြပြီဆိုတော့လည်း သူတို့လောက်သည်းသူမရှိ၊ ဩော်....မကြာခင် ချစ်ဇနီး ဖြစ်လာမည့်ကလေးမနှင်းမြနန္ဒာ၊

* * *

အတွေးစကိုဖြတ်ပြီး ကားရှိရာသို့လျှောက်လာသည်။ ကားပေါ်ပြန်တက်ခဲ့သည်၊ စက်နှိုးပြီးမောင်းထွက်လာသည်။ စိတ်ထဲက တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း သိလိုက်၏၊ အနံ့တစ်ခု၊ ကားထဲမှာ အနံ့အသက်ပျောက် ဆေးဖျန်းထားသည့်တိုင် ချဉ်စုတ်စုတ်အနံ့ တစ်ခုက ရူးရူးဝါးဝါးထွက်နေသည်။ အရက်သမားများထံမှ ရတတ်သောအနံ့မျိုး။

ကြာကြာစဉ်းစားစရာမလို၊ အဲဖြေက အလိုပိုပေါ်လာသည်။ သူ့လည်ကုပ်ကို အေးစက်မာကျောသော အရာတစ်ခုက လာထောက်ထားသည် သေနတ်ပြောင်းတစ်ခုပင် ထိုသေနတ်ပြောင်းပေါ်သို့ပင် အေးစက်မာကျောသောအသံ၊

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်လူ ကားကို အေးအေးဆေးဆေး ဆက်မောင်းနေ လိုးဝလျှင် မယ်မကြာနဲ့၊ ယာဉ်ကြီးယားတား ညပ်တာနဲ့ လည် ချောင်းထဲကို ကျည်ဆန်ပူပူလေး မျိုချခိုင်းလိုက်မယ်'

'ခင်ဗျား....ဘာလိုချင်လို့လဲ'

သူမေးသည်ကို မဖြေဘဲ ထိုသူကသာ ထပ်မေးသည်။

'မင်းကားကို လက်တစ်ဘက်တည်းနဲ့ မောင်းနိုင်သလား'

'ရပါတယ်'

'ဒါဆိုရင် စတီယာရင်ကို ညာဘက်လက်တစ်ဘက်တည်းနဲ့ ကိုင်ထားပြီး ဘယ်ဘက်လက်ကို မြှောက်ထား'

သူစဉ်းစားသည်။ လက်ကိုမြှောက်ရင်း တလက်စတည်း နောက်ပြန်ရိုက်ချလိုက်ရမလား။ သူနောက်ပြန် လှည့်သည်နှင့် သေနတ်မောင်းခလုတ်ဖြုတ်ဘာ ဘယ်ဟာက ပိုမြန်မလဲ။ အချည်းအနှီး စွန့်စားဖို့မသင့်ဟု ဆုံးဖြတ်ပြီး ဘယ်လက်ကို မြှောက်ထားလိုက်သည်။

စောစောက သတိမပြုလိုက်မိဘာ တစ်ခုရှိသည်၊ သူက ပေါ်က ဆင်းစဉ် ထိုင်ခုံပေါ်မှာထားခဲ့သော ပိုက်ဆံအိတ်... တော့ခြင်း။

သေနတ်သမား သူ့လက်က ချီးလှက်စ် နာရီကိုဖြုတ်သည် ပြီးတော့ တွေမြှားလက်စွပ်ကို လှမ်းကိုင်သည်။ သူ့စိတ်ထဲ... တ်ကနဲ ဖြစ်သွား၏။

...မြန်နန္ဒာပေးထားသော စေ့စပ်လက်စွပ် တစ်ခု... ...ဖြင့် လက်ချောင်းများကို တောင့်ထားလိုက်သည်...



လက်စွပ်ကို အလွယ်တကူ ချွတ်မရတော့။ လက်စွပ်ပေါ်မှာ အာရုံစိုက်နေတုန်း သူလှုပ်ရှားသည်။

ဘရိတ်ကို ဆောင့်နင်းချလိုက်သည်။ သေနတ်သမားသည် ဟန်ချက်ပျက် ပြီး ရှေ့ကို လဲပြိုကျလာသည်။ တစ်ခုပဲမှားသွား သည်။

မတ်စောက်သော ကုန်းအဆင်း ဖြစ်နေခြင်း၊ ဘီးများက တုံ့ကနဲရပ်သွားသော်လည်း ကားအရှိန်မသေဘဲ ကျောက်ခဲ များကြောင့်ချော်ပြီး လျှောထွက်သွားသည်။ ချောက် ကမ်း ပါးစွန်းသို့ ဦးတည်သည်။ ကား ... ထိန်းလို့မရ ချောက်ထဲ ထိုးကျသွားသည်။

တစ်လိမ့် နှစ်လိမ့်။ ထို့နောက် ကျောက်စွန်းတခုနှင့် အရှိန် ပြင်းစွာ ဆောင့်မိသည်။ ဝုန်းကနဲပေါက်ကွဲသည်။ မီးတောက် မီးလျှံ များ။

* * *

'မဖြစ်နိုင်ဘူး ထုံးဝမဖြစ်နိုင်ဘူး'

နှင်းမြန်နန္ဒာ ကယောင်ချောက်ချား အော်ဟစ်လိုက်သည်။ ပြီးတော့ သတိလစ်မေ့မြောသွား၏။

ကားတစ်စီး ချောက်ထဲထိုးကျပြီး မီးလောင် ပေါက်ကွဲ သွားသည်။ အလောင်းသည် မီးကျွမ်းပြီး လူမှန်း မပေါ် တော့။

www.burmeseclassic.com



သို့ရာတွင် ချောက်ထဲသို့ထိုးကျစဉ် ပြုတ်ထွက်သွားသော ကားနံပါတ်ပြားအရ ကိုကို့ကားမှန်း သိရသည်။ ပြီးတော့ မီးအာမခံ ဖြစ်သဖြင့် အကောင်း ပကတိ ပြန်တွေ့ရသော ရှိုးလက်စ်နာရီ၊ ထိုအရာများက သေဆုံးသူ ကိုကိုဖြစ်ကြောင်း ညွှန်ပြနေသည်။

ရုပ်ပျက်ဆင်းပျက် ဖြစ်နေသောကြောင့် အလောင်းကို နှင်းမြနန္ဒာအား ကြည့်ခွင့်မပြုကြ။

နှင်းမြနန္ဒာသည် ကိုကိုသေပြီဟု မယုံကြည်နိုင်၊ သူသံသယ ဖြစ်နေသည်။ လက်ပတ်နာရီကို လက်မှာ ပတ်လျက်သား [illegible] ဘာကြောင့် မတွေ့ရသနည်း။

ပြီးတော့ လက်စွပ်အပူရှိန်ကြောင့် ရွှေအရည် ပျော်ပြီး တွန့်လိမ်နေသည့်ဘိုင် လက်မှာ စွပ်လျက်သား တွေ့ရမည် ဘာကြောင့် ပျောက်နေသနည်း။

ချောက်ထဲကျပြီး မီးလောင်ပျက်စီးနေသော ကားကိုတွေ့ သဖြင့် သတင်းလာပို့သူက လက်မှ လက်စွပ်ကို ချွတ်သွား [illegible] လိုက်တာဖြစ်ချင်ဖြစ်မည်၊ ဘာပဲဖြစ်ဖြစ် ကိုကို မသေသေး [illegible] ပင် သူထင်နေသည်။

သို့ဖြစ်လျှင် ခုသေဆုံးသွားသူက ဘယ်သူလဲ၊ ကိုကိုဘယ် ရောက်နေသလဲ၊ အကြောင်းဘာခုခုကြောင့် လူစားထိုးထား ပြီး ကိုယ်ရောင်ဖျောက်သွားတာလွှားဒေါ်ဆို....ဘာ့အကြော [illegible] ကြောင့်လဲ၊

* * *



သူ သတိရလာသောအခါ ချုံပုတ်တစ်ခုနှင့်ငြိပြီး တင်နေ ကြောင်းသိရသည်။ တစ်ကိုယ်လုံး နာကျင်နေသည်။ လက် တွေကိုလှုပ်ကြည့်သည်၊ ရသည်။ ခြေထောက်တွေ လှုပ်ကြည့် သည် ရသည်။

ဟိုးခပ်လှမ်းလှမ်းအောက်ဘက် ကျောက်စွန်းမှာ ကား တစ်စီးထိုးကျပြီး မီးလောင်နေသည်။ မီးလောင်နေသောကား ချုံပုတ်ပေါ် တင်နေသော မိမိ၊ ဆက်စပ်စဉ်းစားကြည့်လို့မရဘဲ ဖြစ်နေသည်။

ခေါင်းထဲက မူးနောက်နောက် ဖြစ်နေသည်။ ခေါင်းကို စမ်းကြည့်သည်။ စေးကပ်ကပ် အရာများ လက်ကိုမပသည်။ ကြည့်သည် သွေးတွေ၊ မိုက်ခနဲဖြစ်သွားသည်။

* * *

'ဟော သတိရလာပြီ'

အမျိုးသမီးငယ်တစ်ယောက်၏ အသံကိုကြားရသည်။ သူ မျက်စိကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ မြင်ကွင်းက ဝါးနေသည်၊ တစ်ခုတစ်စကြည်လင်ပြတ်သားလာသည်။

ကြင်နာစွာ ကြည့်နေသော အဘိုးကြီး တစ်ယောက်ကို အရင် မြင်သည်၊ ထို့နောက် မျက်လုံးကလေး ကလည် ကလည်နှင့် ကြည့်နေသော မိန်းမပျိုလေးတစ်ယောက်၊

'မောင်ရင်လေး သတိရပြီလား'

အဘိုးကြီးက မေးသည်၊ သူခေါင်းသာညိတ်ပြသည်။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဘယ်ရောက်နေတာလဲ'

'ဒီလိုကွယ်၊ အခု မောင်ရင့်လေးရောက်နေတဲ့ရွာက ဓါတ
မြိုင်စွန်းရွာလို့ ခေါ်တယ်၊ အဘနာမည်က အဘစံတဲ့၊ဒါက
အဘသမီး မြသွေးတဲ့'

'ကျွန်တော်ဒီကို ဘယ်လိုရောက်လာတာလဲ'

'ဟောဒီသမီး မြသွေးက အဘ အလုပ်လုပ်နေတဲ့ယာခင်း
ကို ထမင်းလာပို့ရင်းလမ်းက ထင်းရှူးတောထဲမှာ မောင်ရင်
လေး လဲနေတာတွေ့လို့ အဘကိုလာပြောတာနဲ့ အိမ်ကိုခေါ်
လာခဲ့တာပေါ့၊ ဒါနဲ့ မောင်ရင်လေးက ဘယ်ကလဲကွယ့်၊ ဘယ်
လိုအဖြစ်အပျက်မျိုးနဲ့များ ကြုံတွေ့ခဲ့ရလို့လဲ'

သူ ဘယ်ကလာသလဲမသိ၊ ဘယ်ကို သွားမလို့လဲ မသိ၊
ဘာတွေဖြစ်ခဲ့သလဲ မသိ၊ ကားတစ်စီး ချောက်ထဲထိုးကျပြီ
မီးလောင်နေတာ သတိရသည်။

သို့ရာတွင် ထိုကားနှင့်သူ ဘယ်လိုပတ်သက်သလဲ၊ ဆက်
စပ်ကြည့်လို့ မရချေ။ စဉ်းစားကြည့်လို့ ရသလောက် ချုံပုတ်
တခုပေါ်မှာ ဆွဲတင်နေသည်၊ ဦးခေါင်းမှာ ဒဏ်ရာ ရထား
သည်၊ မိုက်ကနဲဖြစ်သွားသည်။ ပြန်သတိရတော့ တောင်ကြော
ကို တွယ်ကပ်ဆင်းလာခဲ့သည်။

ပြီးတော့ ခြေဦးတည့်ရာ လျှောက်လာသည်၊ နောက်
တစ်ကြိမ် မိုက်ခနဲဖြစ်သွားသည်။ ထင်းရှူးတောထဲမှာဒါပဲ

'ကျွန်တော် မသိဘူး'

'ဟင်....'



မြသွေးထံမှ အံ့ဩသံ ထွက်လာသည်။ အဘစံကတော့
...မလျှော့သေးဘဲ

'ဒါဖြင့် မောင်ရင်လေး နာမည်ကတော့ ဘာတဲ့လဲကွယ့်'

နာမည် သူ့နာမည်၊ အကြီးအကျယ်တုန်လှုပ် ချောက်ချား
...သည်။ သူ့နာမည်ကို သူကိုယ်တိုင်မသိတော့။ အပြင်း
...စဉ်းစားသည်။

နာမည်တွေ တစ်သုံးစ နှစ်လုံးစ ခေါင်းထဲဝင်လာသည်။
...သို့အစုံမဟုတ်၊ ရောထွေးနေသည်၊ နှင်းဆိုသောနာမည်
...ကို မှတ်ခနဲသတိရသည်။ ဘယ်သူလဲ ဘာလဲတော့

'နှင်း...'

...ရေရွတ်မိသည်။

'ဩော်....မောင်နှင်းတဲ့လား'

'ဟုတ်ဘယ်ဆင်တာပဲ မသေချာဘူးခင်ဗျာ'

'ထားပါတော့လေ မောင်နှင်းပဲ၊ မောင်ရင်လေးမှာ
...တော်ထိတ်လန့်စရာကောင်းတဲ့ အဖြစ်တစ်ခုနဲ့ ကြုံခဲ့ရ
...ထင်တယ်၊ ဒါကြောင့် စိတ်တွေ ချောက်ချားနေတယ်၊
...မှာလဲ ဒဏ်ရာရထားတယ်၊အားလဲနည်းနေတယ်။ ကဲပါ
...နောက်တော့ တဖြည်းဖြည်း သတိရလာမှာပေါ့၊ခုတော့
...အေးအေးထားပြီး အနားယူလိုက်ပါ။

...တို့အိမ်မှာ ဘာမှ အားနာစရာ မလိုဘူးကွဲလား၊
...က ဒဏ်ရာကလဲ သိပ်မကြီးပါဘူး၊ အဘဆေးခပ်

www.burmeseclassic.com

www.burmeseclassic.com

ပေးထားတယ်၊ ကဲ....သမီးရေ ဆန်ပြုတ်ကလေး သွား
ကွယ်၊ မောင်ရင်လဲ ဆာရောပေါ့'

'ဟုတ်ကဲ့ အဘ'

မြေးသွေး၏အသံက နူးညံ့သာယာသည်။ သူ မြ
ဖျတ်ခနဲ ကြည့်သည်။ အကြည့်ချင်း ခဏဆုံသည်။ မြ
မျက်လွှာချလိုက်၏။

* * *

ကိုကိုသေပြီဆိုတာ နှင်းမြနန္ဒာ မယုံသေး။ ကိုကို မိ
စုကတော့ ကိုကို့အတွက် ရက်လည်ဆွမ်းတွောင် ကျွေ
နေပြီ။ ထိုနေ့တွင် ကိုကို့မေမေက....

'သားရေ အမျှ....အမျှ....အမျှ'

ဟု အမျှဝေသောအခါ နှင်းမြနန္ဒာ သာဓုခေါ်ခဲ့
တွေက သူ့စိတ်ထိခိုက်လွန်းပြီး ကြောင်တောင်တောင်
ပြီဟု ထင်ကြသည်။ နှင်းမြနန္ဒာကတော့ ဘယ်သူတွေ
ပြောပြော ကိုကို မသေသေးဟုပင် စိတ်မှာစွဲနေသည်

ကိုကို၏ အလောင်းဟုဆိုသောမီးကျွမ်းနေသည့်အလေ
ကို စစ်ဆေးသည့် မှုခင်းဆရာဝန်ဆီ သွားသည်။ ဆရာ
မှာ ကျန်ရှိနေသော အစီရင်ခံစာ မိတ္တူကို တောင်း
ကြည့်သည်။

သေဆုံးသူ၏ အသက် ခန့်မှန်းချက်၊ အရပ် အ
ကိုယ်အလေးချိန် ခန့်မှန်းချက်တို့မှာ ကိုကိုဟုပင် ယ
ရှိနေသည်။



တစ်နေရာတွင် သေဆုံးသူ၏ သွားများအကြောင်းဖော်
ထားသည်။ သွားဘက် အပေါ်အံသွား တစ်ချောင်းကျိုးနေ
ပြီး ဘယ်ဘက် အောက်အံသွားတစ်ချောင်းက ပိုးစားပြီး
ပေါက်ဖြစ်နေသည်။

နှင်းမြနန္ဒာ မျှော်လင့်ချက်ကလေးရှိလာ၏။

'သွားတစ်ချောင်း ကျိုးနေတယ်ဆိုတာက ကားမှောက်
တာ ထိခိုက်လို့ ကျိုးတာလားဆရာ'

'မဟုတ်ဘူးခင်ဗျ၊ လွန်ခဲ့တဲ့ခြောက်လလောက် ကတည်းက
ကျိုးထားတာလို့ ခန့်မှန်းရပါတယ်'

ပြောပြီး မှုခင်းဆရာဝန်၏ စေ့စပ်သေချာမှုကို ကျေး
ဇူးတင်ရပေတော့မည်။ ကိုကိုသည် သွားဘယ်ခါမျှ မနုတ်ခဲ့ဖူး
၊ သွားရောဂါလည်း မရှိခဲ့ဖူး။ ခရီးမထွက်ခင် တစ်ပတ်
လောက်ကပင် သွားနှင့် ခံတွင်း အထူးကုဆရာဝန်ကြီးဆီမှာ
အဆေးခံခဲ့သေးသည်။

နှင်းမြနန္ဒာလည်း ပါသွားသည်။ ဆရာဝန်ကြီးက ကိုကို့
တော့ ရောဂါကင်းပြီး ခိုင်ခံ့ပုံကို ချီးကျူးခဲ့သေးသည်။
သေဆုံးသူ၏သွား အခြေအနေနှင့် လုံးဝမတူ။

ဒါဆိုလျှင် သေဆုံးသူသည် ကိုကိုမဟုတ်။ သို့ဖြစ်လျှင် ဘယ်
သူလဲ။ ကိုကိုက ဘယ်ရောက်နေတာလဲ။

* * *

ဘယ်သူလဲဆိုတာ မေးခွန်းကိုသာ ကိုယ့်ကိုယ်ကိုယ်
ခဏခဏ မေးနေသည်။ အဖြေကို ဘယ်တော့မှမရ။ ဘို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း စဉ်းစားသည့် အခါတိုင်း ခေါင်းတွေ နေ
ကျိုပြီး ထူပူလာတာသာ အဖတ်တင်သည်။

သူ ဘယ်ကလာသလဲ ဘာကြောင့်လဲ၊ ရှေ့ဆက်ပြီး ဘာ
မလဲ၊ မိမိသည် အတိတ်ကိုသာ မက အနာဂတ်ကိုပါ မေ့
နေသူဖြစ်သည်၊ ပစ္စုပ္ပန်တစ်ခုပဲ သူသိသည်။

သူကျန်းမာလာသည့်။ ခေါင်းက ဒဏ်ရာက တစ်ချ
ချက် ကိုက ခဲသလိုဖြစ်သော်လည်း ရှင်ပိုင်းအားဖြင့်လူ
တစ်ယောက်နှင့် မခြား။

အဘတို့သားအဖလည်း သူ့ကို ဂရုစိုက်သည်၊ နေ
သောက်ရေး ဘာမျှ မပူဝင်ရ။ ထမင်းဝိုင်းကျလျှင် သူ့
ဦးစားပေးစားသောက်စေကြသည်။ သူက အဘစံ၏ ယ
ငန်းတွင် ဝင်ကူညီသည်ကိုပင် အဘက ခွင့်မပြု။

'နေပါစေ မောင်ရင်လေးရယ်၊ မင့်ကြည့်ရတာ အ
အလုပ်ကြမ်း လုပ်ဖူးဟန်မတူပါဘူး'

ကျွန်တော် လုပ်နိုင်ပါတယ် အဘရယ်၊ ကျွန်တော
တခြား ဘာမှ လုပ်စရာ ရှိတာမဟုတ်ဘူး၊ အဘ
ဒီအတိုင်း စားသောက်နေရတာ အားနာလှပြီ။
အလုပ်တစ်ခုခု လုပ်မနေရင်တော့ တွေးတွေ
စိတ်ညစ်ရတယ် ဆိုမှ လုပ်ခွင့်ပေးသည်။ မြသွေးကလည်း
'အစ်ကိုအစ်ကို' နှင့် သံယောဇဉ်ဖြစ်နေပြီ၊



သူသည် မြသွေးတို့ သားအဖ သူ့အပေါ် ကောင်းရှာပုံကို
တွေးရင်းလျှောက်လာခဲ့သည်၊ သူသည် ကျောက်ခဲလေးတစ်လုံး
ဝင်တိုက်မိသည့်၊ သူ့ငုံ့ကြည့်၏ ဘာကြောင့်ရယ်မသိ၊
ကျောက်ခဲကလေးကို သူစိတ်ဝင်စားသွားသည်။ ကောက်
လာခဲ့သည်၊

အိမ်ပြန်ရောက်သောအခါ ကျောက်ခဲလေးကို တူဖြင့်ထု
သည့်သည်။ သူသည် ကျောက်ခဲနှင့် ရင်းနှီးသည်ဟု ထင်နေ
သည်၊ ဘာကြောင့် ဒီလိုဖြစ်နေရသလဲ ဆိုတာတော့မသိ၊

'အစ်ကို ဘာလုပ်နေတာလဲဟင်'

ဟု မြသွေးက လာမေးသည်။

'အစ်ကိုလဲမသိဘူး မြသွေးရယ်'

'ဟင် အစ်ကိုကလဲ ဘာမှန်းလဲမသိဘူး'

'ဟုတ်တယ် အစ်ကိုလဲ အဲဒါစဉ်းစားနေတာ၊ ဒီကျောက်
တွေ့သက်ပြီး အစ်ကို သိပ်စိတ်ဝင်စားနေမိတယ်၊ အစ်ကို
စိတ်က တစ်ခုနဲ့များ ဆက်စပ်နေမလားလို့'

'ဘာဆိုင်လို့လဲ အစ်ကိုရယ်၊ 'ကျောက်ခဲနဲ့ လူနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး၊ မြသွေးအစ်ကိုဟာ အင်္ဂလိပ်ကျောက်ထုသမား တစ်ယောက်များ ဖြစ်ခဲ့မလားလို့၊ ဒါမှမဟုတ် ရဲဘက်စခန်း တစ်ခုက ထွက်ပြေးလာတဲ့ လူများလား'

'မဟုတ်တာ အစ်ကိုရယ်၊ အစ်ကို့ပုံစံက ထောင်သား တစ်ယောက်နဲ့ လုံးဝမတူပါဘူး။ အစ်ကို့ကို စတွေ့တုန်းက လည်း ထောင်သား အဝတ်အစားနဲ့မှ မဟုတ်တဲ၊ ဒါနဲ့အစ် က အစ်ကိုရဲ့ အတိတ်ဘဝ အကြောင်းကို သိပ်သိချင်တာ လားဟင်'

'သိချင်တာပေါ့ မြသွေးရယ်၊ ကိုယ်ဘယ်ကလာလို့ ကောင်းမှန်း မသိတဲ့ လူတစ်ယောက်ရဲ့အမြင်ဟာဘယ်လော ဆိုးသလဲ'

'မြသွေးကတော့ အစ်ကို့ရဲ့အတိတ်ဘဝကို ပြန်မမှ စေချင်ဘူး'

'ဘာ...ဘာပြောတယ် မြသွေး'

သူက အလန့်တကြားပြောလိုက်သည်။ မြသွေးက ခေ ကလေးငုံ့သွားပြီး အသံတိုးတိုးဖြင့်—

'အစ်ကိုက အစ်ကို့ဘဝကို သိလာပြီဆိုရင် အစ်ကို့ ကိုပြန်သွားမှာ၊ ဒီရွာကထွက်သွားမှာ၊ မြသွေးကို ထားခဲ့

'ဩော်... မြသွေးရယ်'

သူစိတ်မကောင်းဖြစ်သွားသည်။

* * *



ကားကို ရပ်ခိုင်းလိုက်သည်။ ကိုကို့ကား ချောက်ထဲထိုး ကျခဲ့သည့်နေရာ။

သေဆုံးသူသည် ကိုကိုမဟုတ်ကြောင်း ဆရာဝန်၏ စစ် ဆေးချက်အစီရင်ခံစာကို ကိုးကား၍ လူကြီးတွေကို ရှင်းပြ သည်။ ကိုကို့ကို လိုက်ရှာလိုသည်ဟု ပြောသည်။

လူကြီးတွေက တားလို့ရမှာ မဟုတ်သည့်အပြင် စိတ်ခြေ ပျောက် ခရီးထွက်သည့် သဘောမဲ့ဆိုပြီး ခွင့်ပြုလိုက်ရ သည်။ သူပြောတာကို ယုံကြည်ကြမှာမဟုတ်ပေမယ့်ရှိချေ။ အပဲဖြစ် ဒီအနီးတစ်ဝိုက်မှာ ကိုကို့ကို တွေ့မည်ဟု ယုံကြည်နေ သည်။

ကားပေါ်က ဆင်းသည်။ ကားမီးလောင်ခဲ့သည့် နေရာ မှန်ပြောင်းဖြင့်ကြည့်သည်။ ကားပျက်ကို ပြန်သယ်ခဲ့ပြီး သော်လည်း ပစ္စည်းအပိုင်းအစကလေးတွေ ရှိနေတုန်း၊ ထိုနေ မှာ သဲလွန်စတွေ့နိုင်သည်။ မှန်ပြောင်းမြင်ကွင်းကို တစေ့စ ည့်ရာ တစ်နေရာမှာတန့်သွားသည်။

ချုံပုတ်တစ်ခု ဖြူဖြူအရာတစ်ခု ငြိနေသည်၊ အဝတ်စ တစ်ခုဟု နှင်းမြနန္ဒာထင်သည်။ ကားဒရိုင်ဘာကြီးကို ထိုနေ သို့ဆင်းပြီး ယူခိုင်းသည်။

မှန်သည်။ သားရေစ တစ်ခု၊ သူကောင်းကောင်းသိသည်။ ဒါဝက်ဝံရေ၊ ကိုကို့ဂျာကင်မှ စိတ်ပြ၍ကျန်ခဲ့ခြင်းဖြစ်ရ သည်။ ကားမီးလောင်သည့် နေရာနှင့်တခြားစီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် ကိုကိုသည် ကားချောက်ထဲကျစဉ် စုန်ထ နိုင်ခဲ့လိမ့်မည်။ အသက်မသေခဲ့လို့သာ တစ်နေရာရာ ထ သွားနိုင်ခြင်း ဖြစ်မည်။

လူဆိုးတွေက ဖမ်းဆီးသွားတာလည်းဖြစ်နိုင်သည်။ သ ဖြစ်ဖြစ် အသက်မသေကြောင်း သဲလွန်စ တစ်ခု ထပ်ရ ကြောင့် အားတက်သွားသည်။

* * *

သူသည် တောင်ယာစခန်းမှ ပြန်လာခဲ့သည်။ အိမ်မှာ စရာလေးတွေ ရှိနေသောကြောင့်ဖြစ်သည်။ ဒီနေ့သူ့စိတ် လန်းနေသည်။ မနက်တုန်းကအဖြစ်ကြောင့်—

သူ့အတိတ်ဘဝကို ပြန်သတိရစေသည့် အကြောင်း ရာမဟုတ်သည့်တိုင် ထူးခြားမှု တစ်ခုတော့ ဖြစ်သည်။ မ တုန်းက အိမ်မှာ ဈေးက ထန်းလျက် ထုပ်လာသည့် အ သတင်းစာတစ်ရွက်တွေ့သည်။

ထိုသတင်းစာမှ သတင်းများကို သူကောင်းမွန်ကျွမ်း စွာ ဖတ်နိုင်သည်။ သို့ဆိုလျှင် သူသည်တစ်ချိန်က ပညာ တစ်ဦး ဖြစ်ခဲ့ရမည်။ အခြေအနေမဲ့ ဘစ်ယောက် ပ ယောက်မဟုတ်နိုင်ကြောင်းသိရသဖြင့် ဝမ်းသာရသည်။

ထိုစဉ်တွင် မိန်းမငယ်တစ်ယောက်၏ စူးစူးဝါးဝါး သံကို ကြားရသည်။ မြသွေးအသံ ဖြစ်ရမည်။ တမင်း မို့ချိန်။



အသံကြားရာသို့ သူပြေးသွားသည်။ ဟုတ်သည် မြသွေး သစ်ပင်တစ်ကိုမှီ၍ထိတ်လန့်တကြားအော်ဟစ်နေသည်။မြသွေး ရှေ့မှာတော့ ပါးပျဉ်းထောင်နေသော ငန်းမြွေကြီး အုပ်မိုး လျက်—

စဉ်းစားနေဖို့ အချိန်မရ ခါးကြားမှာ ထိုးထားသော ဓားကို ဆွဲထုတ်ပြီး မြသွေးနှင့် ငန်းမြွေကြီးတို့ကြားမှာ ဝင် ရပ်လိုက်သည်။မြွေကြီးသည်၊ ရန်သူတစ်ယောက်တိုးလာသဖြင့် တစ်ချက်တွန့်သွားသည်။ ပြီးတော့ ရှူးကနဲ ပါးပျဉ်းထောင် လာသည်။

မြွေကြီးနှင့် သူဘယ်ညာယိမ်းရင်း အကွက်ချောင်းနေကြ သည်။ မြွေကြီးက တစ်ချက်အားယူပြီး ပေါက်ချလိုက်သည်။ မြသွေး၏ ထိတ်လန့်တကြား အော်သံသည် ထင်းရှူးတော ထဲတွင် ပဲ့တင်ထပ်သွားသည်။

မြသွေးသည် မျက်နှာမှာအုပ်ထားသော လက်ဝါး နှစ် ဘက်ကို မရဲတရဲဖယ်ကြည့်သောအခါ သူသည် မားမားကြီး ရပ်လျက် မြသွေးကို ကြည့်နေသည်။ မြေပြင်ပေါ်မှာတော့ မြွေကြီးက နှစ်ပိုင်းပြတ်လျက် သေနေပြီ။

မြသွေးသည် သူ့ကိုပြေးဖက်သည်။ သူ့ရင်ခွင်မှာ မျက်နှာ အပ်၍ ငိုသည်။ သူက မြသွေးကို ပြန်ဖက်ထားလိုက်သည်။

ထိုအချိန်တွင် သူ့စိတ်ထဲမှာ ထူးဆန်းသော အတွေး ဝင် သာ၏။ အတိတ်ဘဝကို ပြန်သတိမရချင်တော့။ ဒီရွာမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



လူသစ်စိတ်သစ်နှင့် နေချင်သည်။ မြသွေးကို သံယောဇဉ်တွယ်
မိပြီ။

တစ်မြို့ဝင်နက်တည်းမှာပင် တစ်ချိန်သော အခါက တစ်
ယောက်သော အမျိုးသမီးငယ်သည်လည်း ခုလိုပင် သူ့ရင်ခွင်
မှာ မျက်နှာအပ်၍ ငိုဖူးသည်ဟု သတိရမိသလိုလို။

* * *

သူသည် မြို့ဈေးသို့ လှည်းဖြင့် တက်လာခဲ့သည်။ ယာခင်
မှထွက်သည့် သီးနှံတွေသွားရောင်းဖို့ ဖြစ်၏။ ပြီးခဲ့သော
ခေါက် အဘစံနှင့်အတူ လိုက်လာခဲ့သည်။ ဒီတစ်ခေါက်
တော့ သူတစ်ယောက်တည်း လာခဲ့သည်။

ဈေးထဲမှာ သီးနှံတွေရောင်းပြီးနောက် မြသွေးအတွက်
သိုးမွေးဆွယ်တာကလေး ဝယ်သည်။ မြသွေးက အသား
ဝင်းသဖြင့် အနီရဲရဲကလေးနှင့် လိုက်သည်။ ဆွယ်တာယူ
ပေးပြီး လှည့်အထွက်တွင် —

'ကိုကို'

ဟု အသံကြားသဖြင့် ဆတ်ခနဲဖြစ်သွားသည်။ ပြီးတော့
ဘာဆိုင်လို့လဲဆိုပြီး ခြေလှမ်းစ်လှမ်း ဆက်အလှမ်းတွင်
တစ်ယောက်က သူ့လက်မောင်းကို ဖမ်းဆွဲထားသဖြင့်
ကြည့်သည်။ အမျိုးသမီးတစ်ယောက်၊ သူ့ဘစ်ခါမှ မမြင်

'ကိုကို'

အမျိုးသမီးက ထပ်ခေါ်သည်။



'လူမှားနေပြီ ထင်တယ်၊ ကျွန်တော် ကိုကို မဟုတ်ပါဘူး၊
ကျွန်တော့်နာမည် မောင်နှင်း'

ပြောပြီး အမျိုးသမီးလက်ကို ဆွဲဖယ်၍ထွက်ခဲ့သည်။

နှင်းမြနန္ဒာသည် ဝမ်းသာအားရ အမူအရာမှ အံ့ဩဝမ်း
နည်းခြင်းသို့ ပြောင်းသွားသည်။ ကိုကိုမဟုတ်ဘူးတဲ့။ အသား
တွေညိုနေခြင်း၊ အဝတ်အစားတွေ ဟောင်းနွမ်း နေခြင်း၊
မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ရေးရေးထင်နေခြင်းတို့ကလွဲလျှင်
ကိုကိုနှင့်ချွတ်စွပ်။

ထိုသူ့နောက်သို့ ပြေးလိုက်သွားမိသည်။ သို့ရာတွင် မမီ
တော့။ ထိုသူက နွားလှည်းပေါ်တက်၍ မောင်းထွက်သွား
ခဲ့ပြီ။

သူ ငေးကြည့်ရင်း ကျန်ခဲ့ရာမှ တစ်ခု သွားသတိရသည်။
စောစောက ထိုသူဝယ်သွားသော ဆိုင်သို့ ပြန်လှည့်ခဲ့သည်။
ဆိုင်ရှင်ကို မေးသည်။

'ခုန ဒီကဆွယ်တာ ဝယ်သွားတဲ့လူကို သိလားဟင်'

'မသိဘူးရှင်'

နှင်းမြနန္ဒာ စိတ်ဓာတ်ကျသွားသည်။

'ဪ...တစ်ခုတော့ရှိတယ်၊ ဟိုတစ်ပတ် ဈေးနေ့တုန်းက
တော့ အဲဒီလူ ဦးဘစံနဲ့ တူတူလာဖူးတယ်၊ ဦးဘစံကတော့
တောင်မြို့ဝင်စွန်းရွာမှာ နေတယ်'

'အဲဒီရွာကို ကားနဲ့သွားလို့ ရသလား'

'ကားနဲ့ သွားလို့မရဘူး၊ လှည်းနဲ့သွားလို့ရတယ်'

* *

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျွန်တော့်နောက်ကို ဘာလို့ လိုက်နေရတာလဲဗျာ'

ဟု သူက မြန္မာကို စိမ်းစိမ်းကြည့်ပြီး ပြောလိုက်သည်။ ပြီးတော့ ဆေးပေါ့လိပ်ကို မီးညှိသည်၊ ဆေးပေါ့လိပ်ကို ကိုင်ထားသောလက်မှ လက်စွပ်ကို နှင်းမြန္မာမြင်သည်၊ ပတ္တမြားလက်စွပ်။

'ကိုကို၊ ကိုကိုမှ ကိုကိုအစစ်၊ ဟောဒီပတ္တမြားလက်စွပ်က သက်သေခံနေတယ်။ ဒါမြန္မာနဲ့ ကိုကိုနဲ့စေ့စပ်တုန်းကမြန္မာ ပေးထားတဲ့ လက်စွပ်လေး၊ ဒီမှာလဲကြည့်ပါဦး၊ ဒါက ကိုကို မြန္မာကို ပေးခဲ့တဲ့ လက်စွပ်'

မြန္မာက သူ့လက်မှ လက်စွပ်ကို ပြသည်။ လက်စွပ်ချင်းက တစ်ပုံစံတည်း။

'မြန္မာ ဟုတ်လား၊ မြန္မာ....မြန္မာ....၊ ကျွန်တော် ခင်ဗျားကို မသိဘူးဗျာ၊ ကျွန်တော့်ကို လာမနှောင့်အယှက် ပါနဲ့တော့၊ကျွန်တော်ဒီရွာမှာပဲနေဖို့ဆုံးဖြတ်ထားပြီးသားပါ'

ပြောပြီး သူထသွားသည်။မြန္မာ ငိုသည်။ ခပ်လှမ်းလှမ်းမှ အကဲခပ်နေသော အဘစံက နှင်းမြန္မာနား လာရပ်ပြီး....

'စိတ်မကောင်း မဖြစ်ပါနဲ့ ကလေးမရယ်'

ဟု နှစ်သိမ့်သည်။

'သူဘယ်လိုလုပ် ဒီကိုရောက်လာတယ်ဆိုတာ ပြောပြပါလား ...ရယ်'



အဘစံက အကြောင်းစုံပြောပြပြီးနောက် နှင်းမြန္မာက....

'ဟုတ်ပြီဦး၊ သူဟာ ကားပေါ်ကလွင့်ကျပြီး ခေါင်းမှာ ...ရာရခဲ့လို့ အမ်နီးရှားဆိုတဲ့ အတိတ်မေ့ရောဂါ ဖြစ်နေ ...ာပဲ'

'ဟုတ်ပါတယ်ကွယ်၊ အဘတို့ကတော့ သူ့ကို သနားလို့ ...ွေးမွေးပြုစုထားရာက သိမ်ယောဇဉ်ဖြစ်နေပါပြီ'

မြသွေးသည် တစ်နေရာက ချောင်းနားထောင်နေရာက... ...င်းမြန္မာနားသို့ မရဲတရဲ ကပ်လာပြီး....

'အစ်ကိုနဲ့ ဒီက အစ်မနဲ့က စေ့စပ်ထားတယ်နော်'

ဟု မျက်နှာငယ်လေးဖြင့်မေးသည်၊ နှင်းမြန္မာက ခေါင်း ...တ်ပြသည်။

'ဒါဆို အစ်ကို့ကို အစ်မက ပြန်ခေါ်သွားမှာလားဟင်'

နှင်းမြန္မာ မဖြေတတ်။ မြသွေး မျက်ရည်ဝဲလာသည်။

* * *

နှင်းမြန္မာသည် တောင်မြို့ကြီးရွာကပြန်လာခဲ့သည်။ကိုကို့ ဘယ်လိုမှ ပြောလို့မရမှန်းသိသည်။ မြို့ပြန်ရောက်လျှင် ...တုန်းက ကိုကို့မိဘတွေကို ဖုန်းဆက်ပြီးခေါ်မည်၊ အဖေ အမေကိုတွေ့လျှင် ကိုကိုသတိပြန်ရချင်ရမည်။ဟုကို့မိဘ ...းနှင့်အတူ စိတ်ရောဂါ အထူးကု ဆရာဝန်တစ်ယောက်ကို ခေါ်ခဲ့မိုင်းမည်။ ကိုကို့ကို ဆေးကုပေးမည်၊

သူ့စိတ်ကူးနှင့်သူရှိနေတုန်း နွားလှည်းက ... ကနဲရပ်

www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် အတွေးပျက်သွားသည်။ လှည်းရှေ့မှာ လူသုံး
ယောက် ပိတ်ရပ်ထားသည်။ ဓါးလွတ်ကိုယ်စီကိုင်လျက်။
တစ်ယောက်က လှည်းပေါ်ခုန်တက်လာပြီး လှည်းမောင်းသူ
ကို ဓါးဖြင့်မိုးထားသည်။

'ကဲ....ဟော့ ကောင်၊ လှည်းပေါ်ကဆင်း၊ ဘာအူကြောင်
ကြောင် လုပ်နေတာလဲ။ ဆင်းလေ'

ခရီးသမားက လှည်းမောင်းသူကို ကန့်ချလိုက်သည်။

'ရှင်တို့ ဘာလုပ်တာလဲ'

'ဘာလုပ်တာလဲဆိုတော့ ခုလို သူဌေးသမီးလေး တစ်
ယောက်ကို တွေ့မှတော့ ဘာလုပ်ရမှာလဲ။ ပြန်ပြေးဆဲ့တာပေါ့
တား....တား....ဟား'

* * *

လှည်းသမားသည် ရွာထဲသို့ အမောတကော ပြေးဝင်လာ
သည် အဘစံကိုအိမ်အရောက်တွင်ခရီးရောက်မဆိုက်ပြောသည်
'ဟို....ဟို မြို့ကလာတဲ့ကလေးမကို လူဆိုးတွေ ဖမ်းသွား
ပြီ....'

'ဟင်'

မောင်နှင်း ဂုန်းကနဲထရပ်လိုက်သည်။ နှင်းမြနန္ဒာဆိုသော
မိန်းကလေးကိုသူမသိ၊ သို့ရာတွင် ထိုမိန်းကလေးအန္တရာယ်
ကြုံတွေ့ရမှာကိုတော့ သူစိုးရိမ်သွားသည်။ ထို့ကြောင့်
'ကဲ....ကျွန်တော်လိုက်သွားမယ်၊ ရွာထဲကလူတွေစုပြီး



သာ နောက်ကလိုက်ခဲ့ကြပေတော့၊ သူတို့ ဘယ်ဘက်သွား
သလဲ'

'ကျုပ်ကို လှည်းပေါ်က ကန်ချခဲ့ပြီး လှည်းပါယူသွား
တာပဲ၊ ထင်းရှူးတောဘက် မောင်းထွက်သွားတာတွေ့တယ်'

သူသည် အိမ်ရှေ့မှာချည်ထားသောမြင်းပေါ်ကို လွှားက
နဲ ခုန်တက်လိုက်သည်။ မြင်း၏နံဘေးကိုခြေဖြင့်တို့၍ အချက်
ပေးသည်။ မြင်းက မြားတစ်စင်းသို့ပြေးထွက်သည်။

'အစ်ကို သတိထားနော်'

ဟု လှမ်းအော်လိုက်သော မြသွေး၏ အသံကိုကြားလိုက်
ရသည်။သူသည် လမ်းရိုးအတိုင်းမသွားဘဲ ဖြတ်လမ်းမှအမြင်း
နှင်သည်။ မြင်းစီးနေရင်းကမှ တစ်စုံတစ်ခုသတိရသည်၊ သူ
ဘယ်တုန်းက မြင်းစီးတတ်ခဲ့သလဲ။ သူစီးနေပုံမှာ ကျွမ်းကျွမ်း
ကျင်ကျင်ရှိလွန်းလှသဖြင့် အံ့သြနေသည်။

ထင်းရှူးတောကို လှမ်းမြင်ရသည်။ ထင်းရှူးတောရှေ့
မှာရပ်ထားသော နွားလှည်းကိုတွေ့သည်။လူတွေမမြင်ရတော့၊
သူသည် ထင်းရှူးပင်တွေကြားမှာ မြင်းကို ဆက်စီးလာခဲ့
သည်။ ထင်းရှူးပင်တွေက တရိပ်ရိပ်။ ရှေ့အတော်လှမ်းလှမ်း
မှာ သူတို့မြင်ရပြီ။ လူသုံးယောက်နှင့်အတူ ရုန်းရင်းကန်ရင်း
ပါသွားသော နှင်းမြနန္ဒာဆိုသည့် မိန်းကလေး။

သူမြင်းနှင့် လိုက်လာသည်ကိုမြင်သဖြင့် လူသုံးယောက်တို့
က တိုက်ခိုက်ဖို့ ပြင်ဆင်သည်။ တစ်ယောက်ဆီ တစ်ချောင်းဆီ။

ပထမလူနှင့် နီးလာသည်။ထိုသူက ဓါးဖြင့်ဆီး၍ခုတ်ဖို့ပြင်
သည်။ ဓားနှင့်မခုတ်နိုင်မီ မြင်းနှင့် ဝင်တိုက်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်။ မြင်းနှင့် တည့်တည့်ကြီး ဝင်လိုက်သဖြင့် ဓားသမားလန့်ပြီးရှောင်သည်။ ဓားကမြင်းအဖြတ်တွင် ခြေစောင်းက ထိုသူ၏မေးရိုးကို လှလှကြီးခတ်မိသည်။

နှစ်ယောက်ကိုရှင်းပြီးပြီ နောက်ဆုံးတစ်ယောက်။ ထိုသူက လျှင်သည်။ ဝင်လာသောမြင်း၏လက်ကို ဓားဖြင့်ခုတ်သည်။ မြင်း တုန့်ခနဲရပ်သည်။ အရှိန်ကြောင့် သူမြင်းပေါ်က ကျသည်၊ ထင်းရှူးပင်တစ်ပင်၏ ပင်စည်နှင့်ဦးခေါင်း ရိုက်မိသည်။ မိုက်ခနဲဖြစ်သွားသည်။

လဲကျပြီး မှုးမေ့နေသော သူ့ကိုယ်ပေါ်မှာ ဓားသမားက ခွရပ်လိုက်သည်။ ဓားကိုမြှောက်သည်။ ခုတ်မချမီကလေးတွင် အင့်ခနဲမအော်သည်။ ကျောမှာ ဓါးမြှောင်တစ်ချောင်းက စိုက်နေသည်။ လဲကျသွားသည်။ နှင်းမြနန္ဒာသည် ကိုကို၏ အသက်ကို ကယ်လိုက်လေပြီ။

* * *

စကားပြောသံတွေ ကြားရသည်။ အမျိုးသမီးနှစ်ယောက်၏အသံ၊ လူကြီးတစ်ယောက်အသံ၊ အမျိုးသမီးတစ်ယောက်၏အသံကို သူမှတ်မိသလိုရှိသည်။

မျက်စိ ဖွင့်ကြည့်သည်။ အမြင်အာရုံ ခဏဝါးနေပြီးမှ ကြည်လင်လာသည်။ အမျိုးသမီးငယ်တစ်ယောက်။ သူ့အစ်ခါ မှ မမြင်ဘူး။

'အကို၊ သတိရပြီနော်'



မြသွေးအမေးသည်။ သူသည် မြသွေးကို ကြောင်ကြည့်၏။ ထို့နောက်....

'မင်းကဘယ်သူလဲ'

'မြသွေးလေအစ်ကို၊မြသွေးလေ'

'မြသွေး....မြသွေး၊ ဘယ်သူလဲ.... မြသွေး။ ကျွန်တော် ဘူး'

မြသွေးမျက်နှာငယ်သွားသည်။ မျက်ရည်ဝဲလာသည်၊

'ကိုကို'

ာ နှင်းမြနန္ဒာခေါ်သည်။ သူ နှင်းမြနန္ဒာဘက်လှည့်ကြည့်၏

'ဟင်....မြနန္ဒာ မြနန္ဒာ၊ ဘယ်လိုတွေဖြစ်နေတာလဲ'

နှင်းမြနန္ဒာမျက်နှာ ဝင်းပသွားသည်။

'ကိုကို မြနန္ဒာကို ပြန်မှတ်မိပြီနော်၊ ငမ်းသာလိုက်တာ ရှယ်'

နှင်းမြနန္ဒာက ကိုကို့ကိုပွေ့ဖတ်လိုက်သည်။ ကိုကိုကပြန်သွားသည်။ ဦးခေါင်းကိုထိခိုက်ရာမှ အမ်နီးရှားခေါ်တ်မေ့ရောဂါဖြစ်နေခဲ့ပြီး ခုတစ်ခါ ဦးခေါင်းကို ထပ်မံမိရာမှ ပုံမှန်စိတ်ပြန်ဖြစ်လာခြင်း။

မြသွေးသည် တစ်ဦးနှင့်တစ်ဦး တင်းကျပ်စွာဖက်ထားကြသော သူနှစ်ဦးကို မျက်ရည်စေ့စွာကြည့်နေသည်။ ထို့နောက် အံကြိတ်လိုက်သည်၊ မျက်စိက မြေပေါ်မှာကျနေ

www.burmeseclassic.com

www.burmeseclassic.com



သော အုတ်တစ်ချောင်းကိုမြင်သည်။ တုတ်ကိုယူသည်။ ထို့နောက် သူ့ကိုယ်သူ မောင်နှင်းဟုဆိုခဲ့သော အကို့ဦးခေါင်းကို ရိုက်ချလိုက်သည်။ အကိုသည် တစ်ချက်ညည်းညူလိုက်ပြီး မေ့လဲသွားသည်။

'ဟင် မြသွေး၊ ဘယ်လိုလုပ်လိုက်တာလဲ ဟင်'

နှင်းမြနန္ဒာ အံ့သြစွာပြောလိုက်သည်။

'အကိုဟာ သူ့ဘာကို ပြန်သတိမရစေရဘူး၊ အတိတ်ကို ပြန်မေ့သွားစေရမယ်၊ မြသွေးအစ်ကိုနဲ့ မခွဲနိုင်ဘူး'

မြသွေးက ရူးသွပ်နေသူတစ်ယောက်ကဲ့သို့ တတွတ်တွတ်ပြောနေသည်။ နှင်းမြနန္ဒာ အံ့သြကြီးစွာ ငေးကြောင်ကြည့်နေဆဲ၊ ညည်းသံသဲ့သဲ့ ထွက်ပေါ်လာသည်။ မျက်လုံးဖွင့်ကြည့်သည်။

'ကိုကို....ကိုကို'

နှင်းမြနန္ဒာကခေါ်သည်။ သူသည် နှင်းမြနန္ဒာကို အကြာအောင် စိုက်ကြည့်နေသည်။

'ကိုကို...မြနန္ဒာလေ'

'မြနန္ဒာ၊ မြနန္ဒာဆိုတာ ဘယ်သူလဲ'

'ဟင်'

သူသည် မြသွေးဘက်သို့လှည့်ကြည့်သည်။ သူ့မျက်နှာပေါ်မှာ ပြုံးယောင်သမ်းလာသည်။

မြသွေး အကိုဘာဖြစ်သွားတာလဲ'



'အကို မြသွေးကိုပြန်မှတ်မိပြီနော်.... အကိုရယ်'

မြသွေးက သူ့ရင်ခွင်ထဲတိုးဝင်သည်။ သူက မြသွေးကို ခပ်သွေ့ပြန်ဖက်၏။ ဒီတစ်ခါ နှင်းမြနန္ဒာ မျက်ရည်ဝဲရသည့် အသည် နှင်းမြနန္ဒာ ၁ည် ငမ်းနည်းကြေကွဲစွာငေး ကြည့်နေရာမှ မျက်နှာထားပြောင်းလဲသွားသည်။ စောစောကမြသွေးပြန်ချထားသော တုတ်ကိုယူ၍ ကိုကို့ ဦးခေါင်းကို တအားလွှဲရိုက်ချလိုက်သည်။ ကိုကို သတိပြန်မေ့သွားပြန်၏။

'ဟင် ရှင် ဘာလုပ်တာလဲ၊ ရှင်....ရှင်'

မြသွေးက ဒေါသတကြီးမေးသည်။ နှင်းမြနန္ဒာက—

'ဒီမှာမြသွေး၊ ကိုကိုဟာ မြနန္ဒာနဲ့ စေ့စပ်ပြီးသားပါ၊ အတိတ်မေ့ရောဂါကြောင့်သာ မောင်နှင်းဆိုတဲ့လူ ဖြစ်နေရတာပါ၊ ဒါကြောင့် သူ့ကို မူလကိုကို ပြန်ဖြစ်အောင်လုပ်တာ မြနန္ဒာတရားပါတယ်'

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ဝင်းဝင်းတောက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေကြသည်။ ထိုစဉ်မှာပင် သူ ပြန်သတိရလာသည်။ နှင်းမြနန္ဒာနှင့် မြသွေးတို့သည် စိတ်လှုပ်ရှားစွာမျှော်လင့်ချက်ကိုယ်စီဖြင့် သူ့ကိုကြည့်နေသည်။ မြနန္ဒာကစ၍—

'ကိုကို သတိရပြီနော် မြနန္ဒာကိုသိတယ်မဟုတ်လားဟင်၊ မှတ်မိတယ်မဟုတ်လား'

သူသည် မြနန္ဒာကိုငေးကြောင်ကြည့်နေပြီး—

'မြနန္ဒာ ဘယ်ကမြနန္ဒာလဲ၊ ကျုပ်မှမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



နှင်းမြနန္ဒာ မျက်နှာအကြီးအကျယ်ပျက်သွားသည်။ ကို
သည် သူ့ကို ပြန်မှတ်မိလာခြင်းမရှိတော့။ မြသွေး ပြုံး
သည်။ အစ်ကို့လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင် လှုပ်
လျက်....

'ဒါဆို....ဒါဆို—မြသွေးကိုတော့ အကိုမှတ်မိမှာပေါ့
သူသည် မြသွေးကို အတန်ကြာစိုက်ကြည့်နေပြီးမှ
ကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'မသိဘူး၊ မသိဘူး၊ ဘယ်သူမှမသိဘူး။ ကျုပ်ကိုယ်
လဲမသိဘူး'

သူ လူးလဲထရပ်လိုက်သည်။

ထို့နောက်....

'ငါဘယ်သူလဲ၊ ငါဘယ်သူလဲ'

ဟု တတွတ်တွတ်ရေရွတ်ရင်း ထင်းရှူးတောထဲသို့
ခရွှဲ့ လျှောက်ဝင်သွားလေတော့သတည်း။

မင်းလူ

(ဖေဖော်ဝါရီလ၊ ၁၉၈၇၊ ဖေဖော်...)

---

# တိုရှည်

www.burmeseclassic.com

www.burmeseclassic.com

သဝန်တိုတယ်ဆိုတာ မကောင်းဘူးလို့ လူတိုင်း သိကြတာပဲ၊ ကျွန်တော်လဲ သိတာပဲ။ ဒါပေမယ့် မတိုဘဲမနေနိုင်တာ ဘယ့်နှယ် တတ်နိုင်ပါ့မလဲ။

ဆေးလိပ်လိုပေါ့။ ဆေးလိပ်သောက်ရင်အဆုတ်ကင်ဆာဖြစ်နိုင်တယ်၊ နှလုံးရောဂါ ဖြစ်နိုင်တယ်။ လေဖြတ် နိုင်တယ်။ ဆေးကရက် တစ်လိပ်ဟာ လူတစ်ယောက်ရဲ့ သွေးကြော တွေကို တစ်နာရီလောက်ကြာအောင် ကျဉ်းမြောင်းသွားစေနိုင်တယ်၊ ဆေးလိပ်သောက်တော့ ငွေကုန်တယ်။ အဝတ်အစားမီးပေါက်တယ်၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက် ဖြစ်စေတယ်၊ ဒါလူတိုင်းသိတာပဲ။ ဆေးလိပ်ဆန့်ကျင်ရေး ဟောပြောပွဲတွေ၊ ဆေးလိပ် အန္တရာယ် သတိပေးတဲ့ ဆောင်းပါးတွေ မရေးကြဘူးလား၊ ဆေးလိပ်ဟာ ကောင်းကျိုးထက်ဆိုးကျိုးကိုပိုပေးနိုင်တယ်ဆိုတာ ဆေးလိပ်သောက်သူတိုင်းသိတယ်။ ဒါပေမယ့် ဆေးလိပ်ကို ဖြတ်နိုင်ကြသလား။

www.burmeseclassic.com

www.burmeseclassic.com



'ခုတလော အသက်ရှူလိုက်ရင် ရင်ပတ်က အောင့်အောင့်နေတယ်။ ဆေးလိပ် လျှော့သောက်ဦးမှပဲ'

ဆိုတဲ့ လူကအများစု။ ဆေးလိပ်ဖြတ်မှဖြစ်မယ်လို့ မပြောကြပါဘူး။ နောက်ဆုံး မရှူနိုင်မကယ်နိုင်တဲ့ အခါကျမှမဖြတ်သာလို့သာ ဆေးလိပ်နဲ့ လမ်းခွဲကြရတာ မဟုတ်လား။

ဒီသဘောပါပဲလေ၊ ဒီသဘောပဲပေါ့။

တစ်ခုတော့ရှိတယ်။ ချစ်ရင်သာနှင့်ကြောင်စမြဲ ၊ါ အသက်ရယ်....ဆိုတဲ့ သီချင်း။ ချစ်သစ္စနဲ့ကြောင် ဆိုချင်ဆိုတော့မောင်မောင့်အပေါ်မှာ တကာယ်ချစ်ကြိုးနှောင် ဆိုတဲ့ သီချင်းတွေလို ဆိုရင်တော့ ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ အချစ်တတ်ဆုံး လူသားအဖြစ် ဂင်းနစ် ကမ္ဘာ့စံချိန်များ စာအုပ်ထဲမှာ ဖော်ပြခံရမှာ ကျိန်းသေတယ်။

* * *

ဘယ်လောက်တောင်လဲဆိုတော့ မမြင်ဘူးခင် ကတည်းကစပြီး သူနဲ့ပတ်သက်လို့ သစ္စနဲ့တိုင်ခဲ့တာပါခင်ဗျာ။

ပထမနှစ်တုန်းကပေါ့။ တက္ကသိုလ်ပထမနှစ်ကို ပြောတာမောင်မယ်သစ်လွင် ကြိုဆိုပွဲခန့်ကို ကျွန်တော် မတက်ဖြစ်၊ နောက်ရက် ကျောင်းသွားတက်ခတော့ ကျွန်တော်နဲ့ အတူဆယ်တန်းအောင်ခဲ့တဲ့ သူငယ်ချင်းက....

'မနေ့က မင်းမလာတာ နာတယ်ကွာ၊ ငါတို့အတန်းကအလှဘုရင်မ အရွေးခံရတဲ့ ကောင်မလေးက တော်တော်



တယ်၊ နာမည်က တစ်လုံးတည်း မြတဲ့.... အဲဒါ အားလုံးကကြိုက်တောင်းလို့ သီချင်းတစ်ပုဒ်တောင် ဆိုပြသေးတယ်။ ခေတ်ဟောင်းသီချင်း မြပန်းခွေကို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးဆိုပြသွားတယ်။ အသံကလဲ ကောင်းတယ်ကွ'

သူငယ်ချင်းကို မနာလို ဖြစ်မိတယ်။ အဲဒီမြဆိုတာကိုသူကကျွန်တော့်အလျင် မြင်ဖူးသွားလို့၊ ပြီးတော့ မြရဲ့သီချင်းသံကိုသူက ကြားခွင့်ရလိုက်တယ်၊ ပြောမယ်ဆိုရင်တော့ကျွန်တော်လိုဖြစ်ရတာ အဲဒီနေ့က ပွဲကိုတက်တဲ့ ယောကျ်ားလေးအားလုံးပဲ'

'ကဲ....မင်းကို ပညာစမ်းမယ်၊ ဒီနေ့ကျောင်းခန်းထဲ ဝင်လာတဲ့ ကောင်မလေးတွေထဲက မြ ကို မင်းရအောင် ရွေးပြ...'

ကျွန်တော် မှန်အောင် ရွေးပြနိုင်ခဲ့တယ်၊ ဖော်ဖူးစိမ်းရောင်ဝတ်လာတာမြပဲ၊ လှတယ်၊ တည်တည်ငြိမ်ငြိမ် ကလေးနဲ့ကိုတယ်။ အလှဘုရင်မ အရွေးခံရဖို့ ထိုက်တန်ပါပေတယ်။

အတန်းတစ်တန်းရဲ့ အလှဘုရင်မ အရွေးခံရပြီဆိုရင် အဲဒီကလေးနဲ့ တွဲချင်တဲ့ ကောင်တွေဟာ ကုန်တိုက်မှာတန်းစီသူတွေလိုပဲ။ ဆပ်ပြာနဲ့ ခေါက်ဆွဲခြောက်ပေးမယ်တဲ့ဟောကာနဲ့ ဘယ်ကဘယ်လို ရောက်လာမှန်းမသိဘဲ ထူတန်းရှည်ဖြစ်လာသလိုမျိုးပေါ့။

အဲဒီကောင်တွေကိုလဲ ကျွန်တော်မရှုစိမ့်နိုင်ဘူး၊ မြကိုကျွန်တော်တစ်ယောက်တည်းပဲ ချဉ်းကပ်ချင်တယ်၊ ဒီလောက်မိန်းကလေးမျိုးမှမပြောနဲ့သာမန်မိန်းကလေး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တောင်မှ သူ့ကို ကြိုက်တဲ့လူ နှစ်ယောက်ခလာက် အပြိုင်ဖြ… တစ်သေးတာပဲဆိုတာ ခသိမဟုတ်။ သို့ပေမယ့် မရဘူး။

ဒါချစ်ကြည်ရေးအားကစားပွဲ ကျင်းပနေတာမဟုတ်ဘူး အဲ… ချစ်ကြည်ရေး ဆိုရမှာတောင် တချို့ ကိစ္စတွေမှာ နေလို့မရတာရှိတယ်။ ဥပမာ လက်ရွှေပွဲလို ဟာမျိုးပေ… ချစ်ကြည်ရေးပွဲဆိုပြီး ကြိုးဝိုင်းပေါ်တက် ခါးကလေး ပွ… လိုက်၊ တစ်ယောက်ခေါင်း တစ်ယောက် အသာပုတ်လို့ လုပ်နေလို့ ရမလား။

တကယ်ထိအောင် ထိုးရတာနော်။ တကယ်တမ်းစဉ်း… ကြည့်ရင် အတော်ကြောင်စီစီနိုင်တယ်၊ ချစ်ကြည်ရေးလဲ … သေးတယ်၊ တစ်ယောက်နဲ့တစ်ယောက်လဲ လက်သီးနဲ့ထိုး… သေးတယ်။

ထားပါ။ ခုဟာက ရည်းစားလုဘက်ဗျ။ အချစ်နဲ့… ကားမှာ မတရားဘူးဆိုတာ မရှိဘူး။ သူဦးကိုယ်ဦး လု… တက်ကြမှာပဲ။

မြရဲ့အချစ်ကို ရဖို့ကြိုးစားတဲ့လူတွေက တစ်ပုံကြီး… လိုက်စကားပြောဖို့၊ စာပေးဖို့ စောင့်နေကြတဲ့ ကော… ကြောင့် မြခမျာ အိမ်သာသွားတာတောင် လွတ်လွတ်… လပ်မသွားရဘူး။ အသွားမှာ တစ်ယောက်က လိုက်… ပြောရင် တခြားတစ်ယောက်က အိမ်သာကအထွက် … ပေးဖို့အသင့်။



တစ်ခါတလေ နှစ်ယောက်သုံးယောက် ဆုံနေတာရှိသေးတယ်၊ မြအဆောင်ကိုအပြန် လိုက်စကားပြောဖို့ အကြံချင်းတူနေကြတဲ့အခါ သိပ်ရယ်ရတယ်။ မြအနားကို ဦးအောင်ကပ်နိုင်ဖို့ ကြိုးစားကြတာလေ.

စင်္ကြံအုတ်ခုံပေါ်ကကျော်ပြီး ခုန်ချလို့ ခြေထောက်နာသွားတဲ့ကောင်၊ စားသောက်ဆိုင်ခတွေ ကြားက ဖြတ်အဝင် ရေနွေးအိုးတိုက်မိပြီး အပူလောင်တဲ့ကောင်။ လမ်းရိုးအတိုင်း မသွားဘဲ ချုံကြိုချုံကြားတိုးပြီး ဖြတ်လမ်းလိုက်လို့ ဆူးနဲ့ငြိပြီး ပုဆိုးပြဲတဲ့ကောင်၊ ခွေးချေးနင်းမိတဲ့ကောင် စုံလို့ပဲ။

တချို့ ကျတော့လဲ ပြိုင်ဘက်တွေထက် ရှေ့ကရောက်နှင့်ဖို့ ခပ်သွက်သွက် လမ်းလျှောက်တာ မပြေးရုံ တမည်၊ သိပ်ကြည့်ကောင်းတယ်။ ကျွန်းဆွယ်ဆိုတာဆိပ်ရှင် အပွဲရောင်း လမ်းလျှောက်ပြိုင်ပွဲဝင်တဲ့အတိုင်းပဲ။

ညကျတော့ကော။

မြရဲ့အဆောင်ရှေ့မှာ သီချင်း သွားဆိုကြတာ နည်းမှ မနည်း။ အဆောင်ရှေ့မှာ သွားဆိုရုံနဲ့ မိန်းကလေး တစ်ယောက်ရဲ့အချစ်ကို ရလိမ့်မယ်လို့ ကျွန်တော် မယုံကြည်ဘူး၊ အဲဒီလိုကြားဆိုရင် မိန်းကလေးချောချောမှန်သမျှ အဆိုတော်တွေနဲ့ချည်းပဲ ရကုန်မှာပေါ့။

ကျွန်တော်ထင်တာကတော့ အဆောင်ရှေ့လာ သီချင်း သွားဆိုတာဟာ မိန်းကလေး တစ်ယောက်ရဲ့ အချစ်ကိုရဖို့ သိပ် အထောက်အကူမပြုဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကိုယ့်ရင်ထဲမှာ မျိုသိပ်ထားရတဲ့ ခံစားချက်ကို ဖွင့်အန်ထုတ်လိုက်ရလို့ စိတ်ထဲမှာနည်းနည်းပေါ့ပါးသွားတယ်။ ဒါပါပဲ၊

စဉ်းစားကြည့်လေ၊ ကောင်မလေး တစ်ယောက် အနေနဲ့ အခုသီချင်းဆိုနေတာ ငေါက်ကြိုက်နေတဲ့ ကိုဘယ်သူပဲလို့ တ... အပ်သီချင်မှသိမယ်။

အထူးသဖြင့် မြလိုမိန်းကလေးမျိုးက သူ့ကို လိုက်နေတဲ့ ကောင်တွေ တစ်သိန်းလောက်ကို အားလုံး မှတ်မိနိုင်ပါ့မလား။

တချို့ကတော့ ရှိတာပေါ့လေ၊

'ဒီနေ့ည ကိုးနာရီတိတိ အဆောင်ရှေ့မှာ မောင့်လပြည့်ဝန်းသီချင်း လာဆိုပြပါမည်။ ဆက်ဆက် စောင့်မျှော် နား ဆင်စေလိုပါသည်၊

မျိုးမင်း

(မနက်က မောင်ပန်းမွေး ကဗျာပါတဲ့ ပို့စကတ်လေး... တဲ့သူ)

ခုဖြိုး ကြိုတင် ချိန်းဆိုတာမျိုး၊ သို့ပေမယ့် အဲဒီအ... မှာ ကောင်မလေးက ဆက်ဆက်စောင့်မျှော် နားထောင... လိမ့်မယ်လို့ အားခံချက် ရှိတယ်လို့ ဘယ်သူက ပြောသ... အဲဒီအချိန်မှာ အိပ်ပျော်ချင်ပျော်နေမယ်၊ သူငယ်ချင်းတွေ... စုပြီး လက်သုပ်စားရင်း ယောကျ်ားလေးတွေ ဘယ်လော...



ပေါ်တောတော နိုင်တယ်ဆိုတာ ပြောပြီး ဟားချင်ဟားနေမယ်၊

နောက်ပြီး သီချင်းဆိုတာ အသံကောင်းမှ အဆိုပိုင်မှ ဗျ။ မဟုတ်ရင်တော့ အဲဒီလို မျိုးမင်းဆိုတဲ့ကောင်လို ဖြစ်သွားလိမ့်မယ်၊

မောင့်လပြည့်ဝန်း သီချင်းဟာ အတော်အဆိုရခက်တဲ့ သီချင်း၊ စိုင်းထီးဆိုင် ကိုယ်တိုင်ကလွဲလို့ တခြားလူ ဆိုရင် နားထောင်လို့ အဆင်မပြေတာများတယ်၊

အထူးသဖြင့် 'အမောင်ညကို စွန့်သွားခဲ့...မောင့်လပြည့်ဝန်း' ဆိုတဲ့နေရာမှာ 'ခဲ့' ဆိုတဲ့ စကားလုံးဟာ အသံကို အသံပြတ်၊ ပြီးတော့ တသံ၊ အဲဒါကိုဆန့်ကျင်ပြီး သံရှည်လှဲ ဆွဲရမယ်၊ တက်သံနဲ့လဲဆိုရမယ်ဆိုတော့ ဘယ်လွယ်မလဲ၊

မျိုးမင်းဆိုတဲ့ကောင်ကိုပဲကြည့်၊

'အမောင်ညကို စွန့်သွားခဲ့ ဟဲ....ဟဲ....ဂစ်....ဂစ် ဆိုပြီး ဆက် မအော်နိုင်တော့ပဲ အသံကြောင်ကြီး ထွက်လာလို့ အခန်းတံခါး ဆောင့်ပိတ်တဲ့သူကပိတ်၊ သမံတလင်း ပေါ်... တမင်တကာ ပန်းကန်ပြား ပစ်ချသူကချ၊ တော်ပါတော့ရှင်၊ ကြောက်ပါပြီလို့ အော်တဲ့သူက အော်နဲ့ ဝိုင်းလှောင်... တာ၊ အဲဒီကောင် နောက်ထပ် ဘယ်တော့မှ အဆောင်ရှေ့ သီချင်းလာမဆိုရဲတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဆောင်ရှေ့မှာတစ်ခါမှ သီချင်းမဆိုခဲ့ဘူး။ သူငယ်ချင်းတွေနဲ့လိုက်သွားပြီး သူတို့ဆိုတဲ့အခါ ဟေးလားဝါးလား ဝင်အော်တာလောက်ပဲရှိတယ်။

* * *

ဘယ်လိုနယ်ပယ်မှာပဲဖြစ်ဖြစ် သူများနဲ့ ပြိုင်ဆိုင်လုပ်ရှားပြီဆိုရင် ကိုယ်က ပိုပြီး ထူးခြားနေဖို့ အရေးကြီးတယ်။ နို့မို့ဆို သူလိုကိုယ်လိုထဲမှာပါသွားမှာပေါ့။

စီးပွားရေးလောကကိုပဲကြည့်၊ လုပ်ငန်းချင်းတူ အရည်အသွေးချင်းတူရင် ကြော်ငြာပိုကောင်းတဲ့သူဘာစားသွားတာပဲ။ စီးပွားရေးလောကမှာ ဂျပန်တွေ ရှေ့တန်းကိုရောက်လာတာဘာကြောင့်လဲ။ သူများနဲ့ မတူအောင် တွေးတတ်လို့ပဲပေါ့။ အနောက်နိုင်ငံတွေက မော်တော်ကားတွေလို ကြီးကြီးမားမား ခန့်ခန့်ထည်ထည်ကြီးတွေ ထုတ်နေတဲ့အချိန်မှာ သူတို့ကသေးသေးပေါ့ပေါ့ လှလှပပဖြစ်အောင်လုပ်တယ်။ ဆီစားသက်သာအောင်လုပ်တယ်။

ကားတွေများလာပြီး လမ်းပိတ်ဆို့မှုတွေဖြစ်တဲ့အခါ ဓာတ်ဆီဈေးတက်လို့ ဓာတ်ဆီဈေးကြီးတဲ့အခါမှာ ဂျပန်ကားတွေ တွင်ကျယ်လာတာပဲလေ။

မစ္စတာဟွန်ဒါဆိုတဲ့ ဂျပန်လူမျိုးတစ်ယောက်ရှိတယ်။ သူက မော်တော်ဆိုင်ကယ် ထုတ်လုပ်ဖို့ ကြံစည်စိတ်ကူးတယ်။ အနောက်နိုင်ငံတွေသွားပြီး ဆိုင်ကယ်ပွဲတွေ လေ့လာတယ်။



သူထုတ်လုပ်မယ့်ဆိုင်ကယ်ကို ဘယ်လိုထူးခြားအောင် လုပ်ရမလဲလို့ အကြံထုတ်တယ်။ သူဘာသွားစဉ်းစားမိသလဲဆိုတော့ အဲဒီအချိန်က အနောက်နိုင်ငံတွေမှာ ထုတ်လုပ်တဲ့ ဆိုင်ကယ်တွေဟာ လေးလေးလံလံ ကြီးကြီးမားမားတွေ။ အော်သံကလဲ တဖုန်းဖုန်းတဒိုင်းဒိုင်းနဲ့ ဆူညံတယ်။ ဒီတော့သူက ဆိုင်ကယ်ကို ပေါ့ပေါ့ပါးပါး ဖြစ်အောင် လုပ်တယ်။ စက်သံသိပ်မမြည်အောင်လုပ်တယ်။ အသံမမြည်တဲ့ ဆိုင်ကယ်ဆိုတဲ့အချက်တစ်ချက်တည်းနဲ့ ဟွန်ဒါဆိုင်ကယ်နာမည် ထွက်သွားတာ ဒီနေ့ထိပဲ။

စီးပွားရေးလောကတင်သား ဆိုတော့ မဟုတ်ဘူး။ နိုင်ငံရေးလောကမှာလဲ ဒီလိုပဲ အပြိုင်အဆိုင်အရွေးခံကြရတဲ့နိုင်ငံတွေမှာဆို ပိုဆိုးတာပေါ့။ နိုင်ငံအနှံ့ လှည့်လည်ပြီး မဲဆွယ်ဟောပြောပွဲတွေလုပ်ရတယ်။ ကိုယ့်ကိုကိုယ် ကြော်ငြာရတာပေါ့။ အမေရိကန်မှာဆိုရင် ပြိုင်ဘက် သမ္မတလောင်း နှစ်ယောက်ဟာ ရုပ်မြင်သံကြားအစီအစဉ်မှာ စကားရည်လုပွဲလုပ်ပြရသေးတယ်။ ကင်မရာက အနီးကပ် ရိုက်ပြတာတွေဘာတွေရှိဦးမှာဆိုတော့ ပရိသတ်အမြင်မှာ ဥပဓိရုပ်ကောင်းတယ်လို့ထင်အောင် ကြည့်ပျော်ရှုပျော်ဖြစ်အောင် မရိုက်ခင်ကြိုတင်ပြီး မိတ်ကပ်တွေ ဘာတွေ လုပ်ကြရသေးတယ်ဆိုပဲ။ သမ္မတ မိတ်ကပ်လိမ်းတယ်ဆိုတော့ တစ်မျိုးကြီးပေါ့လေ။

နို့ပေမယ့် လူ့စိတ်ဆိုတာက အဆန်းသားကလား။ မျက်စိပသာဒကို သိပ်ဦးစားပေးချင်ကြတာမဟုတ်လား။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရောဂါတိုက်ဖျက်ဖို့ထုတ် လုပ်တဲ့ဆေးတွေကိုတောင် ဘုရားလှူ… လေးတွေနဲ့ ထည့်ကြရတာပေါ့။

အချစ်ကိစ္စမှာကော ဒီအတိုင်းပဲ။ အချစ်စစ် အချစ်မှန်တို… သစ္စာတရားဆို၊ မေတ္တာသမားတို့ဆိုတာက တစ်ပိုင်း။ အလ… ဆုံးကတော့ ကိုယ်ကြိုက်နေတဲ့မိန်းကလေးက ကိုယ့်ကိုအသ… အမှတ်ပြုလာအောင် လုပ်ရမှာပဲ။ အပြိုင်အဆိုင် မြင်လှာတဲ့ အခါ ကိုယ်က သူများထက်ထူးခြားနေနိုင်ဖို့ ပိုပြီး လိုအ… တယ်။

ကျွန်တော် ဘာလုပ်သလဲတဲ့။

မြရဲ့ ထူးခြားမှုရှိတဲ့ အလေ့အကျင့်က ဘာလဲလို့ စုံစ… ကြည့်တယ်၊ မြဟာတဲ့ ဥပုသ်နေ့တိုင်း မနက်ငါးနာရီထ… တဲ့၊ အဆောင်က ဘုရားစင်မှာ ပန်း၊ ရေချမ်း၊ မီးပူဇော်… ဘုရားရှိခိုးတယ်တဲ့။

ဒီတော့ကာ ဥပုသ်နေ့မနက်တိုင်း ဘုရားရှိခိုးပြီး မြဆင်… လာတဲ့အခါ အဆောင်ညစောင့်ကြီးက စပယ်ပန်းဖြစ်စေ… နှင်းဆီပန်းဖြစ်စေ၊ မေမြို့ပန်းဖြစ်စေ၊ သစ္စာပန်းဖြစ်စေ၊ တစ်ခွေ… ကို အဆင်သင့်ကိုင်ပြီး စောင့်နေတော့တာပေါ့။ ပန်းစည်း… ကတ်ပြားတစ်ခု ပိုးကြိုးကလေးနဲ့ ချည်ထားတယ်။

'ဘုရားတင်ဖို့ ပန်းတွေပါ မြ'
ရဲမော်



စီစဉ်ပုံက ညကတည်းက အဆောင်စောင့်ကြီးကိုပန်းဖော… ပေးထားတယ်။ မြကတော့ မနက်အစောင့်ကြီး လာလှာ …းတာလို့ သိထားစေတယ်။ စံပယ်ပန်းလိုဟာမျိုး ဆိုရင် …တော့ အဖူးကို ရှာပေးရတာပေါ့လေ။ ဒါမှ ရေစိမ်ထား …က်ကျတော့ ပွင့်နေပြီပေါ့၊ ဒါတွေဆောင်ရွက်ပေးဖို့ အ…ဆောင်စောင့်ကြီးကို စည်းရုံးရတာ ဘာမှမခက်ပါဘူး။ သူတို့ …ာအတွက်လဲ ဒါဟာ အောက်ဆိုဒ်ဝင်ငွေ တစ်မျိုးပေါ့ …။

ဘုရားတင်ဖို့ ပေးတဲ့ပန်းကို ဘယ်သူကငြင်းမှာလည်း၊ ဒီ… တစ်လလောက် ပန်းတွေပို့ပြီးတဲ့အခါမှာ တစ်ရက်တော့ …ောင်းဆင်းချိန် အဆောင်ရှေ့အုတ်ခုံမှာထိုင်စောင့်နေလိုက် …။

မြနဲ့ သူငယ်ချင်းတစ်ယောက် အဆောင်ကိုပြန်လာတယ်။
'မြ'
လို့ခေါ်လိုက်တယ်၊ သူယောင်ပြီးလှည့်ကြည့်တယ်။
'ဘုရားပန်းတွေရတယ်မဟုတ်လားဟင်'
'ဪ–ဟုတ်ကဲ့ရှင့်'
…သူပြန်မပြောဘဲမနေနိုင်တော့ဘူး။
…ကျွန်တော့်ကို အသိအမှတ်ပြုလိုက်ရပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကိုရဖို့ဆိုတော့ ကံ၊ ဉာဏ် ဝီရိယ သုံးပါးစလုံး လိုအပ်တယ်။

တချို့ဆိုရင် ဝီရိယကတော့ကောင်းပါရဲ့၊ အချိန်မှန် လာစောင့်၊ နောက်ကတကောက်ကောက်လိုက် စသည် လုပ်ရှာပေ့ရဲ့၊ သို့ပေမယ့် ဦးနှောက်မရှိရှာဘူး၊ သခင်နော ကို တကောက်ကောက်လိုက်နေတဲ့ ခွေးကလေးတစ်ကော လောက်တောင် ဂရုစိုက်မခံရဘူး။ တချို့ကြတော့လည်း စည်ပုံကလေးက မဆိုးလှပေဘူး၊ ကံမလိုက်တော့ သ မဟာတ်နိုင်။

အချစ်ကိစ္စမှာ ကံတရားဟာ တော်တော်အရေးပါတ ဗီနေရာမှာတော့ ဖူးစာကံလို့ ဆိုရလိမ့်မယ်။ ဖူးစာကံ ကြောင်းမတိုက်ဆိုင်ရင် ဘာမှ အရာမရောက်နိုင်တော့ဘူး။

ကျွန်တော်ဟာ မြန့်ပတ်သက်ပြီး ကံ၊ ဉာဏ်၊ ဝီရိယ ပါးစလုံး ညီညွတ်မျှတခဲ့ပါတယ်။ မြက ကျွန်တော့် အ ကို လက်ခံလိုက်တယ်။

* * *

ဒီလိုပါ။ ကျွန်တော့် အခြေအနေက တဖြည်းဖြည်း တက်လာခဲ့တယ်။ မြက ကျွန်တော့်ကို အသိအမှတ် နောက် လမ်းမှာဆုံရင် ပြုံးပြနှုတ်ဆက်ခဲ့တဲ့အဆင့် သောက်ဆိုင်ဝန်းမှာ ဆုံတဲ့အခါ (ကျွန်တော်က တ



အောင်လုပ်ဘာ) သူတို့စားပွဲနဲ့ ကပ်လျက်စားပွဲမှာထိုင်၊ သူ စားသောက်ထားတာကို ကျွန်တော်က ကြိုတင်ပြီး ငွေရှင်း ထား၊ သူကရှင်းမယ့်အချိန်မှာ စားပွဲထိုးလေးတွေက....

'ရှင်းပြီးပြီအစ်မ'

'ဟင်...ဘယ်လို'

'ဟိုဘက်စားပွဲကအကို ရှင်းလိုက်တာပါ'

ဆိုရင် သူကလှမ်းကြည့်ပြီး၊

'ဪ-အားနာစရာကြီး'

'ကျွန်တော်က

'အားနာရင်ကျွန်တော့်ကို နောက်တစ်ခါပြန်ကျွေးပေါ့'

'ရပါတယ်'

ဆိုတဲ့အဆင့်။

နောက်တစ်ခါကျတော့ သူတို့စားပွဲနားက တမင်ဖြတ် လျှောက်ရင်း ကိုယ့်ကိုမြင်အောင်လုပ်၊ ပြုံးပြပြီး နှုတ်ဆက်၊ သူကဘာယ်နေနိုင်မလဲ

'စားပါဦး'

ပြောရတာပေါ့။ ဒီတော့မှ...

'နေပါစေ တော်ကြာ ဟိုတစ်နေ့ကအကြွေးပြန်ဆပ်နိုင်း ယ် ထင်နေပါဦးမယ်'

'ဟုတ်ပါရဲ့ နောက်တစ်ခါ ကျွန်မကျွေးမယ်ပြောထားတာ ာစားမလဲ၊ စားလေ'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး'

ဆိုတဲ့အချိန်မှာ သူ့သူငယ်ချင်းကဝင်ပြီး —

'အိုက်တင်ခံနေရင် ငုတ်သွားမယ်နော်'

ကျွန်တော်သိဲ နောက်ထပ်တစ်ခါခေါ်ရင် ဝင်စားတော့မယ်လို့ ဆုံးဖြတ်ထားတာ'

သူကရယ်ပြီး....

'ခေါ်ထယ်ပဲထားပါတော့'

သူ့သူငယ်ချင်းက....

'ကဲပါ မတ်တတ်ကြီးရပ်နေရတာ မညောင်းဘူးလား'

လို့ ပြောတော့ ကျွန်တော်လည်း ရယ်ရယ်မော မောနဲ့ ဝင်ထိုင်လိုက်တယ်။ အဲဒါဟာ အဆင့်တစ်ဆင့်။

နောက်တော့ အခုဆောင်ကိုသွားလည်တာတို့၊ သူတို့ အဆောင်က ဝါဆိုသင်္ကန်းကပ်ပွဲကို ဖိတ်ကြားခြင်း ခံရတာ နောက်တော့... နောက်တော့....

တစ်ရက်သဉ္ဇပေါ်....

လက်ဘက်ရည်ဆိုင်မှာ သူငယ်ချင်းတစ်ယောက်နဲ့ အတူ ထိုင်နေတယ်။ သူတို့ထဲကတစ်ယောက်က မြကို စွဲစွဲလန်းလန်း ဖြစ်နေတဲ့ကောင်၊ သူက ကျွန်တော့်ကိုသိတယ်၊ ကျွန်တော့် အခြေအနေကောင်းနေတာ၊ မြနဲ့အတူ စားသောက်ဆိုင် ထိုင် ခွင့်ရနေတာ။ မြက ကျွန်တော့်ကို အရေးပေးနေတာသည် သူသိတယ်။ သူ့အခြေအနေက မကောင်းတော့ဘူး ဆိုတာ လည်းသိတော့ သက်သက်မဲ့ ဖျက်လိုဖျက်ဆီး အပုပ်ချတော့



တာပဲ၊ ဒီဘက်စားပွဲမှာ ကျွန်တော်ရှိနေမှန်းသိလို့လည်း အာ ခင်တကာကြားအောင် အသံကိုမြှင့်ပြောတာ သိသာတယ်။

တစ်ယောက်ကစကားစတယ်။

'ဟေ့ ကောင်၊ မင်းရဲ့မြက ဘယ်လိုလဲကွ၊ မင်းအခြေအ နေက သိပ်မကောင်းဘူးထင်တယ်'

'ငါကလဲ သိပ်အလေးအနက် ထားခဲ့တာမဟုတ်ဘဲ၊ းဝယ်သလိုပေါ့ကွာ ဒါဘယ်လောက်လဲလို့ ဈေးမေးကြည့်ရုံပါပဲ ဈေးသင့်ရင်ဝယ်မယ်ပေါ့'

ဈေးသိပ်ကြီးနေလို့ မင်းမဝယ်နိုင်ဘူးဆိုပါတော့'

'ဟာ ဘယ်ဟုတ်မလဲ၊ ဈေးဘယ်လောက်ကြီးကြီး ငါဝယ် ပါတယ်ကွ။ မှတန်လို့ မဝယ်တာ၊ တန်ရာဘန်ဖိုးသတ်မှတ်ဈေး ထားတာကိုး။ ဘာနဲ့တူသလဲဆိုတော့ လမ်းဘေးမှာချပြီး ရောင်းနေမယ့်ပစ္စည်းတစ်ခုကို ဖုံလွှမ်းနဲ့ထည့်ပြီး တိုက် ပေါ်တင်ပြီး ဈေးမြှင့်ထားတာလိုပဲ ဘာဘယ်က ဘာမှ န်ဘူး'

ခေါ်ကားဘာ မြကို ခေါ်ကားတာ၊ မမီလိုက်တဲ့ဘက်စ် ကျပ်တယ်လို့ ပြောတဲ့သဘောပဲလေလို့ လျှစ်လျူရှုမနေ မေးကြောတွေတင်းစပြုလာတယ်။ နှုတ်ခမ်းတွေ လှုပ်စ တယ်။ ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ကြည့် ယ်၊ စိတ်ထဲမှာချီတုန်ချတုန်။ ဟိုဘက်ဝိုင်းက စကားသံ ဆက်ပြီး....

ဒီတော့ကွာ တန်ဖိုးဘယ်လို ဆင်တဲ့ပုံလဲ ရှိဦးမှာပေါ့

www.burmeseclassic.com

www.burmeseclassic.com



'အေး ဟုတ်တယ်၊ တကယ်အဖိုးမတန်မှန်းကို မသိရှာ လို့ပေါ့လေ၊ လမ်းပေါ်မှာ အမဲရိုးတစ်ချောင်းကျနေရင် ... ဆတော့ ဘယ်ဂရုစိုက်မလဲ၊ ခွေးတစ်ကောင် ဆိုရင်တော့ သွားရည်တမြားမြားနဲ့ ပြေးဟပ်မှာပေါ့'

သူစကားမဆုံးခင်မှာဘဲ ကျွန်တော်ထရပ်ပြီးနေပြီ၊ ... စကားဆုံးတဲ့အချိန်မှာ သူတို့စားပွဲရှေ့ရပ်လိုက်ပြီး ကျွန် တော်ပြောတယ်၊

'ဒီမှာ သူငယ်ချင်း၊ ခွေးမှာလဲ့ ခွေးအမျိုးမျိုးရှိတယ်... အမဲရိုးမစားနိုင်လို့ ချေးပုံနဲ့ကျေနပ်ရတဲ့ ခွေးမျိုးလဲရှိတယ် ဝဲစားနေလို့ ဘယ်သူကမှမမွေးချင်တဲ့ ခွေးမျိုးလဲရှိတ... ကိုယ့်ကျောပေါ်ကပဲကို ရှူစရာလို့မထင်ဘဲ ယားတာ... ဇိမ်ကျပြီးဂုဏ်ယူနေတဲ့ခွေးဟာ တစ်သက်လုံး ခွေးဝဲစား... က တက်မှာမဟုတ်ဘူး'

ဘာတွေဆက်ဖြစ်ကြမယ်ဆိုတာ ပြောဖို့တောင် မလို... အပြီးသတ်လိုက်တဲ့အခါ အဲဒီကောင်လည်း မျက်ခုံးကွဲ... တယ် ကျွန်တော်လည်း နှာခေါင်းထဲက သွေးတွေထွ... ပြီး ပါးတစ်ဘက် ရောင်ကိုင်းသွားတယ်၊

တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့ဟာမြသီက တတိယ အ... အဖြေတောင်းထားတဲ့နေ့ ဖြစ်နေတယ်၊ ညနေ အဆော... လာခဲ့မယ်လို့ မှာထားခဲ့တယ်၊ သွားမလွှား မသွားဘူး... သွားချင်တယ်၊ သွားလို့ မျက်နှာအ ဒဏ်ရာ ဘာဖြစ်... လို့ မြကမေးရင် ဘာပြောမလဲ၊ အမှန်အတိုင်းပြော... ကိုစော်ကားလို့ မခံနိုင်ဘဲဖြစ်ရတယ်လို့ ...



ကျွန်တော် အဆောင်ကိုသွားတယ်၊ တကယ်တော့ ကျွန် ...တော်တို့ ပြဿနာဖြစ်ခဲ့တဲ့ကိစ္စကို မြကသိနှင့်ပြီးနေပြီ၊ သည် ...ကိစ္စမျိုးမှာ သတင်းဖြန့်ချိမှုက သိပ်မြန်တာကိုး၊ အဆောင် ...ခန်းမှာထိုင်ပြီး မြကိုခေါ်ပေးပါလို့ သူ့သူငယ်ချင်းတစ် ...ကို မှာလိုက်တယ်၊ ခဏအကြာမှာ မြဆင်းလာတယ်၊ ...န်တော့်ရှေ့မှာ ထိုင်တယ်၊

'ဟင်...မျက်နှာက ဒဏ်ရာက ဘာဖြစ်တာလဲ'

လို့ မမေးဘူး၊ ဘာမှမပြောသေးဘဲ ကျွန်တော့်ကို လှမ်း ...တယ်၊ ဘာပေးတာလဲဆိုတော့ ကျွန်တော် ...ရှပ်ဆီပုလွှင်း ...ဘူး၊

* * *

...ထူးဆန်းတယ်၊

...ကို ကျွန်တော် သိပ်ချစ်တယ်၊ သိပ်စွဲစွဲလမ်းလမ်း ဖြစ် ...ယ်၊ သူ့အချစ်ကို အရမ်း လိုချင်နေတယ်၊ အခုရပြီ။ ...ပေါ့၊ မဟုတ်သေးဘူး၊ ပြန်ပြီးလက်လွှတ် ဆုံးရှုံးသွား ...ခိုးရိမ်နေမိတယ်၊

...ခါးမှာ ဝတ်ထားတာ ကိုယ့်ပုဆိုးပေါ့၊ လူတိုင်းသိ ... ကျွန်တော်ဝတ်ထားတာ ကျွန်တော့် ပုဆိုးပေါ့လို့ ...ပြောနေဖို့ လိုသေးလို့လား၊ သို့ပေမယ့် ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုဆိုးကို ကျွတ်ကျမှာစိုးလို့ ခဏခဏပြင်ဝတ်တဲ့ လူလိုပဲ ကျွန်တော်ဖြစ်ခဲ့နေတာ။

မြလို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွဲမိတဲ့ ကောင်တိုင်း ကျွန်တော့်လိုဖြစ်ကြသလားတော့ မသိ။ မြနဲ့ကျွန်တော် ချစ်သွားပြီဆိုတဲ့အကြောင်း သိသွားကြတဲ့အခါ မြကို မျှော်လင့်ခဲ့နေတဲ့ ကောင်တွေ စိတ်ပျက်အားလျော့စွာ နှမြောတသစွာ ကျန်ရစ်ခဲ့ကြတယ်။

သို့ပေမယ့် တချို့ ကောင်တွေက လက်မလျှော့ချင်ကြသေး။ ကျွန်တော်နဲ့ မြနဲ့ကြာကြာမြဲမှာ မဟုတ်လို့ ထင်ကြတယ်။

တကယ်လို့ ကွဲကြရင် အဆင်သင့်ဝင်ကပ်နိုင်အောင် အမြဲစောင့်ချောင်းနေကြမှာ ကောန်ပဲ။ ဘတ်စ်ကားပေါ်မှာ နေရာလုဖို့ စောင့်နေကြတာနဲ့ တူလိမ့်မယ်။ ကျွန်တော်ကတော့ ဂိတ်စဂိတ်ဆုံးစီးဖို့ ရည်ရွယ်ပြီးသားပါ။

တကယ် စဉ်းစားကြည့်တော့ ကျွန်တော့်အဖြစ်ကဘတ်စ်ကားစီးတာနဲ့ မတူပြန်ဘူး။ ကိုယ်ပိုင် ကားပေါ်က လူဘတ်စ်ကား တိုးဝှေ့စီးနေကြတဲ့ လူတွေကို ပြန်ပြီးမနာလိုဖြစ်နေတာနဲ့တူတယ်။

မြလို မိန်းကလေးမျိုးရဲ့ အချစ်ကိုရတာ ဘယ်လောက်ကောင်းသလဲ။ သူနဲ့တွဲသွားရတာ ဘယ်လောက် ဂုဏ်ရှိကောင်းသလဲ။



သူများတွေက အားကျတဲ့ မျက်လုံးတွေနဲ့ ကြည့်တဲ့အခါ ဂါကွဲ ဆိုပြီး ရင်ကော့နေလိုက်ရုံပဲ။ တချို့ ကောင်တွေက မနာလိုဖြစ်ကြရင်လဲ ဘာအရေးစိုက်စရာရှိသလဲ။ သို့ပေမယ့် ကျွန်တော့်စိတ်က မငြိမ်းချမ်းနိုင်ဘူး။

ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး

'အလကားပါကွာ ခွေးရူး ကောင်းစား တစ်မှန်းတည်းပေါ့။ ကောင်မကလဲ သူလှသလောက်တိုင်းရနိုင်မယ့် ငတုံးမို့ ရွေးမိုးတဲ့တာပါ။ ဒါနဲ့ ကွယ်ရာမှာ ရှုပ်ချင်တိုင်းရှုပ်လို့ရမှာပေါ့။ ယုံရင်ကြည့်နေ၊ မကြာခင် ဒီခွကောင့်ကို ကန်ထုတ်ပစ်လိုက်လိမ့်မယ်'

လို့ ပြောနေကြမှာပဲဆိုပြီး ယောက်ျားခလေးမှန်သမျှ မိုက်ကြည့်ကြည့်မိတတ်တယ်။

တကယ့်တကယ်တော့ မြဟာ မျက်နှာများတတ်တဲ့ မိန်းကလေးတစ်ယောက်မဟုတ်။ အလွန် တည်ကြည်ပြီး သစ္စာရှိတယ်။

ကျွန်တော့်ကိုချစ်နေတာလဲ သူ့နှလုံးသားထဲက တကယ်နှစ်နှစ်ကာကာ မြတ်နိုးလို့ဆိုတာ သိပါတယ်။ သို့ပေမယ့် စိတ်ချလက်ချ ရှင်းရှင်းအေးအေး မနေနိုင်တာ အမှန်ပဲ။ စိတ်ထဲက အလိုလို ပူပင်နေမိတာ ဘာမှမတတ်နိုင်။

သငန့်တိုဘယ်ဆိုတာ မယုံသင်္ကာစိတ်ကြောင့်လား၊

သိပ်ချစ်လွန်းလို့ ကိုယ်တစ်ယောက်တည်း ဆိုင်ခွင့်ပိုင်ချင်သလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေ့ပဲ ကိုယ်ကြည့်တဲ့ အတွေးစိတ်လွန်ကဲမှုလား။ ကျွန်တော် မသိ။ သိတာက သူနဲ့ပတ်သက်လာရင် အမြင်း အလွန်အလွန်အကဲတွေ ဖြစ်ကုန်တတ်တာကိုပဲ။

* * *

ဘာကြောင့်က ကျုပ်တယ်လို့ ပြောလို့လဲမရ။ ချောင်တယ်လို့ ပြောလို့လဲ မရ။ ဒါကြောင့်ကျုပ်တယ်လို့လဲ ပြောလို့ ရတယ်။ ချောင်တယ်လို့လဲပြောလို့ရတယ်။ ထိုင်စရာ မရှိတဲ့ အတွက် ကျုပ်တယ်။ လူချင်း ထပ်ညှပ်ယောက်အောင် မဟုတ်တဲ့အတွက် ချောင်တယ်။

မြနဲ့ ကျွန်တော် ရုပ်ရှင်သွားကြည့်ရတာပေါ့။

မြန်မာကုန်း ရောက်တော့ လူတော်တော်များများ ဆင်း သွားတယ်။ ကျွန်တော်ရပ်နေတဲ့ဘေးက တစ်နေရာလွတ်သွား တယ်။

'မြ…ဒီမှာထိုင်'

လှမ်းပြောလိုက်တယ်။ မြဝင်ထိုင်လိုက်ပြီးမှ သတိထား လိုက်မိတယ်။ မြရဲ့ ဟိုဘက်က ထိုင်နေတာက ကျောင်းသားတစ် ယောက်။ ကျွန်တော်တို့အရွယ်လောက်ပဲရှိမယ်။ အဲဒီကျောင်း သားက မြကိုတစ်ချက်လှမ်းကြည့်ပြီး ပြတင်းပေါက်ဘက်ပြန် လှည့်သွားတယ်။ သို့ပေမယ့် အဲဒီခဏအတွင်းမှာ ဒီကောင့် မျက်လုံး လက်ကနဲဖြစ်သွားတာမြင်လိုက်တယ်။



ဟုတ်တာပေါ့။ မြကသိပ်လှတာယ်လေ။ ဒီလိုမိန်းကလေးမျိုး နဲ့ တွဲထိုင်ရတာ ရှင်ခုန်စရာကြီး ပေါ့။ ကျွန်တော့် ခေါင်းထဲမှာ ဖျတ်ကနဲစဉ်းစားလိုက်မိတယ်။ ဒီကောင်ဟာ တစ်ချိန်က မြရဲ့ အချစ်ကို တောင်းခံခဲ့ဖူးတဲ့ကောင် ဖြစ်ချင်ဖြစ်နေမယ်။ ဒါဆို သူစိတ်ဘဲတယ် ဘိုနေမလဲ။ သူမရခဲ့ပေမယ့် ခဏလောက် တွဲ ထိုင်ရမနည်းဘူးလို့ ကျိတ်ပြီးဝမ်းသာနေမလား။ ဟီးနီးကား လေးတွေရဲ့ထိုင်ခုံက ကျဉ်းတယ်။ လူနှစ်ယောက်ထိုင်လိုက်ရင် တစ်ယောက်နဲ့ တစ်ယောက် ထိချင် ကိုနေတတ်တယ်။ အခု ကော။

ကျွန်တော်ရပ်နေရာကကြည့်ရင် မြနဲ့အဲဒီကောင်နဲ့ပခုံးချင်း ထိနေတယ်လို့ ထင်ရတယ်။ ဒီကောင်က သာယာနေသလား။ ဘာပဲဖြစ်ဖြစ် မြဟာ ကျွန်တော်နဲ့ အတူတူလာတာဆိုတာ သိအောင် လုပ်ရလိမ့်မယ်။ ဒါကြောင့် စကားမရှိ စကား ရှာပြီး….

'ဘာကားကြည့်မှာလဲ'

လို့မေးလိုက်တယ်။ မြက 'ဟင်'ဆိုပြီး ကြောင်သွားတယ်။ ဂိုက်ရုံကကားကြည့်ဖို့ ကြိုတင်လက်မှတ်တောင် ဝယ်ထားပြီး သားမဟုတ်လား။ မြက ဘာမှပြန်မပြောပေမယ့် ကျွန်တော် ထပ်မမေးတော့။ ဒီလောက်ဆို ဟိုကောင် သိဖို့ကောင်းပြီမ ဟုတ်သေး။

ကားချင်းကျော်တက်တဲ့အခါဖြစ်ဖြစ်၊ ရှေ့ကတဲ့အခါဖြစ် ဖြစ်၊ ယွမ်းသိုးသွားတာကို အခွင့်ကောင်းယူပြီး မြဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးလာပါတယ်။ တစ်ချက်တစ်ချက် ပခုံးချင်းဘိုက်မိတ[ဲ] အသံတောင်မြည်တယ်လို့ထင်ရတယ်။ အမှန်က ကျွန်တော့်ရင်ထဲက ဒုတ်ကနဲ ... ဒုတ်ကနဲမြည်သွားတဲ့အသံပါ။

ကျွန်တော့်စိတ်တွေအရမ်းလှုပ်ရှားလာတယ်။ အဲဒီကောင်မကို ဆွဲထိုးချင်တဲ့စိတ်ပေါ်လာတယ်။ သို့ပေမယ့် ဘယ်ဖြစ်[မ]လဲ။ သိသိသာသာကြီးမှမဟုတ်တာ။ မိုက်ကြည့် စိုက်ကြည့်နေ[ရုံ]ရုံပဲရှိတယ်။

အဲဒီအချိန်မှာကားက မီးပွိုင့်လွတ်အောင် အမြန်မောင်း ရင်း ဗိုလ်ချုပ်လမ်းဘက်ချိုးကွေ့လိုက်တယ်။ ကားမောင်း သွားတဲ့အချိန်မှာ ဟိုကောင့်ကိုယ်လုံးက မြဘက်ကို သိသိသာ သာ ဖိယိုင်လာတယ်။ ကိုယ်တွင်မကခေါင်းကပါ စောင်း[ပါ] လာသေးတယ်။

ကျွန်တော် စိတ်မထိန်းနိုင်တော့ဘူး။ မှတ်တိုင်မှာကားရပ် လိုက်တယ်ဆိုရင်ပဲ....

'ဆင်းမယ်'

လို့ မြကို ပြောလိုက်တယ်။ မြကကြောင်နေသေးတယ်။ ဝ ကယ်ပြောမှန်းသိတော့မှ အမြန်ထပြီး ဆင်းလိုက်တယ်။ [ရှေ့] ရှင်ရှိရောက်ဖို့ နှစ်မှတ်တိုင်လောက် လိုနေသေးတယ်။ မြက-

'ဘယ်လိုဖြစ်တာလဲ၊ အဝေးကြီးလိုသေးတယ်'

လို့ပြောတယ်။ မြရဲ့မျက်နှာထားကတော့ ဘာကြောင့်[ဆို] တာ သိနေပုံပဲ။



'ကြည့်မရလို့ ကြာရင် ဆွဲထိုးမိလိမ့်မယ်'

မြက ရယ်တယ်။

'ဘတ်စ်ကားပေါ်မှာပဲ ကိုမောင်ရယ်၊ ဘတ်စ်ကားစီးပြီး လူတိုးမခံချင်လို့ဘယ်ဖြစ်ပါ့မလဲ'

'မဆိုင်ပါဘူး၊ အဲဒီကောင်က နည်းနည်း လွန်လွန်းတယ်။ ပြီးတော့ မြကလဲသူတိုးရင် ဒီဘက်ကိုရွှေ့ပါလား၊ တုတ်တုတ် တောင်မလှုပ်ဘူး'

'မြကတော့သတိတောင်မထားမိပါဘူး၊ ကိုမောင်က စကား မရှိ စကားရှာပြောတာရယ်၊ မျက်နှာကြီး သုန်မှုန်နေတာရယ် မြင်မှသိတာ၊ မြကိုယ်ကိုကျုံ့ထားပါတယ် ကိုမောင်ရဲ့၊ တစ်ခါ တည်းအဖြစ်သည်းလိုက်တာ၊ သူလုပ်တာနဲ့အဝေးကြီးလျှောက် ရတော့မယ်'

* * *

'မနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာလဲ၊ ဘာများဖြစ် လို့လဲလို့ စိတ်ပူသွားမိသေးတယ်'

သူ့ကိုမြင်မြင်ချင်း မေးပြော ပြောလိုက်တယ်။

'ရုတ်ဘရက်ကြီး ဗိုက်မအောင့်လာလို့ ဆေးခန်း[သွား]ပြီး ပြေးလိုက်ရသေးတယ်'

ဆေးခန်းဆိုတာနဲ့ ကျွန်တော် ဒိတ်ကနဲ [ဖြစ်]သွားတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ဆေးခန်းလဲ'

'အိမ်နားကပဲလေ'

သူတို့ အိမ်နားက ဆေးခန်းကို ကျွန်တော် သိတယ်။ ယောကျ်ားဆရာဝန်၊ ကျွန်တော် ပျာပျာသလဲမေးတယ်။

'ဆေးထိုးသလား'

သူက ပြုံးနေကျအတိုင်းပြုံးပြီး'

'မထိုးပါဘူး ဆေးတိုက်ဆေးပဲပေးတာပါ'

ဗိုက်ကိုစမ်းကြည့်တာတို့၊ နားကြပ်နဲ့ ရင်ဘတ်ထောက်တာတို့တော့လုပ်မှာပဲ။

'အဲဒီဆေးခန်းက ကောင်းလို့လား'

မြက ကျွန်တော့်အကြောင်း သိပြီးသား၊ ကျွန်တော်စိတ်ကျေနပ်အောင်လည်း အမြဲပြောတတ်တယ်။

ကောင်းလို့ရယ် မဟုတ်ပါဘူး၊ ဗိုက်က သိပ်အောင့်နေတော့ နီးနီးနားနားပဲ သွားလိုက်တဲ့သဘောမျိုးပါ၊ နောက်ဆိုရင်တော့ သ/မ ဆေးခန်းပဲသွားတော့မယ်၊ နည်းနည်းတော့ ဝေးတယ်၊ ဒါပေမယ့် အဲဒီကဆရာဝန်ကအမျိုးသမီးဆရာဝန်လေ မိန်းမချင်းဆိုတော့ ပိုကောင်းတာပေါ့'

* * *

သူတို့နှစ်ယောက် စကားပြောနေတာ တော်တော်ကြာသွားပြီ။ ကျွန်တော်ဘေးကနေ ခပ်ကြောင်ကြောင်ရပ်နေရတယ်။



ကျွန်တော်တို့နှစ်ယောက် ဗိုလ်ချုပ်ဈေးထဲက ထွက်အလာ အဲဒီလူနဲ့တွေ့တာပဲ၊ ကျွန်တော်တို့ထက် တစ်နှစ် နှစ်နှစ်လောက်ပဲ အသက်ပိုကြီးမယ်၊ သူနဲ့မြနဲ့ တော်တော်ရင်းနှီးပုံရပါတယ်၊ ဘယ်သူနေကောင်းလား၊ ဘယ်သူတော့ မတွေ့တာကြာပြီ စသည်ဖြင့်ပြောလိုက်ကြ၊ ရယ်လိုက်ကြနဲ့၊ ပြီးတော့ ဟိုလူကမြကို မြလို့ပဲခေါ်တယ်၊ တမြမြနဲ့နားကြားပြင်းကတ်လာပြီ၊ ကျွန်တော်သည်းမခံနိုင်တော့ဘဲ....

'သွားကြရအောင်၊ အိမ်ပြန်နောက်ကျနေလိမ့်မယ်'

လို့ အတင်းဝင်ပြောမှ ဟိုလူလည်း နှုတ်ဆက်ပြီး ထွက်သွားတယ်၊ ကျွန်တော်လည်း ဟန်တောင်မဆောင်နိုင်ဘဲမေးလိုက်တယ်။

'အဲဒါဘယ်သူလဲ'

'မြသူငယ်ချင်းလေ'

'အရင်က တစ်ခါမှ မမြင်ဖူးဘူး'

'ဘယ်မြင်ဖူးမလဲ မြနဲ့ခွဲတွေဘာတောင်ကြာပြီလေ၊ ငယ်ငယ်တုန်းကသူငယ်ချင်းကိုး၊ ဆယ်တန်းထိတူဘူပဲ၊ သူက ဗိုလ်သင်တန်းတက်သွားလို့ လူခွင်းတဲ့သွားကြတာ'

'ဪ....ဗိုလ်သင်တန်းသာမတက်ဖြစ်ရင်တော့ ခုထက်ထိဆက်တွဲဖြစ်သွားမယ်ဆိုပါတော့'

ကျွန်တော့်စကား အနှောင့်အသွားမလှတာ သူသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုမော့်စကားက ဘာအဓိပ္ပါယ်လဲ၊ တစ်မျိုးပဲ' လို့ဆိုတယ်၊ ကျွန်တော်က တိုက်ရိုက်မဖြေဘဲ....

'ကိုယ့်ချစ်သူတစ်ယောက်လုံး ဘေးမှာ ရှိနေတယ်ဆိုတာ သတိထားဖို့ ကောင်းပါတယ်မြ'

'ဘာကိုဆိုလိုတာလဲ'

'ကိုမော့် ကိုတောင် မေ့နေလောက်အောင် စကားတွေ ကောင်းနေကြတာကတော့ ဘာသဘောလဲ'

'ကိုမော့် စကားက မဟုတ်တော့ဘူးနော်၊ မြနဲ့ သူနဲ့ကို မသက်ဆိုင်သလိုအဓိပ္ပါယ်လား'

'မသင့်ဘူးဆိုတာက မသင့်လောက်တဲ့ အခြေအနေ ရှိမှ ဖြစ်တာပါ၊ မြက ကစိတ်သန့်တယ် ဆိုရင် အဲဒီလူနဲ့ ကို မော့်နဲ့ကို မိတ်ဆက်ပေးရမှာပေါ့၊ အခုဘာဖြစ်လို့ မိတ်ဆက်ပေးသလဲ'

'ဒါကတော့ အခြေနေအရပဲ မိတ်ဆက်ပေးရင် ဘယ်လို မိတ်ဆက်ပေးမလဲ၊ ဒါကျွန်မအမျိုးသားလေလို့ ပြောရမှာ လား'

'ဘာလဲ မြက အဲဒီလိုပြောရမှာရှက်လို့လား၊ ဒါမှမဟုတ် အဲဒီလူကို အဲဒီလိုမပြောရက်လို့လား စိတ်မကောင်းဖြစ်သွား မှာစိုးလို့လား'

'တော်ပါတော့ ကိုမော်စကားတွေက မြကိုစော်ကား လိုဖြစ်လာပြီ'



'တော်လို့ မဖြစ်သေးဘူး၊ ပြောစရာရှိတာ ပြောရမှာပဲ၊ အဲဒီသူက မြကို ခေါ်ပုံကလဲ တစ်မြတည်းမြနေတာပဲ'

'ဒါကတော့ မြနာမည်က မြတစ်လုံးတည်းပဲ၊ ဒီလိုပဲခေါ် ရမှာပေါ့ ငယ်သူငယ်ချင်း မမြလို့ခေါ်ရမှာလား၊ ခေါ်မြလို့ ခေါ်တာ ခေါ်စေချင်သေးလို့လား'

'နောက်ပြီး မြကပြောတာ၊ မြကိုယ်မြသုံးနှုန်းတာ၊ တခြား လူတွေနဲ့ပြောရင်လဲ မြပဲ ကိုမော်နဲ့ပြောရင်လဲ မြပဲ၊ ကိုမော်နဲ့ တခြားလူတွေကို တစ်တန်း တစ်စားတည်း ထားသလို ဖြစ် နေပြီ'

'မြ ငယ်ငယ်ကတည်းက ဒီလိုပြောနေကျပဲ၊ ဒီမှာကိုမော် အသေးအဖွဲ ကလေး အစ လိုက်ပြီး သဝန်တိုနေတာတော့ မကောင်းပါဘူး၊ ပြီးတော့ မြကိုသာ သူငယ်ချင်းနဲ့ ယိုးစွပ် ပြီးပြောတာ မြသည်းမခံနိုင်ဘူး'

'မြဘက်က အနေအထိုင် ပိရိရင် ရိုးစွပ်စရာဘယ်ရှိမလဲ' ဘာပြောတယ် ကိုမော်၊ မြက မပိရိရအောင် ဘယ် [illegible]က်သိက္ခာမဲ့နေလို့လဲ၊ တော်ပြီကိုမော်၊ ဒီလောက်အကြောင်း [illegible]သေးတဲ့ လူတစ်ယောက်နဲ့ ဆက်ပြီးလက်တွဲဖို့ သင့်မသင့် [illegible]စားရတော့မယ်'

[illegible]တာ အလွန်အေးဆေးတယ်၊ ဒေါသဖြစ်တာတို့ စိတ်ဆိုး [illegible] တစ်ခါမှမရှိခဲ့ဖူးဘူး၊ အဲဒီလူမျိုးဒေါသဖြစ်ပြီဆိုရင် [illegible]၊ တိကနဲဖြစ်သွားတတ်တယ်ဆိုတာ ကျွန်တော် သိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြရဲ့ အလှနုလှပသေသပ်တဲ့ နှုတ်ခမ်းလှွှာ တင်းတ... စေ့နေတာကိုကြည့်ပြီး ကျွန်တော် အကြီးအကျယ် နော... ရမိတယ်။

* *

ဘာပဲဖြစ်ဖြစ် မြနဲ့ကျွန်တော် လက်ထပ်ဖြစ်ခဲ့ပါတယ်။

မင်္ဂလာဆောင်ခံပွဲမှာတော့ ကျွန်တော် စိတ်ကို တော်... ထိန်းနိုင်ခဲ့တယ်။ မြကို ကျွန်တော် ကျိန်းသေပိုင်ဆိုင်ခွင့်... စိတ်ချအေးသွားတာ ပါချင်ပါမယ်။ မင်္ဂလာ အခမ်းအန... အစစအရာရာ အထာစ် အပေါ် မရှိစေချင်တဲ့ ဆန္ဒလဲ... တယ်။

တစ်ခါတစ်ခါ ရုပ်ရည်သန့်သန့် လူငယ်ယောကျ်ား... တော်မမြင်ဖူးတဲ့ လူတစ်ယောက်ယောက်က ... တဲ့အခါကျရင် စိတ်ထဲက ထင့်ခနဲ ဖြစ်ဖြစ်သွားတာ... ဘာမှ မကတ်နိုင်ဘူး။

ဇာတ်ခုံပွဲရှိတယ်။

လူရှင်းပြတဲ့အချိန်မှာ အနောက်တိုင်း ဝတ်စုံ... တဲ့ လူတစ်ယောက် လာ နှုတ်ဆက်တယ်။ ကွန်ဂရ... လေးရှင်း ဘာသာနဲ့ အင်္ဂလိပ်လို ညှပ်ပြီး ပြော... နောက်၊ ကျွန်တော် ကို လက်ဆွဲနှုတ်ဆက်တယ်။

နောက် မြဘက်ကို လက်ကမ်း ပေးလိုက်တယ်။ ... ယဉ်ကျေးမှု ထုံးစံအရ လက်ပြန်ကမ်းမယ် အလုပ်မှာ...



...ကာ မသိမသာလက်ချင်းချိတ်သလိုလို ဘာလိုလိုနဲ့ မြလက် ...ဖမ်းဆွဲထားလိုက်မိတယ်။ ဟိုလူလဲ မဆိုစလောက် အိုးတိုး ...တွမ်းဖြစ်သွားတယ်၊ သိပ်တော့ မသိသာလိုက်ပါဘူး။

* * *

အိမ်ထောင်ဦး ကာလမှာ ကျွန်တော် တတ်နိုင်သလောက် ...ခြင့်ပြီး ချုပ်ထိန်းထားခဲ့ပါတယ်။ သမီးရည်းစားဘဝမှာ ...က တစ်ခါပြဿနာဖြစ်ခဲ့ရတယ်လေ၊ ဒါလဲပါတာပေါ့။ ...ထောင်သည်ဖြစ်နေပြီဆိုတဲ့ အသိစိတ်နဲ့ ကိုယ့်ကိုယ်ကိုဆုံး...ရတာလဲ ရှိတာပေါ့။

...သို့ပေမယ့် ဟာစ်သက်လုံး စွဲလာတဲ့အမှုအကျင့်တစ်ခုဆိုတာ ...ဖျောက်ဖျက်နိုင်ခဲ့တာကလားဗျ၊ အိမ်ထောင် မကျမီက ...နဲ့ အိမ်ထောင်ကျပြီးတဲ့စိတ်ကို တိတိကျကျနယ်နိမိတ်ခည်း ...လို့ ရတာမှမဟုတ်တဲ ဘာနဲ့တိုတဲ့စိတ်ကို ချုပ်တီးထား ...ကြားက တစ်ခါတစ်ခါ ထွက်ကနဲထွက်ထွက်သွားတယ်၊

...ရုံးမှာ အလုပ်ဝင်လုပ်တယ်။ ရုံးသူရုံးသားဆိုတာထ ...လာရင် မိသားစုတွေလို ပြောမနာ ဆိုမနာ ဖြစ်လာ ...တယ်။ နောက်ဘယ်ပြောင်ဟယ်နဲ့ တစ်ခါတစ်ခါ လွန် ...ကျူကျူ ပြောတာမျိုး၊ မြတို့ရုံးဆင်းရင် ကျွန်တော်သွား ...အခါ တချို့လူတွေက ခေါ်လား ဝါးလား လာ... ...၊ ကျွန်တော် စိတ်ကို ချုပ်ထားတဲ့ကြားက မ... ...ကနဲပျက်ပျက်သွားတတ်တာ ကိုယ့်ကိုယ်ကို သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်မှာတော့ သူတို့ရုံးမှာ အိုဗာတိုင်ရှိနေတယ်၊ ညနေ ခြောက်နာရီထိ၊ ဆောင်းရာသီမို့ ခြောက်နာရီဆိုရင် မှောင် တော် မှောင်နေပြီ၊ ကျွန်တော် ရောက်သွားတော့ ခြောက် နာရီထိုးဖို့ ဆယ်မိနစ်လောက် လိုသေးတယ်၊ တချို့ရုံးပေါ် ဆင်းလာကြပြီ၊ မြနဲ့တွဲနေကျ အမျိုးသမီးတောင် ဆင်းလာ ပြီ၊ ကျွန်တော့်ကိုမြင်တော့....

'မြလာပါလိမ့်မယ်၊ အလုပ်ကလေးမပြတ်သေးလို့၊ အပေါ် တက်ချင် တက်သွားပါလား'

လို့ပြောတယ်၊ ကျွန်တော်မတက်တော့ဘဲ ရုံးအောက် မှာစောင့်နေတယ်၊ ရုံးသူရုံးသားတွေ တဖွဲဖွဲ ဆင်းလာကြ လူကုန်သလောက် ရှိပြီတင်ရာယ်၊ တချို့က ကျွန်တော့်ကို ပြုံးပြီးနှုတ်ဆက်ကြတယ်၊ ကျွန်တော်က စိတ်မပါဘဲ ပြုံး ပြရတယ်၊ တချို့ကတော့ ကျွန်တော့် အကြောင်း သိ ဘာသိဘာသာပဲ မမြင်ယောင်ဆောင်သွားကြတယ်။

ခြောက်နာရီ နှစ်ဆယ်ရှိပြီ၊ မြဆင်းမလာသေး၊ လူလည်း နေပြီ၊ ကျွန်တော်မနေနိုင်တော့ဘဲ ရုံးပေါ် တက်လာခဲ့ အပေါ်မှာ လူရှင်းနေပြီ၊ မြတို့အခန်းမှာလဲ ဘယ်သူမှ ကျွန်တော်ပျာသွားတယ်၊ နောက်မှ မြတို့အခန်းနဲ့ မျက် ချင်းဆိုင်မှာရှိတဲ့ အရာရှိခန်းကို သတိရတယ်၊ ဆင်နွှဲ တံခါးကို တွန်းပြီးဝင်လိုက်တဲ့အခါ....

မြကထိုင်ပြီးစာရေးနေတယ်၊ သူ့ဘေးမှာ အရာရှိက ကို လက်ထောက်ရပ်ပြီး စာရွက်ကိုရွှတ်ပေးနေတယ်၊ သူ ယောက်ဟာ တော်တော်နီးကပ်နေတယ်လို့ ထင်တယ်၊ ကျွန် တော့်ကို မြင်တော့မှ အရာရှိက ကိုယ်ကိုမတ်လိုက်ပြီး....

'ဆရာရိုးပဲ ကိုရဲမော်ရေ... ဒီနေ့အပြတ်လုပ်မှဖြစ်မှာမို့ သို့ နည်းနည်းနောက်ကျသွားတာ၊ ဒီကိစ္စကလဲ သူလုပ်မှဖြစ်မှာမို့ ခင်ဗျားအမျိုးသမီးကို ဆွဲထားရတာ၊ ပြီးလုပါပြီဗျာ'

ရုံးပေါ်ကပြန်ဆင်းလာတဲ့အခါမှာ ဘာဖြစ်ကြမယ်ဆိုတာ တွေးကြည့်ရုံနဲ့ ရင်လေးစရာပဲ၊

'ကိုယ့်ကိုယ်ကို မိန်းကလေးတစ်ယောက်ဆိုတာလဲ သတိ ထားပါဦး၊ မြဟာ အိမ်ထောင်သည်ဆိုပေမယ့် မသိဘဲလူဆို အပျိုကလေးလို့ ထင်ရတုန်းပဲဆိုတာ သိရဲ့လား၊ အခုလိုအချိန် တော်ကြီးမှာ ယောကျ်ားတစ်ယောက်နဲ့ အခန်းတစ်ခန်းထဲ မှာ နှစ်ယောက်တည်းရှိနေတာ သင့်တော်ရဲ့လား၊ စဉ်းစား ကြည့်စမ်းပါဦး'

'နှစ်ယောက်တည်း မဟုတ်ပါဘူး၊ ရုံးစောင့်ရှိပါတယ်'

'မရှိဘူး၊ တစ်ယောက်မှမရှိဘူး'

'တစ်နေရာရာ သွားနေလို့ဖြစ်ပါလိမ့်မယ်'

'သြော်... တစ်နေရာရာကို သွားခိုင်းထားတာပေါ့ ဟုတ် လား...

မြက သက်ပြင်းချလိုက်တယ်၊

'ကိုမော်၊ မြတို့အရာရှိဟာ ပင်စင်ယူကာနီး ပုဂ္ဂိုလ် အိုကြီးပါ၊ မြအဖေအရွယ်လောက်ရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



မြရဲ့လေသံက ဒေါသသံ၊ စိတ်ဆိုးသံမဟုတ်။ စိတ်ကုန်တဲ့လေသံ။

* * *

ခုတော့ဖြင့် ကျွန်တော်သဝန်မတိုတော့ပါ။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး မြက စိတ်ကုန်လေသံပြောလာတာရယ်၊ တစ်ခါ တစ်ခါ စိတ်ပျက်တဲ့အမူအရာတွေပြလာတာရယ်ကြောင့်ချည်းပဲမဟုတ်ပါဘူး။

အသက်နည်းနည်းကြီးလာလို့ ရင့်ကျက်တာလဲ ပါပါတယ်၊ အိမ်ထောင်သက် ရင့်လာတာကလဲ တစ်ကြောင်းပဲ။ လူ့ဘဝအရ အချိန်ကြာလာရင် ရိုးအီလာတတ်တယ်လေ။

နောက်တစ်ခုက ကလေးသုံးယောက်တောင် ရလာတဲ့အခါ စားဝတ်နေရေးအတွက် ရှာရဖွေရတဲ့တာဝန်၊ ကလေးတွေကို ပြုစုမျိုးထောင်ရတဲ့ တာဝန်တွေ ပိလာတော့...သမီးရည်းစားဘဝတုန်းကလို အိမ်ထောင်ဦးကာလ တုန်းက လို သည်းသည်းလှုပ်နေဖို့ အချိန်မရတော့ဘူး။ စိတ်ကလဲ အာရုံတွေများလာပြီကိုး။

မြကိုလဲကြည့်ဦးလေ၊ ကလေးသုံးယောက် ရပြီးတဲ့နောက် ပုံပျက်ပန်းပျက်ဖြစ်စပြုလာပြီ၊ တော်တော်လေး ဝလာတယ်။ မျက်နှာကလေးက လှနေသေးပေမယ့် မေးစေ့က အရစ်တွေ အထစ်တွေနဲ့ အစ်နေပြီ၊ အသီးသားဆုံးကတော့ ငယ်ငုက်ဆိုတဲ့ နှုတ်ခမ်းဖူးခြင်းဟာ လုံးဝပျောက်ဆုံးသွားတာပဲ။



သစ္စန်တိုဖို့ဆိုတာ မေ့တောင်မေ့နေပါပြီ၊ ဒါဆိုကောင်းတာပေါ့။ အိမ်ထောင်ရေးမှာ ပိုပြီးသာယာတာပေါ့လို့ ထင်ရင်မှားပါတယ်။

ကျွန်တော်တို့ အိမ်ထောင်ရေးမှာ ပြဿနာကြီး ကြီးကျယ်ကျယ်တော့မရှိပါဘူး။ တည်တည်ငြိမ်ငြိမ်ပါပဲ၊ တည်ငြိမ်လွန်းတော့လဲ တစ်မျိုးကြီးဖြစ်နေတာပေါ့။ အလျင်က ထစ်ကနဲရှိ ပြဿနာရှာတတ်တဲ့ ကျွန်တော်ဟာ ခုတော့ အေးအေးဆေးဆေးပဲ၊ တော်ရုံတန်ရုံ မတုန်မလှုပ် ဖြစ်လာတဲ့အခါ...

လူ့စိတ်ဆိုတာ ခက်တယ်လေ၊ တစ်ခုခုကိုကြာရင် ငြီးငွေ့လာတတ်သလို အလေ့အကျင့် တစ်ခုကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ စွဲလမ်းနေတတ်တယ်။ အခြေအနေ ပြောင်းသွားရင် မနေတတ်မထိုင်တတ်ဖြစ်ရပြန်ရော။

ဥပမာဆိုပါစို့ ....

ကုန်တိုက်တစ်ခုကို ပစ္စည်းဝယ်ဖို့သွားတဲ့ အခါ အောက်ထပ်မှာရှိတဲ့ လုံခြုံရေးတာဝန်ခံက ဖျာဖျာသလဲ...

'ကြွပါခင်ဗျာ၊ စားသောက်ကုန် ဝယ်ချင်ရင် ပထမထပ်၊ အထည်အလိပ်ဆိုရင် ဒုတိယထပ်၊ ကုန်မာ ပစ္စည်းကတော့ တတိယထပ်မှာရှိပါတယ်။

ဪ...ဟိုအစ်မကြီး ကလေးကိုချီပြီး တက်ရမှာပင်ပန်းပါတယ်၊ ကျွန်တော် ကူညီပါရစေလား၊ ကလေး ကျွန်တော့်ပေးပါခင်ဗျာ၊ ကျွန်တော်ချီပြီး လိုက်ပို့ပါ့မယ်'

အပေါ်ရောက်လို့ ကောင်တာရှေ့မှာ ရပ်လိုက်ဆိုရင်ပဲ အရောင်းစာရေးမလေး ပြုံးပြုံးလေးဆီးကြိုပြီး....

www.burmeseclassic.com

www.burmeseclassic.com

ဘာများလိုချင်သလဲရှင်၊ တက်ဆရွန်ပွင့်ရိုက်တွေ ဒီနေ့မှ ရောက်လာတာ ကြည့်ပါဦးသား၊ စျေးသဲ့ချိုတယ်၊ မဆားလဲ ခိုင်တယ်၊ အဆင်ကလေးတွေကလဲ သိပ်လှတာပဲ အစ်မသို့ အသားဖြူတဲ့လူဆိုရင် အနီရဲရဲလေးနဲ့ သိပ်လိုက်မှာပဲ၊ အစ်မ ကလေးက ဖယ်မျက်နှာချိုပါလား၊ ချစ်စရာလေး နော်.... ဟော်ဒီ ပန်းရောင်စကို ဂါဝန်ဖားဖားလေး ချုပ်ပေးလိုက်ပါ လား အစ်မရယ်'

စသည်ဖြင့် ပြောမယ်ဆိုရင်၊ မနေတတ် မထိုင်တတ်နဲ့ အိုးတိုးအမ်းတမ်းဖြစ်သွားမှာပဲ။ ကျင့်သားရပြီးသား အခြေ အနေတစ်ခုကနေ ပြောင်းသွားတာကိုး။

ကျွန်တော်က ပြဿနာမရှာတော့တဲ့အတွက် မြနဲ့ ကျွန် တော် ရန်မဖြစ်ကြတော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အိမ်ထောင်ရေးဟာ စိုစိုပြည်ပြည် ဖြစ်မလာဘူး။ ဖုံမှုန်သည် ပတ်နေတဲ့ စက်ယန္တရားတစ်ခုကို တာဝန်ကျေ လှုပ်ရှားနေ သလိုကြီးပဲ။

ကျွန်တော် သဘန်မတိုတော့တာကို မြက ကျေနပ် ဝမ်း သာနေတာမျိုး ဖြစ်မလာဘူး။ သူ့ပေါ်မှာ စိတ်ဝင်စားမှု လျော့လာတာများလို့ စိုးရိမ်တဲ့ ဟန်မန်မျိုးတွေ ဖြစ်လာ တယ်။

ကျွန်တော်ကတော့ သူနဲ့ပတ်သက်လို့ စိတ်လှုပ်ရှား ထူး လာတာတွေ မဖြစ်တော့တဲ့အတွက် စိတ်အေး ချမ်းသာမှု တကယ်မရပါဘူး။



မြအပေါ်မှာ ဝါအချစ်လျော့သွားပြီလားလို့ ကိုယ့်ကိုယ် ကို သက်ာမကင်းတဲ့စိတ်က ဖြစ်လာတယ်။ သို့ပေမယ့် နှလုံး သားထဲမှာ သူ့အလိုလိုဖြစ်နေတဲ့ အေးစက်မှုကို ပြန်နွေးဖို့ စားလို့မှရဘူး။ ဒါကို မကျေနပ်ဘူး။ ဘာမှလဲမတတ်နိုင်။

တကယ်တော့ ကျွန်တော်တို့ အိမ်ထောင်ရေးဟာ ဘာ ဖြစ်အနှာအဆာမှ မရှိပါ။ လင့်ဝတ္တရား မယားဝတ္တရား ပြည့်စုံကြပါတယ်။

သားဝတ်နေရေးလဲ ဖူလုံပါတယ်။ သားသမီးတွေလဲသိုက် ဝန်းဝန်းပါ။ သို့ပေမယ့် တစ်ခုခုလိုနေသလို လှပ်ဘာ တဲ့ ခံစားမှုဖြစ်ပေါ်နေတယ်။

ဘာလဲဆိုတော့....

* * *

နဲ့ကျွန်တော် မင်္ဂလာဆောင် တစ်ခုသွားကြတယ်။ ကျွန် တို့နှစ်ယောက် ပွဲလမ်းသဘင် အတူတူ မသွားကြတာ ။ ဘာကြောင့်ရယ် မဟုတ်။ ကျွန်တော်နဲ့ ပတ်သက်တဲ့ သူက ကလေးတွေ ကြည့်မယ့်လူမရှိလို့ နေခဲ့ရ

ကိစ္စကြတော့လဲ ကျွန်တော်က ကလေးတွေထိန်းရင်း တယ်။ ဒီနေ့တော့ သူတို့အမေ အိမ်မှာရောက်နေလို့ တွေနဲ့ထားခဲ့ပြီး နှစ်ယောက်အတူ သွားဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြကြ ဒီနေ့ တော်တော် ပြင်ဆင်ထားတယ်။ ဘူ ဆံပင်ဖြတ်ထားတာ ဒီနေ့မှပဲ သတိပြုမိတယ်၊ အဝတ်အစားကလဲ အသစ်ချုပ်ထားတာ ခပ်လွင်လွင်အရောင်၊ မျက်နှာကို မှုန်နေအောင် ခြယ်သထားတယ်။ နှုတ်ခမ်းနီ ပါးပါးကလေး ဆိုးလို့၊ မြမှာ အလှသက်ကျန်လေးတွေ ရှိသေးသားပဲလို့ စိတ်ထဲက ဝန်ခံရပါတယ်။

ဘတ်စ်ကားက ကျပ်တယ်၊ ဟိုးအလျင်ကလို မြအနားမှာ တော့ ကပ်ပြီး မရပ်မိတော့ပါ။ ကြားမှာ တစ်ယောက်ခြား တယ်၊ ဒီလိုနဲ့ စီးလာရင်းက တစ်စုံ တစ်ခုကို ဖျတ်ခနဲ မြင် တယ်။သံသက်တန်းကိုကိုင်ထားတဲ့မြရဲ့လက်နားမှာယောကျ်ား တစ်ယောက်ရဲ့လက်၊ သိပ်မကွာဘူး၊ ကြားမှာ လက်တစ်လုံး စာလောက်ပဲရှိမယ်၊ ကားက ဘရိတ် ဖမ်းလိုက်တဲ့ အခါ ယောကျ်ားလက်လျှောပြီး မြရဲ့လက်ကို လာဖိတယ်။

ရင်ထဲက ဒိတ်ခနဲဖြစ်သွားတယ်။

လက်ကို ပြန်မရွှေ့ဘူး၊ လူကြား ထဲက ချောင်းကြည့်တော့ မြရဲ့နောက်မှာ ကပ်လျက်ရပ်နေတာက ကောင် ကလေး တစ် ယောက်၊ အသက်နှစ်ဆယ်ကျော်လောက်၊ ရုပ်ကလေးသနား ကမားနဲ့။ ကောင်လေးက မြနားမှာကပ်ပြီး မရှိုး မှုသား ဖြစ်နေသလား မြနဲ့လက်ချင်းထိနေရတာကို အသား ယူ သလား။

မြကရော ယောကျ်ားလေးတစ်ယောက်က အသား ထိတာကို ဘာဖြစ်လို့ လက်နေရာမရွှေ့ဘဲ ငြိမ်နေတာ ဒါကိုသာယာနေတာလား။



ကျွန်တော့် စိတ်တွေ လှုပ်ရှားလာတယ်။

ရှေ့ကမိန်းမကြီးကိုတိုးဖယ်ပြီးမြနားကိုရွှေ့တယ်၊ ဒီမှာတင် မြင်ရတာက ကောင်လေးဟာ မြကိုအတင်းဖိကပ်ထားတာပါ လား၊ တခြားလူတွေ ရှိနေတယ်ဆိုတာ သတိ မထားနိုင် တော့....

'မင်း.... ဘာလုပ်တာလဲ'

ကောင်လေးကို ခပ်ဆတ်ဆတ်မေးလိုက်တယ်၊ကောင်လေး က ကြောင်ကြည့်နေတယ်။ မြက ပါးစပ် အဟောင်းသား ဖြစ်သွားတယ်။

'မင်းကို မေးနေတာကွ'

'ဗျာ.... ဘာလုပ်လို့လဲ'

'ကိုယ် ဘာလုပ်တယ်ဆိုတာ မသိဘူးလား အစ်မချင်း နှမချင်း မစာနာဘတ်ဘူးလား'

'ခင်ဗျား ဘာတွေ ပြောနေတာလဲ'

'ဒါ... ငါ့မိန်းမကွ'

သည်တော့မှ ကောင်လေး ရိပ်မိသွားပြီး'

'ဟာ.... ဘာလာကြောင်တာလဲ'

'မင်း အူကြောင်ကြောင် လုပ်မနေနဲ့'

'အို.... ကိုမော် ဘာဖြစ်လို့လဲ'

မြက ဝင်ပြောတော့ —

'တော့စမ်း ဟေ့ကောင်း မင်းဘာကောင်လဲ'

အဲဒီအချိန်မှာ ကောင်လေးရဲ့ ဟိုဘက်က အသံတစ်သံ ထွက်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်တာလဲဟင်'

မိန်းကလေးတစ်ယောက်ရဲ့အသံ၊ ကောင်လေးကို လှမ်းခေ တာ၊ မျက်နှာအလေးတစ်စွန်းတစ်စသာမြင်ရပေမယ့် တော် တော်လှတဲ့ ကောင်မလေးဆိုတာ သိသာတယ်။ ကော လေးက....

'အလကားပါဟာ သူမိန်းမကို တိုက တိုးသွားတဲ့ ဟင်း— ဒါကြီးကိုမှုား—

ဆိုပြီး မြကို မဲ့ ရွဲ့ ကြည့်လိုက်တယ်။ မြရဲ့မျက်နှာက ရဲက ဖြစ်သွားတယ်။ ကျွန်တော်လဲထူပူသွားတယ် ဟိုကောင်မလေး က ခစ်ခနဲရယ်တယ်။ တခြားလူတွေကလဲ ပြုံးစိစိနဲ့။

ငယ်ငယ်က စိတ်မျိုးနဲ့ဆို ဆွဲထိုးပစ်လိုက်ပြီ။ ခုချိန်မှာ တော့ တကယ်ထိုးလဲ ကျွန်တော်မနိုင်ဘူးဆိုတာ သိသို့—

ဆားရပ်လိုက်တဲ့အချိန်မှာ 'လာဆင်းမယ်' ဆိုပြီး မြရဲ့လ ကိုဆွဲလိုက်တယ်။

'မိုးမှု ငိုကြီးနေဘ်— စိမ်းနေပြီ'

လို့ စပယ်ရာက ပြောပေမယ့် မြကို အလျင်ဆင်းခိုင်း ကားအထွက်မှာ ကျွန်ုပ်ဘော် ခုန်ဆင်းလိုက်တယ်....။

'ဘယ်လိုဖြစ်ရတာလဲ ကိုမောင်ရယ်'

မြကမေးတယ်၊

'ဘာဖြစ်ရမှာလဲ ကိုယ့်လက်ကို ယောကျ်ားတစ်ယော လာထိ ဘာတွေဆင် မဖယ်နိုင်ရအောင် မင်းကပါ အလိုတူ အ ပါဖြ နေလို့ လား....



'ဩော်— ကိုမောင်တစ်ယောက်ကတော့ ငယ်ငယ်ကအကျင့် တွေ ခုထိ မပျောက်နိုင်သေးပါလား....'

မြရဲ့လေသံက အပြစ်တင်တဲ့ လေသံမဟုတ်၊ ကျေနပ်တဲ့ လေသံ၊ မြရဲ့အမူအရာက ပီတိဖြစ်နေတဲ့ဟန်၊ ကျွန်တော်က တော့ စိတ်တွေ လှုပ်ရှားလွန်းလို့ ခုထိ ကတုန်ကယင်ကြီး ဖြစ် နေတုန်း။ ဒါကြောင့် အိတ်ထဲမှာ အသင့်ပါလာတဲ့ ဆေး ပေါ့လိပ်ကိုထုတ် မီးညှိပြီး တအား ရှိုက်ဖွာလိုက်ရတယ်။ ဟုတ်ပါ့....။

ခုဆိုကျွန်တော် ဆေးလိပ် မဖြတ်နိုင်သေး။

မင်းလူ

(ပန်းခရေသီမဂ္ဂဇင်း ၁၉၈၈၊ ဇူလိုင်)

www.burmeseclassic.com

www.burmeseclassic.com

# ဓလမှောင်ရဲ့သူများ

www.burmeseclassic.com

လူနာသည့် မီးစာကုန် ဆီခန်းအခြေအနေသို့ ရောက်နေပြီ နှစ်ပေါင်းများစွာ လုပ်သက်ရှိလာပြီ ဖြစ်သောကြောင့် လူနာသည်ရက်ပိုင်းအတွင်း ကွယ်လွန်တော့မည်ဖြစ်ကြောင်း ဒေါက်တာထွန်းညွန့်သိနေ၏။ တဖြည်းဖြည်း ဆုတ်ယုတ်လာနေသော အခြေအနေကို အတွေ့အကြုံအရ ရိပ်စားမိနေသည်။ ထိုသို့ရာတွင် သူအံ့ဩနေမိတာ တစ်ခုရှိ၏။ လူနာသည် ရုပ်ပိုင်းအရ အခြေအနေမကောင်းတော့သော်လည်း စိတ်ပိုင်းအရတော့ လူကောင်းပတိလို ဖြစ်နေသောခြင်းပင်။ သတိလက်လွတ် လုံးဝမရှိ။ ကယောင်ကတမ်းမဖြစ်။ ကြည်ကြည်လင်လင် အေးအေးချမ်းချမ်းပင် ဖြစ်၏။

အံ့ဩဖို့အကောင်းဆုံးကတော့ ဝေဒနာ ခံစားရဟန်မတူသည့်ခြင်းပင်။ သည်း ညူခြင်းမရှိ။ သေဆုံးကာနီး လူမမာတွင် ယောက် ဖြစ်တတ်သော ဝေဒနာများမပြ။

www.burmeseclassic.com



'အမေမျှင် နေသာရဲ့လား'

ဟု ဒေါက်တာ ထွန်းညွန့်က မေးလျှင်....

'ဝေဒနာဘာစ်ခု ဖိစီးနေတဲ့အခါ လူကောင်းပကတိ တော့ သက်တောင့်သက်သာ ဘယ်ရှိပါ့မလဲသားရယ်... ဒါ မယ့် ကိုယ့်အသက်အရွယ်လဲ ကိုယ်ပြန်ကြည့်ရဦးတယ့် မွေးစကလေးလေးတွေတောင် ရောဂါဝေဒနာဆိုတာခံစား သေးတာပဲ၊ အမေ့လို အသက်ကြီး ရှစ်ဆယ်ကျော်မှ မခံစားချင်ရင် ဘယ်တရားပါ့မလဲ၊ ဒါဟာ သဘာဝပဲ သဘောထားလိုက်ရင် စိတ်ထဲမှာ နေသာသွားတာပေါ့'

ဟု ပုံမှန်အသံဖြင့် ခပ်အေးအေး ပြန်ပြောတတ်၏။

ကွေကာအုတ်၊ နွားနို့၊ ဟောလစ် စသည်တို့ တိုက် ခြင်းဆန်တဲ သောက်သည်။ များများ မသောက်နိုင်သော သုံးလေးဇွန်း သောက်ပြီးလျှင်....

'တော်လောက်ပါပြီကွယ် လှုပ်ရှားမှုမရှိတော့ အဟာ သိပ်မလိုတော့ပါဘူး'

ဟု အလိမ္မာနှင့် ငြင်းသည်။ ထိုမျှသော အစားအ သည်ပင် သူ့ကိုယ်ခန္ဓာအတွက် ဘာမျှအထောက်အကူမပြု ကြောင်း ဒေါက်တာ ထွန်းညွန့်တစ်ယောက်သာ သိ၏

ဒေါ်မျှင်၏သားအကြီးဆုံးလည်းဖြစ် မိမိ၏ သူငယ် လည်းဖြစ်သော ကိုမြအောင်ကို အသိပေးတော့မည်ဟု ဖြတ်လိုက်သည်။

ဒေါ်မျှင်ကိုကြည့်ပြီးအပြန်တွင်ကိုမြအောင်ကကားဖြင့် ပို့သည်။ လမ်းမှာ....



'လက်ဖက်ရည် သောက်ရအောင်ကွ'

ဒေါက်တာထွန်းညွန့်ကပြောသည်။ သူလက်ဖက်ရည်ကြိုက် တတ်မှန်း သိသဖြင့် အိမ်မှာ ဖျော်တိုက်ခဲ့ပြီးပြီ ခုပြောခြင်း မှာ လက်ဖက်ရည်ထက် စကားပြောချင်သည်က ပဓာန ဖြစ် ကြောင်း ကိုမြအောင် ရိပ်မိလိုက်သည်။

လက်ဖက်ရည်ဆိုင် ထိုင်ကြသောအခါ သူ့သူငယ်ချင်းစိတ် ခွတ်ခိုင်မာကြောင်း သိပြီးသားမို့ ဒေါက်တာ ထွန်းညွန့်က သိပ်နိဒါန်းမပျိုးတော့ဘဲ....

'အမေမျှင်အခြေအနေက သိပ်အားရစရာမရှိဘူးကွ'

'ဘာ....'

'ဟုတ်တယ် ရက်ပိုင်းလောက်ပဲ'

ကိုမြအောင် အံ့သြသွားသည်။ သူ့အမေ လူကြီးရောဂါဖြင့် ရက်ပိုင်းအတွင်း ကွယ်လွန်တော့မည် ဆိုသည်မှာ မယုံနိုင်စရာ အမေ့အခြေအနေက အများကြီးကောင်းနေသေးသည်။ သို့ရာ တွင် သူ့သူငယ်ချင်းစကားကို သူယုံသည်။

'ခင်းပြောလို့သာ ယုံရတယ်ကွာ ငါတော့ အရမ်းအံ့သြ တာပဲ'

'ငါလဲ အံ့သြတာပါကွ ငါတတ်ထားတဲ့ပညာ၊ ငါ့အတွေ့ အကြုံအရ သိသာနေတာ အဲဒါကတစ်ပိုင်း၊ သူ့စိတ်ဓာတ် ရေးရာနဲ့ သတိတရား ကောင်းနေတာကတော့ ငါဘယ်လို ယုံရမှန်းတောင်မသိဘူး'

'အေးကွာ ညင်ညင်သာသာ ဖြစ်အောင်သာ မင်းလုပ် ပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခုခုထူးခြားရင် ပါ့ဆီဖုန်းဆက်သေး၊ ငါ ချက်ချင်းလာခဲ့မယ်၊ ဒါပေမယ့် ငါ့ဆေးတွေဘာတွေ ထိုးပေးဖို့မလိုဘူးထင်တာဘဲ၊ သူ့ စိတ်က ငါ့ဆေးတွေထက် ပိုစွမ်းနေတယ်ကွ'

* * *

ကိုမြအောင်သည် သူ့အမေ၏ အခြေအနေနှင့် ပတ်သက်၍ အိမ်သူအိမ်သားများကို အသိမပေးခဲ့ချေ၊ သိသွားလျှင် ငိုလားယိုလားဖြစ်ကုန်မည်၊ နှမများက စိတ်ထိန်းနိုင်ကြမည် မဟုတ်။ ကလေး တွေကလည်း ဆူဆူညံညံ ဖြစ်ကုန်လျှင် မကောင်း။

ထို့အပြင် သူ့အမေကိုယ်တိုင်နှင့်လည်း မရိပ်မိအောင်ဟန်မပျက် ပြောဆိုဆက်ဆံနေရသည်။ သူ့အမေနှင့် စကားပြောသည့်အခါ ရယ်စရာ မောစရာများကို တမင်တကာ ပြောနေရ၏။

'ခုဘာလော ငါ့သားကြီး တယ်ရွှတ်တွတ်တွတ်တွေ ပြောနေပါလား၊ ဘာလဲ အမေစိတ်ညစ်မှာ စိုးလို့လား၊ မညစ်ပါဘူးကွယ်'

ဟု ဒေါ်မျှင်က ပြောသေးသည်။ ဒေါ်မျှင်၏ လေသံမှာ တိုးတိုးယဲ့ယဲ့ သာဖြစ်သော်လည်း ကြည်လင် ပီသနေသည်။ အမေသေတော့မည်ဆိုတာ ကိုမြအောင် မယုံချင်အောင်ဖြစ်ရပြန်သည်။



တစ်ခါတစ်ခါ ဆရာဝန်တွေ မျက်စိလည်လောက်အောင် အံ့သြဖွယ် နာလန်ထူလာတဲ့ လူနာတွေ ရှိတတ်တာပဲ ... ဟု မျှော်လင့်ချက်ကလေးထားမိပြန်သည်။

သို့ရာတွင် ညနေစောင်း အိမ်မှာလူစုံသောအခါ ဒေါ်...က သားသမီး၊ ... တူမများအားလုံးကို သူ့အနားသို့ ...ခေါ်ဆောင်လိုက်လေသည်၊ ပြီးတော့ အားနွမ်းဖြေ ခရီး...ဖို့ ပြောသည့်လေသံမျိုးဖြင့်....

'ကဲ...အားလုံး သေသေချာချာ နားထောင်'

တစ်ယောက်စီကို အကဲခတ်သလိုကြည့်ပြီး....

'မနက်ဖြန် မနက်လေးနာရီမှာ ငါသေတော့မယ်'

အားလုံး ခဏမျှ ငြိမ်သက် သွားသည်၊ နောက်မှ ရယ်...သံများ ထွက်ပေါ်လာသည်၊ သမီးအငယ် မခင်ညိုက....

'အမေကလဲ မဟုတ်တာတွေ လျှောက်ပြောနေပြန်ပြီ'

'ဟဲ့...ငါအကယ်ပြောနေတာ မနက်ဖြန်မနက် လေးနာရီ...မှာ မဂ်စိတ် မဂ်နှုထားနဲ့ သွားမှာ'

ဘယ်သူမှ မယုံကြချေ။

'အမေမျှင်က သေတော့မလို့တဲ့ဟေ့'

ဟူ၍သာ နောက်ပြောင်ရယ်ဒမောစရာ စကားတစ်ခုအဖြစ် ...ဘာထားကြလေသည်၊ မျှော်တတ်သော မြေးအကြီးကစ်...ကက်ကဆိုလျှင်....

'အမေမျှင်သေရင် ဖွဲ့ဝိုင်းယောင်ပြီး ...ကောက်ကောက်...'

www.burmeseclassic.com

www.burmeseclassic.com



ဟု စလေသည်။ ဒီခေါက်လန်းလန်းဆန်းဆန်းရှိပြီး သတိ အလွန်ကောင်းနေသောကြောင့် အမေမျှင့်စကားကို မယုံကြ ခြင်းဖြစ်၏။ ထို့အပြင် လူနာကိုယ်တိုင်က မိမိဘယ်နေ့ဘယ် အချိန်တွင် သေမည်ဟု ရက်ချိန်း ပေးနေသောကြောင့် ပို၍ မယုံကြခြင်းပင်။

'ကဲ....ဒီတော့ နင်တို့ကို အမွေခွဲပေးတော့မယ်၊ ငါသေမ ဆိုရင် ခွဲရခက်နေမယ်'

တူမ တစ်ယောက်က—

'အမေမျှင်နွားက စိန်နားကပ် ကျွန်မဆို အမွေပေးနော်' ဟုနောက်လိုက်၏။ ဒေါ်မျှင်သည် နားပေါက်ပေါင်းလော ဖြင့် နေခဲ့တာ ကြာပြီဖြစ်သဖြင့် ဝိုင်းရယ်ကြပြန်သည်။

'အားလုံး ငြိမ်ငြိမ်နေကြစမ်းပေ'

ကိုမြအောင်က ဟောက်လိုက်မှ ငြိမ်သွားကြသည်။ ဒေါ် မျှင်စကားဆက်၍....

'နင်တို့ကို အမွေခွဲပေးမယ်၊ ဒါပေမယ့် အလကားတော့ မရဘူး၊ ငွေချေးနဲ့ဝယ်ရမယ်၊ ရတဲ့ငွေတွေကို လှူခဲ့မယ်'

ကိုမြအောင်ကို ကြောက်သဖြင့် အားလုံးငြိမ်နားထော နေကြရ၏။

'အိမ်ကိုတော့ ဘယ်သူ့မှ မပေးဘူး၊ ခုအတိုင်းပဲ သိုက်ဝန်းစိန်းဆက်နေကြ၊ ကျန်တဲ့ပစ္စည်းတွေကို အမွေအ ဝယ်ကြရမယ်'



အားလုံး ကြောင်တောင်တောင် ငေးနေကြသည်။

'ပိုက်ဆံက ခုပေးစရာမလိုဘူး—ရက်လည် ဆွမ်းကျွေးတဲ့ နေ့ကျမှ အားလုံး ပေးကြရမယ်၊ ကဲ....မောင်မြအောင် စာ ရင်းမှတ်'

ကိုမြအောင်က စာရွက်နဲ့ဖောင်တိန် အသင့်ပြင်ပြီးစောင့် နေရသည်။

'ဘဏ်က ငွေကိုတော့ မောင်နှမ သုံးယောက် ခွဲယူကြ၊ မော်တော်ကားကို မောင်မြအောင်ယူ၊ ရှစ်ထောင်လောက် တန်ဘယ်မဟုတ်လား၊ နှစ်ထောင်နဲ့ဝယ် ကဲမှတ်'

ကိုမြအောင် မှတ်ရသည်။

'ငါ့ ခုတင်အောက်က သေတ္တာထဲမှာ ကတ္တီပါ အိတ် နဲ့လေး နှစ်ခုရှိတယ် ယူပေးစမ်း၊ အေး ဟုတ်ပြီ မအေးကြင် နဲ့ မခင်ညို တစ်ထုပ်စီ၊ ရွှေထည် ပစ္စည်းတွေ တစ်သောင်း ကျော်စီတန်တယ်၊ နှစ်ထောင်စီပေး၊ မောင်မြအောင် မှတ် စမ်း....'

မှတ်ရပြန်သည်။

'ငါ အခုအိပ်နေတဲ့ ခုတင်ကိုတော့ ဘုန်းကြီးကျောင်း ကို လှူလိုက်၊ ဟောဟိုက ကျွန်းဗီရိုကြီးကို မသန်းတင်က တစ်ရာနဲ့ယူ'

ဤသို့ဖြင့် ပစ္စည်းများကို သားသမီး၊ တူ တူမများက အသီးသီးခွဲဝေ ဝယ်ယူကြရ၏။ အားလုံး ရှစ်ထောင်လေးရာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီငွေရှစ်ထောင်လေးရာထဲက သုံးထောင်ကို ရွှေဘုန်းပွင့်ဘုရား ငွေယျာဝစ္စအတွက် လှူ၊ ဆေးရုံကြီးရယ်၊ ဘိုးဘွားရိပ်သာရယ်၊ မိဘမဲ့ ကျောင်းရယ်ကို ထောင်ငါးရာစီ၊ ကျန်တာကို ငကြိုဟ်စရိတ်လုပ်၊ ပိုတာကို ဘုန်းကြီးတွေကပ်လိုက်ဟုတ်ပြီလား၊ အင်း…ကိစ္စတစ်ခုတော့ ပြီးပြန်ပြီ’

ခဏနားသည်။ စကားများများပြောလိုက်ရသဖြင့် အနည်းငယ်မောသွားဟန်ရှိ၏။ ကိုမြအောင်က အမောနားရအောင် ထထွက်မည်ပြုသည်။ ထိုစဉ်မှာ ဒေါ်မျှင်က စကားဆက်ပြန်၏။

‘ကဲ…နောက်တစ်ခု မိသန်းတင် လာဦး၊ ကာကူးတို့ဆိုင် ကိုသွား၊ မာလကျော်ပီတိ တစ်အုပ်နဲ့ တစ်မတ်တန် ကြယ်သီး တစ်စုံသွားဝယ်’

မသန်းတင် ကိုမြအောင်ကို ကြည့်လိုက်သည်။ ကိုမြအောင်က ခေါင်းညိတ်ပြလိုက်၏။ မသန်းတင် ပြန်လာသော အခါ ခုတင်အောက်က သေတ္တာကို ဖွင့်ခိုင်းပြန်သည်။

‘ငါ့သေတဲ့အခါ အဲဟို အပေါ်ဆုံးက ပဒုမ္မာအင်္ကျီကိုဝတ်ပေး၊ အခုဝယ်လာတဲ့ ကြယ်သီးကိုတပ်၊ ထဘီက သရက်ထည် အညိုရောင်၊ အဲဒါမဟုတ်ဘူး၊ အဲဒါကအသစ်ကြီး၊ ဟိုဘက်က တစ်ပတ်နွမ်းလေး၊ အဲဟုတ်ပြီ၊ ထုတ်ထား လိုက်စမ်း၊ မာလကျော်ပိတ်ကတော့ အလောင်းကိုပတ်ဖို့၊ ပြီးတော့ ငါသေရင် ဂူသွင်းတာတွေ ဘာတွေမလုပ်နဲ့၊ မီးသင်္ဂြိုဟ်လိုက်ကြ လား’



ကိုမြအောင်က တစ်ခုခုပြောမည်ပြုပြီး အမေဟုခေါ်သည်။ ဒေါ်မျှင်က လက်ကာလိုက်ပြီး…

‘ပြောစရာက မပြီးသေးဘူး၊ ငါသေရင် ဟိုအဝေးကတွေ လျောက်မဖိတ်နဲ့ သွားရလာရ ပင်ပန်းတယ်၊ မိခင်စန်းညီအစ်မတွေတော့ အကြောင်းကြားလိုက်၊ သူတို့ကလူရှင်းတူ၊ သတင်းစာထဲ ကြော်ငြာတာတွေဘာတွေ လုပ်မနေနဲ့ တိုင်သမျှ အကျဉ်းချုံးလုပ်ကြတဲ့ …မိအေးကြင် ညည်း အောင်မငိုနေနဲ့နော် ကြားလား၊ ကဲ…ကဲ သွားကြတော့၊ အနားယူတော့မယ်၊ ဒီနေ့ည ငါ့အခန်းမှာဘယ်သူမှစောင့်ပ်ကြနဲ့ ငါတစ်ယောက်တည်း တရားမှတ်ချင်တယ်’

* * *

အိမ်သူအိမ်သားအားလုံး ဘယ်သူမှ မယုံကြချေ။ ဒေါ်ပြောသောစကားတွေကို ပြန်ပြောချင်း နောက်ပြောင်နေ၏။

ကိုမြအောင်ကတော့ ဒေါက်တာ ထွန်းသွဲ့နှင့်၏ စကားနှင့် ဒေမ၏အပြောကို ဆန်းစစ်ကြည့်ပြီး ယုံသလိုလို ဖြစ်နေသည်။

သတွင် အားလုံး အိပ်ကုန်ကြသော်လည်း ကိုမြအောင်တဲ ဒေါ်မျှင်၏အခန်းရှေ့မှာ ပက်လက် ကုလားထိုင်ထိုးဖြင့် စောင့်ထိုင်ဖတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိညောင်းလာပြီး တစ်ချက်ငိုက်ကနဲ ဖြစ်သွားသော အချိန်တွင် တိုင်ကပ်နာရီကြီးမှ 'ဒင်… ဒင်' မြည်သံလေးချက် ကြားရ၏။

ဝေါက်ကနဲ ထလိုက်သည်။ ဒေါ်မျှင်၏ အခန်းတံခါး… အသာဖွင့်၍ချောင်းသည်။ ခြေဖော့နင်းပြီး ခုတင်နားကပ်သည်။ ခြင်ထောင်ကို ဖြည်းညှင်းစွာ မ တင်သည်။

ဒေါ်မျှင်သည် တည်ငြိမ်စွာလှဲလျောင်းနေ၏။ မီးရောင်မှိန်… မှိန်တွင် မြင်ရသောဒေါ်မျှင်၏ မျက်နှာမှာ အေးအေးချမ်း… ချမ်းပင်။ ရင်ဘတ်လှုပ်ရှားမှုမရှိဟု ထင်သည်။ နှာခေါင်းပေါက်… နားသို့ လက်ထားကြည့်သည်။ ထွက်သက် လေငွေ့ချိုက်ခတ်… မခံစားရ။ လက်ကိုကိုင်သည်၊ ခပ်အေးအေးပင်။ လက်ကောက်… ဝတ် သွေးကြောကို စမ်းကြည့်သည်။

သွေးခုန်မှုမရှိတော့။

(၂)

သံသာရေ သံသရန္တာနံ
သဗ္ဗဒုက္ခ ဝိနာသနေ

ဦးမြနှင့် ဒေါ်သူတို့သည် ဗောဇ္ဈင်သုတ်ကို နံနက်… ရွတ်ဆိုနေကျဖြစ်သည်။

နံနက် အရုဏ်မောင်းခေါက်သံကြားရပြီဆိုလျှင် အိပ်ရာ… ကြသည်။ တစ်ယောက်တစ်ခန်းစီအိပ်ကြသဖြင့်အရင်ဦး… နိုးသူက တစ်ဖက်ခန်းကို လှမ်းအော်၍နှိုးသည်။ ပြီးတော့…



ဘုရားစင်ဘက်မျက်နှာမူ လက်အုပ်ချီပြီး ပြိုင်တူ ရွတ်ဆိုကြတော့သည်။

အသက်တွေက ကိုးဆယ်နား ချဉ်းကပ်နေပြီ ဖြစ်သဖြင့် ရွတ်ဆိုနေရင်း လေဆက် ပြတ်ပြတ်သွားတတ်သည်။ ထိုအခါ တစ်ယောက်က စောင့်နေတတ်၏။ တစ်ခါတစ်ခါတော့ တစ်ယောက်ယောက် အသံရပ်သွားလျှင်…

'အတိုးကြီး ဘာဖြစ်လို့ရပ်သွားပြန်တာတုန်း'

'ကျုပ် မေ့သွားလို့ဗျ'

'သံဝတ္တန္တိ အဘိညာယထလေ'

'အေး…အေး၊ ဟုတ်ပြီဟေ့၊ ရပြီ…ကိုင်း'

* * *

နှစ်ဦးစလုံး အသက်ကိုးဆယ်နီးပြီဖြစ်သော်လည်း ကျန်းမာရေးကောင်းကြတုန်း။ ဦးမြသည် ခုထိ သူ့ဘာသာရေဆွဲ၍ ချိုးနိုင်တုန်းဖြစ်၏။ ဒေါ်သူသည်လည်း ထမင်း နှစ်ပန်းကန်လောက်ကုန်အောင်စားနိုင်တုန်းပင်။

ဆံပင်တွေအားလုံး ဖြူဖွေးနေကြသော်လည်း သွားတော့ … ခိုင်ကြဆဲရှိ၏။ တစ်ခါတစ်ခါ သတိမေ့တတ်တာတော့ ရှိ၏။

ဦးမြသည် ဘုရားရှိခိုးပြီးသည်နှင့် ခြံဝန်းထဲမှာ တံမြက်စည်း… လှည်းသည်။ ဒေါ်သူက ပန်းပင်တွေရေလောင်းသည်။ …မင်းစားပြီးလျှင် ဦးမြက အပြင်ထွက်လမ်းလျှောက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူကတော့ ခြံဝန်းထဲမှာပင် ပုဆိုးစိပ်ရင်း လျှော
တတ်၏။ ဒေါ်သူသည် ခုထိရေချိုးပြီးတိုင်း နံ့သာဖြ
ခြေဆုံးခေါင်းဆုံးလိမ်းလေ့ရှိတုန်းပင်ဖြစ်၏။ နေ့လယ် အ
မေးပြီးနိုးလျှင် လက်ဖက်တစ်ပန်းကန်၊ ရေနွေးကြမ်းဘ
နှင့်စားသောက်ကြရင်း တရားစာအုပ်တစ်အုပ်ကို တစ်ယော
တစ်လှည့်စီ ဖတ်ပြကြသည်။

ဒေါ်သူသည် အရင်က စာမတတ်ခဲ့ချေ။ အသက်ငါး
ကျော်သောအခါတွင်မှ တရားစာအုပ်များ ဖတ်ချင်
ကြောင့် သမီးမနှင်းလှိုင်ထံမှ စာသင်ယူခဲ့ခြင်းဖြစ်၏။
ရာတွင် က ခ မှစ၍စနစ်တကျသင်ခြင်းမဟုတ်။ ဘု
အုပ်ထဲမှ စာသားများကို မနှင်းလှိုင်က နှုတ်တိုက်ချ
သည်။ ဒေါ်သူကလိုက်ဆိုရင်း စာလုံးများကို မှတ်ခြင်းဖြ

'အရှမ်းကာရော...ဤကိုယ်သည်'

'အရှမ်းကာရော...ဤကိုယ်သည်'

သို့ဖြင့် ဒေါ်သူ စာတတ်ခဲ့သည်။ နောက်ပိုင်းတွင်
ဘောင်မနှင်းလှိုင်ကို ပြန်ရှင်းပြနိုင်လာခဲ့၏။

ဦးပြွားနှင့် ဒေါ်သူတို့သည် ဥပုသ်ဇရပ်ကလေးတင်
ဆောက်လုပ်လှူဒါန်းထားသည်။ ဥပုသ်နေ့တိုင်း သူ
မြေးနှစ်ယောက်ကိုလက်ဆွဲပြီး သွားလေ့ရှိ၏။ ဥပုသ်သ
ကို နံနက်စာကျွေးသည်။ နေ့လယ်တွင်ဖျော်ရည်ဘိုက်
တို့သည်း ဥပုသ်သီတင်းဆောက်တည်သည်။



ကလေးတွေက သူတို့နှင့် ဥပုသ်ဇရပ် လိုက်ရတာကိုပျော်
သည်။ ဥပုသ်သည်တွေကို ကျွေးမွေးသော အချိုပွဲများ၊ ဖျော်
ရည်များ စားသောက်ရသောကြောင့် ဖြစ်၏။ ခွေးညို က
ယောကျ်ားကလေးဖြစ်သဖြင့် အကစားမက်သည်။ စားသောက်
ပြီးလျှင် ပြန်ပြေးလေတော့သည်။

အငယ်မ ချင်းညိုကတော့ ဇရပ်မှာ တစ်နေ့လုံး နေသည်။
လူကြီးတွေ တစ်ရေးတမောအိပ်သည့်အခါ သူလည်း လိုက်
အိပ်သည်။ နောက်ပိုင်းကျတော့ သူပါ ဥပုသ်စောင့်ချင်သည်ဆို
သဖြင့် ယောဂီရောင် ထဘီကလေးချုပ်ပေးရသည်။ တဘက်
ကလေးလက်ကတော့ဆိုးပြီး ငြိမ်ငြိမ်လေးထိုင်၍ပုတီးစိပ်တတ်
သည်။ ဒေါ်သူက သိပ်သဘောကျ၏။

ခွေးညိုကသည်း အားကျမခံ တစ်ခါတစ်ရံ ဥပုသ်လိုက်
စောင့်သည်၊ ညနေစောင်းရှိထမင်းဆာသာပြီဆိုလျှင်တော့...

'ဖွား...ဥပုသ်တစ်ဝက်တောင်ရပြီပဲ။ တော်လောက်ပါပြီ
အဖေကြီးရာ'

ဆိုပြီး ဥပုသ်ထွက်လေတော့သည်။

ဦးပြွားသည် မနက် လမ်းလျှောက်ထွက်မှ ပြန်လာလျှင်
ဘိန်းမုန့်များဝယ်လာတတ်သည်။ ချင်းညိုကိုတစ်ခုပေးလိုက်ပြီး
နောက် ကျန်ဘိန်းမုန့်များကို ခွေးညိုနှင့်အတူ ခြံ
ခုံတန်းလျားပေါ်မှာထိုင်စားသည်။ ထိုအခါတွင် အ
သိနေကြပြီဖြစ်သော ခွေးများနှင့်ကျီးကန်းများ ရှိသွ
တော့သည်။

'ကဲ... ခွေးညိုရေ၊ ငါတို့အလှူစကြစို့ဟေ့'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးပြွားက အချက်ပေးလိုက်လျှင် ခွေးညိုက ဘိန်းမှုန့် တစ်ဖဲ့ကို သူ့ပါးစပ်ထဲထည့်၍....

'ခွေးညိုတစ်ဖဲ့'

ခွေးများဆီ တစ်ဖဲ့လှမ်းပစ်၍....

'ခွေးတွေတစ်ဖဲ့'

ကျီးကန်းများဆီတစ်ဖဲ့၊

ဤသည်မှာ သူတို့မြေးအဘိုး၏ နံနက်တိုင်းပြုနေကျအလှူ ပင်တည်း။

* * *

ဦးပြွားက တစ်ခန်း၊ ဒေါ်သူကတစ်ခန်း၊ ကပ်လျက်မှာ ကိုစံမင်း၊ မနှင်းလှိုင်နှင့် ကလေးများအိပ်သောအခန်းရှိသည်၊

ညအိပ်ရာဝင်ကာနီးလျှင် ဒေါ်သူသည် တစ်ဘက်ခန်းရှိ မြေးများနှင့် အမေးအဖြေလုပ်လေ့ရှိ၏၊

'ချင်းညိုလေး'

'ရှင်'

လောကကြီးသုံးပါးမှာ ဘာမြင်သလဲ'

'အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်ပါတယ်ရှင့်'

'လိမ္မာလိုက်တဲ့ကလေး၊ ကဲ...ခွေးညိုလေး'

'ဘာတုန်း အမေကြီးရဲ့'

လောကကြီးသုံးပါးမှာ ဘာမြင်သလဲ'

'ကျွန်တော်ကတော့ ခြင်ထောင်ပဲမြင်တယ်၊ အမေကြီး'



'ဟယ်....ဒီကောင်လေး ရွှတ်တွတ်တွတ်နဲ့'

'ဟုတ်တယ်လေ၊ ခြင်ထောင်ထဲရောက်နေတဲ့ဟာ၊ ဟော ဟော....ခုဆိုရင် ဘာမှတောင်မမြင်ရတော့ဘူး အမေကြီးရေ၊ အမေကမှန်အိမ်ငြိမ်းလိုက်ပြီဗျ'

ဦးပြွားကမူ တစ်ဘက်ခန်းမှ တဟားဟားရယ်ရင်း....

'ခွေးညိုရေ၊ မနက်ကျရင် တို့မြေးအဘိုးခွေးတွေကျီးတွေ အလှူလုပ်ကြဦးစို့နော်'

'ဟုတ်ကဲ့ အဖေကြီး'

* * *

'အဘွားကြီး၊ မနိုးသေးဘူးလား၊ ထတော့လေ ဘုရား ရှိခိုးရအောင်'

ဦးပြွားကခေါ်သည်၊

'ကျုပ်နိုးနေပြီတော့ အုန်းမောင်းတောင်မခေါက်သေး ဘူး၊ အစောကြီးရှိသေးတယ်'

'ဘုရားရှိခိုးတာပဲဗျာ၊ ဘယ်အချိန်ဖြစ်ဖြစ်ပေါ့၊ စောဘယ် နော်၊ ကျတယ်ရှိသေးလို့လား'

'တော်တော် လှောတဲ့အဘိုးကြီးပဲ၊ ကဲ....ကဲ ရှိခိုးချင်လှ ရင်လဲ ရှိခိုးကြစို့'

ဘုရားရှိခိုးကြရင်းက ဦးပြွားရဲ့အသံ ရပ်သွားသည်။

'အဘိုးကြီး ဘာဖြစ်လို့ ရပ်သွားရပြန်သတုန်းတော့'

ဦးပြွားကမဖြေ၊

www.burmeseclassic.com

www.burmeseclassic.com



'ဩော်....ဒီအဘိုးကြီး မေ့နေပြန်ပြီထင်တယ်၊မောင်ဂွ...
လေ'

ဦးပြွားထံမှ ဘာသံမှထွက်မလာ။

'ခက်တဲ့အထိုးကြီးပဲ၊ ဒီမှာတော့အဘိုးကြီး ပြန်မျှား...
ပျော်နေသလား'

ခေါ်မရသောအခါ ဒေါ်သူက ဦးပြွားအခန်းသို့ ကူ...
ကြည့်သည်။ ဦးပြွားသည် ဒူးတုပ်လက်အုပ်ချီလျက်၊ ခေါ်...
အနားကပ်သွားသည်။

'အဘိုးကြီး'

ဦးပြွားပုခုံးကို ကိုင်လှုပ်သည်။ မနိုးတော့ လုံးဝပြန်မ...
မတော့။

'ဩော်... ဘော်က ကျုပ်ကိုမပြောဘဲ တိတ်တိတ်က...
ထွက်သွားတာကိုး'

ဟု ဒေါ်သူက ခပ်အေးအေးပြောလိုက်၏။

* *

ဦးပြွား၏ အသုဘမှာ အလွန်စည်ကားသည်။ တ...
တစ်ကျေးဆွေမျိုးတွေပါစုံအောင် စောင့်သဖြင့် ငါးရက်...
ရသည်။ အနံ့ အသက်လုံးဝမထွက်။ တခြားလူတွေ ငိုကြွေ...
သော်လည်း ဒေါ်သူက လုံးဝမငိုချေ။

'အဘိုးကြီးတော့ ငွေ့ကျွတ်သွားပြီ၊ ငါကသာနော...
ကျန်နေခဲ့တာ'

ဟု မတုန်မလှုပ်ပြောသည်။ ပူဆွေးဝမ်းနည်းသော ...
မနှင်းလှိုင်ကိုပင်....။



'ဟဲ့....ဒါဝမ်းနည်းစရာမလိုဘူး၊ လူဆိုတာ မမွေးလာကတည်းက တစ်နေ့နေ့သေရမယ်ဆိုတာ ကြိမ်းသေနေတဲ့ကိစ္စပဲ၊ မသေချင်ရင် အစကတည်းက မမွေးခလာတာအကောင်းဆုံးပဲ၊ မွေးလာတယ်၊ ပြီးတော့ သေသွားတယ်ဆိုတာ နေ့ရာသီပြီးတော့ မိုးရာသီလာတယ်ဆိုတဲ့ သဘောလောက်ပါကွယ်'

ဟု နှစ်သိမ့်လိုက်သေးသည်။

* * *

ဦးပြွားကွယ်လွန်ပြီးနောက် ဒေါ်သူတစ်ယောက်တည်း မနက်မနက် ဘုရားရှိခိုးသည်။ တစ်ခါတစ်ခါတော့လည်း....

'အဘိုးကြီး ထခတော့လေ၊ ဘုရားရှိခိုးရအောင်'

ဟု သတိမေ့ပြီးခေါ်တတ်၏။ သမီးမနှင်းလှိုင်က သတိပေးရသည်။

'အမေ့ အဖေက မရှိတော့ဘူးလေ'

'ဩော်....အေး အေး၊ ဟုတ်ပေသားပဲ၊ ငါ့နှယ်နော်.... အသက်ကကြီးတော့ မေ့တတ်လိုက်တာ လွန်ပါရော တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ရှိနေတယ်ဆိုတာတောင် မေ့နေတတ်တယ်'

နောက် လေးငါးရက်နေသောအခါ ဒေါ်သူသည် ဦးပြွားကွယ်လွန်သွားပြီဖြစ်ကြောင်းကို မေ့သွားပြန်လေသည်။

'အဘိုးကြီးထခတော့လေ၊ ဘုရားရှိခိုးရအောင်'

'အမေကလဲ အဖေမရှိတော့ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



မနှင်းလှိုင်က သတိပေးရပြန်သည်။

'ဩော်....အေး၊ ဟုတ်ပေသားပဲ၊ ငါကလဲ တမေ့တည်း မေ့နေတာကိုး။ အဘိုးကြီးရှိနေတယ်မှတ်ပြီး စိတ်အေးလက်အေးနေမိတယ်။ သူကတော့ ငါ့ကိုမျှော်နေတော့မှာပဲ'

နောက်တစ်နေ့နံနက်တွင် ဒေါ်သူသည် ဘုရားရှိခိုးနေရင်းက အသံတိတ်သွားသည်။ မနှင်းလှိုင်က ကိုစံမင်းကိုနှိုးပြီး အခန်းထဲဝင်ကြည့်ကြသောအခါ....

ဦးပြားကဲ့သို့ပင် ဒူးတုပ်လက်အုပ်ချီရင်း အသက်ကုန်နေသော ဒေါ်သူကို တွေ့လိုက်ကြရလေသည်။

ဒေါ်သူ၏ အသုဘတွင် မနှင်းလှိုင်မငိုဖြစ်တော့ချေ။

* * *

(၃)

ဒေါ်သိန်းသည် မြို့ပြင်ရှိ ခြံကလေးထဲမှာ တစ်ယောက်တည်းနေသည်။ မြို့နှင့် တစ်မိုင်ခန့်ဝေးသည်။ အနီးဆုံးအိမ်မှာ မိုင်ဝက်ခန့်ဝေးသည်။ ဘုန်းကြီးကျောင်းနှင့် သိပ်မဝေးလှ။ ကြားမှာ သုံးဧကခန့်ကျယ်သော ငှက်ပျောခြံတစ်ခု ခြားသည်။

ဒေါ်သိန်းမှာ ရပ်ကွက်ကာလက်မခံသဖြင့် ရွာပြင်ထုတ်ထားခြင်းမဟုတ်။ သားထောက် သမီးခံမရှိသောကြောင့်လည်း မဟုတ်။ အိမ်ထောင်မပြုခဲ့သဖြင့် သားသမီးမရှိသည့်တိုင်



ထဲမှာ တူ၊ တူမတွေဆွေမျိုးတွေရှိသည်။ တချို့ တူ၊ တူမတွေက ချောင်လည်ကြသူများဖြစ်ကြ၏။ သူလို အဘွားကြီးတစ်ယောက်ကို အိမ်ပေါ် ခေါ်တင်ကျွေးထားဖို့ ဘာမျှတာဝန်မကြီး၊ နေလည်းနေစေချင်ကြသည်။

သို့ရာတွင် သူကိုယ်တိုင်က လူအများနှင့်မနေချင်၊ တစ်ယောက်တည်းသာနေချင်သည်။ ထို့ကြောင့်သူ့ဘာသာ တစ်ယောက်တည်းသာပိုင်သော ဒီခြံကလေးထဲမှာ တဲလေးတစ်လုံးထိုး၍ လာနေခြင်းဖြစ်၏။ ကြွယ်ဝသော တူမတစ်ယောက်က....

'အဒေါ် စဉ်းစားကြည့်လေ ကျွန်မတစ်ယောက်လုံး ရှိနေလျက်သားနဲ့ ဒီမှာ ခုလိုဘာစ်ယောက်တည်းလာနေတာ့ အေးလူတွေက ကျွန်မကို ဘယ်လိုထင်ကြမလဲ၊ ကိုယ့်အဒေါ် အဘွားကြီးအိုကြီးအိုမကို ပစ်ထားတယ်လို့ ကဲ့ရဲ့ကြမှာပေါ့'

'အို အေ....၊ တို့မြို့လေးက ကျဉ်းကျဉ်းလေးပါ တစ်ယောက်အကြောင်းတစ်ယောက် အကုန်သိပြီးသား ညည်းတို့စေတနာကောင်းတာကိုမှန်းလဲ လူတိုင်းအသိပါ ညည်းထင်သလို ပြောကြမှာ မဟုတ်ပါဘူး'

'အဒေါ်တစ်ယောက်တည်းနေချင်တဲ့ ဆန္ဒလဲပြည့်အောင်၊ ကျွန်မတို့လဲ စိတ်မပူရအောင် ဒီလိုလုပ်လေ ကျွန်မတို့ဝင်းက အကျယ်ကြီး ခြံထောင့်မှာ အိမ်ကလေးတစ်လုံး ဆောက်ပေးမယ် အဲဒီမှာ နေပါလား'

'ငါ့လူတွေနဲ့ နီးနီး မနေချင်လို့ပါအေ'

'ဒါဆိုလဲ အဖော်တစ်ယောက်တော့ ခေါ်ထားဖြစ်မယ်'

'နေပါစေ တူမရယ် တစ်ယောက်တည်းပဲ နေပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်း၏ ခမောင်အငယ်ဆုံးအလှည်း သူနှင့်နေဖို့ ခေါ်သေးသည်။ မရ....

'အစ်မအသက်ကလဲ ငယ်တော့တာမဟုတ်ဘူး၊ ရုတ်တရက် အရေးရယ် အကြောင်းရယ်ရှိလာတော့ ဘယ့်နှယ်လုပ်မလဲ'

'ငါ့ကိုယ်ငါသိပါတယ်ကွယ်၊ ငါဘာမှမဖြစ်ပါဘူး၊ အင်းအင်း ခုနေ ရုတ်တရက် အသက်ကုန်သွားရင်တောင် တန်တယ်လို့ ဆိုရမှာပဲ၊ ငါကငါ့ကိုယ်ငါ အသက်ခုနှစ်ဆယ်လောက် ထိတော့နေရမယ်လို့ မှန်းထားခဲ့တာ၊ အခု ခုနစ်ဆယ့်သုံးနှစ်ရှိပြီ၊ သုံးနှစ်တောင် ပိုနေခဲ့ရပြီ။ အခုနေနေရတာဟာ သံသရာကြီးမှာ အဆစ်ရထားတာလို့ပဲ မှတ်တယ်'

ဤသို့ဖြင့် ဒေါ်သိန်းသည် တစ်ယောက်တည်းနေတာ ခဲ့သည်။

* * *

ဒေါ်သိန်းသည် သူ့ထံသို့ တူ၊ တူမများ မကြာခဏလာသည်ကို မကြိုက်ချေ။

'တစ်ယောက်တည်းအေးအေးနေချင်လို့ ဒီမှာလာနေတာနင်တို့ ခဏခဏလာနေကြရင် ဘာထူးမှာလဲ၊ တစ်ပတ်ကို တစ်ခါပဲလာ၊ လာရင်လဲ တစ်ယောက်နှစ်ယောက်ပဲလာကြ၊ တစ်လစာလောက် ဆန်နဲ့ငပိပေးထားခဲ့၊ ဘယ်သူမှ မလာလေကောင်းလေပဲ ငါ့ကိုယ်နဲ့ငါတောင် မတတ်သာလို့ တူတူနေနေရတာ'



တူ၊ တူမများက တစ်ပတ်တစ်ကြိမ်ကျလာပြီး စားသောက်စရာများ၊ အခြားလိုအပ်သောပစ္စည်းများ ပို့ပေးရ၏။ ထိုအခါ း‌ကောင်းသော က်ဖွယ်များလည်း ပါလာတတ်သည်

ကြက်သားကြော်၊ ငါးကြော်၊ ပုစွန်ထုပ် စသည်တို့ပါ င် အနည်းအကျဉ်းသာစားသည်။ ပြီးတော့ အကုန်ပြန်ပေးတတ်၏။ ဆန်၊ ဆီ၊ ဆား၊ ရေကျိုငါးပိ၊ ငါးခြောက်အလေး ပြားလောက်သာ ယူထားသည်။

ငါးပိကြော်၊ ငါးခြောက်ထောင်းကြော် စသည်ဖြင့် တစ်စာ ယူလာလျှင်လည်း လက်မခံ သုံးဖို့ စွဲဖို့ ငွေပေးလျှင်ည်း ....

'ငွေဆိုတာ များများရှိရင် စိတ်ပူရတတ်တယ်၊ ငါ့မှာ သုံးစရာမရှိပါဘူး ပေးချင်ရင် နှစ်ကျပ်သုံးကျပ်လောက်ခဲ့'

ဟု ထက်ပိုပြီး မယူတတ်ချေ။ အသီးအနှံများဆိုလျှင်တော့ ားပြီး ဘုန်းကြီးကျောင်းကို လှူတတ်လေသည်

နံနက်အာရုဏ်တက်လျှင် အိပ်ရာမှထ၍ ဘုရားရှိခိုးသည်။ နောက် ရေခနွေးအိုးတည်သည်၊ ထန်းလျက်ခဲနှင့် ရေနွေးစားသောက်သည်။ ထမင်းအိုးတည်သည် ထိုအတွင်း ုံထဲတွင် တံမြက်စည်းလှဲသည်။

ထမင်းအိုးကျက်လျှင်ဘုရားဆွမ်းတော်တင်သည်။ မည်သူမဟုတ်၊ တဘယ်လူတစ်ယောက်စားသည့်အတိုင်း ထမင်းင် ကပ်ခြင်းဖြစ်၏၊ ထို့နောက် ရေတွင်းမှ ကိုယ်တိုင်ခပ်ပြီး ချိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘုန်းကြီးကျောင်းသို့သွားပြီး ငါးပိရည်တ ချက်ကပ်သည်။ တစ်ခါတရံ တူ တူမပို့ထားသော လိမ္မော် သီး၊ သရက်သီး၊ စသည့်တို့ကပ်သည်။ ကျောင်းက နှစ်ဖာ သာသာလောက်ဝေးသည်။ ဒေါ်သိန်းပင်ပန်းမည်စိုး၍ ဘုန်း တော်ကြီးက ကျောင်းသားလေးတစ်ယောက် လွှတ်ယူခိုင်း မည်ဆိုသော်လည်းမရ၊ သူကိုယ်တိုင်ပင် ကပ်ချင်သည်။

ဘုန်းကြီးကျောင်းမှ ပြန်ရောက်လျှင် သူရားဆွမ်းတော်ပွဲ သည်။ ထိုဆွမ်းတော်ကျက်ပင် သူစားသည်။ ဟင်းကတော့ ငါးပိရည်၊ တစ်ခါတရံ ငါးခြောက်ဖုတ်ဆီဆမ်း။ တစ်ခါ တလေ ပုစွန်ခြောက်နှင့် နယ်စားသည်။ ကြက်သွန်တ တို့သည်။

နေ့လယ်ပုတီးစိပ်ပြီး တရေးတမော အိပ်သည်။ ညနေ ထမင်းစားပြီး လမ်းအနည်းငယ်လျှောက်သည်၊ ညတွင်တရား မှတ်သည်။ ဘုရားရှိခိုးပြီးအိပ်သည်။ သူ၏နေ့စဉ်အလုပ်က ဤမျှသာဖြစ်၏။

သူ့ခြံကလေး ရှေ့ရှိ ပိတောက်ပင်အောက်မှာ ရေအိုး စင်လေး ပြုလုပ်ထားသည်၊ ခရီးသွားများ သောက်သုံးနိုင် ဖြစ်၏။ ရေအိုးများကို နေ့စဉ်ရေဖြည့်ပေးသည်။ သော ရေခွက်များကို အမြဲပြောင်လက် သန့်ရှင်းနေအောင် ကြောပေးထားသည်။

ကင်းလှည့်လာသော တပ်မတော်သားအချို့သည် မ ခဏ ရေဝင်သောက်တတ်ကြသည်။ သူတို့က ဒေါ်သိန်းသ သားထောက်သမီးခံ မရှိသဖြင့် တစ်ယောက်တည်း အထီး



ဖြစ်နေရရှာသော အဘွားအိုကြီး တစ်ခုယောက်ဟုသင်ပြီး သနားကြသည်။

စကားစမြည် ဝင်ပြောကြသည်။ ရေခပ်ပေးရမလား၊ ထင်း ခွဲပေးရမလား မေးသည်။ ဒေါ်သိန်းက အကူအညီမတောင်း သည့်အပြင် သူ့ဆီက ငှက်ပျောသီးတို့ ထန်းလျက်တို့တောင် ပြန်ကျွေးလိုက်သေးသည်။ စစ်သားတွေ ငါးသေတ္တာဘူး ယူ လာပြီးပေးသည်။ ဒေါ်သိန်းက လက်မခံ အတင်းထားခဲ့ သောအခါ နောက်တစ်နေ့တွင် ဘုန်းကြီးကျောင်းသို့ လှူလိုက် သည်။

'အမေကြီးတစ်ယောက်တည်း နေရတာ မကြောက်ဘူး လား....'

ဟု စစ်သားတစ်ယောက် မေးသည်။

'ကြောက်လို့ တစ်ယောက်တည်း မနေတာပေါ့ကွယ်'

ဒေါ်သိန်း၏ အဖြေကြောင့် သူတို့အထူးအဆန်းဖြစ်နေကြ သည်။ ထိုအခါ ဒေါ်သိန်းက အောက်ပါ အကြောင်းအရာ တို့ ပြောပြလေသည်။

တစ်ခါသော် မင်းဆရာဖြစ်သော တောင်ဖီလာ ဆရာတော် သည် ပခန်းကြီးမြို့ ရွှေဥမင်ဆရာတော် သတင်းသုံးရာ ရွှေ ကျောင်းအိုကြီးသို့ ကြွလာလေသည်။ တောင်ဖီလာဆရာတော် နှင့် နောက်ပါခြွေရံ သင်းပင်းများစွာတို့ ပါလာကြသည်။

ရွှေဥမင် ဆရာတော်၏ ကျောင်းတွင်ကား အခြွေအရံ သူတော်တစ်ယောက်သာရှိသည်။ အဆောင်အယောင်လည်း ၍လည်း များများမရှိ ပေရွက်များသာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှစ်ပါး ဆုံကြသောအခါ တောင်ဖီလာဆရာတော်က အမေးရှိသည်။

'ပရိသတ် အခြေအရံ နည်းလှသည် ကြောက်တော်မမူလော....'

ရွှေဥမင်ဆရာတော်က ဖြေသည်။

'ကြောက်၍ပင် ပရိတ်သတ်အနည်းနှင့် နေပါသည်။'

တောင်ဖီလာဆရာတော်သည် ရွှေဥမင် ဆရာတော်ထံမှ အပြန် စစ်ကိုင်းအင်းဝသို့ ရောက်သောအခါ မြစ်နားလေးထပ်ကျောင်းကြီးသို့မဝင်တော့ဘဲ တောင်ဖီလာ ဆီးတော မင်းဝတောင်ရိုးကြီးအရှေ့ ချောက်ကြား၌ တောရဆောက်တည်၍ နေလေတော့သည်။

* * *

တစ်ညတွင်ဒေါ်သိန်းတရားမှတ်အပြီးတွင် အိမ်ပေါက်ဝမှ လူရိပ်လိုလိုမြင်သည်။ မျက်မှန်ကိုတပ်ပြီး ကြည့်လိုက်သောအခါ ရုပ်ရည် ခပ်ကြမ်းကြမ်း ခက်ထန်သော မျက်နှာနှင့် လူတစ်ယောက်ကို မြင်သည်။ သူ့လက်ထဲမှာ ဓားမြှောင်တစ်ချောင်း။

'ငါ့သား ဓားသွေးချင်လို့လားကွယ်။ အမေ့မှာတော့ ဓားသွေးကျောက်မရှိဘူး၊ ရေတွင်းကုန်းသား သွားသွေးပေတော့'

ဒေါ်သိန်းက ပြောလိုက်သည်။ ထိုသူသည် ရုတ်တရက်ကြောင် တောင်တောင် ဖြစ်သွားပြီးမှ....



'ဓားသွေးမလို့မဟုတ်ဘူး ကျုပ်က ဓားပြဗျ၊ ဓားပြ'

အနားသို့ ကပ်လာသည်။ ဒေါ်သိန်း၏ မျက်နှာနားသို့ ဓားမြှောင်ကို တပ်ပြသည်။ ဒေါ်သိန်းက ကြောက်လန့်ခြင်းမရှိ။

'ဩော်...ငါ့သားက ဓားပြကိုး၊ မသိပါဘူးကွယ်၊ ဓားကြီးကိုင်လာလို့ ဓားသွေးချင်လို့လားလို့၊ ဓားပြဆိုတော့လဲ ဓားပြအလုပ် လုပ်ရပေတော့မှာပေါ့၊ ကဲ ရော့ရော့၊ အမေ့မှာ ငွေသုံးကျပ်တော့ ရှိတယ်၊ ထမင်းစားချင်လဲ စားသွားလေ၊ ငါးပိရေလေးတော့ ရှိတယ်၊ ငါးခြောက်ဖုတ် ကလေးတောင် ကျန်သေးထင်ပါ'

ဟုညှော်သည် တစ်ယောက်ကို ညှော်ခံသည့်လေသံဖြင့်ပြောသည်။

'ခင်ဗျားကြီး ဘာအူကြောင်ကြောင် လုပ်နေတာလဲ၊ ကျုပ်ကို ညာမယ်မကြံနဲ့ ခင်ဗျားဆွေမျိုးတွေ ချမ်းသာတာ ကျုပ်သိတယ်၊ ပြောစမ်း ပိုက်ဆံတွေ လက်ဝတ် လက်စားတွေ ဘယ်မှာဝှက်ထားသလဲ သေသွားချင်လို့လား'

ဆိုပြီး ဒေါ်သိန်း၏ လည်ပင်းကို ဓားမြှောင်ဖြင့်ထောက်ထားလိုက်သည်။ ဒေါ်သိန်းက မတုန်မလှုပ်။

'အမေ မညာတတ်ပါဘူးကွယ်၊ ဘုရားနဲ့ တရားနဲ့နေတာပါ၊ အမေ့မှာ ဘာသုံးစရာရှိလို့လဲ ဒီငွေ သုံးကျပ်တောင် လိုလိုမယ်မယ် ယူထားတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'မယုံဘူး ခင်ဗျားညာတာ'

'ငါ့သား မယုံချင်လဲ စိတ်ထဲရှင်းသွားအောင် ရှာကြည့်ချင်ကြည့်လေကွယ်'

'ကျုပ်ရှာမယ်'

ဓားပြသည် တစ်အိမ်လုံးနှံ့အောင် ရှာသည်၊ ဆန်အိုးကို မှောက်ပစ်သည်၊ ငါးပိအိုးထဲနှိုက်သည်။ အိုးခွက်တွေ လှန်လှောသည်။ မသင်္ကာသည့်နေရာတွင် မြေကြီးကိုတူးဆွကြည့်သည်။

ခေါင်းအုံးကိုပင် ဓားဖြင့်ခွဲပြီးရှာသည်၊ တစ်ကိုယ်လုံး ချွေးတွေသံတွေရွှဲ၊ မှိုတွေကပ်၊ မောလှောက်အောင် ရှာသော်လည်း ဘာမှမတွေ့၊ သူ့ဇောနှင့်သူမို့ ဒေါ်သိန်းကိုပင် မေ့နေသည်။ ပြီးမှ ခုနနောက်ကနေ တစ်ခုခုနဲ့ ရိုက်လိုက်ရင် ဟု သတိရပြီး ဆတ်ခနဲလှည့်ကြည့်လိုက်၏။

ဒေါ်သိန်းက သူ့နောက်မှာ ရပ်ပြီး ပြုံးကြည့်နေခြင်းဖြစ်၏။ လက်ထဲမှာ ရေခွက်တစ်ခွက်။

'ကဲ…ငါ့သားလဲ မောလှရော့မယ်၊ ရေအေးအေးလေး သောက်လိုက်ဦး'

ဓားပြသည်းမယောင်၍ လှမ်းယူပြီး သောက်မိသည်။ ဒေါ်သိန်းက ခေါင်းတညိတ်ညိတ်လုပ်ရင်း…

'ငါ့သား မြင်တဲ့အတိုင်းပဲ၊ အမေ့မှာတော့ အခု သုံးကျပ်ပဲရှိတယ်၊ ဒီလိုလုပ်လေ၊ နက်ဖြန်ညကျတော့ တစ်ခေါက်လာခဲ့ပါလား၊ မနက်ကျရင် အမေ့တူမလာလိမ့်မယ်၊ သူ့ဆီက အမေပိုက်ဆံတောင်းထားလိုက်မယ်ဟုတ်လား'



ဓားပြသည် ဓားမြှောင်ကြီး ကိုင်ပြီး အူကြောင်ကြောင်ဖြစ်နေ၏။ စိတ်ထဲမှာလည်း ရှုပ်ထွေးလာသည်။ ဘယ်လိုအဘွားကြီးလဲ ဓားလည်းမကြောက် သတ်မယ် ဖြတ်မယ်ဆိုလို့လည်း မတုန်လှုပ်၊ ငါ့ကြားထဲ မနက်ဖြန် ထပ်လာဖို့ ချိန်းနေပြန်သည်။

စိတ်မှ နှံ့သေးရဲ့လား။ အင်း….လူကောဟုတ်ရဲ့လား၊ နာနာဘာဝ လူယောင်ဆောင်ထားတာလား။ သူ့ကို ပြုံးကြည့်နေသော ဒေါ်သိန်းကိုကြည့်ရင်း ကျောချမ်းလာသည်၊ သို့ရာတွင် ဟန်ကိုယ့်ဖို့ဆိုတာတော့ လုပ်ဦးမှ….

'ခင်ဗျားကြီး ကြပ်ကြပ် သတိထားနေ၊ အင်း…ခုတော့ ကျုပ်မှာ ဓားမြှောင်ပဲပါလာလို့ ခင်ဗျားကို မသတ်သေးဘူး။ အခု ငှက်ကြီးတောင်ဓားသွားယူပြီး ပြန်လာသတ်မယ်၊ လည်စင်းပြီးတော့သာ စောင့်နေပေတော့' ဆိုပြီး ခပ်သုတ်သုတ်ထွက်သွားသည်။ ဒေါ်သိန်းက….

'အေး….အေး အမေစောင့်နေပါ့မယ်ကွယ်'

ဟု ပြောလိုက်သည်ကို မကြားတော့ချေ။ ဓားပြသုတ်ခြေတင်ပြေးပြီဖြစ်၏။

နောက်တစ်နေ့မနက် သူ့တူမရောက်လာသော အခါ ဖရိုဖရဲဖြစ်နေသော အခြေအနေကို မသင်္ကာ၍မေးမှ ညက အကြောင်းသိရသည်။ တူမဖြစ်သူက အလွန်စိုးရိမ်ပြီး—

'မဖြစ်ဘူး ရဲတိုင်ရမယ်၊ အဒေါ်သိန်းလည်း ဒီမှာတစ်ယောက်တည်း နေလို့မဖြစ်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ရေရွတ်ရင်း ပျာယာခတ်နေသည့် ဒေါ်သိန်းကတော့ ခပ်အေးအေးပင်။

'ငါ့ကို ငွေသုံးဆယ်လောက်ပေးခဲ့စမ်း၊ ဟိုသူငယ် ဒီညများလာဦးမလားမသိဘူး၊ ချိန်းတော့ချိန်းလိုက်တာပဲ။ မနေ့ညကလဲ ဓားပြန်ယူပြီး လာသတ်မယ်ဆိုလို့ ပုတီးစိပ်ရင်းစောင့်နေတာ၊ ကြက်ဦးသာတွန်ပါရော....ငါလဲ မှေးကနဲ တစ်ချက်ဖြစ်သွားတာ မိုးလင်းသွားတယ်၊ ဟိုသူငယ်ပေါ်မလာတော့ဘူး။ တယ်လဲခက်တဲ့ သူငယ်ပဲကိုး'

ဟုဘာမှအရေးမကြီးသလို ပြောလိုက်သည်။

မင်းလူ

(ကျွန်တော့် ဘိုးဘွားများ၏ ဖြစ်ရပ်မှန်များကို မှီငြမ်း၍ ရေးသားထားခြင်းဖြစ်ပါသည်)

(အိပ်မက်ဖူး၊ ၈၈ ဇူလိုင်)

# ရောင်စုံမီးပုံးကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com

သူတို့မျက်နှာလေးတွေ ကြည့်ရသည်မှာ သီတင်းကျွတ် မီးပုံးကလေးတွေနှင့်တူသည်။ လင်းလင်းလက်လက် လှသည်။ မျှိုမျှစ်နုနယ်ခြင်း မီးရောင်တွေ အစွမ်းကုန် ထွန်းတောက်သော အရွယ်ပင်ဖြစ်၏။

တကယ့် မီးပုံးစင်စစ်တွေနှင့် လူမီးပုံးကလေးတွေ အလှချင်းပြိုင်နေကြသည်။ သက်မဲ့ မီးပုံးတွေက ညဉ့်နက်လေ ပယောင်းတိုင်တိုလေ အလင်းအား လျော့လေ ဖြစ်သော်လည်း သက်ရှိမီးပုံးကလေးတွေကတော့ ညကအိုလေ အလို မျက်နှာလေးတွေက မျှိုမျှစ်လာလေသည်။ သူတို့ ပျော်သည်။ ပျော်လောက်ကြပေသည်။ လပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ရသော သီတင်းကျွတ်ပွဲတော်ကြီးပေကိုး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြို့ကလေးမှာ ဝါတွင်း တစ်လျှောက်လုံး အေးချမ်းတိတ်ဆိတ်သလောက် သီတင်းကျွတ်ပြီ ဆိုသည်နှင့် အုံးအုံးကြွက်ကြွက် ဆူဝေသာတော့သည်။

မြို့၏ အပိုင်းဘိုင်း အတွက်ဘိုင်းမှာ မီးပုံးတွေထွန်း၊ ဈေးဆိုင်တွေခင်းပြီး အရုပ်ဇာတ်ကပွဲတွေ အပြိုင် အဆိုင်ထွက်ကြသည်။

ကျွန်တော်က မင်းစုရွာမှာ ဇာလသားခေါင်းလိုဖြစ်နေသောကြောင့် မီးထွန်းဖို့ ဇာတ်ထဖို့ အစစတာဝန်ယူရသည်။ တကယ်တော့ ကျွန်တော့်အသက်မှာ သုံးဆယ်သာ ရှိသေးသည်။

ခုခေတ်ချိန်ခါမှာ အသက်ကြီးပြီဟုမဆိုနိုင်သေး။ဒီအရွယ်ထိ အိမ်ထောင်မကျသေးတာသည်း အဓိကအကြောင်းမဟုတ်၊ ခုချိန်ထိ ဘယ်မိန်းကလေးနှင့်မှ ပတ်ပတ်သက်သက် မရှိခဲ့ဖူးသော လူတစ်ယောက်အဖြစ် လူပျိုကြီးဘွဲ့ကို အများကအသ နှင်းခြင်း ခံခဲ့ရခြင်းဖြစ်ခဲ့လသည်။

ကျွန်တော်ကလည်း ပင်ကိုကပင် တည်တည်တန့်တန့် နေတတ်သည်။ ဣန္ဒြေ သိက္ခာ ကြီးသည်။ မိန်းကလေးတွေကို ရောင့်ရှောက် ကာကွယ်တတ်သည်။ လူငယ်လေးတွေကို ထိန်းသိမ်းဆုံးမတတ်သည်။

ခုလို သီတင်းကျွတ်ပွဲတော်ဆိုလျှင် ကျွန်တော်ပင် စီမံခဲ့ရသည်။ မီးပုံးတွေချိတာ၊ ဇာတ်ပွဲစီစဉ်ရတာ၊ အဆိုအ



သင်ရ တိုက်ရတာ ပွဲတော်ရက်အတွင်း လုံခြုံရေးတာဝန် ချရသာ အစစ ကျွန်တော့်တာဝန်ပင်။

ဤတွင် ဇာတ်လမ်းကလေးတွေ စ,ကုန်ကြခြင်း ဖြစ်၏။ လူငယ်တွေထဲမှာ အဆိုကောင်း၊ အဟာကောင်း၊ အပြောကောင်းသူက မောင်လှိုင်ဖြစ်၏။

သို့ရာတွင် သူ့ကတော်တော်အရုပ်ဆိုးသည်။ မိန်းကလေးထဲမှာ ကြေသွယ်မှုက မပါလျှင် မပြီး။ လှလည်း အလှဆုံး၊ ရဲတင်းတင်း သွက်သွက်လက်လက်လည်း အရှိဆုံး၊ အသည်းရသည်။ ဒီတော့သူတို့နှစ်ယောက်နှင့် မင်းကုသဇာတ်ပ ကခိုင်းမည်ဟု စိတ်ကူးသည်။

ဇာတ်ညွှန်းအကြမ်း ရေးပြီးချိန်တွင် ကိုလင်း တွေ့သွားသည်။ မင်းကုသနေရာမှာ သူကချင်သည်ဟု ဇွတ်အတင်းပူတာသည်။

'ဘယ်ဖြစ်မလဲကွ၊ မင်းကုသဆိုတာ သိပ်အရုပ်ဆိုးတာ င်းက'

မုန်သည် ကိုလှင်းက လူချောကလေးတစ်ယောက်။

'ရပါတယ် ကိုကြီးထွန်းရာ၊ ကျွန်တော့် တစ်ကိုယ်လုံး မဲသုတ်လိုက်ရင် ပြီးတာပဲ'

'ဟာကွာ၊ ပေါက်ပေါက်ရှာရှာ'

ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒကို လိုက်လျောလိုက်ရ၏။ ကိုသင်း ကောင်လေးတွေထဲမှာ ဇွတ်တရွတ်အနိုင်ဆုံး၊ ပြီးတော့ န်တော်အချစ်ဆုံး။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ညွှန်းကို ပြန်ပြင်ရသည်။ ဟာသခန်းတွေ များများ[..]သည်။ ပါအောင် ထည့်ရသည်။ ကိုလင်းကို ပေါင်ဒါတွေ ဖွေး[..] အောင်ရိုက်၊ အဝတ်အစား ကိုးရိုးကားရားဝတ်ပြီး ရယ်[..] ဇာတ်ကောင်ဖြစ်အောင် လုပ်ယူရသည်။ ဒါတောင်မှ....

'ဟင်....ဒီလောက်ချောတဲ့ ကိုလင်းကို မင်းကုသလုပ်[..] ရတယ်လို့၊ စီစဉ်တဲ့လူကလဲ ညံ့လိုက်တာ'

ဟု ပြဇာတ်လာကြည့်သူအချို့က ကျွန်တော့်ကို အ[..] တင်သည်။ ကိုလင်းကတော့ အမြတ်ထွက်သည်။ ကိုလင်း[..] ကေသွယ်မတို့ ပြဇာတ်ကရင်း မျက်လုံးချင်း ငြိခဲ့ကြ[..] ကြောင့်ပင်။

ကိုလင်း ဘာကြောင့် မင်းကုသ ဝင်လုပ်သလဲ ဆို[..] အစကတည်းက ကျွန်တော်သိသည်။ သူကေသွယ်မကို [..] စဉ်စားနေတာလည်း ကျွန်တော်ရိပ်မိသည်။ သဘောမတူ[..] မရှိ၊ နှစ်ယောက်စလုံးအတွက် ကျေနပ်စရာပင် ဖြစ်၏။

ဤသို့ဖြင့် ကျွန်တော်သည် သူတို့နှစ်ယောက်နှင့် ပတ်သ[..] ၍ ဖြစ်ပေါ်လာသမျှ အရေးကိစ္စအားလုံးကို တာဝန်ယူ[..] ရှင်းပေးရသည့် အလယ်လူဖြစ်လာ၏။

ယခုလည်း ကျွန်တော်က အလယ်မှာနေသူ ဖြစ်သည်[..] ကျွန်တော်တို့အိမ်၏ မြောက်ဘက်က ကိုလင်းတို့အိမ်၊ တော[..] ဘက်က ကေသွယ်တို့အိမ်၊ အလယ်မှာက ကျွန်တော်[..] ဖြစ်သတည်း။

* * *



[..]အာပြဿနာမှ မရှိ၊ နှစ်ဘက်မိဘချင်းက အလွန်ခင်မင်ကြ[..]သည်၊ နှစ်ဘက်စလုံးကလည်း ငွေကြေးပြည့်စုံသူတွေ၊ ထပ်[..]က်နှင့်တစ်ဘက် သဘောမတူစရာအကြောင်းမရှိ။ ကိုလင်း[..] ကေသွယ်တို့ ငယ်ငယ်တုန်းကဆိုလျှင် 'နင်တို့နှစ်ယောက် [..] ကြီးလာရင် ပေးစားမယ်' ဟု စခဲ့နောက်ခဲ့ ကြသေး[..]သည်ပဲ။

သူတို့နှစ်ယောက် အဆင်ပြေနီးစပ်သွားကြလျှင် လူကြီး[..]တွေ မင်းတောင်သာကြဦးမှာ သေချာသည်။ ကျွန်တော့်[..]ဖို့ ကြားဝင်ဆောင်ရွက်ပေးပျော်သောကိစ္စပင်။

သူတို့နှစ်ယောက်စလုံး ကျွန်တော့်ထက် ဆယ်နှစ်လောက်[..]ကြသည်၊ ကိုလင်းကမန္တလေးတက္ကသိုလ်မှာတတိယနှစ်ကေ[..]ယ်ကတော့ ဆယ်တန်းသုံးခါကျပြီးကတည်းက ဆက်မ[..]ဖြစ်တော့။ သူ့အဖို့ ဘွဲ့မရတာအရေးမကြီးချေ။ ရုပ်ချော[..]သည်၊ မိဘကပြည့်စုံသည်။ ခု ကိုလင်းလိုလူမျိုးနဲ့ ဆုံတွေ့ကြ[..]ဆိုတော့ ဘာလိုသေးသလဲ။

ကိုလင်းသည် စွတ်တရွတ်လုပ်တတ်သော်လည်း ကေသွယ့်[..] ဖွင့်ပြောဖို့ ကြောက်နေသည်၊ သူ့ကိုယ်စား ပြောပေးပါ[..] ကျွန်တော့်ကိုနားပူသည်။

'မင်းသတ္တိရှိတဲ့ကောင်ပဲကွ၊ ကိုယ့်ဘာသာပြောပေါ့'

'သတ္တိဆိုတာက ရှိချင်တဲ့နေရာမှရှိတာဗျ၊ သူနဲ့ကျ[..] [..]င်မျိုးပဲ၊ မပြောရဲဘူး၊ သူကလဲခပ်ထက်ထက်ရယ်[..]

www.burmeseclassic.com

www.burmeseclassic.com



လားဗျ၊ ဒီလိုလုပ်လေ ကျွန်တော် စာတစ်စောင်ရေးမယ် ကိုကြီးဘွန်းပေးပေးပါလား'

'ဟကောင် စဉ်းစဉ်းစားစားလဲပြောဦး၊ ငါကလူကြီး ပြောင်ပြောင်တင်းတင်းကြီး ဝင်ပါလို့ ဘယ့်ကောင်းမလဲ မင်းဘာသာ တစ်နည်းနည်းနဲ့ပေး။ မင်းကစာပေးတယ်ဆို ရင် သူငါ့ကိုလာတိုင်မှာပဲ အဲဒီအခါကျမှ ငါက ဘေးတီး ပေးလိုက်မယ်၊ ဟုတ်ပြီလား'

ဒီကောင် လုပ်မယ့်လုပ်တော့လည်း သူ့ထုံးစံအတိုင်း တရွတ်။ ကေသွယ်တို့အမေ မျက်စိရှေ့မှောက်မှာပင် စာပေး ခဲ့သတဲ့။

'ရော့ဟော နင့်ကိုငါစာပေးတာဟ'

လို့တောင် အကျယ်ကြီး အော်ပြောခဲ့သေးသတဲ့၊

ကေသွယ်တို့အမေကလည်းခုလို ယူရှေ့တွင်ကြီးဆို ကေသွယ့် မီးနှုံးကလေးသူငယ်ချင်း တစ်ယောက်ယော တစ်ဆင့်ပေးခိုင်းသည့် စာကိုယာပေးရင်း နောက်သွားတာ ဆိုပြီး ရယ်တောင်ရယ်နေလိုက်သေးသတဲ့၊

တွက်ဆထားသည့်အတိုင်း ကေသွယ် ကျွန်တော့်ကို နှင့်မောနှင့် လာတိုင်သည်။ ခုလိုကျွန်တော့်ကို အသိ ဆိုကတည်းက ကိုလင်းကိုလက်ခံဖို့ ကျွန်တော့်ထံမှ ခံ အတည်ပြုချက် ဖူးလိုရှိခြင်းဖြစ်ကြောင်း သိသာ၏။ တော်ကလည်း သီမှာပါးနပ်စွာ အဆင်ပြေအောင် ရှက်ပေးလိုက်သည်။



လူပျိုကြီးအပျိုကြီးမည့်သည် ကိုယ်တိုင်မစွံသည့်တိုင် သူ များတွေကြားမှာ အောင်သွယ်ပေးဖို့ကျတော့ အလွန်ဇွဲကြီး သော ထုံးစံရှိသည်ပဲမဟုတ်လား။

* * *

'မနက်မနက် အိပ်ရာထတဲ့အခါတိုင်း ကိုကြီးဘွန်းအိမ်ကို မြင်ချင်တဲ့စိတ်ပေါက်ပေါက်လာမိတယ်ဗျာ'

ဟု ကိုလင်းက ပြောသည်။

'မင်းကလဲအသားလွတ်ကြီး'

'ဟုတ်တယ်မနက်အိပ်ရာကနိုးလို့ပြတင်းပေါက်ဖွင့်တဲ့အခါ ကိုကြီးထွန်းရဲ့အိမ်ကြီးကိုမြင်ရတာ သိပ်ကျက်သရေရှိတာပဲ၊ ကိုကြီးဘွန်းရဲ့အိမ် သာကြားထဲမှာမရှိရင် ကေကေရဲ့အိမ်ကိုမြင် မှာ ကျွန်တော့်အခန်းနဲ့ သူ့အခန်းကတည့်တည့်လောက်ကျ တယ် ခုတော့ဗျာ'

'သိပ်ပိုမနေနဲ့ဟေ့ကောင် မကျေနပ်ရင် အိမ်ချင်းလဲလိုက်' ကျွန်တော်တို့အိမ်က နှစ်ထပ်ပျဉ်ထောင်၊ ကိုလင်းတို့အိမ် က တိုက်ပြားကလေး၊ ကေသွယ်တို့အိမ်ကတော့နှစ်ထပ်တိုက် ဖြစ်၏။

သူတို့နှစ်ယောက် ချိန်းတွေ့ကြတော့လည်း ကျွန်တော့် အိမ်မှာပဲဖြစ်၏၊ အိမ်မှာကလွတ်လပ်သည်။ လူကြီး သူမ

www.burmeseclassic.com



ကျွန်တော်ရယ်၊ ညီမနှစ်ယောက်ရယ်၊ သူတို့ယောကျ်ားတွေရယ်၊ ညီမအကြီးကမွေးသော တူလေးတစ်ယောက်ရယ်သာရှိ၏။ ကိုလင်းကလည်း ကျွန်တော်တို့ဆီလာနေကျကေသွယ်ကလည်းညီမတွေဆီလာနေကျမို့ မယုံကြည်ဖြစ်စရာမရှိ။

ကြာတော့လည်း လူကြီးတွေရိပ်မိသွားတော့သည်။ နှစ်ဘက်စလုံးက ကျွန်တော့်ကို တိုးတိုးတိတ်တိတ်ခေါ်မေးသည်။ ကျွန်တော်ကလည်း ပြဿနာတက်စရာ အကြောင်းမရှိသဖြင့် ဟုတ်မှန်ကြောင်းပြောလိုက်၏၊ လူကြီးတွေကလည်း ကျေနပ်စွာပင် မသိလိုက်မသိဘာသာ နေနေးလိုက်ကြသည်၊ လူငယ်တွေ အနေကြံ့မှာစိုးလို့ မသိသလိုဘဲနေပေးကြပါဟု ကျွန်တော်ကပဲ အကြံပေးခဲ့ခြင်းဖြစ်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက်တော်တော်ချစ်ကြသည်၊ လင်းလင်း၊ ကေကေဟူ၍ချစ်စနိုး ခေါ်ကြသည်။ အိမ်ကိုလာလျှင် လင်းလင်းကေကေ ဆိုသောအသံတွေချည်းကြားနေသဖြင့် စကားကတ်ခါစ ကျွန်တော့်တူလေးကပင်သူတို့ကိုမြင်သည်နှင့် လင်းလင်းရေ၊ ကေကေရေဟု အော်တတ်နေပြီ။

တက္ကသိုလ်ကျောင်းတွေ ဖွင့်သောအခါ ကိုလင်းမန္တလေးသို့ သွားရသည်။ သွားခါနီးမှာ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်မှာကြားနေကြတာမဆုံးနိုင်၊ ပြီးတော့ဘာမှ မပြောကြတော့ဘဲ တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေကြသည်၊ တစ်နှစ်ရှိလောက်ကြာမည်၊ ကိုလင်းက တစ်ပတ်ကို



စာနှစ်စောင်လောက်ထည့်သည်၊ ကျွန်တော် လိပ်စာနှင့်ဖြစ်၏၊ ကေသွယ်ကလည်း တစ်ပတ်နှစ်စောင်စာပြန်သည်၊ ကေသွယ်သည်သူ့ဆီလာသောစာကိုဖတ်ရုံနှင့်အားမရသေးဘဲ ကိုလင်း ကျွန်တော့်ဆီရေးသောစာထဲမှာ သူ့အကြောင်း ဘာတွေပါသေးသလဲဟု လာမေးတတ်သေးသည်။

ဒီလောက်ထိ သည်းသည်းလှုပ်နေကြတာကိုတော့ ကျွန်တော်သိပ်သဘောမကျလှ၊ ပုံမှန်ထက် ပိုကဲသော အပြုအမူများကို ကြာရှည်စွဲ၍ပြုလုပ်ရန် ခက်ခဲသည်ဟု ယူဆသောကြောင့်ဖြစ်၏၊ ဒီလိုသည်းသည်းလှုပ်ကြပြီးမှ ကြာတော့ မိုးလာလျှင် အေးစက်စက်ဖြစ်သွားတတ်သည်၊ ထိုအခါ အချစ်လျော့သွားပြီဟု ထင်တတ်ကြသည်။

* * *

သူတို့နှစ်ယောက်အတွက် ပြဿနာက နှစ်ယောက်စလုံး စိတ်ထက်ကြခြင်းပင်ဖြစ်၏၊ ကိစ္စတစ်ခုကို ငြင်းခုန်ကြပြီဆိုလျှင် ဘယ်သူကမှအလျှော့မပေး၊ ဘယ်သူက ဘယ်သူ့ကိုပိုပြီး ဂရုစိုက်တယ်ဆိုတာ ငြင်းကြရင်းကရန်ထဖြစ်ချင်သည်၊ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် ပြန်ခေါ်ဖို့ ခက်နေကြပြန်၏၊ ထိုအခါ ကျွန်တော်ကပဲကြားစင်ညှိနှိုင်းပေးရသည်၊

ကိုလင်း ကျောင်းပိတ်၍ တစ်ခေါက်ပြန်လာသောအခါ ဘာစိတ်ကူးပေါက်သည်မသိ၊ ကေသွယ်နေထိုင်ပုံ မကြိုက်ဘူးဟု ဝေဖန်လာသည်၊ ဘာကိုမကြိုက်တာလဲမေးတော့...

www.burmeseclassic.com

www.burmeseclassic.com



'ကေကေဝတ်စားပုံကိုကြည့်လေ၊ ရန်ကုန်မှာ အဆစ်အဆန်းတစ်ခုခုပေါ်တာနဲ့ တစ်ပတ်အတွင်း သူ့ဆီပေါ်ရောက်နေပြီ၊ သူ့အိမ်နေရင်း ဝတ်တဲ့အဝတ်အစားက သူများတွေ အပြင်သွားတာထက်တောင် ကောင်းနေသေးတယ်'

'သူတတ်နိုင်လို့ သူဝတ်တာပဲကွာ'

'တတ်နိုင်တိုင်းဝတ်ရမှာလားဗျ၊ သူများတွေမှာ တစ်နေ့စားဖို့တောင်အနိုင်နိုင် ရုန်းကန်နေရတဲ့အချိန်မှာ ကိုယ်က သုံးလိုက် ဖြုန်းလိုက်လုပ်နေတာ ရှက်ဖို့မကောင်းဘူးလား'

ကျွန်တော် ပြုံးရုံသာ ပြုံးနေလိုက်ရသည်၊ သူကဆက်၍...

'ညနေဆိုရင် အသစ်ဆုံး အဆန်းဆုံး အဝတ်တွေဝတ်၊ မင်္ဂလာဆောင်သွားမှာလောက်နီးနီး အလှမှင်ပြီး မြို့ဘက်ဝတ်စက်ဘီးလျှောက်စီးတာလဲရှိသေးတယ်၊ ချစ်သူရှိပြီးသား မိန်းကလေးတစ်ယောက်က သူ့ချစ်သူရဲ့ကွယ်ရာမှာ ရှုးထုတ်နေတာ ဘယ်ကောင်းမလဲ၊ ကျွန်တော် မန္တလေးရောက်နေတဲ့အချိန်မှာ သူကဆင်ခြင်သင့်တာပေါ့'

'မင်းမရှိတဲ့နေ့ ငါရှိပါတယ်ကွ၊ ငါ့မျက်စိရှေ့ တင် နေတာပဲ'

'ကျွန်တော့်စကားကို တုန့်ပြန်မပြောဘဲ အကြောင်းအရာသစ်ကိုသာ ထပ်တင်သည်၊

'နောက်ပြီး သူတို့အိမ် ကျွန်တော် ရောက်ခေါင်းများပြီ၊ သူတို့မြက်စည်းတစ်ချက်လှဲတာ မတွေ့ဖူးဘူး၊ ထမင်းဟင်းလဲ ချက်တတ်ဘူး၊ တစ်နေ့တစ်နေ့ ကက်ဆက်နားထောင်လိုက် စာဖတ်လိုက်၊ အလှပြင်လိုက်၊ ညနေစက်ဘီးထွက်စီးလိုက်နဲ့ သူ့နေ



က သိပ်ပေါ့ပျက်ပျက်နိုင်တာပဲ၊ တစ်ခုနေ့နေ့ကျရင် ကိုယ့်ဒ်းအိမ်နဲ့နေကြရမှာ၊ အိမ်ထောင်ထိန်းသိမ်းမှုမတတ်ဘဲ ခုလိုပေါ့ပေါ့ဆဆနေရင် ခက်မှာပေါ့'

ကိုလင်း၏ စွဲချက်များနှင့်ပတ်သက်၍ ကေသွယ်က...

'နေပူဦးကိုကြီးထွန်းရဲ့ ခမ်းစိမ်ပ မြူ့စ၊ ကေသွယ်ဝတ်ပုံစားပုံ နေပုံ ထိုင်ပုံ က ဟိုအရင်နဲ့ ဘာများထူးပြီး ပြောင်းသွားလို့လဲ၊ သူနဲ့ခတွဲခင်ကတည်းက ဒီလိုပဲနေခဲ့တာပဲ၊ ဒါ သူက မကြိုက်ဘူးလေ ဘာလေးပြောတာ အစိပ္ပါယ်ရှိရဲ့လား၊ ဒီလိုနေပုံ ထိုင်ပုံ မကြိုက်ရင် အစကတည်းကကေသွယ့်ကို ချစ်ခဲ့နဲ့ပေါ့၊ မဟုတ်ဘူးလား'

ဟု ကျွန်တော့်ကို သက်သေလုပ်ခိုင်းသည်၊ ကျွန်တော်သည်...

'ဟုတ်ပါတယ်ဗျာ'

ဟု ပြောရသည်၊

'သူကပြောသေးတယ်၊ ကေသွယ်က ထမင်းဟင်းမချက်တတ်ဘူး၊ အိမ်မှုကိစ္စမကျွမ်းကျင်ဘူးပေါ့လေ၊ ထမင်းဟင်းချက်တတ်မှ မိန်းမပီသတယ်ဆိုတဲ့အယူအဆက သိပ်အောက်နေပါ ကိုကြီးထွန်းရဲ့၊ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းကိုထမင်းဟင်းချက်တာကြည့်ပြီး ဆုံးဖြတ်ချင်တာဟာ သိပ်ခေတ်နောက်ကျသဘောပဲ၊ ခုခေတ်မှာ မိန်းမတွေရဲ့ အခန်းကဏ္ဍဟာ ဒီထက်ကြီးတွေနဲ့တန်းတူရှိတယ်ဆိုတာသူမသိဘာ အဲ့သူသိ'

'ဒီလိုလဲ မဟုတ်ပါဘူးလေ၊ သူက နှင်းကိုယ်ကိုချစ်တဲ့ ခင်းကို စားချင်လို့နဲ့တူပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အစိုးရိပ်ဝါယ်မရှိတာ၊ ကဲ...ထားပါတော့၊ မိန်းမ ဆိုတာ ထမင်းဟင်း ချက်တတ်ရမယ်ဆိုတဲ့ ရှေးရိုး အယူအဆဘိုင်းပဲ ပြောကြ်းဆိုရင် ယောကျ်ားဆိုတာလဲ ထင်းခွဲရေခပ်တတ်ရတယ်။ ဒါကြောင့် သူ့ကိုလဲထင်းခွဲတာ၊ ရေထမ်းတာတတ်ရဲ့လားလို့မေးတော့ စိတ်ဆိုးသွားတယ်။ ဟုတ်တယ်လေ ကိုယ့်အိုး ကိုယ့်အိမ်နဲ့ နေတဲ့အခါ ရေစက်တွေဘာတွေ ရှိချင်မှမယ်။ ခုန ကိုကြီးထွန်းပြောသလို ကေသွယ်ကိုယ်တိုင်ချက်တဲ့ဟင်းကိုမှ သူကစားချင်တယ်ထား၊ ကေသွယ်ကလဲ သူကိုယ်တိုင်ထမ်းတဲ့ ရေကိုမှချိုးချင်တယ်ဆိုရင်ကော ဘယ်လိုလဲ'

ကျွန်ုပ်တော် မဖြေနိုင်သဖြင့် အသံထွက်၍ ရယ်မောခြင်းသာ ပြုရ၏။

သူတို့နှစ်ယောက် ပြဿနာတွင် နှစ်ဘက်စလုံးက ကိုယ်အဆနှင့်ကိုယ် မှန်နေသည်။ တစ်ယောက်ယောက်က မှားတယ်ဟု ကျွန်တော်က ဆုံးဖြတ်ပေးမှုလို့မဖြစ်၊ ရလည်း မဟုတ်။ ထို့ကြောင့် ကိုလင်းကို...

'မင်းကလဲကွာ ကိုယ်ဖြစ်စေချင်တာကို မသိမသာ ဖျော့ဖျပြောပြီး ပုံသွင်းယူရတယ်ကွ ဘာမလုပ်ရ၊ ညာမလုပ်ရ ပြောချိုတားမြစ်လို့ ဘယ်ရမလဲ သူမှာလဲ သူမာနရှိမှာပေါ့'

ထို့အတူ ကေသွယ်ကိုသည်း...

'ယောကျ်ားဆိုတာမျိုးက အတော် ဘဝင်မြင့်တတ်ကြောင်လဲကြောင်တတ်တယ်၊ သူ့ဘိုကို ဘာမှမဟုတ်တဲ့ အဖွဲ့ ကိစ္စလေးတွေမှာ လိုက်လျှော ပြီး သူတို့စကား နားချင်ယောင်သာဆောင်လိုက်၊ ကျွန်တာ ကိုယ်လုပ်ချင်တာ



ပေတော့ပဲ။ ယောကျ်ားဆိုတာက တကယ့်လက်တွေ့ထက် လူရှေ့သူရှေ့ သိက္ခာမကျခြင်းကို ပိုအလေးထားတတ်တယ်'

ဟု မြှောက်ပေးသလိုလို ဖျောင့်ဖျသလိုလို၊ ဆုံးမသလိုလို လုပ်ရ၏။

* * *

သူတို့နှစ်ယောက် ပြေသည်မှု ပြန်ရသွားကြသည်။ သို့ရာတွင် အရင်က စံချိန်ကိုတော့ မမီခဲ့။ မကြာခဏ ဆိုသလို စစ်အေးတိုက်ပွဲလေးတွေ ရှိနေသည်။

ကေသွယ်က ရန်ကုန်မှာ ခေတ်စားနေသော ဆံပင်အကြောကောက် ဆိုတာမျိုး လုပ်လာသောအခါ၊ ကိုလင်း မျက်စောင်းတခဲခဲဖြစ်နေ၏။ ကေသွယ်ကို တိုက်ရိုက်တော့ ဝေဖန် ပြစ်တင်ခြင်းမပြု။ ကျွန်တော့်အိမ်မှာ ချိတ်ထားသည့် ကျေးရွာသူ မိန်းကလေးတစ်ယောက် ရေအိုးကလေးရွက်ပြီး ခေါင်းပေါ်ဆံထုံး ပုံ ပန်းချီကားကိုကြည့်၍ သိပ်ကျက်သရေရှိတဲ့ပုံပဲဗျာ' ဟု ပြောသည်။ ကေသွယ်ကလည်း စကားမစပ်လုပ်၍ သူတို့အိမ်နားက ရေထမ်းသမား ကြီးမှာ အလွန် သန့်စွမ်းကြောင်း၊ ဆန့်အိတ်နှစ်အိတ်ကိုဆင့်၍ ထမ်းနိုင်ကြောင်း ပြောတတ်သည်။

ဒီလိုနှင့် ကျောင်းဖွင့်ရက် ရောက်သဖြင့် ကိုလင်း မန္တလေး ဘက်သွားရသည်။ သူသွားမည့်မနက်မှာပင် ပြဿနာ တစ်ခု ထက်သွားသေးသည်။ ကေသွယ်က မနက်အစောကြီး ခေါင်းဘီဝတ်၍ စက်ဘီးစီးသည့် အမှုပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက် ကိုလင်းကျောင်းတက်ရာတွင် ကေသွယ် စာတစ်စောင်တည်းသာ ရေးဖြစ်သည်။ ကေသွယ်ကလည်း စာတစ်စောင်တည်းသာ ပြန်ဖြစ်၏။

* * *

ကိုလင်းသည်နောက်ဆုံးနှစ်စာမေးပွဲဖြေပြီး ပြန်လာသည်။ သူရောက်ပြီး သုံးလေးရက်အကြာမှာပင် ကေသွယ်က ရန်ကုန် သွားလည်မည်ဟု အစီအစဉ်လုပ်သည်။ ကိုလင်းက အပြုံး အထန် ကန့်ကွက်သည်။ ကျွန်တော့် ရှေ့မှာပင် သူတို့ နှစ်ယောက် ငြင်းခုန်ကြ၏။

'လနဲ့ချီပြီး ခွဲခွာနေရတဲ့ ကိုယ့်ချစ်သူ ပြန်ရောက်တာ ရက်ပိုင်းပဲရှိသေးတယ်။ ကေကေက ကိုယ့်ကို ထားခဲ့ပြီး အပျော် ခရီးထွက်မယ်ဆိုတာ ဘာသဘောလဲ'

'ဘာသဘောမှမယုတ်ဘူး အားလုံးစီစဉ်ပြီးလို့ပဲ'

'ပြီးတော့ သွားမှာက မိန်းကလေးတွေချည်းပဲ'

'ကေကေတို့ မိန်းကလေးတွေ ခွင့်ပြုသေးတာပဲ ဘာလို့ ခွင့်ပြုပြု ကိုယ်ခွင့်မပြုနိုင်ဘူး'

ကိုလင်း အသည်းအသန် ကန့်ကွက်နေရသည့် အကြောင်း တစ်ခုလည်း ရှိသေးသည်။ ကေသွယ် သွားတည်းမည့် နေရာ ကအိမ်မှာ ကျွန်တော်တို့မြို့မှာ နေသွားဖူးသော ကေသွယ် သူငယ်ချင်းအိမ် ဖြစ်၏။ ထိုသူငယ်ချင်း၏ အစ်ကိုဖြစ်သူ ဒီမှာနေသွားတုန်းက ကေသွယ့်ကို အသေအလဲ ချဉ်းကပ်



သူ ဖြစ်နေခြင်းပင်။ ထိုကဲ့သို့သောသူရှိသောအိမ်မှာ ကေသွယ် သွားတည်းမည့်ကိစ္စကို ကိုလင်း မခံမရပ်နိုင်။

'ဒီမှာ လင်းလင်းဟာ ကေကေ ချစ်သူပဲရှိသေးတယ်။ ကေကေ ယောကျ်ား မဟုတ်ဘူး ကေကေဟာ လွတ်လပ်တဲ့ လူတစ်ယောက်၊ ကိုယ့်သဘောနဲ့ကိုယ် သွားလာခွင့် ရှိတယ်။ ဘယ်သူမှ မတားနိုင်ဘူး'

'တောက်'ခနဲ ကိုလင်း တောက်ခေါက်လိုက်စဉ်မှာပင် ကျွန်တော်ဝင်ပြောရသည်။

'မင်းတို့နှစ်ယောက်ကလဲကွာ တွေ့လိုက်တာနဲ့ ငြင်းဖို့ခုန်ဖို့ပဲ စိတ်ကူးနေ၊ ကေသွယ်က ဖာစ်မတ်ဒလာက်ပဲ ကြာမှာ မဟုတ်လား'

'မပြောနိုင်သေးဘူး အနည်းဆုံးဆယ်ရက်ပဲ'

ကျွန်တော် ကေသွယ့်ကို မျက်နှာထားဖြင့်တစ်ချက်ကြည့်၍ တန့်လိုက်ပြီး....

'ဆယ်ရက်ပဲထားပါတော့ ဒီလောက်က ဘာမှမကြာပါ ဘူးကွာ ကေသွယ်ကလဲ မြန်နိုင်သမျှ အမြန်ဆုံးပြန်ခဲ့ဟုတ် လား ဒီကောင်က နှင်နဲ့မခွဲနိုင်ဘူးဟ'

ပြေလည်ရာ ပြေလည်ကြောင်း ဝင်ပြောရသည်။ နောက် ပိုင်းတွင် ကိုလင်းက ကိုကြီးထွန်းဟာ အမြဲတမ်းသူဘက်ကချည်း ဘက်လိုက်တယ်ဟု စွပ်စွဲသေးသည်။

အာပဲဖြစ်ဖြစ် ကိုလင်း၏စိတ်ဆိုးမပြေ၊ ကေသွယ်ကလည်း မချော့။ သူတို့တာဆင်းရာတွင် ကျွန်တော်ပဲ ... ကိုလင်းကိုခေါ်လို့မရ ကေသွယ်ကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



လိုက်မပို့သလဲမမေး၊ မြင်းလှည်းဂိတ်ဘက်ကိုတော့ နှစ်ခါသုံးခါ လှမ်းလှမ်းကြည့်သည်။

* * *

ကေသွယ်သည် နှစ်ပတ်နီးပါးရှိသည်အထိ ပြန်ရောက်မလာခဲ့ချေ။ ကိုလင်းဆီ ကိုစာမရေး ကျွန်တော်ဆီ ရေးသည်။ သူတို့ ရန်ကုန်ရောက်လက်စနှင့် ကျိုက်ထီးရိုးသွားဦးမည်။ အဆင်ပြေလျှင် သူတို့အမျိုးတွေရှိသော မော်လမြိုင်ထိသွားမည်ဟု စာထဲမှာရေးထား၏။

ကိုလင်း ဆွေ့ဆွေ့ခုန်နေပါပြီ။

'ကျိုက်ထီးရိုးသွားမယ်ဆိုတော့ ဟိုကောင်ကပါ လိုက်သွားမှာပေါ့၊ ရန်ကုန်မှာလဲ ဘယ်လောက် တွဲခုတ်နေကြမလဲ မသိဘူး ကျွန်တော့်ကို သစ္စာဖောက်တာပဲ'

ဟုဆိုသည်။ ကျွန်တော်က ကေသွယ်မင်းအပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူးဟု ဖျောင်းဖျရသည်။ ကိုလင်း ငိုင်တိုင်တိုင်ဖြစ်နေတာ၊ တစ်ခုခုတွေးနေတာ မကြာခဏ တွေ့မြင်လာရ၏။

* * *

ကျွန်တော်အုံသြသွားသည်။ တစ်ရက်ဘွင် ကီစ္စတစ်ခုရှိသဖြင့် ဘုတာဘက်သွားသည်၊ ကိစ္စပြီး၍ပြန်အထွက်မှာ ဘဲလ်တီးသံကြားရပြီး ကိုကြီးထွန်း ကျွန်တော့်ကို လိုက်ပို့ပေးမယ်လေ'



လှည့်ကြည့်လိုက်တော့ ကိုလင်း၊ အဝတ်အစားခပ်စုတ်စုတ် ဦးထုပ်အစုတ်တစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။

'ဟေ့ကောင် ဘယ်လိုဖြစ်တာလဲ'

'ကျွန်တော် ဆိုက်ကားနင်းနေတယ်လေ'

'ဘာ၊ မင်း ဘာစိတ်ကူးပေါက်ပြန်တာလဲ'

ကေကေပြန်လာတဲ့အခါ ဆိုက်ကားနဲ့ကြိုမယ်လို့ စိတ်ကူးထားလို့လေ'

'မင်းနဲ့ကွာ'

'ရှိတ်စပီးယားရဲ့ တိမ်းမင်းအောသည် ရှုးထဲကလိုပေါ့၊ နေခဲ့ပြီး ကျွန်တော်ဟာ သူများကိုတော့ အပြစ်တင်ပြီး၊ ကိုယ်ကိုယ်တိုင်က ပေါကျော့နေတဲ့အကောင် မဟုတ်ဘူး။ ဘယ်အလုပ်မဆို လုပ်ရဲတယ်ဆိုတာလဲပြချင်လို့၊ ဒါပေမယ့် ဒါတွေကပြီးခဲ့ပါပြီလေ'

'ဘာပြီးတာလဲ'

'နောက်တော့ သိမှာပေါ့ဗျာ'

* * *

နောက်တော့မဟုတ်၊ တစ်ရက်နှစ်ရက်အကြာမှာပင် ကျွန်တော်အံ့သြတုန်လှုပ်သွားသည်။ ကိုလင်းသည် [illegible] ထွေးဆိုသော မိန်းကလေးတစ်ဦးနှင့် တွဲနေသည်ဟု [illegible] ကြားရသောကြောင့်ပင်။ ကိုလင်းကိုခေါ်မေး [illegible] မရှက် ဝန်ခံသည်။

www.burmeseclassic.com



'မြစ်ပုံကတော့ကိုကြီးစွန်းရာ ကျွန်တော် ဆိုက်ကားနင်း
မယ်ဆိုပြီး ဆိုက်ကားတစ်စင်းငှားပြီးလေ့ကျင့်တယ် သိ
မကျွမ်းကျင်သေးတော့ တစ်နေ့မှာ ဈေးလာဝယ်တဲ့မိန်းမကြီ
တစ်ယောက်ကို တိုက်မိတယ် ဘာမှကြီးကြီးကျယ်ကျယ်မဖြ
ပါဘူး ခြေထောက်နည်းနည်းနာသွားတာပါ၊ အဲဒါ အိမ်က
ဆိုက်ကားနဲ့လိုက်ပို့၊ နောက်ပိုင်း သဘင်းသွားမေး၊ ဆေး
လေးဘာလေး၊ စားစရာလေး ဘာလေးသွားပို့ရင်း ကြေ
တွေ့နဲ့ ငင်နှီးသွားတာပဲ ကျွန်တော်ဆိုက်ကားနဲ့တိုက်မိတာ
က ကြော့ထွေးတို့အမေလေ'

'ကေသွယ်ကဘယ်လိုလုပ်မလဲ၊ ကေသွယ်နဲ့မင်းနဲ့'

'သူနဲ့ကျွန်တော် ဘာမှမပတ်သက်တော့ပါဘူး'

'မှင်းဘက်က တစ်ဖက်သတ်ပြောတာလား'

'မဟုတ်ဘူး၊ ကျွန်တော် ကေသွယ့်ဆီကြေးနန်းတစ်စော
ရိုက်လိုက်သေးတယ်၊ သုံးရက်အတွင်းပြန်လာပါလို့ သူပြန်
လာဘူး၊ မလာနိုင်တဲ့အကြောင်း လဲအကြောင်းမကြားသ

'ကြေးနန်းရိုက်ရှိနဲ့ ဘယ်ဖြစ်မလဲ၊ ကြေးနန်းရောက်သ
တဲ့အချိန်မှာ သူရန်ကုန်မှာ ရှိမှင်မှ ရှိမှာပေါ့၊ မော်လ
ဘက်သွားမယ် ပြောထားသေးတာပဲ'

'သူ ကျွန်တော့်အပေါ်မှာ သံယောဇဉ် မရှိတော့ပါ
ဗျာ၊ ဒီလောက်ရက်ကြာတာတောင် စာတစ်စောင်ရေးမေ
ရလိုလား၊ ခုလောက်ဆို ရေကူးဝတ်စုံဝတ်ပြီး စက်စဲ က
ခြေမှာ ဟိုကောင့်ကို မြူဆွယ်ဟန်ရေးပြနေတော့မှာပေ'

ကိုလင်းသည် ကေသွယ်ကို အပြစ် ရှာနေလေပြီ၊



ကေသွယ်ကို ချစ်ခဲ့ခြင်းမှာ အနေနီးစပ်ခြင်း၊ ကေသွယ်က
လှပချောမောခြင်းကြောင့်သာဖြစ်ကြောင်း ကျွန်တော် နားလည်
လိုက်ရသည်။ သူကပြော၏။

'ကေသွယ်နဲ့ ကြော့ထွေးဟာ လုံးဝ ဆန့်ကျင်ဘက်ပါ
ခင်ဗျာ၊ ကေသွယ်ကို ချစ်ရတာ ဘယ်တော့မှ စိတ်အေး
ချမ်းသာမှုမရှိဘူး၊ စိုးရိမ်ပူပန်ရတာ၊ ဒေါသထွက်ရတာ၊မခံချိ
မခံသာ ဖြစ်ရတာတွေနဲ့ပဲ အချိန်ကုန်ခဲ့တာပဲ၊ ကြော့ထွေး
ကတော့ ဒီလိုမဟုတ်ဘူး၊ သူနဲ့နေရတာ သိပ်စိတ်ချမ်းသာ
တယ်၊ သူ့မျက်နှာကို မြင်ရတာနဲ့ ရင်ထဲမှာ အေးချမ်းသွား
တာပဲ'

သူက ကြော့ကြော့ထွေးနှင့် တွေ့ပေးချင်တယ်ဆိုပြီး ကျွန်
တော့်ကို ဖိတ်ခေါ်သည်။ ကျွန်တော်က အင်တင်တင်
ဖြစ်နေသောအခါ သူစိတ်ဆိုးသည်။ သို့ဖြင့် ကျွန်တော်လိုက်
သွားရ၏။

* *

ကြော့ကြော့ထွေးမှာ သားအမိနှစ်ယောက်တည်း ဖြစ်၏။
မြို့အစွန်နားမှာ အိမ်ခန်းကလေး ငှားနေကြသည်။ ကြော့
ကြော့ထွေးက ဆယ်တန်း (ခ) အဆင့်ဖြင့်အောင်ပြီး မြို့နယ်
အခွန်ရုံးမှာ နေ့စားဝင်လုပ်နေသည်။

ကြော့ကြော့ထွေးကိုမြင်လိုက်သည်နှင့် ကိုလင်းဘာကြောင့်
သူ့ကို ချစ်သွားကြောင်း သိလိုက်လေသည်။ သူသည် ကေ
သွယ်လောက်မလှ။ သို့ရာတွင် ကျက်သရေရှိသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ရိုးသည်၊ အေးသည်၊ ကိုလင်း ဘာလုပ်လုပ် ခွင့်လွှတ်မည့်ပုံစံမျိုး။ ဒါသည်ပင် အဓိကသော့ချက်ဖြစ်ဖွယ်ရှိ၏။

'ကိုလင်းဟာ ငွေကြေးပြည့်စုံတဲ့ လူတစ်ယောက်ဆိုတာ အစကသိရင် သူ့ကို ကျွန်မလက်ခံခဲ့မှာ မဟုတ်ပါဘူး။ သူ့အမေကို ဆိုက်ကားနဲ့တိုက်မိပြီး လာပို့တော့ သူမက ဆိုက်ကားနင်းတယ်လို့ပဲ ထင်နေတာ၊ သူကလဲ ဆိုက်ကား နင်းရင်း စာပေးစာယူ သင်တန်းတက်နေတယ်လို့ပဲ ပြောခဲ့တယ်လေ၊ နောက်မှ အဖြစ်မှန်ကိုသိရတာ' ဟု အရှိုးခံ အတိုင်း ပြောရှာသည်။

ကေသွယ်နှင့် ကိုလင်းတို့အကြောင်းကို သူ သိသေးဟန် မတူချေ။

* * *

ကေသွယ် ပြန်လာသည့်နေ့က သူ မိဘတွေ မအားသဖြင့် ကျွန်တော်ပဲ ဘူတာဆင်းကြိုရသည်။ ကျွန်တော်သည် ကေသွယ်နှင့် မျက်နှာချင်းဆိုင်ရမည်ကို စန့်ငလးနေမိ၏၊ ကာယကံရှင် မဟုတ်သည့်တိုင် ကိုလင်းနှင့် သူမအကြားမှာ ကျွန်တော်က အမြဲပါဝင်ခဲ့ရသည်မဟုတ်ပါလား။ တရားခံကမပူဘဲ အာမခံသူက ပူရသည့်အဖြစ်မျိုး။

ကေသွယ် ရထားပေါ်ကဆင်းလာသောအခါ ကျွန်တော် အံ့အားကြီးသင့်ပြီး ငေးကြည့်နေမိ၏၊ သူသည် အသွား တုန်းက ကေသွယ်မဟုတ်တော့ပြီပါလား။

အင်္ကျီလက်ရှည်ရင်စေ့၊ ထဘီကအညိုရောင်ဖြောင်၊ကတ္တီပါဖိနပ်ပါးသေးနှင့်၊ မျက်နှာမှာ ရောင်စုံခြယ်ထားခြင်း မရှိ၊



ခပ်မှုန်မှုန်ကလေးသာ တို့ထားသည်၊ နှုတ်ခမ်းနီတောင် ဆိုးမထား။

'လင်းလင်းကောဟင်၊ လင်းလင်းမပါဘူးလား'

သူက အနားရောက်ရောက်ချင်း မေးသည်။

ဟိုဒင်းလေ၊ ဒေါ်ဒေါ်နည်းနည်း နေမကောင်း'

'ဟင်....ဘာဖြစ်လို့လဲ'

'နည်းနည်းပါးပါးပါ၊ ကဲလာလာမြင်းလှည်းတွေ သူများငှားသွားလို့ မရလိုက်ဘဲ နေဦးမယ်'

သူ့ကို စကားဖြတ်ပြီး ခေါ်လာရသည်၊ မြင်းလှည်းပေါ်ရောက်တော့—

'ကေသွယ့်ကို မြင်တော့ကိုကြီးတွန်း အံ့သြမသွားဘူးလား၊ လင်းလင်းမြင်ရင်လဲ အံ့သြမှာပဲ၊ ပြီးတော့ သူ ဝမ်းသာသွားမှာပဲ၊ ကေသွယ် မော်လမြိုင်ကပြန်ရောက်တော့ သူရိုက်သိုက်တဲ့ကြေးနန်းကို တွေ့တယ်၊ သူ ကေသွယ့်ကို သိပ် သတိရနေပြီဆိုတာသိတော့ ချက်ချင်းပြန်ပြေးလာချင်လိုက်တာ၊ သူငယ်ချင်းက သူ့အစ်ကို စေ့စပ်ပွဲပြီးမှ ပြန်ပါဆိုပြီး အတင်းဆွဲထားလို့၊ လင်းလင်းဆီတောင် စာတစ်စောင် ရေးလိုက်သေးတယ်'

ထိုစာကို ကိုလင်း ရမရ ကျွန်တော်မသိချေ။

'အစတုန်းကတော့ သူ့ကို စိတ်ဆိုးဆိုးနဲ့ ဘာမှ အဆက်အသွယ်မလုပ်ဘဲနေခဲ့တာ၊ သူဝမ်းနည်းနေမလား၊ ဒေါပဲကန်မလား မသိဘူး၊ အင်းလေ ချော့လိုက်ရင် ပြီးသွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်မှ သိရတာ ကိုကြီးထွန်းရေ၊ ကေသွယ်တို့ခေတ် ဆန်းဟယ်ဆိုတာ ဟိုရောက်တော့ သူလိုငါလို ဖြစ်သွားတာပဲ။

ပြီးတော့လဲ တချို့မိန်းကလေးတွေ ခေါင်းရှုံသင့်ရုံ ရှိုးရှိုး လေးဝတ်ပြီး မြို့လယ်ကျောင်းမှာ သွားလာနေကြတာလဲ တွေ့ တယ်၊ ကိုယ့်ဟာကိုယ် ဟုတ်လှပြီးထင်နေတာ ရှက်စရာကြီး ဖြစ်နေတာပေါ့၊ ဒါနဲ့ ကေသွယ်လဲ ကိုလင်းကြိုက်သလို ဝတ် စားတော့မယ်လို့ ဆုံးဖြတ်လိုက်တာ၊ ရယ်စရာတော့ အကောင်း သား၊ ဟိုမှာ ထမင်းချက် ဟင်းချက်တောင် သင်ခဲ့သေး တယ်...

ကေသွယ်က တတွတ်တွတ်ပြောနေသည်၊ ကျွန်တော်က တော့ မြန်မာ့ချွေးသံများလိုပင် ကိုယ့်ရင်ခုန်သံမှာပြီး လန့်လန့် သွားမိ၏။

* * *

ပြောစမ်းပါ ကိုကြီးထွန်းရဲ့ သွင်းလင်း ဘာဖြစ်နေတာလဲ ကေသွယ့်ကို ဘာလို့အတွေ့မခံဘဲ ရှောင်နေရတာလဲ၊ ကေသွယ့် မှာ ဘာအပြစ်ရှိလို့လဲ၊ အခု သူဖြစ်စေချင်တဲ့အတိုင်း ဖြစ် အောင် နေခဲ့ပြီ မဟုတ်သား၊ ကေသွယ့်ကို ပညာပေးနေတာ ဆိုရင်လဲ တော်လောက်ပြီ ထင်ပါရဲ့၊ ကေသွယ့်ကို ပညာပေး နေတာဆိုရင်လဲ တော်လောက်ပြီ ထင်ပါရဲ့ ကေသွယ့်ဘက်က ဒီလောက် အလျှော့ပေးနေတာ သူနားလည်ဖို့ ကောင်းပါ တယ်...

ကျွန်တော်က အငြမပေးနိုင်၊

ထို့အတူ ကိုလင်းကလည်း....



ကျွန်တော့် အမှားပါပဲဗျာ ကျွန်တော်ကိုက မဆင်မခြင် လျှောက်လုပ်ခဲ့မိတာပ ။ ခုတော့ တာအယ့်ပြဿနာပဲ....

ကေသွယ့်ကို ပြန်တွေ့လိုက်ရတော့ သူ့စိတ် ပြန်လည်လာ သည်၊ ကေသွယ်အဆည်း သူ့အလိုကျ ဘာမဆို ဖြစ်စေရမည် ဟု ပြောလာခဲ့ပြီ၊ ကြောင့်ကြောင့်ထူးဘာလည်း တစ်ဘက်၊ ကေသွယ်နှင့် ကစ္စကို သူသိသွား၏၊ ကိုလင်းကို သူရှောင်သည်၊ စာတစ်စောင်ရေးသည်၊ ထိုစာကို ကျွန်တော့်အား ကိုလင်း ပေးသည်၊

ကိုလင်း

ကိုလင်းကို ရှောင်နေတာမှန်းလဲမဟုတ်ဘူး၊ မှန်းတယ် လို့ညာရင်လည်းကိုလင်းယုံမှာမှ မဟုတ်ဘဲ ကြောင့်ထွေး ကိုတွေ့နေရရင် မကေသွယ်အပေါ် ကိုလင်းချစ်တဲ့ အခုစိမ်မှာအနှောက်အယှက် ဖြစ်မှာ စိုးလို့ပါ၊

မကေသွယ်နဲ့ ကိစ္စကို စောစောကဘာလို့ မပြောခဲ့ တာလဲအစ်ကိုရယ်၊ ပြောရင် ကြောင့်ထွေး ရှေ့ဘယ် ဆက်တိုးပါ့မလဲကိုလင်းကို အပြစ်တင်နေတာမဟုတ်ဘူး နော် ဘယ်တော့မှလဲအပြစ် မမြင်ရက်ပါဘူး၊

ကိုလင်းကို ကြောင့်ထွေး အရေးပေးပါရစေ....

မကေသွယ်ကိုပဲ လက်ထပ်ပါ၊ မကေသွယ်ဟာ ကြောင့်ထွေးထက် အရင်ဦးအောင် ကိုလင်းကိုချစ်ခဲ့တဲ့ သူပါ၊ လူကြီးချင်းလဲ သဘောမျှပြီးသားပဲ အခုစ အရာရာအဆင်ပြေမယ့်လမ်းကိုပဲ လိုက်ပါတော့ အစ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရယ်၊ ကြွေထွေးကိုတကယ်ချစ်ခဲ့တဲ့ လူတစ်ယောက်
မဟုတ်ဘူးလို့ဘဲ သဘော ထားလိုက်ပါနော်....

ကြွေထွေး

'ကျွန်တော့် ဘာလုပ်ရမလဲဗျာ'

ပြဿနာကြီးသည် ကျွန်တော့်ခေါင်းပေါ် ပုံကျလာပြီး
ကျွန်တော် စဉ်းစားရသည်။

မကေသွယ်နှင့် လက်ထပ်လိုက်လျှင်အရာရာအားလုံးအဆင်
ပြေမည်ဆိုတာ မှန်သည်။ သို့ရာတွင် ကြွေထွေးသည် ဒီကိစ္စ
မှာဘာမှမသိဘဲ ဝင်ပါခဲ့ရရှာသူ၊ ကိုလင်းကို အစစအလျှော့
ပေးပြီး ချစ်ခဲ့သူ ပြီးတော့ သူကဆင်းရဲသည်။ ချမ်းသာသူတို့
အတွက် ဆင်းရဲသူတစ်ယောက်က ဝင်ပြီး ခံစားခံလုပ်ရတာ
မျိုး အဖြစ်မခံနိုင် မှန်သည် အင်အားနည်းသူဘက်ကို ကျွန်
တော် လိုက်ရမည်။

× × ×

ကျွန်တော်က ကေသွယ်နှင့်တွေ့သည် ကိုလင်းနှင့် ကြွေ
ထွေးတို့အကြောင်း ပြောပြသည်။ ထို့အပြင် အမှန်တကယ်
မဟုတ်သော ဇာတ်ကွက်တစ်ခုကိုပင် ဖြည့်ပြီး ပြောခဲ့သည်။
ကိုလင်းနှင့် ကြွေကြွေထွေးတို့ လွန်လွန်ကျူးကျူးဖြစ်
ကြသည်ဟု ပြောလိုက်ခြင်းပင်တည်း....

ကေသွယ်သည် ကျွန်တော့်စကားကို နားထောင်နေရင်း
က တဖြည်းဖြည်း ပြောင်းလဲလာသည်။ ကြွေကြွေထွေး
အကြောင်း ပြောပြခါစက မျက်နှာတစ်ချက် တင်းသွား



သည် နောက်တော့ ပြန်တည်ငြိမ်သွား၏။ အတော်ကြာ
အောင် ငြိမ်သက်စွာတွေးနေပြီးနောက်....

'ဒီအတိုင်းဆိုရင်တော့ ကေသွယ် နောက်ဆုတ်ပေးလိုက်
ပါမယ်၊ မကြွေထွေးကို မမြင်ဘူးသေးပေမယ့် မိန်းမချင်း
ကိုယ်ချင်းစာရမှာပဲ၊ သူကဘာမှမသိဘဲ ဝင်ခံရတာမျိုးတော့
မဖြစ်စေချင်ဘူး ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးတစ်ယောက်ကို
ချမ်းသာတဲ့ လူတစ်ယောက်က ကြောရရှုံကြံပြီးပစ်သွားတယ်
ဆိုတာမျိုး မဖြစ်စေရဘူး လင်းလင်းအနေနဲ့ မကြွေထွေးကို
ယူကိုယူရမယ်....'

မျက်ရည်ဝဲနေအသံတွေ တုန်နေသော်လည်းတိကျပြတ်သား
စွာသူပြောသည်။ ကျွန်တော်သူ့ကိုအံ့သြချီးကျူးစွာ ကြည့်မိ၏။

* * *

ထိုထက်ပို၍ အံ့သြရတဲ့ကိစ္စကား ကေသွယ်ကိုယ်တိုင်က
ကိုလင်းတို့မိဘများနှင့်တွေ့၍ ကိုလင်းနှင့်ကြွေထွေးတို့၏ အ
ဖြစ်အပျက်ကိုပြောပြပြီး သူတို့နှစ်ယောက်ကို လက်ထပ်ပေး
ပါရန် တောင်းဆိုခဲ့ခြင်းပင်ဖြစ်၏။

လူကြီးတွေ အံ့သြထိတ်လန့်ကုန်ကြသည်။ လင်းလင်းမှ
လင်းလင်း၊ သွယ်သွယ်မှသွယ်သွယ်ဆို၊ ထိုနှစ်ယောက်တို့ဘယ်
လိုဖြစ်ကုန်ကြသနည်း။ သို့ရာတွင်မတတ်နိုင်တော့ပြီ။

ကိုလင်းမိဘများသည် တစ်ဦးတည်းသောသားမို့ အလွန်
အလိုလိုက်ခဲ့ကြသည်။ ခုလည်း သားဆန္ဒအတိုင်းဖြစ်စေရ
မည်ဟု လက်ခံလိုက်လေသည်။ ကိုလင်းကတော့ကလေးတစ်
ယောက်လိုပင် ကျွန်တော့်တို့စီစဉ်သမျှ အသာတကြည်လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ဒီတစ်ခါလောက် သူများစကားကို ဒီကောင်နား ထောင်တာ မကြုံခဲ့ဘူးသေးချေ။

ကိုလင်းနှင့် ဖြော့ကြော့ထွေးတို့မင်္ဂလာဆောင်မှာကျွန်တော်ကပဲ ဦးစီးလုပ်ကိုင်ရသည်။ ကေသွယ်သည်တည်ငြိမ်သောအပြုံး ဖြင့်ဧည့်ခံကြိုဆိုနေသည်ကိုတွေ့ရ၏။ သူ့ရင်ထဲမှာဘယ်လောက် ခံစားနေရမည်ဆိုတာတော့ သူကိုယ်တိုင်သာသိပိမ့်မည်။

* * *

ကေသွယ်သည် ကျွန်တော်တို့ထင်တာထက် ပို၍ရင့်ကျက် ကြောင်း ပြနိုင်ခဲ့သည်။ ကိုလင်းနှင့် ကြော့ကြော့ထွေးတို့အိမ် ကို သူငယ်ချင်းတစ်ယောက်လို ဝင်ထွက်သွားလာပြီး လိုအပ် သမျှ ကူညီသည်။ အထူးသဖြင့် ကြော့ကြော့ထွေးကိုယောက် မ ယောက်မဆိုပြီး အစစအထောက်အကူပြုပေးသည်။ ကြော တော့ ကေသွယ်သည် ကြော့ကြော့ထွေး၏ တိုးတိုးဖော် တိုင် ပင်ဘက်ဖြစ်လာ၏။ ထုံးစံအတိုင်း ကိုလင်းက သူ့ကို အနိုင် ကျင့်ချင်သည့်အခါ ကေသွယ့်ကိုတိုင်တတ်သည်။ ထူးခြားတာ က ကိုလင်းသည် ကေသွယ့်စကားဆိုလျှင် အမြဲအလေးထား နားထောင်တတ်လာခြင်းပင်ဖြစ်၏။ တစ်ခါတစ်ခါကေသွယ် က အော်လား ဟောက်လားလုပ်လျှင်ပင် ငြိမ်ခံနေတတ်သည် ကြော့ကြော့ထွေး သမီးဦးကလေးမွေးသောအခါ လင်းကေ သွယ်ဟု နာမည်ပေးရန် ကြော့ကြော့ထွေး ကိုယ်တိုင်ဆောင် ရွေးချယ်ခဲ့သည်။

ကေသွယ်သည် တဖြည်းဖြည်းပို၍ တည်ငြိမ်ရင့်ကျက်လာ သည်။ အပျိုကြီးတစ်ယောက်ပုံစံမျိုးထွက်လာသည်။ ကိုလင်း



နှင့် ကေသွယ်တို့၏အဖြစ်အပျက်ကို မေ့လျော့စ ပြုလာကြ အားလုံးသည် ဘဝသစ်တစ်ခုသို့ ပြောင်းလဲခဲ့သလိုပင်။

ဤဇာတ်လမ်းသည် ဤတွင် ပြီးပါပြီဟူ၍ ဖြစ်သင့်သည် သို့ရာတွင်မဖြစ်ခဲ့။

* * *

တစ်နေ့ကိုလင်းတို့အဖေ ကျွန်တော့်ကိုခေါ်၍ပြောသည်။

'မင်းတို့မလဲ မိဘတွေမရှိကတည်းက ဦးလေးတို့ပဲ မိဘသ ဖွယ် စောင့်ရှောက်လာကြတာမဟုတ်လား၊ ဒါကြောင့်....'

ဆိုပြီး ကျွန်တော်နှင့်ကေသွယ်ကို နေရာချထားပေးချင် ကြောင်း ကေသွယ့်မိဘများကလည်း သဘောတူကြောင်း ပြောလေသည်။ ကျွန်တော် ရုတ်တရက်မို့ အံ့သြသွားသည်။ သေသေချာချာတွေးကြည့်တော့ အံ့သြစရာမဟုတ်။

အိမ်ချင်းကပ်နေသော အမြဲမြင်တွေ့နေသော တစ်အိမ်နှင့် တစ်အိမ် ဆွေမျိုးသားချင်းလို ဝင်ထွက်နေသော တစ်ဦးကိုတစ် တစ်ဦး အပြန်အလှန်ကူညီနေသော လူနှစ်ယောက်သည် သံ ယောဇဉ်တွယ်တာမိကြမှာ အမှန်ပင်။ ကေသွယ်ကျွန်တော့် အပေါ် သံယောဇဉ်ငြိတွယ်လာခဲ့ကြောင်း ကျွန်တော် သိ သည်။ ကျွန်တော်ကကော။

ကေသွယ်နှင့် ကြော့ကြော့ထွေး ဘယ်သူကို ရွေးရမလဲဟု ကိုလင်း အတွေးရခက်နေချိန်တွင် ကျွန်တော်က ကြော့ကြော့ ထွေးဘက် တွန်းပို့ခဲ့သည်။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်သော စေတနာမှန် တစ်ခုတည်းကြောင့်လား။ တခြားအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကော ရှိသေးလားဟု ကျွန်တော့်ကိုကျွန်တော် မကြာခဏ သံသယဝင်မိသည်။ ထိုမျှမက....

ဘယ်သူမှသိမသေးသော အကြောင်းတစ်ခုလည်း ရှိသေးသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကျော်လောက်တုန်းက၊

တစ်ရက်တွင် ကျွန်တော်နေမကောင်းသဖြင့် ဆေးခန်းသို့ သွားသည်။ စမ်းသပ်ခန်းထဲမှာ လူနာရှိနေသဖြင့် ကျွန်တော် အပြင်ကထိုင်စောင့်နေသည်။

'ကိစ္စမရှိပါဘူးဒေါ်ဒေါ် အပျိုဖော်ဝင်စမှာ ဒီလိုပဲဖြစ်တတ်ပါတယ်၊ စိတ်မပူနဲ့၊ အင်ဖရွန်ထိုး၊ ဖျူရှုမင်းဘီစီ လေးဘာလေးစားလိုက်ရင် ကောင်းသွားမှာပါ'

ဆရာဝန်၏အသံကိုကြားရသည်။ ခဏကြာတော့ထွက်လာကြသည်။ ကေသွယ်တို့ အမေ၊နောက်ကကေသွယ်။

'ဟဲ့... မောင်စိုးထွန်း နေမကောင်းဘူးလား'

'ဟုတ်ကဲ့ နည်းနည်းဖျားချင်သလိုရှိလို့'

ကေသွယ်ဘာဖြစ်လို့လဲဟု ကျွန်တော် မမေး၊ ကေသွယ်ကို လည်းနှုတ်မဆက်မိ။ ကေသွယ်ကလည်းနှုတ်မဆက်၊ ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး ခေါင်းငုံ့သွားသည်။

ကျွန်တော်ရင်ထဲက ဗိုကနဲဖြစ်သွား၏။ စိတ်ထဲမှာလည်း ဒီကောင်မလေး မမြင်တာ တစ်ပတ်နှစ်ပတ်ပဲရှိဦးမယ်၊ ဒီရက် အတွင်းမှာ တော်တော်ထွားလာပါကလားဟု တွေးမိ၏။

အဲဒီတုန်းကတည်းက.... အဲဒီတုန်းကတည်းကပါပဲလေ....

မင်းလူ

(ဟန်သစ်မဂ္ဂဇင်း–အမှတ်၁၊၁၉၇၉)

---

# ဆရာမကိုနှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်ဆွေမြင့် (အသက် ၅၉နှစ်)အဆောင်မှူး (အ
ကြွင်း၊ တံ့ ကော်၊ ပြည်)

နာရေးကြော်ငြာခေါင်းစဉ်ကိုဖတ်ပြီးနောက်၊ ကျွန်တော်
အံ့သြတုန်လှုပ်သွားခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဆရာ
မနေ့ကြီးပြီဆိုသောသတင်းကို ညကတည်းက သိခဲ့ပြီးဖြစ်သော
ကြောင့်ပင်၊ ဆရာမှသမီးက အိမ်ကိုဖုန်းဆက် အကြောင်း
ကြားခဲ့ခြင်းဖြစ်၏။

ညကအိမ်ပြန်နည်းနည်းနောက်ကျသည်။ ပြန်ရောက်ရောက်
ခြင်း ကျွန်တော့်မိန်းမက ဘာမှမပြောသေး။ ထမင်းစားပြီး
အောင်စောင့်သည်။ စားပြီးလို့ အတန်ကြာမှ....

အမေလဲ သွေးနည်းနည်းတက်နေတယ်'

ဟုပြောသည်။

ဝမ်းနည်းစရာ၊ စိတ်ထိခိုက်စရာ စိုးရိမ်စရာ ကိစ္စတစ်ခုခု
ဖြစ်ပေါ်နေခဲ့သည်ဟု အရိပ်နိမိတ်ပြလိုက်ခြင်းပင် ဖြစ်၏။

'ဘာဖြစ်လို့ လဲ'

သူက လိုရင်းတိုက်ရိုက်မပြောသေးဘဲ၊

'ညနေက ရတနာဖုန်းဆက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိလိုက်ပြီ။ ဆရာမဆုံးပြီ။ ဆရာမ၏ ကျန်းမာရေး အခြေအနေ ဆိုးရွားနေကြောင်း လွန်ခဲ့သော သုံးလေးရက်က သတင်းကြားခဲ့ခြင်း၊ အမေသွားတက်ခြင်း၊ ဆရာမ၏ သမီးရဘနာဖုန်းဆက်ခြင်းတို့ကို ဆက်စပ်ကြည့်လိုက်ခြင်း ဖြစ်၏။ ကျွန်တော် မိန်းမ၏ အသံက နည်းနည်းတုန်ယင်နေသည်။ သူနှင့်ကျွန်တော်သည် ဆယ်တန်းတုန်းက ဆရာမအတန်းမှာ အတူတူနေခဲ့ကြရသည်။

ထို့ကြောင့်သူလည်းစိတ်ထိခိုက်နေမှာကျိန်းသေသည်။ ဆုံးပြီဆိုသော စကားလုံးကို သူ့နှုတ်မှ ပြောချင်ဟန်မတူ။ ကျွန်တော် ငိုင်တွေနေသည်ကိုကြည့်၍ ဆက်ပြောဖို့မလိုတော့ဟု နားလည်သွားသည်။ တိတ်ဆိတ်စွာပင်လှည့်ထွက်သွား၏။

ခုခေတ်မှာ အသက်ငါးဆယ့်ကိုးနှစ်ဆိုတာ အသက်ကြီးလှပြီဟု မဆိုနိုင်သေး။ နေမည်ဆိုလျှင် ဆယ်ငါးနှစ် အနှစ်နှစ်ဆယ် နေနိုင်သေးသည်။ လူ့သက်တန်းနှင့်ယှဉ်လျှင်နှမြောတသ ယူကျုံးမရဖြစ်စရာပင်။

ဆရာမကွယ်လွန်သည့်အတွက် ကျွန်တော့်အနေဖြင့်အထူး စိတ်ထိခိုက်ကြေကွဲရသည်မှာပြောစရာမလို။ သို့ရာတွင် အသေစောသို့ နှမြောလှချည်ရဲ့ဟု ယူကျုံးမရ ရင်ဘတ်စည်တီးဖြစ်မနေပါ။ သူသွားချိန်တန်၍ သွားတာပဲဟု၍သာ သဘောထားသည်။ ကျွန်တော့်မှာ တရားရှိသောကြောင့်ကားမဟုတ်။ ဆရာမမှာ တရားရှိကြောင်း ကျွန်တော်သိနေသောကြောင့်သာဖြစ်၏။

လူတစ်ယောက်၏ သက်တန်းကို နှစ်ကာလတွေနှင့် သတ်



မှတ်ခြင်းမပြုဘဲ၊ သူဘယ်လောက်တာဝန်ကျေခဲ့သလဲဆိုသော အချက်နှင့်တိုင်းတာ သတ်မှတ်မည်ဆိုလျှင် ဆရာမသည် သက်တမ်းစေ့ နေထိုင်သွားခဲ့သည်ဟု ဆိုနိုင်လေသည်။ သူသည် သူ့ဘဝတွင် ထမ်းဆောင်ရမည့်တာဝန်ကို ပြီးပြည့်စုံစွာ ကျေပွန်ခဲ့သည်။

သူတာဝန်ကျေသလား၊ မကျေဘူးလားဆိုသည်ကို သူ၏ ကိုယ်ပွားများက သက်သေခံကြပါလိမ့်မည်။ သူ၏ ကိုယ်ပွားဆိုသည်ကား ယခုအခါ ဆရာဝန်တွေ၊ ကျောင်းဆရာတွေ အနုပညာရှင်တွေ၊ စီးပွားရေးပညာရှင်တွေ ဖြစ်နေကြသော ကျွန်တော်အပါအဝင် သူ၏တပည့်များပင်ဖြစ်ပေသည်။

* * *

ဆယ်တန်းသို့ရောက်သည့်နှစ်တွင် မြန်မာစာဆရာမက အတန်းပိုင်ဖြစ်၏။

'သားတို့အတန်းပိုင်က ဘယ်သူလဲ'

ဟု အမေကမေးသည်။ ဒေါ်ခင်ဆွေမြင့်ဟု ပြောသောအခါ....

'ဟဲ့....အဲဒါ မိခင်စန်းရဲ့ ညီမ၊ မေပေါ့'

အမေကပြောသည်။ ဒေါ်ခင်စန်းသည် အမေနှင့် သူငယ်တန်းတုန်းကတည်းက ကျောင်းအတူတူတက်ခဲ့သည့် သူငယ်ချင်းဖြစ်၏။ ကျွန်တော်တို့က မာမီစန်းဟု ခေါ်ကြသည်။ ဆရာမ၏ အိမ်နာမည်ကတော့ 'မေ'ဖြစ်၏။

'မင်းဆရာမကိုနှုတ်ဆက်လိုက်ဦး၊ မင်းကို [illegible] သိချင်မှသိမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု အမေကပြောသော်လည်း ကျွန်တော်က သွားနှုတ်မှုဆက်ဘဲ ဘာသိဘာသာနေသည်။ ကျွန်တော့်ကို အမေ့သား မှန်းသိသွားလျှင် လူရင်းဆိုပြီး ပိုမျက်စိဒေါက်ထောက်ကြည့် ခံရမည်။ အမြဲတန်း စာမေးခံရမည်ကို စိုးရိမ်သောကြောင့် ဖြစ်လေ၏။ နောက်ပြီး ကျွန်တော်ကိုယ်တိုင်က နှုတ်နည်းတာ လည်းပါသည်။ ကျွန်တော် ဘယ်သူ့သားပါဆိုပြီး မိတ်ဆက် ရတာမျိုးမလုပ်ချင်။ မိဘနှင့်ရင်းနှီးတာကို အခွင့်အရေးယူရ မှာကိုရှက်သည်။

တစ်နေ့ မုန့်စားလွှတ်ချိန် စင်္ကြံလမ်းပေါ်မှာ ဆရာမနှင့် ဆုံသည်။ ဆရာမက....

'မမညို နေကောင်းရဲ့လား'

ဟုမေးသည်။ ထိုအခါကျမှ ဆရာမသည် ကျွန်တော့်ကို သိနှင့်ပြီးသားဖြစ်ကြောင်း နားလည်ရတော့သည်။

ဆရာမသည် လူရင်းဖြစ်သည့်တိုင် ကျွန်တော့်ကို ပစားပေးခြင်းမရှိခဲ့။ တခြားအတန်းသူ အတန်းသားများနှင့်တန်းတူ သာထား၍ ဆက်ဆံသည်။ အတန်းထဲမှာ မျက်နှာမလိုက်သော် လည်း ကျွန်တော့် အပေါ် သူစိတ်ထဲကကြိတ်၍ ကျေနပ် သဘောကျနေကြောင်း နောက်တော့မှ သိရ၏။

ကျွန်တော်သည် ငါးတန်းရောက်ကာစပြီး မြန်မာစာပေကို စိတ်ဝင်စားခဲ့သည်။ စာပေဆိုင်ရာ ဆောင်းပါးများ စာအုပ် များကို ဝတ္ထုစွဲသလို စွဲခဲ့ဖူးသည်။

ဆယ်တန်းရောက်သောအခါ ထိုအရှိန်သည် အထွတ်အထိပ် သို့ ရောက်နေလေပြီ။ ဆယ်တန်းတွင် ရူပဗေဒ၊ ဓာတုဗေဒ၊



သင်္ချာတို့မှာ အမှတ်ပြည့်ရနိုင်ပြီး ထိုဘာသာများ ဂုဏ်ထူး ထွက် လျှင် ဆေးတို့ စက်မှုတို့ရဖို့နီးစပ်သည်။ ထို့ကြောင့်ကျောင်း သားတိုင်းလိုလို ယင်းဘာသာရပ်များကိုဖိ၍ကြိုးစားကြသည်။

ထိုအချိန်မှာ ကျွန်တော်က မြန်မာစာဘာသာကို အလေး ထား၍လိုက်စားနေသည်။ သတ်ပုံမှန်အောင်ရေးဖို့ သဒ္ဒါနည်း နစ်ကျသော ဝါကျတည်ဆောက်တတ်ဖို့၊ ကဗျာတွေ လေ့ လာဖို့၊ စကားပြေကို ပြေပြစ်စွာ ရေးတတ်ဖို့ ကြိုးစား နေလေ သည်။

ထိုအချိန်က မြန်မာစာသည် အတွယ်တကူ အောင်မြင်နိုင် သော ဘာသာရပ် ဖြစ်သဖြင့် သိပ်အလေးအနက် မထားကြ။ ကြိုးစားသည် ဆိုသူတို့ကသည်း မြန်မာစာကို စိတ်ဝင်စား၍ မဟုတ်ဘဲ အမှတ်များများ ရလိုမှုကြောင့်သာ ဖြစ်၏။ မြန်မာ စာကို သင်္ချာဘာသာရပ်လို အမှတ်ရအောင်ဖြေနည်းတွေလေ့ လာနေခြင်းသာ ဖြစ်၏။

ကျွန်တော်ကတော့ ဝါသနာပါလို့ကိုဦးစားပေးလိုက်စား နေသူ ဖြစ်သဖြင့် အများနှင့် တူးခြားနေသည်။ ဒါကိုရိပ်မိ သောဆရာမက ကျွန်တော့်ကို စိတ်ဝင်စားခဲ့ခြင်းလည်း ဖြစ် လေ၏။

* * *

ကျွန်တော်သည် သိပ္ပံမောင်ဝ၏ စာများကို အသည်းစွဲ သဘောကျနေသည်။ ထို့ကြောင့် ကျွန်တော်ရေးသော စာစီ စာကုံးများမှာ ဝါကျတိုတို ပြတ်ပြတ်ကလေးတွေ ဖြစ်နေ၏။ ဆရာမက ရေးသားပုံ ဝတ္ထုဆန်တယ်ဟု မှတ်ချက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'သတ်ပုံလဲ့မှန်ပါတယ်၊ ဝါကျထည့်ဆောက်ပုံလဲကောင်းပါတယ်၊ ဒါပေမယ့် အရေးအသားက သိပ်ပြတ်လွန်းနေတယ်၊ သားရဲ့စာစီစာကုံးကို ဖတ်မယ့်လူက စာဖတ်ပရိသတ်မဟုတ်ဘူး၊ စာမေးပွဲ စစ်တဲ့ လူတွေဆိုတာ သတိထားဦး၊ ဝါကျကို အဆုံးသတ်တဲ့အခါ ဖြစ်ပါသည်၊ ဖြစ်ပေသည်၊ စသည်ဖြင့် ပြေပြေပြစ်ပြစ်ဖြစ်အောင် ရေးရတယ်'

တစ်ခါကလည်း ပြဌာန်းကဗျာတစ်ပုဒ်ဖြစ်သော ကွက်လပ်ဖြည့်ပါ ကဗျာကို အတန်းထဲမှာ ဆွေးနွေးကြရသည်၊ ကဗျာ၏အဘောမှာ စေတီတစ်ဆူတွင် စိုက်ထူသွားတဲ့ ကျောက်စာ၌ ဘုန်းတော်ကြီးမြတ်လှသော ဘယ်ခင်းတရားကြီး ကောင်းမှု ဟူ၍သာ ရေးထိုးသွားသည်၊

ထိုစေတီကို တည်ဆောက်ရာတွင် အမှန်တကယ် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ကြရသော အလုပ်သမားဘို့အား ဂုဏ်ပြုသည့်အကြောင်း တစ်လုံးတစ်ပါဒမျှ မပါသဖြင့် ထိုကျောက်စာတွင် စာမှုတစ်ကြောင်း လပ်နေသည်ဟူ၍ဖြစ်၏။

ထိုအကြောင်း ဆွေးနွေးရာတွင် ကျွန်တော်က ကျောင်းစာကြည့်တိုက်နှင့် နှိုင်းယှဉ်၍ပြောခဲ့သည်၊

စာကြည့်တိုက် ဆောက်လုပ်ရာတွင် ချုံတွေရှင်း၊ မြေညှိ၊ အုတ်ခဲသယ် စသော အောက်ခြေသိမ်းအလုပ်များကို ကျောင်းသားများ အလှည့်ကျ လုပ်အားပေးကြရသည်၊ စာကြည့်တိုက်ပြီးစီး၍ ဖွင့်ပွဲပြုလုပ်သောအခါ လုပ်အားပေးစဉ်က တစ်ခါမျှ မမြင်ခဲ့ရသော ကျောင်းသူ ချောချောလေး နှစ်



သာက်က ဖဲကြိုးကိုင်၍ အရာရှိကြီးက ဖြတ်တောက်ဖွင့်လှစ်ားနေပုံ သာလျှင် သတင်းစာထဲ ပါလာခဲ့သည်။

ကျွန်တော် ဆွေးနွေးပြီးသောအခါ ဆရာမဆပြုံး၍ 'သားပြောတာ မှန်ပါတယ်၊ ဒါပေမယ့် စာမေးပွဲမှာတာ အဲဒီအတိုင်း မရေးလိုက်နဲ့ဦးနော်' ဟုပြောလေ၏။

ကျောင်းမှာ စာပေဖွံ့ဖြိုး တိုးတက်ရေး အဖွဲ့ကို ဖွဲ့စည်းသာအခါ ဆရာမက ဥက္ကဋ္ဌ၊ ကျွန်တော်က အတွင်းရေးမှူးဖြစ်သာသည်၊ ကျွန်တော်တို့အဖွဲ့က ကျောင်းမှာ စာပေဟောပြောပွဲတွေ စာစီစာကုံးပြိုင်ပွဲတွေပြုလုပ်သည်၊

နံရံကပ်စာစောင်ထုတ်သောအခါ ဆရာမက နည်းပေးမ်းညွှန်ရုံလောက်သာ ရှိပြီး စာစောင်တစ်ခုလုံးကို ကျွန်တော်တို့ စိတ်ကြိုက် လုပ်ခွင့်ပေးခဲ့သည်၊

အလျှင်နှစ်တွေက ပုံဆွဲစက္ကူကြီး လေး ငါးချပ်လောက်ပြီးခဲ့သော်လည်း ကျွန်တော်တို့နှစ်တွင် စက္ကူ ငါးဆယ့်ားချပ်တိတိသုံးပြီး ကျောင်းခန်းမကြီး တစ်ခုလုံး ပြည့်လျှပါး ခမ်းနားဝေဆာစွာ ပြုလုပ်နိုင်ခဲ့၏၊ ထိုစာစောင်မှာန်တော့် အတွက် ပထမဆုံးသော စာနယ်ဇင်း လုပ်ငန်းတွေ့အကြုံပင်ဖြစ်၏။

နံရံကပ်စာစောင်တွင် စာမူများနေရာချသောအခါ တချို့ရာတွေမှာ ကွက်လပ်ကျန်နေသည်၊ ထိုအခါကျွန်တော်ကလောင်နာမည် အမျိုးမျိုးယူ၍ စာတိုစာစတွေ ရေးည့်ပြီး ဖြည့်ပေးရ၏၊ ကျွန်တော် ကဗျာတစ်ပုဒ်ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်တွေမှိတ်
လူခြေတိတ်မည်း
အိပ်၍မပျော်နိုင်ပါတကား၊
အိပ်ပျော်ပါလည်း
အိပ်မက်ထဲမှာ
သူပဲစိုးမိုးနေတကား။

ကဗျာနာမည်ကို စိတ္တဇညဟု ပေးထားသည်။ ကျွန်တော့်
ကဗျာမှာ အချစ်ကဗျာဆန်သည်၊ နံရံကပ် စာစောင်တ
အချစ်နှင့်ပတ်သက်သော စာများထည့်သွင်းဖော်ပြခြင်းမပြု
ထို့ကြောင့် ကျွန်တော့် ကဗျာကို ဆရာမ ဖတ်ကြည့်ပြီးသော
အခါ အပယ်ခံမောင်ပဲ့ဟု ထင်နေမိ၏၊ ဆရာမက....

'သားကဗျာက ကောင်းသားပဲ၊ ဒါပေမယ့် ခေါင်းစဉ်
စိတ္တဇညဆိုတော့၊ အင်း....စိတ္တဇဆိုတာကြီးက ကဗျာရဲ့အ
ကို ဖျက်နေသလိုပဲ၊ မာမီခေါင်းစဉ် ပြင်ပေးမယ်နော်'

ဆိုပြီး 'စာမေးပွဲည' ဟု ပြင်ပေး လိုက်သည်၊ က
အဓိပ္ပာယ်ပြောင်းသွားသည်။ အချစ်ကဗျာ မဟုတ်တေ
စာမေးပွဲအပေါ် စိတ်စွဲလမ်းပြီး အိပ်မပျော်သည့် သ
ဖြစ်သွား၏၊ ဆရာမသည် ကျွန်တော့် ကဗျာလည်း အ
မခံရအောင် မလိုအပ်သော အဓိပ္ပာယ်လည်း မသက်ရော
အောင် လီမ္မာပါးနပ်စွာ ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်လေ၏၊

* * *

ဆရာမ စာသင်သည့်အခါ ပြဋ္ဌာန်းချက်အတိုင်းသာ
ဇန်ကျသင်ခြင်းမဟုတ်၊ စာမေးပွဲအောင်ရုံမျှ သင်ပေး



မဟုတ်၊ တတ်အောင် သင်ခြင်းဖြစ်၏၊ထူးခြားတာက မြန်မာ
စာသင်ရင်းက လိုအပ်သည့်နေရာများတွင် အင်္ဂလိပ်စာနှင့်
နှိုင်းယှဉ်ပြတတ်ခြင်းပင်ဖြစ်၏။

မြန်မာစာမှာလည်း အင်္ဂလိပ်စာလိုပင် တိကျစွာ လိုက်နာ
ရသည့် စည်းကမ်းချက်တွေ ရှိနေကြောင်း ပြောပြသည်၊

'ဥပမာ....ပုဒ်ထီးလို့ခေါ်တဲ့ ပုဒ်ဖြတ်ဆိုပါတော့၊
တချို့က ဝါကျတစ်ကြောင်းရေးရင်း လက်ညောင်း
တဲ့ နေရာကျရင် ပုဒ်ဖြတ်ထည့်လိုက်တာပဲ၊ တချို့ကျ
တော့လည်း စိတ်ကူးတည့်ရာနေရာမှာ ဖမ်းထည့်ပစ်
လိုက်တတ်တယ်၊ ဒီလိုမဟုတ်ဘူး၊ ပုဒ်ဖြတ်ထည့်လို့
မရတဲ့နေရာ၊ မဖြစ်မနေ ထည့်ကို ထည့်ရမယ့် နေရာ
တွေရှိတယ်'

ဆိုပြီး မြန်မာစာ ရေးသားရာတွင် လိုက်နာရမည့် စည်း
ကမ်းချက်တွေကို သင်ပေးသည်။

ပြဋ္ဌာန်းစာများကို သင်ရာမှာလည်း အခြားဗဟုသုတ ဖြစ်
ဖွယ်များကိုဖြည့်စွက်သင်ပေးခဲ့သည်။ခုနစ်စဉ်ကြယ်အကြောင်း
သင်ရာတွင် ကြယ်များ၏ အမည်များသာမက ကြယ်တစ်လုံး
ချင်းမှာ သက်ဆိုင်ရာ နေ့နာမ်များရှိကြောင်း။ အတိုကောက်
အားဖြင့် 'မစတ်တတ်လေသည်း အူခကြ' ဟု မှတ်ရကြောင်း၊
ထို့ကြောင့် ကြယ်တို့၏ အစဉ်အတိုင်း နေ့နာမ် များမှာ
ကြာသပတေး၊ အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေ
နှင့်တနင်္လာတို့ဖြစ်ကြောင်း ရှင်းပြခဲ့သည်၊ ခုထိတိုင် ကျွန်
တော် ကောင်းကောင်း မှတ်မိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သေနင်္ဂဗျူဟာ စစ်ပညာဆောင်းပါးကို သင်သောအခါမှာလည်း ရှေးမြန်မာစစ်ဘုရင်များ စစ်ဆင် စစ်တက်သည့် ဗျူဟာများအကြောင်းကို ပုံများနှင့်တကွ ရှင်းပြခဲ့သည်။

ကျွန်တော် စာရေးဆရာ ဖြစ်ခါစတုန်းက ဝတ္ထုတိုလေးတစ်ပုဒ်တွင် မိန်းကလေးတစ်ယောက်၏အချစ်ကို ရရန်စစ်ဆင်စစ်တက်သည့် ပုံစံများအတိုင်း ကြိုးစားပုံအကြောင်းကိုဥဿဘဗျူဟာ၊ ဒွိဇာဓိပဗျူဟာ စသော ခေါင်းစဉ်ကလေးများတပ်၍၊ ရေးခဲ့ဖူးသည် သမိုင်းနောက်ခံ ရာဇဝင် ဝတ္ထုတွေနှင့် နာမည်ကြီးခဲ့သော ဆရာချုပ်ဦးညိုကပင်လျှင် အဲဒီအချက်အလက်တွေ ဘယ်လိုရှာသလဲဟု မေးခဲ့ဖူးလေသည်။

လူမှုရေးနှင့်ပတ်သက်၍ ဆရာမဆုံးမခဲ့သည့် စကားတစ်ခွန်းကို ကျွန်တော်ဝတ္ထုတစ်ပုဒ်ထဲ ထည့်ရေးခဲ့ဖူးသေးသည်။ လူတစ်ယောက်၏ မွေးရာပါ ချွတ်ယွင်းချက် သို့တည်းမဟုတ် ဘယ်လိုမှ ပြုပြင်လို့မရနိုင်သည့် အားနည်းချက်ကို အကြောင်းပြု၍ ထိုသူအား လှောင်ပြောင်သရော်ခြင်း နှိမ့်ချ ပြောဆိုခြင်း မပြုဖို့ပင်ဖြစ်၏။

အရုပ်ဆိုးခြင်း၊ ကိုယ်အင်္ဂါချို့ယွင်းခြင်း၊ စကားမပီခြင်း စိတ်ပေါ့သွပ်ခြင်း၊ စသောအားနည်းချက်များအတွက် လူတစ်ယောက်ကို ကဲ့ရဲ့ခြင်းမျိုး ကျွန်တော် ဘယ်တော့မှမလုပ် သူများလုပ်လျှင်လည်းသိပ်စိတ်ဆိုးတတ်သည်။ ဆရာမထံမှ ရရှိခဲ့သည့် ကောင်းသော စိတ်ဓါတ်တစ်ခုဟု ကျွန်တော်ထင်သည်။

* * *



ဆယ်တန်း စာမေးပွဲတွင် ကျွန်တော် မြန်မာစာမှာ ခြောက်ဆယ် ရှစ်မှတ်ရသည်။ ဂုဏ်ထူးထွက်ဖို့ ခုနစ်မှတ်သာ လိုသည်။ အမှန်တော့ ဂုဏ်ထူး ရဖို့ပင်ဖြစ်၏။

ထိုအချိန်က သိပ္ပံကိုသာ ဦးစားပေးနေသည့် အချိန်ဖြစ်၍ မြန်မာစာကိုပင် သိပ္ပံဆန်ဆန် ဖြေရမလိုဖြစ်၏။ အမှတ်ပေးစည်းမျဉ်းမှာလည်း ၎င်းအတိုင်းပင် ဘယ်အချက်ပါလျှင် ဘယ်နှစ်မှတ်ပေးဆိုတာ မျိုး ဖြစ်၏။ ဥပမာ-စကားပြေ မေးခွန်းတစ်ပုဒ်ဖြေလျှင် ဗဟုသုတဖြစ်ဖွယ်အချက်ဆယ်ချက်ပါရသည်။ ဒါမျိုးဖြစ်၏။ ခက်ဆစ်အဓိပ္ပာယ်ဖြေရာမှာပင် ပြဋ္ဌာန်းစာအုပ်ထဲမှာ သုံးနှုန်းထားသည့် အဓိပ္ပာယ်အတိုင်း ရေးရသည်။ အလားတူ အဓိပ္ပာယ် နောက်တစ်မျိုးကို ရေးလို့မရ။ ဥပမာ အင်းအိမ်ဆိုလျှင် ကန့်လန့်ကာဟု ရေးရသည်။ ရောင့်ရဲသည်ဟု ဖြေလို့မရ။

ကျွန်တော်သည် ဆရာမ အတန်တန် မှာကြားခဲ့သည့် ကြားမှပင် အမှတ်ပေးစည်းမျဉ်းကို တိကျစွာမလိုက်ခဲ့။ စကားပြေမေးခွန်းများဖြေရာတွင် အချက် ဆယ်ချက်ဆိုတာ ဂရုမစိုက် ကျွန်တော် စိတ်ဝင်စားသော အချက်တစ်ချက်နှစ်ချက်လောက်ကိုသာယူ၍ ဖွဲ့ဖွဲ့နွဲ့နွဲ့ ချဲ့ထွင်ရေးတတ်သည်။ ထို့ကြောင့် အမှတ်ပြည့်မရဘဲ ဂုဏ်ထူးနှင့် လွဲခဲ့ရခြင်း ဖြစ်၏။ ဂုဏ်ထူးမရသော်လည်း မြန်မာစာ အခြေခံတော့ကောင်းကောင်းရလိုက်သည်။ ထိုအခြေခံသည် နောင်နှစ်ပေါင်းများစွာ ကျွန်တော့်ကို အကျိုးပြုခဲ့လေသည်။

တက္ကသိုလ်တွင် ကျွန်တော် ဒဿနိကဗေဒ [illegible] ဘာသာရပ်ကို ယူသည်။ ထိုဘာသာရပ်မှာ နားလည်ရန် ခက်ခဲသော၊ [illegible] ရှုပ်ထွေးသော အတွေးအခေါ်များ အကြောင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အကြောင်းအရာတစ်ခုကို စာတစ်ကြောင်း နှစ်ကြောင်းလောက်နှင့် အဓိပ္ပာယ်ပေါက်အောင် ရေးရပြီး တစ်ခါတစ်ခါကျတော့ စကားလုံးလေးတစ်လုံးကို စာနှစ်မျက်နှာ သုံးမျက်နှာလောက်အထိ ချဲ့ထွင်ဖွင့်ဆိုရတတ်၏။ ထို့ကြောင့် စာအရေးအသား ပြေပြစ်ရှင်းလင်းဖို့လိုသည်၊ စကားလုံးဝေါဟာရ ကြွယ်ဝဖို့လိုသည်၊ မြန်မာစာကောင်းသော ကျွန်တော့်အဖို့ သူများထက် တပန်းသာခဲ့လေ၏။

တက္ကသိုလ် ရောက်သွားပြီဖြစ်သော်လည်း ဆရာမနှင့်ကျွန်တော်တို့၏ ရေစက်ကား မကုန်သေးချေ။ အကြောင်းမှာ ဆရာမသည်လည်း စီးပွားရေးတက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းခဲ့သောကြောင့်ပင် ဖြစ်၏။ ကျွန်တော်တို့ ပြန်ဆုံကြရပြန်သည်၊ ဒဿနိကဗေဒဌာနနှင့် စီးပွားရေး တက္ကသိုလ် အဆောက်အအုံမှာ နီးနီးကလေး ဖြစ်သဖြင့် ဆရာမထံ ကျွန်တော် မကြာခဏ ရောက်ဘတ်သည်။

ဆရာမက ဦးဆောင်၍ သင်္ကန်းကျွန်း ကျောင်းသားများ ဆက်သွယ်ပြီး ကျောင်းသားသစ်များကို အကူအညီပေးခြင်း ပျော်ပွဲစားထွက်ကြခြင်းများ ပြုလုပ်ကြသည်၊

ဆရာမသည် လှိုင်တက္ကသိုလ်နယ်မြေရှိ အင်ကြင်းဆောင်မှာလည်း အဆောင်မှူးအဖြစ် ဆောင်ရွက်နေသည်၊ အင်ကြင်းဆောင်မှ ပြုလုပ်သော နံရံကပ် စာစောင်များကို ကျွန်တော်ပဲ သွားလုပ်ပေးရသည်၊ ရန်ကုန်တက္ကသိုလ်နယ်မြေအသင်းမှာ ကျွန်တော့် သူငယ်ချင်းတွေရှိသဖြင့် သူတို့အကူအညီဖြင့် လှပဝေဆာစွာ ပြုလုပ်ပေးနိုင်စမြဲဖြစ်၏။

တစ်ခါတွင် နံရံကပ်စာစောင်လုပ်ဖို့ ချိန်းထားပြီး ကျွန်တော်နောက်ကျနေသည် ကျွန်တော် ရောက်သွားသောအခါ ဆရာမ၏ မျက်နှာဝင်းပသွားပြီး....

'ကဲ...မာမီမပြောဘူးလား'

ဟု ရောက်နှင့်နေသော သူငယ်ချင်းများကို လှမ်းပြောလိုက်သည်။ ဆရာမကဘာပြောတာလဲ ဟု နောက်မှမေးကြည့်တော့ သူငယ်ချင်းတစ်ယောက်ကပြောပြသည်၊

ကျွန်တော်နောက်ကျနေသဖြင့် အချို့က ကျွန်တော့်ကို မစောင့်ဘဲ အလုပ်စနှင့်ချင်သည်။ ဆရာမကလက်မခံ၊

'ငါ့သားလာအောင်စောင့်ဦး သူလာမှ သူကြိုက်သလိုလုပ်လိမ့်မယ်'

'ဟာ ဒီကောင် ဒီအချိန်ကျမှ လာတော့မှာမဟုတ်တော့ပါဘူး'

တစ်ယောက်ကပြောသောအခါ....

'ငါ့သားက လာမယ်လို့ ကတိပေးပြီးရင် ဘာကြီး ဖြစ်နေနေ ရောက်ရောက်အောင်လာတတ်တယ်၊ မယုံရင်ကြည့်နေ'

ဟု ဆရာမကပြောသည်ဆို၏။ ထို့ကြောင့် ကျွန်တော် ရောက်သွားသောအခါ သူပြောတာမှန်နေသဖြင့် ဝမ်းသာသွားပြီး တယ်နှယ်ရှိစ ဟူသော ပြောခြင်းဖြစ်လေသည်၊

အလုပ်စသည့်အချိန်နောက်ကျသဖြင့် ညမိုးချုပ်သည်အထိ လက်စမသတ်နိုင်ဘဲဖြစ်နေ၏။ နောက်နေ့မှဆက်လုပ်လို့လည်း မဖြစ်၊ နောက်တစ်နေ့မှာ ဝါဆိုလပြည့်နေ့ဖြစ်၏။ အဆောင်၌ ဝါဆိုသင်္ကန်းကပ်ပွဲ ရှိနေသည်။ နံရံကပ်စာစောင်ကလည်း ဝါဆိုလပြည့်အထိမ်းအမှတ်။ ဒီတော့ဒီည အပြီးလုပ်ရသည်။

စာစောင် အပြီးသတ်ရေးပြီး ကပ်ပြီးတော့ ညဉ့်နက်နေပြီ။ အိမ်ပြန်ဖို့မှလွယ်တော့။ အဆောင်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

က ဆုံးဖြတ်ပေးလိုက်သည်။ မိန်းကလေးအဆောင် ဖြစ်နေသောကြောင့် ကျွန်တော်တို့ကို အဆောင်မှူးစည့်ခန်းမှာအိပ်ခိုင်းပြီး အပြင်မှ တံခါးပိတ်သော့ခတ်ကာ ပိတ်လှောင်ထားလိုက်သေတော့သည်။ ဘာပဲဖြစ်ဖြစ် အင်ကြင်းလိုမိန်းကလေးအဆောင်မှာ ညအိပ်ခွင့်ရသူ ယောကျ်ားလေးဟူ၍ ကျွန်တော်တို့အုပ်စုသာ ရှိကြောင်း မကြာခဏ ကြွားဝါမိကြလေ၏။

❀

တက္ကသိုလ်ရောက်ပြီးနောက် ဆရာမက ကျွန်တော့်အပေါ် လူကြီးတစ်ယောက်လို ဆက်ဆံခဲ့ကြောင်းတွေ့ရ၏။ ထိုစဉ်က ဆံပင်ရှည်ခေတ်စားနေသည်။ ကျွန်တော်ဆံပင်မှာ နားရွက်ဖုံးလည်ကုတ်ထောက်သည်ထိ ရှည်သည်။ ဆရာမက ဘာမမပြောဘဲ သတိမပြုမိဟန်ဆောင်နေသည်။ တက္ကသိုလ်ပထမနှစ်မှာပင် ကျွန်တော် ဆေးလိပ်သောက်တတ်ခဲ့သည်၊ သို့တိုင်အောင် ဆရာမရှေ့မှာတော့ မသောက်ရဲ တစ်ရက်ကျွန်တော်အဆောင်ကိုသွားလည်သောအခါ ဆရာမက ကော်ဖီနှင့် မုန့်တို့ဖြင့် ဧည့်ခံသည်။ ထို့ပြင် ပန်းအန်ပြားတစ်ချပ်ထဲမှာ ဒူးယား နှစ်လိပ်ထည့်ထားသည်ကိုပါ ပွေ့လိုက်ရသည်။ ကျွန်တော့်ကို လူကြီးတစ်ယောက်အဖြစ် အသိအမှတ်ပြုသည်သဘော။

ကျွန်တော် စာရေးဆရာဖြစ်လာသည့်အတွက် သူ အလွန်ဝမ်းသာသည်။ ဂုဏ်လည်းယူသည်။ ကျွန်တော့်ကို ဆက်ဆံကလည်း တလေးတစားဖြစ်လာသည်။ ကျွန်တော့်နာမည်ခေါ်သည့်အခါ ရှေ့က 'ကို' တပ်ပြီးခေါ်သည်။ ထိုအခါမျိုးတွင်ကျွန်တော့်မှာအနေရခက်လေသည်။



ကျွန်တော် စာရေးဆရာဖြစ်ပြီးသည့်နောက်တွင် နံရံကပ်စာစောင် ခေါ်မလုပ်ခိုင်းတော့ချေ။

'သူက စာရေးဆရာကြီးဖြစ်နေပြီ ဘာမဟုတ်တဲ့ နံရံကပ်စာစောင်လေး ခေါ်လုပ်ခိုင်းရင် သူ့ဂုဏ်သိက္ခာထိခိုက်မှာပေါ့'

ဟု ပြောကြောင်းသိရ၏။ ကျွန်တော့်ကို သူ နေရာအားပုံမှာ တစ်ခါတစ်ခါတော့ ဝမ်းနည်းဖို့တောင်ကောင်းသည် ငယ်စဉ်အခါကကဲ့သို့ သူ့ရှေ့မှာ ကလေးတစ်ယောက်လိုနေခွင့်မရတော့သောကြောင့်ပင် ဖြစ်၏။

❀

သူ့အဆောင်က ကျောင်းသူကလေးတွေကို သူအလွန်ဂရုစိုက်သည်။ သူ၏ တစ်ဦးတည်းသောသမီးဖြစ်သည့် ရတနာနှင့် တန်းတူသဘောထားခဲ့သည်။နေ့ထိုင်စားသောက်ရေးသာမက ကျန်းမာရေးအတွက်ပါ မျက်ခြည်မပြတ် ကြည့်ရှုစောင့်ရှောက်ပေးတတ်သည်။ ကျောင်းသူတွေကလည်း သူ့ကို အလွန်ချစ်သည်။ အဆောင်မှူးအဖြစ်မဟုတ်တော့ဘဲ အမေတစ်ယောက်လို အားကိုးကြသည်။ တချို့ဆိုလျှင် ကိုယ်ရေးကိုယ်တာကိစ္စတွေပါ တိုင်ပင်လာကြသည်။

တစ်ခါတလေ သူတို့ကိုကြိုက်နေတဲ့ ကောင်လေးတွေအကြောင်း လာပြောပြပြီး ပြန်ကြိုက်ရင်ကောင်းမလားလို့ လာတိုင်ပင်တဲ့လူက ရှိသေးတယ်'

'မာမီက ဘယ်လိုအကြံပေးလိုက်သလဲ'

'မာမီလား ကိုယ့်သမီးတောင် ကိုယ်အကြံမပေးဘူး ကိုယ်နဲ့ အဆင်ပြေမယ့်လူ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်ရွေးလို့ ပြောလိုက်တယ်၊ တစ်ခုပဲအကြံပေးတယ် ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုရင် ဘာကယ်လက်တွေ့

www.burmeseclassic.com

www.burmeseclassic.com

မကြိုက်ခင် စိတ်ကူးထဲမှာ အရင်ကြိုက်ကြည့်လိုက် စိတ်ကူး ဆိုတော့ အမျိုးမျိုးစဉ်းစားလို့ရတယ်လေ သူက ဆိုးဆိုးတေ တေဖြစ်နေရင် ခွင့်လွှတ်နိုင်ပါ့မလား၊ ကိုယ့်ရဲ့ ချို့ယွင်းချက် တွေကိုလဲရှာကြည့်၊ သူကရော ကိုယ့် ချို့ယွင်း ချက် တွေကို သည်းခံနိုင်ပါ့မလား၊ တွေးကြည့် ပြောသာ ပြောရတာ ပါလေ၊ တကယ်တော့ အချစ်ရေးတို့ အိမ်ထောင်ရေးတို့ ဆိုတာ ထီထိုးရသလိုပါပဲ၊ တစ်ခုပဲကွာခြားတယ်၊ ယောကျ်ား လေးတွေအဖို့ ကိုယ်ကြိုက်တဲ့ ထီလက်မှတ် နံပါတ်ကို ရွေးလို့ ရတယ်၊ မိန်းကလေးတွေအတွက်တော့ အိတ်ပိတ်ကံစမ်းထိုး သလိုပေါ့၊ ဘာပဲဖြစ်ဖြစ် စဉ်းစားတွေးဆလေလေ၊ အမှား နည်းလေလေပဲဆိုတာကိုတော့ ငြင်းလို့မရအားလေ'

* * *

ဆရာမသည် အင်ကြင်း ဆောင်မှ ကံ့ကော် ဆောင်သို့ ပြောင်းရသည်။ ထို့နောက် ပညာရေးတက္ကသိုလ်သို့ ပြောင်း ရွှေ့အမှုထမ်းရပြီး ပြည်ကျောင်းဆောင် အဆောင်မှူး ဖြစ် လာ၏။

ကျွန်တော်လည်း အလျင်ကလို အားလပ်ချိန် မများတော့ သဖြင့် ဆရာမထံ အရောက်အပေါက် နည်းလာသည်။ နောက် ပိုင်းကာလများတွင် တစ်နှစ် တစ်ကြိမ် သွားကန်တော့သာ လောက်သာ ပြုလုပ်နိုင်တော့သည်။

သို့တိုင်အောင် ကျွန်တော်၏ ဝတ္ထုတွေထဲမှာ ဆရာမ အခန်းပါလာတိုင်း ယူပုံ၊ သူ့ စရိုက်များကို ထည့်သွင်းရေး သားခဲ့စမြဲဖြစ်၏။ တက္ကသိုလ်ကျောင်းဆောင်က အဆောင် မှူးဟုဆိုသည်နှင့် သူ့ မျက်နှာကိုသာ ထင်ခနဲမြင်မိတတ်မြဲ

သူသည် အဆောင်တစ်ခုကို အဆင်သင့် လာရောက်အု ချုပ်သည့် အဆောင်မှူးမျိုးမဟုတ်။ အဆောင် တစ်ခုကို ကိုယ်တိုင်ပြင်ဆင်ပျိုးထောင်ခဲ့ရသူဖြစ်၏။ သူသည် အင်ကြင်း ဆောင်၏ ပထမဆုံးအဆောင်မှူးဖြစ်သည်။

အဆောင်မှူးအဖြစ် သူရောက်ရှိသွားသောအခါ အဆောင် အဆောက်အအုံနှင့် ဆိုင်းဘုတ်သာရှိသေးသည်။ တခြားဘာမှ မရှိ။ ကျောင်းသူတွေက ရက်ပိုင်းအတွင်း ရောက်လာတော့ မည်။ ကျောင်းသူတွေအိပ်ဖို့ ခုတင်၊ စားပွဲ ကုလားထိုင်များ တက်သုတ်ရိုက်မှာရသည်။ ရေရရှိရေးအတွက် လိုက်ရသည်။ ဘုရားစင်ထားဖို့ မနမ မလျော့ စီစဉ်ရသည်။

အချိန်မရသဖြင့် ပရိဘောဂတွေ အချိန်မီမပြီးစီး။ အရေး အကြီးဆုံးဖြစ်သော ခုတင်တွေ ဦးစားပေး လုပ်ခိုင်းရသဖြင့် ထမင်းစား စားပွဲတွေ နောက်ကျနေသည်။

ပျဉ်ပြားတွေဆက်၊ အောက်က အုတ်ခဲတွေခံပြီး ထမင်း စား စားပွဲအဖြစ် ယာယီဖန်တီးရသည်။ ကျောင်းသူတွေ စိတ်ဓာတ်မကျအောင်လည်း အားပေးရသေးသည်။

'ပျော်စရာမကောင်းဘူးလားဟေ့၊ ပျော်ပွဲစားထွက်သလို ပေါ့နော်'

ဟု၍ နှစ်သိမ့်ရသည်။

အရာရာမှာ လက်တင်ကလေး အဆင်သင့်ရတာမျိုးထက် အခက်အခဲကလေးတွေ ရင်ဆိုင်ပြီးမှ ရတာက ပိုပြီးတန်ဖိုးရှိ တယ်၊ ဒီအဆောင်ကို သမီးတို့နဲ့ မမိနဲ့ လက်တွဲပြီး စတင် ပျိုးထောင်ခဲ့တယ်ဆိုတာ ပြောစမှတ်လေး ကျန်ရစ်ခဲ့ပေါ့'

အမှန်ပင် သူဂုဏ်ယူလောက်ပါသည်။ သူ့ ကို အင်ကြင်း ဆောင်၏ မိခင်ကြီးဖြစ် ကျွန်တော်က အဆို တင်သွင်းလျှင်

www.burmeseclassic.com

www.burmeseclassic.com

အင်ကြင်း ကျောင်းသူဟောင်းတို့က တခဲနက် ထောက်ခံကြလိမ့်မည်ထင်၏။

× × ×

ကျောင်းခန်းထဲမှာစာသင်နေသည့်အခါမျက်မှန်တပ်ဝင်း တက်ကြွစွာ အင်တိုက်အားတိုက်ဟောပြောပို့ချနေပုံကိုကြည့်၍ ဆရာမကြီးကတော့ ဒေါင်ဒေါင်မည်ပဲဟု ထင်ကြလိမ့်မည်။

အမှန်ကတော့ ဆရာမ၏ ကျန်းမာရေးသည် မကောင်းလှချေ။ ရောဂါတစ်ခုဟုတ်တစ်ခု အမြဲခံစား နေရတတ်သည်။ နှလုံးအားနည်းတာ၊ အကြောတက်တာ၊ လေအောင့်တာ သွေးဖိအားကျတာ တက်တာ၊ အနည်းဆုံး ခန္ဓာ တစ်နေရာရာက ကိုက်ခဲနေတာလောက်တော့ ရှိစမြဲ။ ဘာမှမဖြစ်ဘူးဆိုလျှင် နေထောင်မနေတတ်ဘဲ ဘာ့သလိုဖြစ်နေ၏။

သူ့အစ်မ ဒေါ်ခင်စန်းက....

'မင်းတို့ မာမီက ရောဂါပေါင်းစုံကို ကန်ထရိုက်ဆွဲသွားတာကွယ့်'

ဟုဆိုသည်။ ဒါကို ဆရာမအား ပြန်ပြောတော့....

'အင်း....ရောဂါတွေကို ကန်ထရိုက်ဆွဲသလို တစ်ဦးတည်းကိုယ်စားလှယ်ယူလို့ရရင် ကောင်းမယ်၊ လူတစ်ယောက်မှာရောဂါတစ်ခုဖြစ်ရင် အဲဒီရောဂါက အဲဒီအပိုင်ဖြစ်သွားပြီး တခြားလူတွေမှာ ထပ်မဖြစ်တော့ဘူးဆိုရင် ရောဂါမှန်သမျှ မာမီတစ်ယောက်တည်း စုခံပေးနိုင်ပါရဲ့'

ဟု ပြောလေသည်။

တစ်ခါတစ်မလ သူနေမကောင်းဘူး သတင်းကြား၍သွားမေးလျှင် သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ရာသီဥတုအအေးလွန်းလို့ လက်ကလေးနည်းနည်းကပ်ချင်သလို ဖြစ်တာ

ပါဟု သာမန်နှာစေးချောင်းဆိုး ဖြစ်တာလောက် သဘောထားပြီး ပြောတတ်၏။

သူသည် ဝေဒနာတွေကို အဆောင်မှာထားခဲ့ပြီး ကျန်းမာသော ရုပ်ကို ဆောင်လျက် စာသင်ခန်း ဝင်တတ်သူဖြစ်သည်။ သို့တည်းမဟုတ် စာသင်ခန်းထဲ ဝင်လိုက်သည်နှင့်ဝေဒနာတွေကို မေ့လျော့သွားတတ်သူလည်းဖြစ်နိုင်၏။

❀

ကျွန်တော် လက်ထပ်ခါနီးတော့ ဇနီးလောင်းနှင့် အတူ ဆရာမကို သွားကန်တော့သည်။

'ခုလို ချွေးမလေးရမှာ မာမီ့တပည့် အချင်းချင်း၊ ဖူးစာဆုံကြတာ သိပ်စမ်းသာတယ်ကွယ်'

ဟုပြော၏။ ကျွန်တော့် အမျိုးသမီးသည်လည်း ဆယ်တန်းတုန်းက တစ်တန်းတည်းနေခဲ့ကြသည်။ သူငယ်ချင်းဖြစ်၍ သူ့တပည့်ပင်။

'လက်ထပ်ပြီးတော့ ဘယ်အိမ်မှာ နေကြမလဲ'

'ကျွန်တော့် အိမ်မှာပါပဲ မာမီ'

'ကောင်းတယ် သားအမေအတွက် အဖော်ရတာပေါ့၊ ဒါနဲ့ သားရေ ကိုယ့်အိမ်မှာ ခဏလာတည်းတဲ့ ဧည့်သည်ကိုတောင် ဧည့်ဝတ် ကျေပွန်ရတယ်မဟုတ်လား၊ မာမီ ဘာကိုဆိုလိုတယ်ဆိုတာ သား သဘောပေါက်မှာပါ'

ကျွန်တော် ခေါင်းညိတ်ပြသည်၊ ကျွန်တော့် အမျိုးသမီး ဘက်လှည့်၍...

'ဝါ ... ကောင်းတယ် သားတို့ သမီးတို့ အိမ်ထောင်ရေး အဆင်ပြေ ... ယ်လို့ ယုံကြည်ပါတယ်၊ သားက တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ ပေဆေပ်ကပ် လုပ်တတ်တာကိုတော့ သမီးက သည်း
ခံပေါ့....'

ကျွန်တော်တို့ ပြန်ခါနီး ထိုင်ကန်တော့သော အခါ ဆရာ
အမျိုးကြီးပေးသည် ကြမ်းပြင်တွင် ကျုံ့ကျုံ့ ထိုင်နေကြသော
ကျွန်တော်တို့ရှေ့မှာ ဒူးဖဘာက်ထိုင်ချလိုက်သည်။ ကျွန်တော်
တို့နှစ်ယောက်၏ လက်တစ်ဖက်စီကို ဆွဲယူ၍ ထပ်ပေးပြီး
သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။ ထို့နောက် မမျော်
လင့်သော အပြုအမူတစ်ခုကို ပြုလုပ်လိုက်၏။ ကျွန်တော်တို့
နှစ်ဦး၏ နဖူးဆံစပ်များကို တစ်ချက်စီ နမ်းရှုပ်လိုက်ခြင်းပင်
ဖြစ်သည်။

ကျွန်တော့်ရင်ထဲ လှိုက်ခနဲဖြစ်သွား၏။ ဆရာမ၏ မျက်
မှန်ရောင်ကလည်း လက်ခနဲ ကျွန်တော့်အမျိုးသမီးဘက် တစ်
ချက်လှည့်ကြည့်သည်။ သူ့မျက်လုံးတို့သည် စိုစွတ်နေသည်။
သို့ရာတွင် ကျွန်တော်တို့ သုံးယောက်စလုံး ပြုံးလျက်။

* * *

ဆရာမ နေမကောင်းဖြစ်နေသည်ဟု ကြားသည်။ ကျွန်
တော့်မှာ အလုပ်တွေ ရှုပ်နေသဖြင့် အသျှင်ကလို ချက်ချင်း
အပြေးအလွှား မသွားဖြစ် မကြာခဏ နေမကောင်းဖြစ်နေ
ကျမို့လည်း သိပ်အရေးကြီးသည် မထင်မိ။

နောက်မှ သိရသည်။ လည်းပင်းရိုး ကျီးပေါင်းတက်ရော
ဗဟို အာရုံကြောက် ခိုက်ပြီး ခြေတွေလက်တွေ မလှုပ်နိုင်တော့
ဟု ဆို၏။ ကျွန်တော်တို့ လင်မယားနှစ်ယောက် ဆရာမ
ရောက်သွားကြသည်။

ဆရာမသည် အိပ်ယာပေါ်မှာ ပက်လက်လှဲနေ၏။ ဦး
ခေါင်းအောက်တွင် ခေါင်းအုံးနှစ်လုံး ဆင့်ခံပေးထားသည်



ခေါင်းနည်းနည်း မတ်နေနိုင်သည်။ ကျွန်တော်တို့ ဝင်လာသည်
ကို သူမမြင်နိုင်သေး ရုပ်မြင်သံကြား အစီအစဉ်ကိုကြည့်နေ
သောကြောင့် ဖြစ်၏။

ထိုနေ့က စနေနေ့ ရုပ်မြင်သံကြားမှာ ပြနေတာက တယ်
လီမှတ် အစီအစဉ်ဖြစ်၏။ ထိုအစီအစဉ်မှာ စိတ်ကူးသည့်ရာ
ပေါက်ကရ ကစားနည်းမျိုးစုံ ကစားပြိုင်ကြခြင်း ဖြစ်၏။
ခုတစ်ပတ်မှာ နွားရိုင်းရုပ်ကြီးတွေကိုလှ တံများဖြင့် အပြိုင်
ပစ်ခတ်ကြရပုံ နေ၏။ ခြေတွေလက်တွေ လုံးဝမလှုပ်နိုင်သူက
ဒေါ်ရိုတန်ရုံ သန်စွမ်းသူတွေ မလုပ်နိုင်သောကစားနည်းမြ
ကွက်တို့ ကြည့်နေရသည်မှာ သူ့စိတ်ထဲ ဘယ်လို နေမည်
မသိ။

ကျွန်တော်တို့လာကြောင်း သူ့သမီးရတာနာက ပြောသည်။
'အေး....အေး.... သားတို့ထိုင်ကြ'

ပါးစပ်ကသာ ပြောနိုင်သည်။ ဦးခေါင်းကို ကျွန်တော်တို့
ဘက် မလှည့်နိုင်။ ထို့နောက် သူ့ရောဂါအကြောင်းပြောပြ
သည်။ သူပြောနေပုံမှာ သူကိုယ်တိုင် ဖြစ်နေပုံမျိုးမဟုတ်ဘဲ
ဆရာဝန်တစ်ယောက်က ရှင်းပြနေပုံမျိုး....

ခပ်လှမ်းလှမ်းမှာ လှုပ်ပုခက်ဖြင့် လသားအရွယ် ကလေး
ငယ်တစ်ယောက် အိပ်နေသည်။ သူ၏ မြေးဦးကလေးပင်ဖြစ်
၏။ ရတနာက ကျွန်တော်တို့ကို ကော်ဖီနှင့်မုန့်လာချပေး
သည်။

'ဟဲ့ ဆေးလိပ်ခွက်ချပေးလိုက်ဦး'

ဟု မမေ မလျှော့ ပြောသေးသည်။ ကျွန်တော့် အလုပ်
အကိုင်ကောင်းရဲ့လား၊ ကလေး နေကောင်းရဲ့လား အမေကော
နေကောင်းရဲ့လား မေးသည်။ ကျွန်တော်က အခမလေ့ဖြစ်

www.burmeseclassic.com

တုန်းက သောက်သည့် တရုတ်ဖယောင်းလုံး ဆေးအကြောင်း ပြောသည်။ သူသောက်ကြည့်ချင်သည်ဟု ဆိုသဖြင့် ဝယ်ပေးမည်ဟု ပြောလိုက်သည်။ ခဏကြာတော့....

'ငါ့ကို သားအက်လှည့်ပေးကြစမ်း တည့်တည့်မကြည့်ဘဲ ပြောရတာ အားမရဘူး'

ဟုဆိုသဖြင့် ရတနာနှင့် မိန်းကလေး တစ်ယောက်တို့က ဒီဘက်လှည့်ပေးကြသည်။ ကျွန်ုပ်တော် ဝင်ကူသို့သော်လည်း အကိုင်အတွယ်ကြမ်းမှာ စိုးတဖြင့် အသာကြည့်နေလိုက်ရသည်။ ကိုယ်ကိုဘေးသို့ အနည်းငယ် စောင်းရုံမျှပြုပြင်ပြီး ခေါင်းအုံး ခုပေးရတာကလေးလောက်ကိုပင် သူ့ခမျာ အတော်ခံစားရ ရှာသည်။ တကျွတ်ကျွတ်ညည်းညူရင်း အံကြိတ်ထားရသည်။ ကျွန်တော်မျက်နှာကို သေချာစွာမြင်နိုင်ဖို့ ဒီလောက် အနာခံ ကြိုးစားနေသဖြင့် ရင်ထဲက မချိသော်လည်း ကျွန်တော်မှတား မြစ်ရက်တော့ ထိုအချိန်တွင် ပုခက်ဆဲမှ ကလေးက ထငိုသည် ဆရာမမျက်နှာပေါ်တွင် အပြုံးရိပ်ထင်းလာပြီး....

'ရတနာသားလေး' ဟုပြော၏။

* * *

ကျောင်းမှာ နံရံကပ်စာစောင် လုပ်ခဲ့တုန်းက ဆရာမ သည် ကဗျာလေးတစ်ပုဒ်တည်ခဲ့ဖူးသည်။ မှန်လိုကြည့် တပည့် ကိုတဲ့ အရောင်တင်ဟု အစချီထားသည်။ ဆရာမ၏ ကလောင် အမည်က 'ခင်သုည'

'မာမီက ကဗျာလေးဘာလေးရေးတာ ဝါသနာ ပါတယ် ကွယ့်'

ဟု ပြောသည် မြန်မာစာဆရာမဆိုတော့ ကဗျာဝါသနာ ပါမှာပေါ့ဟူ၍ ဘာမန်လောက်သာ သဘောထားလိုက်မိ



သည် ဆရာမကလည်း သူကဗျာရေးသည့်အကြောင်း နောက် ထပ် စကားမစပ်တော့။ တလောက ၁၉၅၅ ဖေဖော်ဝါရီလ ထုတ် ရှုမဝမဂ္ဂဇင်းတောင်း တစ်အုပ်တွင် ခင်သုညဆိုသော ကလောင်အမည်နှင့် ရေးထားသောကဗျာတစ်ပုဒ်ကိုတွေ့လိုက် ရသဖြင့် ကျွန်တော်အံ့ဩသွားသည်။ အမေ့ကို မေးကြည့် တော့....

'မင်းသိပြီးသားမှတ်လို့ အမေမပြောဖြစ်တာ မင်းဆရာမ ငယ်ငယ်က ကဗျာဆရာမပဲ ဒေါင်းနွယ်ဆွေတို့နဲ့တောင် ကဗျာတွေစုပြီး စာအုပ်ထုတ်ခဲ့ဖူးတယ်'

ဆရာမသည် ရှုမဝလိုမဂ္ဂဇင်းကြီးတစ်ခုမှ စင်တော်ကောက် ရွေးချယ်ခြင်းခံခဲ့ရသော ကဗျာဆရာမတစ်ဦး ဖြစ်ကြောင်း ကျွန်တော့်ကို ထုတ်ဖော်မပြောခဲ့ သာမန် ကဗျာဝါသနာ ရှင် တစ်ယောက်အဖြစ်သာ ပြောခဲ့ဖူးသည်။ သူ့ကဗျာကို ဖတ်ကြည့်တော့ ရေးဟန်ထူးခြားနေတာတွေ့ရသည်။ ထိုခေတ် က အနေနှင့်ဆိုလျှင် ဆန်းသစ်သောရေးဟန်ဖြစ်၏။ ထိုအချိန် က မော်ဒန်ကဗျာဖြစ်ပေလိမ့်မည်။ သူ့ကဗျာခေါင်းစဉ်က ...

'ကျွန်မသက်တာ' ဟူ၍ဖြစ်၏။

ပြောရရင်....
မိုးပွင့်ကြွေ ကြွေလျက် ဆောင်းတခက်
သက်ခဲ့မြေမဟီ
သီဆရီလာရ နှင်းကျွန်မ
ခွန်းသလှည့်လေပါ
ဒီမှာရှင့်တဝှမ်း နှင်းရည်ဆမ်း
ချမ်းကြရှဲလားရှင်၊
ခို့တရို့

www.burmeseclassic.com

www.burmeseclassic.com

ဖြူနို့စစ်ပုလဲ ငွေမျှင်ကြဲ
ယှက်တဲ့လှဲ့ရစ်သီ
ငွေခြည်ဝယ်ရက်တွန့် ဇာနားကွန့်
လူးလွန့်လွန့်ရှစ်ခွင်
ယဉ်ပါငယ်လေစ နှင်းအလှ
ကျွန်မခြုံလွှာသိုင်းပေါ့ရှင်။
တဲ့ တတဲ့
ဖြူ့ဖြူ့ဝယ်နှော ကိုဥဩ
ဆွတ်မောဖွယ် တေးသီ
လည်တိုင်ငယ်အဆန့် နှင်းအပွင့်
မြှောင်ငုံ့ခဲ့သလို
ဦးကြိုခွန်းသခိုက် ဆောင်းတေးမှိုင်
နားစိုက်လှည့်ပါရှင်
ယှုတယ
ခွန်သာလှည့်ပါရှင့် နှင်းအပွင့်
နွေမဝင့်ခင်မှာ
လာခဲ့ရှာပြီကော မြေဘကြော
နွေမစောနဲ့နော်
ဩော်...နေခြည်သာလှ သည်ကာလ
ကျွန်မသက်တာ ဆုံးလိမ့်ရှင်။

ထိုကဗျာထဲက 'နွေမစောနဲ့နော်'ဆိုသော စာကြောင်းကလေးကို အထပ်ထပ်ရွတ်ဆိုနေမိသည်။ ဤသို့ဖြင့် တစ်ခုသော ဆောင်းနှောင်းကာလ... စောလွန်းလှစွာ ရောက်ရှိလာသော နွေဦးရှဲ့တစ်ရက်တွင်....



ကြံတောသုသာန်ရှိ ဈာပနခန်းမသို့ ကျွန်တော့်တို့သူငယ်ချင်းတွေ စုပြီးလာခဲ့ကြသည်။ ကျွန်တော့်ကိုမြင်သောအခါ ဆရာမ၏အစ်မ မာမီဆန်းကဖက်ငိုလေ၏။

'သားရယ်... ရောဂါသည်းနေတုန်းက သားကို ခဏခဏ မေးရှာတယ်'

နစ်ခနဲတစ်ချက်ဖြစ်သွား၏။ ကျွန်တော်သည်အခြေအနေ အကြောင်းကြောင်းကြောင့် ဆရာမဆီမရောက်ဖြစ်ခဲ့။

'ကြည့်ပါဦးကွယ်၊ သားမာမီကိုကြည့်ပါဦး၊ အိပ်နေသလိုပါပဲ'

ဆရာမ၏ရုပ်ကလပ်ကို ကျွန်တော်သွားကြည့်သည်။ အံ့သြဖွယ်အလျှင်းအရာကိုမြင်ရ၏။ ဆရာမသည် သေဆုံးနေသူတစ်ယောက်နှင့် လုံးဝမတူပါကလား၊ သူ့အသားအရေတို့သည် အသက်ရှိစဉ်ကထက်ပင် ပို၍ကြည်လင်နေပါကလား၊ သူ့မျက်နှာသည် ငြိမ်းချမ်းမှုအတိနှင့်ပါကလား။

သူ့နှုတ်ခမ်းလေးတစ်ဖက်သည် ကွေးရုံမျှ ကော့တက်နေသည်။ သူတစ်ခုခုပြောကာနီးတွင် ခုလိုပင် လုပ်တတ်သည်။ ဆရာမဘာပြောချင်သလဲ၊ သားရယ် မာမီ့အပေါ် စိမ်းကားလိုက်တာ နေနိုင်လိုက်တာ၊ မာမီ အသည်းအသန်ဖြစ်ခန်းတုန်းက တစ်ခါလေးတောင်သာကြည့်ဖော်မရဘူး၊ ဒီလိုပြောမှာလား။ မဟုတ်ဘူး...မဟုတ်ဘူး။ သူကျွန်တော့်ကိုဘယ်တော့မှ အပြစ်ပြောမှာမဟုတ်ဘူး။

ဟိုအလျင် နံရံကပ်စာစောင်လုပ်ခဲ့တုန်းက ပြောခဲ့ဖူးသည့် စကားလေးတစ်ခွန်းကို ဖျတ်ခနဲသတိရသည်။

'ငါ့သားဟာ ဘာပဲဖြစ်နေနေ မရောက်ရောက်အောင်လာတတ်တယ်။ မယုံရင်ကြည့်နေ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့တပည့်တွေ ဆရာမှကို ကန်တော့ကြသည်။ ကျွန်တော် ငိုလည်းမငို၊ မျက်ရည်လည်းမကျ သူ မကြာခဏ ပြောလေ့ရှိသော စကားလေးတစ်ခွန်းကိုသာ သတိရနေမိ၏။

'One Year Can Be A Whole Life Time'

တစ်နှစ်သည် ဘဝတစ်သက်စာဖြစ်နိုင်၏။

လူ့ဘဝတွင် အသက်ရှည်ရှည်နေရခြင်း မနေရခြင်းသည် ပဓာနမဟုတ်၊ အသက်ရှင်နေခိုက် အများအကျိုးကို ဘယ်လောက် ဆောင်ရွက်ခဲ့သလဲဆိုသောအချက်သည်သာ အရေးအကြီးဆုံးဖြစ်လေသည်။

❁

ဆရာမသည် ကွယ်လွန်သွားခဲ့လေပြီ၊ သို့ရာတွင် ကျွန်တော့်အဖို့တော့ ဆရာမသည် ဝတ္ထုတစ်ပုဒ်ထဲက ကိုယ်အလွန်နှစ်သက်စွဲလန်းခဲ့သော ဇာတ်ဆောင်လို ဖြစ်နေပေလိမ့်မည်။ ဝတ္ထုထဲက ဇာတ်ဆောင်တစ်ယောက်သည် အချိန်ကာလ၏ ပြဋ္ဌာန်းချက်ကို ကျော်လွန်နိုင်သည်။ နှစ်တွေ ဘယ်လောက်ကြာသည်ဖြစ်စေ… ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်ဆောင်တစ်ယောက်သည် ဘယ်တော့မှအသက်ကြီးမသွား၊ ဝတ္ထုထဲမှာ ပါသည့်အသက်အရွယ်အတိုင်းပင် အမြဲရှိသည်။ ထို့အပြင် ဘယ်တော့မှလည်း သေဆုံးကွယ်လွန်သည်ဟူ၍မရှိချေ။

မင်းလူ

(ကလျာမဂ္ဂဇင်း၊ ၁၉၉၆၊ မေ)

BURMESE CLASSIC .com

www.burmeseclassic.com